ဗီ–အိုင်လီနင်

# ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုအတွင်းရှိ “လက်ဝဲဂိုဏ်း” သူငယ်နာ

ဒုတိယအကြိမ်
၂၀၁၅၊ စက်တင်ဘာ

**စာအုပ်ထုတ်ဝေမှု သမိုင်း**

ပထမအကြိမ်ပုံနှိပ်ခြင်း
၁၉၈၁ ခုနှစ်
ဘာသာပြန်နှင့် စာပုံနှိပ်ဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ
အုပ်ရေ ၂,၀၀၀။
ဒုတိယအကြိမ် ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ်၊ စက်တင်ဘာ
ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာန။

တိုင်းပြည်အားလုံးရှိ ပစ္စည်းမဲ့များ သွေးစည်းကြလော့

# ဗီ–အိုင်လီနင်

# ကွန်မြူနစ်ဝါဒ လုပ်ရှားမှုအတွင်းရှိ "လက်ဝဲဂိုဏ်း" သူငယ်နာ

ဘာသာပြန်နှင့် စာပုံနှိပ်ဌာန
ဗမာပြည် ကွန်မြူနစ်ပါတီ
၁၉၈၁

ဤစာအုပ်မှာ
၁၉၅၂ ခုနှစ်၊ နိုင်ငံခြားဘာသာ ထုတ်ဝေရေးဌာန၊ မော်စကိုမှ
အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော V.I LENIN:
SELECTED WORKS အတွဲ၂၊ အပိုင်း၂မှ
"LEFT-WING" COMMUNISM, AN
INFANTILE DISORDER ကို အခြားဘာသာ
ပုံနှိပ်ခြင်းများနှင့် ညှိနှိုင်း၍ ဗမာဘာသာသို့ ပြန်ဆိုထုတ်ဝေခြင်း
ဖြစ်ပါသည်။

ပထမအကြိမ်ပုံနှိပ်ခြင်း
၁၉၈၁ –ဇန်နဝါရီလ
အုပ်ရေ ၂,၀၀၀



ဗီ–အိုင်လီနင်

# မာတိကာ


(၁) ရုရှားတော်လှန်ရေး၏ နိုင်ငံတကာ့အရေးပါမှုကို မည်သည့်
အဓိပ္ပာယ်ဖြင့် ကျွန်တော်တို့ ပြောနိုင်သနည်း။ ... ၂
(၂) ဗော်ရှီဗစ်များ၏ အောင်ပွဲအတွက် အခြေခံအကြောင်းအချက်များ
အနက်မှတခု ... ၆
(၃) ဗော်ရှီဗစ်ဝါဒသမိုင်း၏ အဓိကအဆင့်များ ... ၁၀
(၄) အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ မည်သည့်ရန်သူများကို
ဆန့်ကျင်တိုက်ပွဲဆင်ရင်းဗော်ရှီဗစ်ဝါဒသည် ကြီးထွားပြီးခိုင်မာကာ
ထုသားပေသား ရရှိလာခဲ့သနည်း။ ... ၁၇
(၅) ဂျာမနီပြည်ရှိ "လက်ဝဲဂိုဏ်း" ကွန်မြူနစ်ဝါဒခေါင်းဆောင်များ – ပါတီ
– လူတန်းစား – လူထုများ ... ၂၈
(၆) တော်လှန်ရေးသမားများသည် ဖောက်ပြန်သော အလုပ်သမား
သမဂ္ဂများတွင် လုပ်ကိုင်သင့်သလော ... ၃၈
(၇) ဓနရှင်ပါလီမန်များတွင် ကျွန်တော်တို့ ပါဝင်သင့်သလော ... ၅၂
(၈) မည်သည့်စေ့စပ်ရေးမှ မလုပ်ဘူးလော ... ၆၆
(၉) ဂရိတ်ဗြိတိန်ရှိ "လက်ဝဲဂိုဏ်း" ကွန်မြူနစ်ဝါဒ ... ၈၂
(၁၀) နိဂုံးချုပ်ချက်အချို့ ... ၁၀၁
နောက်ဆက်တွဲ ... ၁၂၂
၁။ ဂျာမန်ကွန်မြူနစ်များအတွင်း ကွဲပြဲမှု ... ၁၂၂
၂။ ဂျာမနီပြည်ရှိ ကွန်မြူနစ်များနှင့် အင်ဒီပင်းဒင့်များ ... ၁၂၅
၃။ အီတလီပြည်ရှိ တူရပ်တီများနှင့် အပေါင်းပါများ ... ၁၂၈
၄။ မှန်ကန်သည့် ရှေးဦးအကြောင်းအချက်ထဲမှ မှားယွင်းသည့်
နိဂုံးချုပ်ချက်များ ... ၁၃၀
၅။ ... ၁၃၇
ဝိုင်ကုပ်ထံမှပေးစာ ... ၁၃၈
ရှင်းလင်းချက်များ ... ၁၄၀
အမည်ညွှန်းများ ... ၁၄၈

## ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုအတွင်းရှိ “လက်ဝဲဂိုဏ်း” သူငယ်နာ [၁]

## (၁)

## ရုရှားတော်လှန်ရေး၏ နိုင်ငံတကာ့အရေးပါမှုကို မည်သည့် အဓိပ္ပာယ်ဖြင့် ကျွန်တော်တို့ ပြောနိုင်သနည်း

၁၉၁၇ ခုနှစ် အောက်တိုဘာ ၂၅ ရက် (နိုဝင်ဘာ ၇ ရက်) ရုရှားပြည်တွင် ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာ သိမ်းပိုက်ပြီးနောက် ပထမလများတွင် ထင်မြင်လာစရာရှိသည်မှာ ခေတ်နောက်ကျသော ရုရှားပြည်နှင့် ရှေ့တန်းရောက် အနောက်ဥရောပတိုင်းပြည်များအကြား အလွန်အမင်း ခြားနားမှုရှိသည့်အလျောက် ၎င်းတိုင်းပြည်များရှိ ပစ္စည်းမဲ့တော်လှန်ရေးသည် ကျွန်တော်တို့ တော်လှန်ရေးနှင့် တူညီမှု အလွန်ပင်နည်းပါးမည်ဟူ၍ဖြစ်၏။ ယခုအခါတွင်မူ ကျွန်တော်တို့သည် အတော်ကြွယ်ဝသော နိုင်ငံတကာ့အတွေ့အကြုံကို ရရှိခဲ့ပြီးဖြစ်၏။ ဤအတွေ့အကြုံများအရ ကျွန်တော်တို့တော်လှန်ရေး၏ အချို့သော အခြေခံလက္ခဏာများသည် ဒေသဆိုင်ရာမဟုတ်၊ တိုင်းပြည်တပြည်၏ ထူးခြားချက်သာမဟုတ်၊ ရုရှားပြည်တပြည်ထဲသာ မဟုတ်ဘဲ နိုင်ငံတကာ့ အရေးပါမှုရှိနေသည်ဟု အတိကျဆုံး ဖော်ပြလိုက်သည်။ ဤနေရာတွင် နိုင်ငံတကာ့ အရေးပါမှုကို ကျွန်တော်ပြောရာ၌ စကားလုံး၏ ကျယ်ဝန်းသော အဓိပ္ပာယ်အရ မဟုတ်ပေ။ ကျွန်တော်တို့ တော်လှန်ရေး၏ အခြေခံလက္ခဏာ အချို့သာ မဟုတ်ဘဲ ရှိရှိသမျှအခြေခံလက္ခဏာ အားလုံးနှင့် သာမညလက္ခဏာ အများအပြားသည် တိုင်းပြည်အားလုံးကို ကျွန်တော်တို့တော်လှန်ရေးက သြဇာအရှိန် သက်ရောက်သည်ဟူသော အဓိပ္ပာယ်အရ နိုင်ငံတကာ့အရေးပါမှု ရှိသည်ဟု မဆိုလိုပေ။ ကျွန်တော် ပြောလိုသည်မှာ အကျဉ်းမြောင်းဆုံး အဓိပ္ပာယ်အရ ဖြစ်ပါသည်။ နိုင်ငံတကာ့ အရေးပါမှုဟုဆိုရာ၌ ကျွန်တော်တို့တိုင်းပြည်တွင် ဖြစ်ပွားခဲ့သည့်အတိုင်း နိုင်ငံတကာ့ အတိုင်းအတာအရ ထပ်မံဖြစ်ပွားမည့် သမိုင်းဆိုင်ရာမုချသဘော သို့တည်းမဟုတ် နိုင်ငံတကာ့ အကျုံးဝင်မှုရှိသော သဘောအရဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ တော်လှန်ရေး၏ အခြေခံလက္ခဏာအချို့သည် ဤသို့သော အရေးပါမှုရှိကြောင်းကို ဝန်ခံရမည်ဖြစ်၏။ အမှန်ပင် ဤအမှန်တရားကို ကားချဲ့ခြင်းနှင့် ကျွန်

တော်တို့တော်လှန်ရေး၏ အခြေခံလက္ခဏာ အချို့ထက် ကျော်လွန်သွားခြင်းတို့မှာ အလွန်ကြီးမားသော အမှားတရပ် ဖြစ်ပေလိမ့်မည်။ ရှေ့တန်းရောက်သော တိုင်းပြည်များအနက် အနည်းဆုံးတိုင်းပြည်တပြည်တွင် ပစ္စည်းမဲ့တော်လှန်ရေး အောင်ပွဲခံလိုက်သည်နှင့် အရာအားလုံးသည် ရုတ်ခြည်းပြောင်းလဲမှု ရှိနိုင်စရာ ရှိကြောင်း၊ ရုရှားပြည်သည် ("ဆိုဗီယက်"နှင့် ဆိုရှယ်လစ်အဓိပ္ပာယ်အရ) စံပြတိုင်းပြည် မဟုတ်တော့ဘဲ ရုတ်ခြည်းပင် ခေတ်နောက်ကျသော တိုင်းပြည်ပြန်၍ ဖြစ်ပွားနိုင်ကြောင်း လျစ်လျူရှုပါကလည်း မှားယွင်းလိမ့်မည်။

သို့သော် မျက်မှောက်သမိုင်းကာလ၏ အတိအကျအခြေအနေတွင် ရုရှားပြည် စံနမူနာသည် တိုင်းပြည်**အားလုံး**ကို ၎င်းတို့၏ မဝေးလှသော မလွဲမသွေ ဆိုက်ရောက်လာမည့် အနာဂတ်အခြင်းအရာ တစုံတရာနှင့် လွန်စွာအရေးပါသော အခြင်းအရာ တစုံတရာကို ဖော်ပြလိုက်ပေသည်။ တိုင်းပြည်အားလုံးရှိ ရှေ့တန်းရောက် အလုပ်သမားများသည် ဤအချက်ကို စောစွာကတည်းက နားလည်ခဲ့ပြီးဖြစ်သည်။ ထို့ပြင်သူတို့သည် အစဉ်သဖြင့် ဤအချက်ကို နားလည်သည်ဟု ဆိုရမည်ထက် တော်လှန်သော လူတန်းစား၏ ပင်ကိုယ်အသိအရ သိရှိသဘောပေါက်ထားသည်။ ဤအချက်တွင်ပင် ဆိုဗီယက်အာဏာ၏ ဗော်ရှီဗစ်သဘောတရား၊ နည်းပရိယာယ် အခြေခံများ နိုင်ငံတကာ့ "အရေးပါမှု"(ကျဉ်းမြောင်းသောအဓိပ္ပာယ်အရ) တည်ရှိနေပေသည်။ ဤသည်ကို ဂျာမနီပြည်ရှိ ကောက်စကီး၊ ဩစတီးယားရှိ အော်တိုဘောဝါးနှင့် ဖရက်ဒရစ် အက်တလာ ကဲ့သို့သော ဒုတိယ အင်တာနေရှင်နယ်၏ "တော်လှန်ရေး"ခေါင်းဆောင်များက နားမလည်ခဲ့ကြပေ။ ထို့ကြောင့် သူတို့သည် ဖောက်ပြန်ရေးသမားများဖြစ်ကြောင်း အဆိုးဝါးဆုံး အမျိုးအစားဖြစ်သော အချောင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒကို သစ္စာဖောက်မှုတို့၏ ရှေ့နေလိုက်သူများဖြစ်ကြောင်း ပြသခဲ့၏။ အကြောင်းအားလျော်စွာပင် စာရေးသူ အမည်မပါသော "ကမ္ဘာ့ တော်လှန်ရေး" (ဝေါရီဗော်လူးရှင်း)ဟု ခေါင်းစဉ်တပ်ထားသော စာစောင်သည် ဗီယင်နာမြို့ (ဆိုရှယ်လစ်စာစဉ် အတွဲ ၁၁၊ အဂ္ဂနက်ဘရန်း ထုတ်ဝေရေး)တွင် ၁၉၁၉ ခုနှစ်က ပေါ်ထွက်လာသည်။ ဤစာစောင်တွင် သူတို့၏ တွေးခေါ်မှုဖြစ်စဉ်တခုလုံးနှင့် စိတ်ကူးအဝန်းအဝိုင်းတခုလုံး၊ သို့မဟုတ် သူတို့၏ မိုက်မဲမှု၊ တတ်ယောင်ကား လုပ်လိုမှု၊ ယုတ်ညံ့မှုနှင့် အလုပ်သမားလူတန်းစား အကျိုးစီးပွားကို သစ္စာဖောက်မှုတို့အား အပြည့်အဝပြသလိုက်သည်။ ထို့ပြင်"ကမ္ဘာ့တော်လှန်ရေး"အယူအဆကို "ကာကွယ်ခြင်း"ဟူသော အယောင်ဆောင်မှုကို အလွန်ရှင်းလင်းစွာ ဖော်ပြလိုက်ပေသည်။

သို့သော် နောင်တချိန်တွင် ဤစာစောင်ကို ပိုမိုအသေးစိပ်ကျစွာ ဆွေးနွေးရလိမ့်ဦးမည်။ ဤနေရာ၌ ကျွန်တော်တို့သည် နောက်ထပ်အချက်တချက်ကို ထောက်ပြလိုပါသည်။ အတော်ကြာမြင့်ခဲ့ပြီ ဖြစ်သောကာလက မာ့က်စ်ဝါဒီဖြစ်နေသေးပြီး သစ္စာဖောက်မဟုတ်ခဲ့စဉ်က ကောက်စကီးသည် ပြဿနာကို သမိုင်းဆရာတယောက်ကဲ့သို့ ချဉ်းကပ်ကာ ရုရှားပြည် ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးစိတ်ဓာတ်သည် အနောက်ဥရောပအတွက် စံနမူနာဖြစ်လာနိုင်မည့် အခြေအနေတရပ်ကို ကြိုတင်မြင်ခဲ့၏။ ၎င်းမှာ ၁၉၀၂ ခုနှစ်တွင် တော်လှန်သော အစ္စကရားအတွက်"ဆလပ်များနှင့် တော်လှန်ရေး"ဟု ခေါင်းစဉ်တပ်ထားသော ဆောင်းပါးတစောင်ကို ကောက်စကီး ရေးသားခဲ့စဉ်ကဖြစ်၏။ ၎င်းဆောင်းပါးထဲတွင် သူရေးသားခဲ့ပုံကား ...

"မျက်မှောက်အချိန်အခါတွင်"(၁၈၄၈ ခုနှစ်နှင့် ဆန့်ကျင်စွာပင်)"တော်လှန်သော အမျိုးသားများ၏ တပ်ဖွဲ့ထဲသို့ ဆလပ်များဝင်ရောက်ခဲ့သည်သာမက တော်လှန်ရေးတွေးခေါ်မှုနှင့် တော်လှန်ရေးလှုပ်ရှားမှုတို့၏ ဗဟိုချက်မသည် ဆလပ်များဆီသို့ ပို၍ပို၍ ပြောင်းရွှေ့နေပေသည်ဟု မှတ်ယူနိုင်သည်။ တော်လှန်ရေး၏ ဗဟိုချက်မသည် အနောက်မှအရှေ့သို့ ပြောင်းရွှေ့နေပေပြီ။ ၁၉ ရာစု၏ ပထမရာစုဝက်၌ ၎င်းသည် ပြင်သစ်ပြည်တွင် ရှိခဲ့ပြီး တခါတရံ အင်္ဂလန်ပြည်တွင်ရှိခဲ့၏။ ၁၈၄၈ ခုနှစ်တွင် ဂျာမနီပြည်သည်လည်း တော်လှန်သော အမျိုးသားများ၏ တပ်ဖွဲ့ထဲသို့ ဝင်ရောက်ခဲ့သည်။ ... ရာစုနှစ်အသစ်သည် ဖြစ်ရပ်များဖြင့် စတင်လိုက်ပေသည်။ ၎င်းက ကျွန်တော်တို့သည် တော်လှန်ရေးဗဟိုချက်မ၏ ဆက်လက်ပြောင်းရွှေ့မှု၊ ဆိုလိုသည်မှာ ရုရှားပြည်သို့ ပြောင်းရွှေ့မှု နီးကပ်လာပြီဟူသော တွေးခေါ်မှုကို ပေါ်ပေါက်စေသည်။ ... အနောက်တိုင်းမှနေ၍ တော်လှန်ရေးအစပြုမှု များစွာကို ရယူခဲ့သော ရုရှားပြည်သည် ၎င်းကိုယ်တိုင် ယခုအခါ အနောက်တိုင်းအတွက် တော်လှန် ရေးစွမ်းအား၏ ရေသောက်မြစ်အဖြစ် အလုပ်အကျွေးပြုရန် အသင့်ဖြစ် လာနိုင်စရာရှိသည်။ ယခုအခါ တဟုန်းဟုန်း တောက်လောင်နေသော ရုရှား တော်လှန်ရေး လှုပ်ရှားမှုသည် ကျွန်တော်တို့အလယ်တွင် ပြန့်ပွားစပြုနေသော မတက်မကြွ နလပိန်းတုံးဝါဒစိတ်ဓာတ်နှင့် တွန့်ဆုတ်သော နိုင်ငံရေးတို့ကို တောထုတ်ရန် အင်အားအကြီးဆုံးသော နည်းနာဖြစ်လာနိုင်စရာရှိသည်။ ထို့ပြင် ၎င်းသည် တိုက်ပွဲအတွက်တောင့်တမှုနှင့် ကျွန်တော်တို့၏ ကြီးမားသော စိတ်ကူးစံများအပေါ် အတိုင်းမသိသစ္စာရှိမှုကို ထပ်မံ၍ တဟုန်းဟုန်း တောက်လောင်လာ စေလိမ့်မည်။ ရုရှားပြည်သည် အနောက်ဥရောပအတွက် ဖောက်ပြန်ရေးနှင့် သက်ဦးဆံပိုင်စနစ်၏ ခံတပ်ကြီးသက်သက်အဖြစ်မှ

ကာလရှည်စွာကပင် ချုပ်ငြိမ်းသွား ခဲ့ပေသည်။ ယခုအခါတွင် အခြေအနေသည် လုံးဝပြောင်းပြန် ဖြစ်နေပြီဟု ပြောဆိုရပေ မည်။ အနောက် ဥရောပသည် ရုရှားပြည်ရှိ ဖောက်ပြန်ရေးနှင့် သက်ဦးဆံပိုင်စနစ်၏ ခံတပ်ကြီး ဖြစ်လာနေသည်။ … ရုရှားတော်လှန်ရေးသမားများသည် ဇာဘုရင်၏ မဟာမိတ် ဆိုလိုသည်မှာ ဥရောပ အရင်းအနှီးကိုသာ တချိန်တည်းတွင် တိုက်မနေရပါက ဇာဘုရင်ကို စောစွာကတည်းကပင် ဖြုတ်ချပြီး လောက်ပေပြီ။ ဤအကြိမ်တွင် သူတို့သည် ရန်သူနှစ်ဦးစလုံးနှင့် တိုက်ခိုက်ရာတွင် အောင်မြင်လိမ့်မည်ဟုလည်းကောင်း၊ “သူတော်စင် မဟာမိတ်” အသစ်သည် ၎င်း၏ရှေ့တော်ပြေးများထက် ပိုမိုလျင်မြန်စွာ ပျက်စီးလိမ့်မည်ဟုလည်းကောင်း ကျွန်တော်တို့ မျှော်လင့်ကြပါစို့။ ရုရှားပြည်၏ လက်ရှိ တိုက်ပွဲသည် မည်သို့ပင် ပြီးဆုံးပါစေ အကြောင်းမလှစွာ ကျဆုံးသွားခဲ့ရသည့် မြောက်မြား လှစွာသော အာဇာနည်များ၏သွေးနှင့် ဒုက္ခဆင်းရဲခံရမှုများသည် အချည်းအနှီး မဟုတ်ပေ။ သူတို့သည် ယဉ်ကျေးသော ကမ္ဘာတဝန်းလုံးတွင် လူမှုတော်လှန်ရေး၏ အညှောင့်အတက်များကို အားသစ်လောင်းပေးလိမ့်မည်ဖြစ်ပြီး ၎င်းတို့ကို ပို၍ဝေဆာ ပို၍လျင်မြန်စွာ ကြီးထွားလာစေလိမ့်မည်။ ၁၈၄၈ ခုနှစ်တွင် ဆလပ်များသည် ပြည်သူ့နွေဦး၏ပန်းများကို ဖျက်ဆီးသည့် ဆီးနှင်းထုဖြစ်ခဲ့၏။ ယခုအခါသူတို့သည် ဖောက်ပြန်ရေး ရေခဲထုကို ချိုးဖျက်ပြီး အမျိုးသားများအတွက် သာယာသော နွေဦးသစ်ကို တားမရသော အရှိန်အဟုန်ဖြင့် ဆောင်ကြဉ်းလာမည့် မုန်တိုင်းဖြစ်လာစရာ ရှိပေသည်။”
(ကားလ် ကောက်စကီးရေး “ဆလပ်များနှင့် တော်လှန်ရေး”၊ ရုရှားဆိုရှယ် ဒီမိုကရေစီတော်လှန်ရေး သတင်းစာ **အစွကရား** အမှတ် ၁၈၊ မတ်လ ၁၀ ရက်၊ ၁၉၀၂ ခုနှစ်။)

လွန်ခဲ့သည့် ၁၈ နှစ်က ကားလ်ကောက်စကီးသည် စာရေးကောင်းလှသည် တကား။

# (၂)
# ဖော်ရှီဗစ်များ၏ အောင်ပွဲအတွက် အခြေခံ အကြောင်းအချက်များအနက်မှ တခု

အမှန်ပင် ယခုအခါ လူတိုင်းလိုလို သိမြင်ကြသည့်အတိုင်း ကျွန်တော်တို့ပါတီ ထဲတွင် အတင်းကျပ်ဆုံး စစ်မှန်သည့် သံမဏိစည်းကမ်း မရှိခဲ့ပါမူ အလုပ်သမား လူတန်း စား လူထုတရပ်လုံး၏၊ ဆိုလိုသည်မှာ စဉ်းစားတတ်သော၊ ရိုးသားသော၊ ကိုယ်ကျိုး စွန့်သော၊ သြဇာရှိသော၊ ခေတ်နောက်ကျသောအလွှာကို ခေါင်းဆောင်နိုင်စွမ်း သို့ မဟုတ် ၎င်းတို့နှင့်အတူ ခေါ်ဆောင်သွားနိုင်စွမ်းရှိသော အစိတ်အပိုင်းများ၏ ချွင်းချက် မရှိသော အပြည့်ဝဆုံး ထောက်ခံမှုကိုမရခဲ့ပါက ဖော်ရှီဗစ်များသည် ၂ နှစ်ခွဲမဆိုထားနှင့် ၂ လခွဲပင် အာဏာကို ထိန်းသိမ်းထားနိုင်လိမ့်မည် မဟုတ်ပေ။

ပစ္စည်းမဲ့အာဏာရှင်စနစ်သည် လူတန်းစားသစ်က **ပိုမိုအင်အားကြီးမား သော** ရန်သူဖြစ်သည့် ဓနရှင်လူတန်းစားအား ဆန့်ကျင်ကာဆင်နွှဲသော အပြတ်သား ဆုံးနှင့် အကြင်နာကင်းမဲ့ဆုံး စစ်ပွဲဖြစ်သည်။ ဓနရှင်လူတန်းစား၏ ခုခံမှုသည် ဖြိုချခံ ရပြီးနောက်၌ **ဆယ်ဆ**တိုးလာသည်။ (အကယ်၍ တိုင်းပြည်တပြည်ထဲတွင်သာ ဖြစ် သည့်တိုင်) ယင်း၏ အင်အားသည် နိုင်ငံတကာ့ အရင်းအနှီးအင်အားနှင့် နိုင်ငံတကာ့ ဆက်သွယ်မှုများ၏ ခိုင်မာအားကောင်းမှုတို့တွင်သာမက **အကျင့်ဓလေ့အင်အား** တွင်လည်းကောင်း၊ **ထုတ်လုပ်ရေးကလေး** အင်အားတွင်လည်းကောင်း တည်ရှိပေ သည်။ အဘယ်ကြောင့်ဆိုသော် အကြောင်းမလှစွာပင် ထုတ်လုပ်ရေးကလေးသည် ကမ္ဘာပေါ်တွင် အလွန့်အလွန်ကျယ်ပြန့်စွာ ရှိနေသေးပြီး ထုတ်လုပ်ရေးကလေးက အ ရင်းရှင်စနစ်နှင့် ဓနရှင်လူတန်းစားကို အဆက်မပြတ် နေ့စဉ်နှင့်အမျှ နာရီမလပ် အလို အလျောက် အစုလိုက်အပြုံလိုက် **ပေါက်ဖွား** စေသောကြောင့် ဖြစ်၏။ ဤအကြောင်း များကြောင့် ပစ္စည်းမဲ့အာဏာရှင်စနစ်သည် လိုအပ်ပေသည်။ ထို့ပြင် ရှည်လျားသော၊ အလျှော့မပေးသော၊ ပြင်းထန်သော၊ သူသေကိုယ်ရှင်ဖြစ်သော စစ်မရှိဘဲ၊ ခံနိုင်ရည်ရှိမှု၊ စည်းကမ်းရှိမှု၊ ကြံ့ခိုင်မှု၊ အလျှော့မပေးမှု၊ ဆန္ဒညီညွတ်မှုတို့ကို တောင်းဆိုနေသော စစ်ပွဲတခုမရှိဘဲနှင့် ဓနရှင်လူတန်းစားအပေါ် အောင်ပွဲခံရေးမှာ မဖြစ်နိုင်ပေ။

ကျွန်တော်ထပ်၍ ပြောပါဦးမည်။ ရုရှားပြည်တွင် ပစ္စည်းမဲ့အာဏာရှင်စနစ် အောင်ပွဲအတွေ့အကြုံက ဤပြဿနာကို စဉ်းစားနိုင်စွမ်းမရှိသော သို့မဟုတ် မစဉ်းစားခဲ့ကြသော သူများကိုပင် ပစ္စည်းမဲ့လူတန်းစား၏ အကြွင်းမဲ့ဗဟိုချုပ်ကိုင်မှုနှင့် အတင်းကျပ်ဆုံး စည်းကမ်းသည် ဓနရှင်လူတန်းစားအပေါ် အောင်ပွဲခံရေးအတွက် အခြေခံ အကြောင်းအချက်များအနက်မှ တခုဖြစ်သည်ကို ရှင်းလင်းစွာ ပြသလိုက်၏။

ဤသည်ကို မကြာခဏဆွေးနွေးခဲ့၏။ သို့သော် မည်သည်ကိုဆိုလိုသနည်း၊ မည်သည့် အကြောင်းအချက်များအောက်တွင် ဖြစ်နိုင်သနည်း ဟူသည်တို့ကို လုံလောက်စွာ မစဉ်းစားသလောက် ရှိပေသည်။ ဆိုဗီယက်အာဏာနှင့် ဗော်ရှီဗစ်များအား ဂုဏ်ပြုသော နှုတ်ခွန်းဆက်သမှုများနှင့် တချိန်တည်းတွင် တော်လှန်သော ပစ္စည်းမဲ့ လူတန်းစားက လိုအပ်သော စည်းကမ်းကို **အဘယ်ကြောင့်** ဗော်ရှီဗစ်များ တည်ဆောက်နိုင်သည်ဟူသော အကြောင်းရင်းအား **နက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာခြင်းကို အကြိမ်များစွာ** ပြုလိုက်လျှင် မသင့်တော်ပေဘူးလော။

ဗော်ရှီဗစ်ဝါဒသည် နိုင်ငံရေးတွေးခေါ်မှုတရပ်နှင့် နိုင်ငံရေးပါတီတရပ် အဖြစ်ဖြင့် ၁၉၀၃ ခုနှစ်မှစ၍ တည်ရှိလာခဲ့သည်။ ၎င်းတည်ရှိခဲ့သော ကာလ**တလျှောက်လုံး** အတွင်းရှိ ဗော်ရှီဗစ်ဝါဒ၏ သမိုင်းကသာလျှင် အခက်ခဲဆုံး အခြေအနေများအောက်တွင် ပစ္စည်းမဲ့လူတန်းစား အောင်ပွဲအတွက် လိုအပ်သော သံမဏိစည်းကမ်းကို အဘယ်ကြောင့် တည်ဆောက်ထိန်းသိမ်းရန် ဖြစ်နိုင်ခဲ့သည်ကို ကျေနပ်လောက်အောင် ရှင်းလင်းပြနိုင်ပေသည်။

ထို့ပြင် ဦးစွာပေါ်ထွက်လာသော မေးခွန်းကား ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးပါတီ၏ စည်းကမ်းကို မည်သို့ထိန်းသိမ်းသနည်း။ မည်သို့ စမ်းသပ်သနည်း။ မည်သို့ အားဖြည့်တင်းသနည်း။ ပထမအချက်မှာ ပစ္စည်းမဲ့တပ်ဦး၏ လူတန်းစားအသိ၊ တော် လှန်ရေးကို ၎င်း၏သစ္စာရှိမှု၊ ၎င်း၏ခံနိုင်ရည်ရှိမှု၊ ကိုယ်ကျိုးစွန့်မှု၊ ရဲရင့်မှုတို့ကြောင့် ဖြစ်၏။ ဒုတိယအချက်မှာ ၎င်းသည် အကျယ်ပြန့်ဆုံးသော လုပ်သားပြည်သူများ၊ ဆိုလိုသည်မှာ အဓိကအားဖြင့် ပစ္စည်းမဲ့လူတန်းစားသာမက **ပစ္စည်းမဲ့မဟုတ်သော လုပ်သားလူထုများနှင့်** ဆက်သွယ်မှု၊ နီးကပ်စွာထိတွေ့မှု ထိုမျှမကပြောလိုပါက တစုံတရာ အတိုင်းအတာအထိ တသားတည်းဖြစ်မှုကို လုပ်နိုင်စွမ်းရှိခြင်းကြောင့် ဖြစ်သည်။ တတိယအချက်မှာ တပ်ဦး၏ နိုင်ငံရေးခေါင်းဆောင်မှု မှန်ကန်ခြင်း၊ ၎င်း၏ နိုင်ငံရေးသေနင်္ဗျူဟာနှင့် နည်းပရိယာယ်များ၏ မှန်ကန်ခြင်း၊ ဤသို့ မှန်ကန်ကြောင်းကို အကျယ်ပြန့်ဆုံးသော လူထုများက **မိမိကိုယ်ပိုင် အတွေ့အကြုံအရ** သက်ဝင်

ယုံကြည်မှုရှိခြင်းကြောင့်ဖြစ်သည်။ ဤအကြောင်းအချက်များမရှိပါက ခေါင်းဆောင်မှုနှင့် လူထုတို့၏ ပဲ့ကိုင်ထိန်းကျောင်းမှု၊ လူ့အဖွဲ့အစည်းတခုလုံး ပြောင်းလဲပစ်ရေးကို ထမ်းဆောင်နေသော ရှေ့တန်းရောက် လူတန်းစား၏ တကယ်လုပ်နိုင်စွမ်းရှိသည့် ပါတီတရပ်ဖြစ်နေသော တော်လှန်ရေးပါတီ၏ စည်းကမ်းသည် မဖြစ်မြောက်နိုင်ပေ။ ဤအကြောင်း အချက်များ မရှိပါက စည်းကမ်းသတ်မှတ်ရန် ကြိုးပမ်းမှုအားလုံးသည် မလွဲမသွေပင် ဗလာ သက်သက်နှင့် ဟိတ်ဟန်များခြင်းတို့ဖြင့် ပေါ့ပျက်ပျက်အဆုံးသတ်မည်။ အခြားတဖက်၌ ဤအကြောင်းအချက်များသည် ချက်ချင်း ပေါ်ထွက်မလာနိုင်။ ထိုအကြောင်း အချက်များကို ရေရှည်ကြိုးစားခြင်းနှင့် အဆင်းရဲ အပင်ပန်းခံပြီးသည့် အတွေ့အကြုံ များရှိမှသာ ဖန်တီးနိုင်ပေမည်။ ၎င်းတို့၏ ဖန်တီးမှုကို မှန်ကန်သော တော်လှန်ရေး သဘောတရားကသာ တွန်းဆော်ပေးနိုင်သည်။

တနည်းအားဖြင့် ဤတော်လှန်သော သဘောတရားသည် တရားသေ မဟုတ်ဘဲ တကယ်တမ်း လူထုလက္ခဏာဆောင်သော၊ တကယ်တမ်း တော်လှန်သော လှုပ်ရှားမှု၏ လက်တွေ့လုပ်ကိုင်မှုနှင့် နီးကပ်စွာ ဆက်စပ်မှသာလျှင် အဆုံးသတ်ပုံပေါ် လာပေလိမ့်မည်။

ဗော်ရှီဗစ်ဝါဒသည် ၁၉၁၇ – ၁၉၂၀ ခုနှစ်အတွင်း မကြုံစဘူးခက်ခဲသော အခြေအနေများအောက်တွင် အတင်းကျပ်ဆုံး ဗဟိုချုပ်ကိုင်မှုနှင့် သံမဏိစည်းကမ်းကို တည်ဆောက်နိုင်ပြီး အောင်မြင်စွာ ထိန်းသိမ်းနိုင်ခြင်းမှာ ရုရှားပြည်၏ သမိုင်းဆိုင်ရာ ထူးခြားချက်များကြောင့်သာ ဖြစ်သည်။

အခြားတဖက်တွင် ဗော်ရှီဗစ်ဝါဒသည် ၁၉၀၃ ခုနှစ်၌ မာ့က်စ်ဝါဒသဘော တရား၏ အလွန်ခိုင်မြဲသော အုတ်မြစ်ပေါ်တွင် ပေါ်ထွက်လာခဲ့သည်။ ထို့ပြင် ဤ တော်လှန်ရေး သဘောတရားတခုတည်းသာလျှင် မှန်ကန်ကြောင်းကို ၁၉ ရာစုနှစ်တ လျှောက်လုံးရှိ ကမ္ဘာ့အတွေ့အကြုံက သက်သေပြခဲ့သည်သာမက အထူးသဖြင့်ရုရှား ပြည်ရှိ တော်လှန်ရေးတွေးခေါ်မှု နယ်ပယ်တွင် စမ်းတဝါးဝါးဖြစ်ခြင်းနှင့် တွေဝေခြင်း အမှားနှင့် စိတ်ပျက်ခြင်းစသည့်အတွေ့အကြုံတို့ကလည်း သက်သေပြခဲ့၏။ အကြောင်း မူ ပြီးခဲ့သောရာစုနှစ်၏ ၄၀ ပိုင်းမှ ၉၀ ပိုင်းအထိ ရာစုနှစ်ဝက်နီးပါး ပြိုင်ဘက်မရှိအောင် ရက်စက်သော၊ ဖောက်ပြန်သော ဇာစနစ်၏ ဖိနှိပ်ခြင်းခံခဲ့ရသည့် ရုရှားပြည်ရှိ ရှေ့တန်း ရောက်သော တွေးခေါ်မှုသည် မှန်ကန်သော တော်လှန်ရေးသဘောတရားကို အားသာ ငန်းငန်းရှာဖွေပြီး ဥရောပနှင့်အမေရိကမှ ဤနယ်ပယ်တွင်ရှိ "နောက်ဆုံးတွေ့ရှိချက်" မှန်သမျှကို တခုမကျန်အံ့ဩလောက်သော ဇွဲလုံ့လတို့ဖြင့် မမောမပန်း နောက်ယောင်ခံ

ခဲ့ပေသည်။ ရုရှားပြည်သည် ရာစုနှစ်ဝက်အတွင်းတွင် မကြုံစဖူးသော နာကျင်ပင်ပန်းမှု၊ စွန့်လွှတ်မှုကိုလည်းကောင်း၊ မကြုံစဖူးသော တော်လှန်ရေး သူရဲကောင်းဝါဒ၊ မယုံနိုင်လောက်သော စွမ်းအားဖြင့် ထက်သန်စွာ စူးစမ်းရှာဖွေခြင်း၊ လေ့လာခြင်း၊ လက်တွေ့စစ်ဆေးခြင်း၊ စိတ်ပျက်ခြင်းတို့ကိုလည်းကောင်း၊ ဥရောပအတွေ့အကြုံကို ချိန်ထိုးခြင်းနှင့် နှိုင်းယှဉ်ခြင်းတို့ကိုလည်းကောင်း၊ တကယ်တမ်း **ဒုက္ခဆင်းရဲ**များကို ဖြတ်သန်းပြီးမှသာ တခုတည်းသော မှန်ကန်သည့် တော်လှန်ရေးသဘော တရားဖြစ်သည့် မာ့က်စ်ဝါဒကို ရရှိခဲ့ခြင်းဖြစ်ပေသည်။ ဇာစနစ်က နိုင်ငံရေးသမားများကို တိုင်းတပါးသို့ အတင်းမောင်းထုတ်ခြင်းကြောင့် ၁၉ ရာစု ဒုတိယပိုင်းရှိ တော်လှန်သော ရုရှားပြည်သည် ကမ္ဘာ့တော်လှန်ရေး လှုပ်ရှားမှုသဏ္ဍာန်များ၊ သဘောတရားများနှင့် ပတ်သက်၍ ကမ္ဘာပေါ်ရှိ မည်သည့်တိုင်းပြည်တွင်မှမရှိသော ကျယ်ပြန့်သော နိုင်ငံတကာ့ ဆက်သွယ်မှုများစွာကိုလည်းကောင်း၊ ကြွယ်ဝသော အကောင်းဆုံး သတင်းများကိုလည်းကောင်း ရရှိခဲ့၏။

အခြားတဖက်တွင် ဤကျောက်ဆစ်ပမာခိုင်မာသည့် သဘောတရား ရေးအုတ်မြစ်ပေါ်တွင် ပေါ်ထွက်လာခဲ့သော ဗော်ရှီဗစ်ဝါဒသည် ကမ္ဘာပေါ်တွင် အခြားမည်သည့် နေရာတွင်မှ အလားတူမရှိနိုင်သည့် ကြွယ်ဝသည့် အတွေ့အကြုံရရှိစေသည့် ၁၅ နှစ်ကြာ ၁၉၀၃–၁၉၁၇ လက်တွေ့သမိုင်းကာလကို ဖြတ်သန်းခဲ့သည်။ အကြောင်းမူ ဤ ၁၅ နှစ်တာအတွင်း ဤတော်လှန်ရေး အတွေ့အကြုံမျိုးသည်လည်းကောင်း၊ လှုပ်ရှားမှုသဏ္ဍာန် အမျိုးမျိုးဖြစ်သော ဥပဒေတွင်းနှင့် ဥပဒေပ၊ ငြိမ်းချမ်းရေးနှင့် မုန်တိုင်းဆင်မှု၊ မြေအောက်လုပ်ခြင်းနှင့် ပြောင်လုပ်ခြင်း၊ အစုကလေး လှုပ်ရှားမှုနှင့် လူထုလှုပ်ရှားမှု၊ ပါလီမန်နည်းနှင့် အကြမ်းဖက်နည်းတို့၏ လျင်မြန်ပြီး စုံလင်သောဆက်တိုက် ပြောင်းလဲခြင်းမျိုးသည်လည်းကောင်း၊ အခြားမည်သည့် တိုင်းပြည်တွင်မှ ဆင်တူရိုးမှားမျှပင် မရှိခဲ့ပေ။ ဤမျှတိုတောင်းသော အချိန်အတွင်း အခြားမည်သည့် တိုင်းပြည်တွင်မှ ဤသို့သော ခေတ်မီလူ့အဖွဲ့အစည်းရှိ လူတန်းစား **အားလုံး**၏ တိုက်ပွဲသဏ္ဍာန်များ၊ ထူးခြားချက်များနှင့် နည်းနာများအား ကြွယ်ဝစွာ စုစည်းနိုင်မှုမရှိခဲ့ပေ။ ထို့ပြင် တိုင်းပြည်၏ခေတ်နောက်ကျမှုနှင့် ဇာထမ်းပိုး၏ ရက်စက်မှုကြောင့် ဤတိုက်ပွဲသည် အထူး လျင်မြန်စွာ ရင့်ကျက်လာပြီး အမေရိကနှင့် ဥရောပ နိုင်ငံရေးအတွေ့အကြုံ၏ သင့်တော်သော “နောက်ဆုံးတွေ့ရှိချက်” ကို အာသာ ငန်းငန်းနှင့် အအောင်မြင်ဆုံး ရယူခဲ့သည်။

## (၃)

## ဖော်ရှီဗစ်ဝါဒသမိုင်း၏ အဓိကအဆင့်များ

တော်လှန်ရေးအတွက် ပြင်ဆင်သောနှစ်များ (၁၉၀၃–၁၉၀၅)။ ကြီးမားသော မှန်တိုင်း၏ နီးကပ်လာမှုကို နေရာအနှံ့အပြား ခံစားနေရသည်။ လူတန်းစားအားလုံး လှုပ်လှုပ်ရွရွနှင့် ပြင်ဆင်စိုင်းပြင်းနေသော အခြေအနေတွင် ရှိနေကြသည်။ ပြည်ပတွင်မူ နိုင်ငံရေးအရ နယ်နှင်ခံရသူများ၏ စာနယ်ဇင်းများသည် တော်လှန်ရေးအခြေခံပြဿနာ **အားလုံး**၏ သဘောတရားရေးဘက်များကို ဆွေးနွေးကြသည်။ အဓိကလူတန်းစား ၃ ခု၊ အဓိကနိုင်ငံရေးအနွယ် ၃ ခု ဖြစ်သည့် လစ်ဘရယ်ဓနရှင်၊ ဓနရှင်ပေါက်စ ဒီမိုကရေစီသမား ("ဆိုရှယ်ဒီမိုကရေစီ"နှင့် "ဆိုရှယ်တော်လှန်ရေး" တံဆိပ်များကပ်၍ ရုပ်ဖျက်ထားသည်)နှင့် ပစ္စည်းမဲ့တော်လှန်ရေးအနွယ်တို့၏ ကိုယ်စားလှယ်များသည် လုပ်ငန်းစဉ်ဆိုင်ရာ၊ နည်းပရိယာယ်ဆိုင်ရာ အမြင်များအပေါ်တွင် အပြင်းထန်ဆုံးတိုက်ပွဲဆင်ကာ နီးကပ်လာသော အတိအလင်း လူတန်းစား တိုက်ပွဲအတွက် ကြိုတင်တွက်ဆပြီး ပြင်ဆင်စိုင်းပြင်းနေကြသည်။ ထိုအချိန်က စာနယ်ဇင်းများတွင် ၁၉၀၅–၁၉၀၇ ခုနှစ်နှင့် ၁၉၁၇–၁၉၂၀ ခုနှစ်များတွင် လူထုများ ဆင်နွှဲသော လက်နက်ကိုင်တိုက်ပွဲဆိုင်ရာ အမြင်**အားလုံး၏** ကနဦးသဏ္ဍာန်များကို လေ့လာနိုင်သည်။ လေ့လည်းလေ့လာရမည်။ ဤအဓိက အနွယ် ၃ ခုအကြားတွင် အမှန်ပင် အလယ်အလတ်ဖြစ်သော၊ ကူးပြောင်းဆဲဖြစ်သော လမ်းခုလတ်သဏ္ဍာန် အမြောက်အမြား ရှိခဲ့ပေ၏။ သို့မဟုတ် ပိုမိုမှန်ကန်စွာဆိုရလျှင် စာနယ်ဇင်းများ၊ ပါတီများ၊ ဂိုဏ်းများနှင့် အုပ်စုများတိုက်ပွဲအတွင်းတွင် စင်စစ်လူတန်းစားအသီးသီး အနွယ်များဖြစ်သော ဤနိုင်ငံရေးနှင့် တွေးခေါ်မှုအနွယ်များသည် အတိအကျပုံပေါ်လာကြပေသည်။ လူတန်းစားအသီးသီးသည် ကျရောက်အံ့ဆဲဆဲ တိုက်ပွဲများအတွက် လိုအပ်သော နိုင်ငံရေးနှင့် တွေးခေါ်မှု လက်နက်များကို ပုံသွင်းထုလုပ်နေကြသည်။

တော်လှန်ရေးနှစ်များ (၁၉၀၅–၁၉၀၇)။ လူတန်းစားအားလုံးသည် အတိအလင်း ထွက်လာကြသည်။ လုပ်ငန်းစဉ်ဆိုင်ရာနှင့် နည်းပရိယာယ်ဆိုင်ရာ အမြင်အားလုံးသည် လူထုလှုပ်ရှားမှုဖြင့် စမ်းသပ်ခြင်းခံရသည်။ သပိတ်တိုက်ပွဲသည် ၎င်း၏ အတိုင်းအတာ ကျယ်ပြန့်မှုနှင့်ပြင်းထန်မှုအရ ကမ္ဘာပေါ်တွင် ပြိုင်ဘက်ကင်းလှ၏။ စီးပွားရေးသပိတ်သည် နိုင်ငံရေးသပိတ်သို့လည်းကောင်း၊ နိုင်ငံရေးသပိတ်သည် ပုန်ကန်ထကြွမှုသို့လည်းကောင်း ဖြစ်ပေါ်တိုးပွားသွားသည်။ ခေါင်းဆောင်သူ ပစ္စည်းမဲ့လူတန်းစားနှင့် ခေါင်းဆောင်ခံရသူ ယိမ်းယိုင်တွေဝေသော လယ်သမားလူတန်းစား အကြားရှိ ဆက်ဆံရေးများကို လက်တွေ့ထဲ၌ စမ်းသပ်စစ်ဆေးခဲ့သည်။ ဆိုဗီယက်စည်းရုံးရေးသဏ္ဌာန်သည် တိုက်ပွဲ၏ အလိုအလျောက် ဖြစ်ပေါ်တိုးပွားမှုအတွင်း၌ ပေါက်ဖွားလာသည်။ ထိုအချိန်က ဆိုဗီယက်၏ အရေးပါမှုနှင့်ပတ်သက်သော အငြင်းပွားမှုများသည် ၁၉၁၇–၁၉၂၀ ခုနှစ်ရှိ ကြီးမြတ်သည့်တိုက်ပွဲကို ကြိုတင် နိမိတ်ဖတ်ခဲ့သည်။ ပါလီမန်နှင့် ပါလီမန်မဟုတ်သော တိုက်ပွဲသဏ္ဌာန်များ၊ ပါလီမန်ကို သပိတ်မှောက်သော နည်းပရိယာယ်နှင့် ပါလီမန်တွင် ပါဝင်သော နည်းပရိယာယ်၊ ဥပဒေတွင်းနှင့်ဥပဒေပ တိုက်ပွဲသဏ္ဌာန်များကို တလှည့်စီ ကျင့်သုံးခြင်း၊ ထိုမျှမကရင်းတို့၏ အပြန်အလှန်ဆက်စပ်ခြင်းနှင့် ပေါင်းစပ်ခြင်းများ အားလုံးသည် အံ့ဩလောက်အောင် ကြွယ်ဝသောအနှစ်သာရဖြင့် ထင်ရှားလာသည်။ လူထုနှင့်ခေါင်းဆောင်များ လူတန်းစားများနှင့် ပါတီများအတွက် ဤကာလ၏ တလတာအတွင်း ရရှိလိုက်သော နိုင်ငံရေးသိပ္ပံပညာ အခြေခံများသည် "ငြိမ်းချမ်းသော" "ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဆိုင်ရာ" ဖြစ်ပေါ်တိုးပွားမှု၏ တနှစ်တာလုံးရရှိမှုနှင့် ညီမျှခဲ့ပေသည်။ ၁၉၀၅ ခုနှစ်၏ "ကြိုတင်ဇာတ်တိုက်မှု"မရှိပါက ၁၉၁၇ ခုနှစ် အောက်တိုဘာ တော်လှန်ရေးသည် အောင်ပွဲခံနိုင်လိမ့်မည်မဟုတ်။

ဖောက်ပြန်ရေးနှစ်များ (၁၉၀၇ – ၁၉၁၀)။ ဇာစနစ်သည် အောင်ပွဲရခဲ့သည်။ တော်လှန်ရေးပါတီနှင့် အတိုက်အခံပါတီအားလုံး ရှုံးနိမ့်ခဲ့ရသည်။ စိတ်ဓာတ်ကျဆင်းမှု၊ စိတ်ဓာတ်ပျက်ပြားမှု၊ ကွဲပြားမှု၊ အစည်းပြေမှု၊ သစ္စာဖောက်မှု၊ ညစ်ညမ်းမှုတို့သည် နိုင်ငံရေးနေရာတွင် အစားထိုးလိုက်ကြသည်။ အဘိဓမ္မာဆိုင်ရာ စိတ်ဝါဒဆီသို့ ရွှေ့လျားမှုသည် ပိုမိုကြီးမားလာသည်။ သိနိုင်ခဲဝါဒသည် တန်ပြန်တော်လှန်ရေး စိတ်တိမ်းညွှတ်မှုများ၏ ခြုံထည်ဖြစ်လာသည်။ သို့သော် တချိန်တည်းမှာပင် ဤကြီးမားသော ရှုံးနိမ့်မှုသည်ပင် တော်လှန်ရေပါတီများနှင့် တော်လှန်သော လူတန်းစားအား အလွန်တကယ် တန်ဖိုးရှိသောသင်ခန်းစာ၊ သမိုင်းဆိုင်ရာ အနုပဋိလောမသင်ခန်းစာ၊ နိုင်ငံ

ရေးတိုက်ပွဲအား နားလည်ကျွမ်းကျင်စွာ တိုက်တတ်ရန်သင်ခန်းစာတို့ကို ပေးအပ်လိုက်ပေ၏။ ကံဆိုးမိုးမှောင်ကျမှ မိတ်ဆွေစစ်ကို သိနိုင်သည်။ စစ်ရှုံးသောတပ်သည် ကောင်းစွာ လေ့လာတတ်လာသည်။

အောင်ပွဲရရှိသော ဇာစနစ်သည် ရုရှားပြည်ရှိ ဓနရှင်မတိုင်မီ အဖကြီးစိုးသော နေထိုင်ရေးဘဝနည်းနာ အကြွင်းအကျန်များကို မတတ်သာဘဲ လျင်မြန်စွာ ဖျက်ဆီးလိုက်ရသည်။ တိုင်းပြည်၏ ဓနရှင်လမ်းကြောင်းအတိုင်း ဖြစ်ပေါ်တိုးပွားမှုသည် အထူးပင်လျင်မြန်စွာ တက်လှမ်းလာသည်။ လူတန်းစားနှင့် ကင်းလွတ်သော၊ လူတန်းစားအထက်၌ရှိသော စိတ်ကူးယဉ်မှုများ၊ အရင်းရှင်ဝါဒကို ရှောင်ကွင်းနိုင်သည်ဟူသော စိတ်ကူးယဉ်မှုများသည် လေထဲတွင်လွင့်စင် ကွယ်ပျောက်သွားတော့၏။ လူတန်းစားတိုက်ပွဲသည် လုံးဝသစ်လွင်ပြီး ပိုမိုပြတ်သားသော သဏ္ဍာန်ဆောင်လာသည်။

တော်လှန်ရေးပါတီများသည် မိမိတို့၏သင်ယူမှုကို ပြည့်စုံအောင် ဖြည့်ဆည်းကြရမည်။ ၎င်းတို့သည် တိုက်ခိုက်ခြင်းကို သင်ကြားပြီးပေပြီ။ ယခုအခါ၌ ဤအသိပညာကို မည်သို့ကောင်းစွာ ဆုတ်ခွာရမည်နည်းဟူသော အသိပညာဖြင့် ဖြည့်စွက်ရမည်ကို ၎င်းတို့သိမြင်ရန် လိုလာသည်။ ၎င်းတို့သည် မည်သို့ကောင်းစွာ တိုက်ခိုက်ရမည်၊ မည်သို့ကောင်းစွာ ဆုတ်ခွာရမည်ဆိုသည့် နှစ်ခုစလုံးကို သင်ယူမထားပါက အောင်ပွဲခံရန် မဖြစ်နိုင်ကြောင်း သိမြင်ရပေမည်။ ထို့ပြင် တော်လှန်သော လူတန်းစားသည် မိမိကိုယ်ပိုင်ခါးသီးသော အတွေ့အကြုံအရ ဤသို့သိမြင်လာရန် သင်ကြားခြင်းခံရသည်။ ရှုံးနိမ့်သော အတိုက်အခံပါတီများနှင့် တော်လှန်ရေးပါတီ အားလုံးထဲတွင် ဗော်ရှီဗစ်များသည် မိမိတို့ "တပ်မတော်"ကို အဆုံးအရှုံးအနည်းဆုံး မိမိ၏ အမြုတေကို ထိန်းသိမ်းမှုအကောင်းဆုံး၊ (ပြင်းထန်ပြီး မကုစားနိုင်သော) ကွဲပြားမှု အနည်းဆုံး၊ စိတ်ဓာတ်ပျက်ပြားမှုအနည်းဆုံးဖြင့် အစီအစဉ်အကျဆုံး ဆုတ်ခွာခဲ့ကြသည်။ ထို့ပြင် ၎င်းအလုပ်ကို အကျယ်ပြန့်ဆုံး၊ အမှန်ကန်ဆုံးနှင့် စိတ်အတက်ကြွဆုံးနည်းဖြင့် ပြန်လည်စတင်ရန် အကောင်းဆုံး အခြေအနေတွင်ရှိသည်။ ဗော်ရှီဗစ်များ ဤသို့သော အခြေအနေကို ရရှိခဲ့ခြင်းမှာ ဆုတ်ခွာရမည်ကိုလည်းကောင်း၊ မည်သို့ ဆုတ်ခွာရမည်အား သိရှိနားလည်ရန်ကိုလည်းကောင်း၊ အဖောက်ပြန်ဆုံးပါလီမန်များ၊ အဖောက်ပြန်ဆုံး အလုပ်သမားသမဂ္ဂများ၊ သမဝါယမအသင်းများ၊ အာမခံအဖွဲ့များနှင့် အလားတူ အဖွဲ့အစည်းများအတွင်းတွင် မည်သို့တရားဝင်စွာ အလုပ်လုပ်ရန် လုံးဝ သင်ယူရမည်ကိုလည်းကောင်း ငြင်းဆန်ကြသော တော်လှန်ရေး လေလုံးထွားသူများကို အကြင်နာကင်းစွာဖွင့်ချပြီး ထုတ်ပယ်ပစ်ခဲ့ခြင်းကြောင့်သာဖြစ်၏။

ဒီရေတက်သည့်နှစ်များ (၁၉၁၀–၁၉၁၄)။ အစပိုင်းတွင် တိုးတက်မှုမှာ မယုံနိုင်လောက်အောင် နှေးကွေးခဲ့သည်။ ထို့နောက် ၁၉၁၂ ခုနှစ် လီနာအရေးအခင်း၂ နောက်တွင် အတော်ပင်လျင်မြန်လာခဲ့၏။ အလုပ်သမားလူတန်းစား လှုပ်ရှားမှုထဲရှိ မင်ရှီဗစ်တို့၏ ခေရှင်လူတန်းစား ကိုယ်စားလှယ်အခန်းကို ၁၉၀၅ ခုနှစ် နောက်ပိုင်းတွင် ခေရှင်လူတန်းစားတရပ်လုံးက ကောင်းစွာနားလည်ခဲ့ပြီး ဤအချက်ကြောင့် ခေရှင်လူတန်းစားတရပ်လုံးက ဗော်ရှီဗစ်များအား ဆန့်ကျင်ရာတွင် မင်ရှီဗစ်များကို နည်းမျိုးစုံဖြင့် ထောက်ခံခဲ့ကြသည်။ ဗော်ရှီဗစ်များသည် မကြုံစဘူးသောအခက်အခဲများကို ကျော်နင်းရင်း မင်ရှီဗစ်များကို တွန်းဖယ်ပစ်ခဲ့သည်။ သို့သော် အကယ်၍ ဗော်ရှီဗစ်များသည် ဥပဒေပအလုပ်ကို "ဥပဒေအတွင်းအခွင့်အလမ်းများ"မဖြစ်မနေ အသုံးချမှုများနှင့် ပေါင်းစပ်ပေးသော မှန်ကန်သည့်နည်းပရိယာယ်ကို မကျင့်သုံးခဲ့ပါလျှင် ဤအချက်ကို လုပ်ရာတွင် မည်သည့်အခါမှ အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပေ။ ဗော်ရှီဗစ်များသည် ဖောက်ပြန်လှသော ဒူးမားလွှတ်တော်ထဲရှိ အလုပ်သမားနေရာအားလုံးကို ရရှိခဲ့၏။

ပထမနယ်ချဲ့ကမ္ဘာစစ်ကြီး (၁၉၁၄–၁၉၁၇)။ အလွန်အမင်း ဖောက်ပြန်သော"ပါလီမန်"နှင့်အတူ ဥပဒေတွင်း ပါလီမန်ဝါဒသည် တော်လှန်သောပစ္စည်းမဲ့လူတန်းစား ပါတီဖြစ်သော ဗော်ရှီဗစ်များအား အလွန်တရာ အကျိုးပြုခဲ့ပေသည်။ ဗော်ရှီဗစ် ကိုယ်စားလှယ်များကို ဆိုက်ဗေးရီးယားသို့ နယ်နှင်ပစ်လိုက်သည်။ ပြည်ပသို့နယ်နှင်ခံရသူများ၏ စာနယ်ဇင်းများတွင် ဆိုရှယ်နယ်ချဲ့ဝါဒ၊ ဆိုရှယ်ရှော်ဗင်ဝါဒ၊ ဆိုရှယ်ပြည်ချစ်ဝါဒ၊ ခိုင်မြဲသော နိုင်ငံတကာ့ဝါဒနှင့် မခိုင်မြဲသော နိုင်ငံတကာ့ဝါဒ၊ ရှေ့ပြည်အေးဝါဒနှင့် ရှေ့ပြည်အေးဝါဒစိတ်ကူးယဉ်မှုကို တော်လှန်သော ငြင်းပယ်မှုတို့၏ အရောင်အဆင်း အမျိုးမျိုးတို့ကို အပြည့်အစုံဆုံး တွေ့ရသည်။ ရုရှားဆိုရှယ်လစ် လှုပ်ရှားမှုတွင်"ဂိုဏ်းအုပ်စုများ"များပြားမှုကိုလည်းကောင်း၊ ၎င်းတို့အတွင်းတွင် ဖြစ်ပွားသော ပြင်းထန်သည့်တိုက်ပွဲကိုလည်းကောင်း မာန်မာနကြီးစွာ မထေမဲ့မြင်ပြုခဲ့ကြသော ဒုတိယအင်တာနေရှင်နယ်၏ ပညာရှင်လူမိုက်များနှင့် အမယ်ကြီးအိုများသည် သူတို့၏ ကြွားဝါထားသော–ရှေ့တန်းရောက်သော တိုင်းပြည်**အားလုံး**ရှိ "ဥပဒေတွင်း"အခွင့်အရေးကို စစ်က လက်လွှတ်စေလိုက်သောအခါ–ရုရှားတော်လှန်ရေးသမားများ ဆွစ်ဇလန်နှင့် အခြားတိုင်းပြည်များစွာတွင် လုပ်ခဲ့သောအမြင်များ လွတ်လပ်စွာ (ဥပဒေပ) ဖလှယ်မှုနှင့် မှန်ကန်သောအမြင်များ လွတ်လပ်စွာ (ဥပဒေပ) ရှာဖွေမှုမျိုးနှင့် အနီးစပ်ဆုံးကိုပင် စည်းရုံးလုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ဤအတွက်

ကြောင့်ပင် တိုင်းပြည်အားလုံးရှိ ပြောင်ကျသော ဆိုရှယ်ပြည်ချစ်သမားများနှင့် "ကောက်စကီး ဝါဒီများ" နှစ်မျိုးစလုံးသည် ပစ္စည်းမဲ့လူတန်းစား၏ အဆိုးဝါးဆုံး သစ္စာဖောက်များ ဖြစ်လာကြလေသည်။ ထို့ပြင် ၁၉၁၇–၁၉၂၀ ခုနှစ်တွင် ဗော်ရှီဗစ်ဝါဒ အောင်ပွဲခံရသည့် အဓိကအကြောင်းရင်းတခုမှာ ၁၉၁၄ ခုနှစ်ကုန်မှစပြီး ဆိုရှယ်ရှော်ဗင်ဝါဒနှင့်"ကောက်စကီးဝါဒ"(အလားတူပင် ပြင်သစ်ပြည်ရှိ လောင်ဂွတ်ဝါဒ[၄]၊ အင်္ဂလန်ပြည်ရှိ အင်ဒီပင်းဒင့်လေဘာပါတီ[၅] ခေါင်းဆောင်များနှင့် ဖေဘီယံများ[၆] အီတလီရှိ တူရပ်တီတို့၏ အမြင်များ)၏ ဆိုးသွမ်းမှု၊ ယုတ်ညံ့သိမ်ဖျင်းမှု၊ စက်ဆုပ်ဖွယ်ရာကောင်းမှုတို့ကို အကြင်နာကင်းမဲ့စွာ ဖွင့်ချခဲ့ခြင်းနှင့် နောင်တွင်လူထုသည် ဗော်ရှီဗစ်အမြင်များ၏ မှန်ကန်မှုကို မိမိတို့ကိုယ်ပိုင် အတွေ့အကြုံအရ ပို၍ပို၍ ယုံကြည်လာခဲ့ခြင်းတို့ကြောင့်ပင်ဖြစ်၏။

ရုရှားပြည် ဒုတိယအကြိမ်တော်လှန်ရေး (၁၉၁၇ – ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ)။ ဇာစနစ်၏ မယုံနိုင်လောက်အောင် အိုမင်းပြီး ခေတ်နောက်ကျမှု (အပြင်းထန်ဆုံးသောစစ်၏ ထိုးနှက်မှုများ၊ အခက်အခဲများ၏ ထပ်လောင်းမှု) တို့က ၎င်းအား ဦးတည်ဆန့်ကျင်သော မယုံနိုင်စရာ ဖျက်ဆီးရေးအင်အားတခုကို ဖန်တီးပေးလိုက်သည်။ ရက်အနည်းငယ်အတွင်းတွင် ရုရှားပြည်သည် ကမ္ဘာပေါ်ရှိ အခြားမည်သည့်တိုင်းပြည်ထက်မဆို စစ်ဖြစ်နေသော အခြေအနေများအောက်တွင် ပိုမိုလွတ်လပ်သော ဓနရှင်ဒီမိုကရေစီ သမ္မတနိုင်ငံအဖြစ် ပြောင်းလဲသွားသည်။ အတိုက်အခံပါတီများနှင့် တော်လှန်ရေးပါတီများ၏ ခေါင်းဆောင်များသည် "အတင်းကျပ်ဆုံး ပါလီမန်စနစ်"သမ္မတနိုင်ငံများတွင် လုပ်သကဲ့သို့ပင် အစိုးရအဖွဲ့တခုကို ဖွဲ့စည်းလိုက်သည်။ လူတယောက်သည် ယခင်က ပါလီမန်အတွင်း၊ အဖောက်ပြန်ဆုံး ပါလီမန်အတွင်းမှာ ဖြစ်ပါစေ၊ အတိုက်အခံပါတီ၏ ခေါင်းဆောင်တယောက်ဖြစ်ခဲ့ပါက တော်လှန်ရေးတွင် ဆက်လက် ပါဝင်မည့်သူ၏အခန်းကို **အထောက်အကူ** ပြုပေ၏။

ရက်သတ္တပတ်အချို့အတွင်းတွင် မင်ရှီဗစ်များနှင့်"ဆိုရှယ်တော်လှန်ရေးသမားများ"သည် ဒုတိယအင်တာနေရှင်နယ်၏ ဥရောပသူရဲကောင်းများ၊ ဝန်ကြီးဝါဒသမားများနှင့် အခြားအချောင်သမား အမှိုက်သရိုက်များ၏ နည်းနာများ၊ လုပ်ပုံများ၊ အထောက်အထားများနှင့် ဆင်ခြေလိမ်များ အားလုံးကို အကုန်အစင် ရယူလိုက်ကြသည်။ ယခုအခါ ကျွန်တော်တို့ ဖတ်ရှုရသော ရှိတ်ဒီမန်နှင့် နော့ကီး၏အကြောင်း၊ ကောက်စကီးနှင့် ဟီဖာဒင်းအကြောင်း၊ ရင်းနားနှင့် ဩစတာလစ်အကြောင်း၊ အော်တိုဘောဝါးနှင့် ဖရစ်အက်ဒလာအကြောင်း၊ တူရပ်တီနှင့် လောင်ဂွတ်အကြောင်း၊ အင်္ဂ

လန်ပြည်ရှိ ဖေဘီယံနှင့် အင်ဒီပင်းဒင့် လေဘာပါတီ ခေါင်းဆောင်များအကြောင်း အားလုံးသည် ကျွန်တော်တို့အတွက် ပျင်းရိဖွယ်ရာ ထပ်မံပြောဆိုခြင်း၊ ဟောင်းနွမ်းပြီး ကြားနေကျတေးသွားကို ပြန်သီဆိုခြင်းကဲ့သို့ ဖြစ်ပေသည် (တကယ်လည်း ဖြစ်သည်။) ကျွန်တော်တို့သည် အလားတူအခြင်းအရာကို မင်ရှိဗစ်များ၌ တွေ့ခဲ့ပြီးဖြစ်သည်။ ခေတ်နောက်ကျသော တိုင်းပြည်ရှိ အချောင်သမားများသည် ရှေ့တန်းရောက် တိုင်းပြည်များစွာရှိ အချောင်သမားများ၏ရှေ့သို့ ကျော်သွားလေပြီ။ ဤသည်မှာ သမိုင်း၏ ကျီစားချက်ပင် ဖြစ်သည်။

အကယ်၍ ဒုတိယအင်တာနေရှင်နယ် သူရဲကောင်းအားလုံးသည် ချွတ်ခြုံကျသွားပြီး ဆိုဗီယက်နှင့် ဆိုဗီယက်အာဏာ၏ အရေးပါမှုနှင့် အခန်းကဏ္ဍပြဿနာကို ခန့်မှန်းရာတွင် မိမိတို့ဘာသာ အရှက်တကွဲ ဖြစ်ခဲ့ပါလျှင် ယခုအခါ ဒုတိယအင်တာနေရှင်နယ်ကို စွန့်ခွာသွားကြသော အလွန်အရေးပါသော ပါတီ ၃ ခု (၎င်းတို့မှာ ဂျာမန် အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ[၆]၊ ပြင်သစ်လောင်ဂွတ်ဝါဒီများနှင့် ဗြိတိသျှ အင်ဒီပင်းဒင့် လေဘာပါတီ) ၏ ခေါင်းဆောင်များသည် ဤပြဿနာအပေါ်တွင်"အပြောင်မြောက်"ဆုံးသောနည်းလမ်းဖြင့် မိမိတို့ဘာသာ အရှက်တကွဲဖြစ်ပြီး ရှုပ်ထွေးသွားခဲ့ပါလျှင် သူတို့အားလုံးသည် ဓနရှင်ပေါက်စဒီမိုကရေစီ အစွဲအလန်း၏ ကျေးကျွန်များ (မိမိတို့ကိုယ်ကို"ဆိုရှယ်ဒီမိုကရက်များ"ဟု ခေါ်ဝေါ်ကြသော ၁၈၄၈ ခုနှစ် ဓနရှင်ပေါက်စ၏ စိတ်ဓာတ်အတိုင်းရှိသည်) ဖြစ်သွားပါလျှင် **၎င်းတို့အားလုံး**ကို မင်ရှိဗစ်များ၌ ကျွန်တော်တို့ တွေ့မြင်ခဲ့ပြီးဖြစ်ပေသည်။ သမိုင်းသည် ဤသို့ကျီစားခဲ့ပြန်သည်။ ... ရုရှားပြည်တွင် ၁၉၀၅ ခုနှစ်၌ ဆိုဗီယက်များ ပေါက်ဖွားလာခဲ့သည်။ ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ၎င်းတို့အား မင်ရှိဗစ်များက အလွဲသုံးစား ပြုလုပ်ခဲ့သည်။ ၎င်းတို့သည် ဆိုဗီယက်များ၏ အခန်းနှင့် အရေးပါမှုကို နားလည်နိုင်စွမ်း မရှိသောကြောင့် ချွတ်ခြုံကျသွားခဲ့သည်။ ယခုအခါတွင်မူ ဆိုဗီယက်အာဏာ အယူအဆသည် **ကမ္ဘာအနှံ့တွင်** ပေါ်ထွက်လာပြီး တိုင်းပြည်အားလုံးရှိ ပစ္စည်းမဲ့များအတွင်းတွင် အဟုန်ပြင်းစွာပြန့်နှံ့နေသည်။ ထို့ပြင် ဒုတိယအင်တာနေရှင်နယ်၏ သူရဲကောင်းကြီးများသည် ဆိုဗီယက်များ၏ အခန်းနှင့်အရေးပါမှုကို နားလည်နိုင်စွမ်း မရှိသောကြောင့် ကျွန်တော်တို့ မင်ရှိဗစ်များကဲ့သို့ပင် **နေရာတကာတွင်** ချွတ်ခြုံကျနေကြသည်။ အတွေ့အကြုံများက သက်သေပြလိုက်သည်မှာ ပစ္စည်းမဲ့တော်လှန်ရေး၏ အလွန်အရေးကြီးသော ပြဿနာအချို့တွင် တိုင်းပြည် **အားလုံး**သည် ရုရှားပြည်က ပြုလုပ်ခဲ့သည့်အတိုင်း မလွဲမသွေ ပြုလုပ်ရပေလိမ့်မည်။

ဥရောပနှင့် အမေရိကတိုက်တွင် ယနေ့မကြာခဏ တွေ့ရသောအမြင်များနှင့် ဆန့်ကျင်စွာပင် ဗော်ရှီဗစ်များသည် ပါလီမန်စနစ် (လက်တွေ့အားဖြင့်) ဓနရှင်သမ္မတနိုင်ငံနှင့် မင်ရှီဗစ်များကို ဆန့်ကျင်သည့် အောင်မြင်သောတိုက်ပွဲကို သတိကြီးစွာဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအတွက် သူတို့ပြုလုပ်သော ပြင်ဆင်မှုများသည်လည်း မည်သည့်နည်းနှင့်မျှ လွယ်ကူသည်မဟုတ်ချေ။ ကျွန်တော်တို့သည် ဖော်ပြခဲ့သောကာလအစပိုင်းတွင် အစိုးရကိုဖြုတ်ချရန် မလှုံ့ဆော်ခဲ့။ ဆိုဗီယက်များ၏ ပါဝင်မှု အချိုးအစားနှင့် စိတ်ဓာတ်ကို ဦးစွာပြောင်းလဲပစ်ခြင်း **မရှိဘဲ** ၎င်းကိုဖြုတ်ချရန် မဖြစ်နိုင်ကြောင်းကိုသာ ရှင်းလင်းပြခဲ့သည်။ ကျွန်တော်တို့သည် ဓနရှင်ပါလီမန်၊ ဆိုလိုသည်မှာ ဥပဒေပြုလွှတ်တော်ကို သပိတ်မှောက်ရန် မကြေညာခဲ့။ ကျွန်တော်တို့ပါတီ၏ (၁၉၁၇ ခုနှစ်) ဧပြီ ကွန်ဖရင့်မှစပြီး ပါတီအမည်ဖြင့် တရားဝင်စွာ စတင်ပြောဆိုခဲ့သည်မှာ ဥပဒေပြုလွှတ်တော်ရှိသော ဓနရှင်သမ္မတနိုင်ငံသည် ဥပဒေပြု လွှတ်တော်မရှိသော ဓနရှင်သမ္မတနိုင်ငံထက် ပို၍ကောင်း၏။ သို့သော် “အလုပ်သမားလယ်သမား”သမ္မတနိုင်ငံဖြစ်သော ဆိုဗီယက်သမ္မတနိုင်ငံသည် မည်သည့် ဓနရှင်ဓမိုကရေစီပါလီမန် သမ္မတနိုင်ငံထက်မဆို ပို၍ကောင်းသည်ဟူ၍သာဖြစ်၏။ ဤသို့သော သတိရှိသော ကုန်စင်သော၊ အသေးစိတ်ကျသော ရေရှည်ပြင်ဆင်မှုများမရှိခဲ့ပါက ကျွန်တော်တို့သည် ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် အောင်ပွဲရရှိလိမ့်မည်မဟုတ်။ ဤအောင်ပွဲကိုလည်း ထိန်းသိမ်းနိုင်လိမ့်မည် မဟုတ်ပေ။

## (၄)

## အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ မည်သည့်ရန်သူများကို ဆန့်ကျင်တိုက်ပွဲဆင်ရင်း ဖော်ရှီဇစ်ဝါဒသည် ကြီးထွားပြီးခိုင်မာကာ ထုသားပေသား ရရှိလာခဲ့သနည်း။

ပထမနှင့်အဓိကအားဖြင့် အချောင်ဝါဒကို ဆန့်ကျင်သော တိုက်ပွဲအတွင်း တွင်ဖြစ်၏။ ဤအချောင်ဝါဒသည် ၁၉၁၄ ခုနှစ်တွင် ဆိုရှယ်ရှော်ဗင်ဝါဒအဖြစ် လုံးဝ ကြီးထွားသွားပြီး ပစ္စည်းမဲ့လူတန်းစားကို ဆန့်ကျင်ကာ ဓနရှင်လူတန်းစားများနှင့် လုံးဝပူးပေါင်းသွားသည်။ ဓမ္မတာပင်ဖြစ်သည် အလုပ်သမားလူတန်းစား လှုပ်ရှားမှု အတွင်းရှိ ဖော်ရှီဇစ်များ၏ အဓိကရန်သူ ဖြစ်ခဲ့သည်။ ၎င်းသည် နိုင်ငံတကာ့ အတိုင်း အတာအရလည်း အဓိကရန်သူအဖြစ် ရှိနေဆဲဖြစ်သည်။ ဖော်ရှီဇစ်များသည် ဤရန် သူကို အထူးအာရုံအစိုက်ဆုံး ဖြစ်ခဲ့သည်။ ဆက်လက်၍လည်း အာရုံစိုက်ခဲ့သည်။ ဤဘက်တွင် ဖော်ရှီဇစ်တို့၏ လုပ်ဆောင်မှုများကို ယခုအခါ ပြည်ပကလည်း၊ ကောင်း စွာ သိရှိပြီးပေပြီ။

သို့စေကာမူ အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ ဖော်ရှီဇစ်ဝါဒ၏ အခြားသော ရန်သူအတွက်ဆိုပါမူ ခြားနားကြောင်းကို ပြောဆိုရပေမည်။ ဖော်ရှီဇစ်ဝါဒ သည် **ဓနရှင်ပေါက်စတော်လှန်ရေးဝါဒ**ကို ဆန့်ကျင်သော ရေရှည်တိုက်ပွဲအတွင်း တွင် ကြီးထွားပုံပေါ်လာပြီး ထုသားပေသား ရရှိလာသည်။ ဤအချက်ကို ပြည်ပ တွင်ပြည့်စုံစွာ မသိရှိသေးပေ။ ဤတော်လှန်ရေးဝါဒသည် မင်းမဲ့ဝါဒ အငွေ့အသက်ဖြင့် ပြည့်နှက်နေသော သို့မဟုတ် မင်းမဲ့ဝါဒမှ တစုံတရာခိုးယူကာ မည်သည့်အရေးကြီး သော ပြဿနာများတွင်မဆို ခိုင်မာသော ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲ၏ အကြောင်း အချက်များ လိုအပ်မှုများနှင့် မကိုက်ညီပေ။ မာ့က်စ်ဝါဒသဘောတရားက ကောင်းစွာ

စိုက်ထူထားပြီး ထိုမျှမက ဥရောပတော်လှန်ရေးများနှင့် တော်လှန်ရေးလှုပ်ရှားမှု အတွေ့အကြုံအားလုံးက အပြည့်အစုံသက်သေပြခဲ့သည်မှာ အရင်းရှင်စနစ်အောက်တွင် ပစ္စည်းပိုင်ရှင်ကလေး၊ ဆိုလိုသည်မှာ လုပ်ငန်းပိုင်ရှင်ကလေး (ဥရောပတိုင်းပြည်များစွာတွင် အလွန်ကျယ်ပြန့်ပြီး ထုထည်လိုက်ရှိနေသော လူမှုရေး အမျိုးအစားတခု) သည် ဖိနှိပ်မှုများ အစဉ်သဖြင့် ခံစားရပြီး မကြာခဏ ၎င်း၏အခြေအနေများတွင် မယုံနိုင်လောက်အောင် ပြင်းထန်လျင်မြန်စွာ လျော့ကျပျက်စီးသွား၍ တော်လှန်ရေး အလွန်အကျွံဖြစ်မှုဘက်သို့ အလွယ်တကူ ကူးပြောင်းသွားကြခြင်းပင် ဖြစ်သည်။ သို့ရာတွင် ၎င်းသည် ခံနိုင်ရည်ရှိမှု၊ စည်းရုံးမှု၊ စည်းကမ်းရှိမှုနှင့် မြဲမြံမှုစသည်တို့ကို ဖော်ပြနိုင်စွမ်းမရှိပေ။ အရင်းရှင်ဝါဒ၏ ကြောက်မက်ဖွယ်ရာများကြောင့်“ရူးမတတ်”ဖြစ်နေသော ခနရှင်ပေါက်စများသည် မင်းမဲ့ဝါဒကဲ့သို့ပင် အရင်းရှင်တိုင်းပြည်အားလုံး၏ ထူးခြားသော လူမှုအခြင်းအရာ တမျိုးဖြစ်သည်။ ဤတော်လှန်ရေးဝါဒသည် မတည်ငြိမ်မှုနှင့် အနှစ်မရှိမှု၊ ၎င်းသည် ခေါင်းငုံ့ခံခြင်း၊ စိတ်ထက်သန်မှုမရှိခြင်း၊ စိတ်ကူးယဉ်ခြင်း၊ ထိုမျှမက ခနရှင်“ရေပန်းစားသောအယူအဆ”တခုသို့မဟုတ် အခြားတခု၌“အရူးအမူး”ဖြစ်နေခြင်းတို့ဆီသို့ လျင်မြန်စွာ ကူးပြောင်းသွားနိုင်သည့် အလားအလာရှိသည်။ ဤအရာအားလုံးသည် အများသိကြသော အရာများဖြစ်သည်။ သို့သော် တော်လှန်ရေးပါတီများသည် ဤအမှန်တရားများကို သဘောတရားအရ အကောင်အထည်မဲ့စွာ အသိအမှတ်ပြုရုံမျှနှင့် အတိတ်က ကျူးလွန်ခဲ့ဖူးသော အမှားများ ထပ်မံကျူးလွန်ခြင်းကို ရှောင်လွှဲ၍ မရနိုင်ပေ။ ဤအမှားများသည် မမျှော်လင့်သော အချိန်ကြောင့် မကြုံစဘူးသော ပတ်ဝန်းကျင်နှင့် ထူးခြားသော၊ အနည်းနှင့်အများ ထူးခြားသောအခြေအနေတို့တွင် သဏ္ဌာန်သစ် တခုခုဖြင့် ပေါ်ထွက်လာတတ်သည်။

မင်းမဲ့ဝါဒသည် မကြာခဏပင် အလုပ်သမားလူတန်းစား လှုပ်ရှားမှု၏ အချောင်ဝါဒအပြစ်များအတွက် ဒဏ်ခတ်မှုတမျိုး ဖြစ်ခဲ့သည်။ ပုံသဏ္ဌာန်ပျက် နှစ်ခုစလုံးသည် အပြန်အလှန် ဖြည့်စွက်ကြသည်။ ထို့ပြင် ရုရှားပြည်တွင် ၎င်း၏လူဦးရေပါဝင်မှု အချိုးအစားအရ ဥရောပတိုင်းပြည်များထက် ခနရှင်ပေါက်စ ပိုမိုများသော်လည်း တော်လှန်ရေးနှစ်ခုစလုံးအတွင်း (၁၉၀၅ နှင့် ၁၉၁၇ ခုနှစ်) ၌လည်းကောင်း၊ တော်လှန်ရေးဆင်သည့် ကာလများအတွင်း၌လည်းကောင်း၊ မင်းမဲ့ဝါဒ ဩဇာသက်မှုသည် နှိုင်းယှဉ်ခြင်းအရ မပြောပလောက်ပေ။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်း တစိတ်တပိုင်းမှာ အချောင်ဝါဒကို အကြင်နာကင်းမဲ့စွာနှင့် မစေ့စပ်စတမ်း အစဉ်အမြဲ တိုက်ခိုက်ခဲ့သော ဗော်ရှီဗစ်ဝါဒ၏ ကောင်းမှုကြောင့်ဖြစ်သည်။ ဤသည်ကို သံသယ ဖြစ်စရာ

မလိုပေ။“တစိတ်တပိုင်း”ဟု ကျွန်တော်ပြောရခြင်းမှာ ရုရှားပြည်ရှိ မင်းမဲ့ဝါဒ၏ သြဇာအရှိန်ကို အားနည်းစေရာတွင် ပိုမိုအရေးကြီးသော အကြောင်းရင်းရှိခြင်းကြောင့်ဖြစ်၏။ ၎င်းမှာ လွန်ခဲ့သော (၁၉ ရာစု၏ ၇၀ ပိုင်းနှစ်များ) က မင်းမဲ့ဝါဒသည် ထူးကဲစွာဖြစ်ပေါ် တိုးပွားလာပြီး ၎င်း၏လုံးဝမှားယွင်းမှုနှင့် တော်လှန်သော လူတန်းစား၏ လမ်းညွှန်သဘောတရားအဖြစ် လုံးဝမသင့်တော်မှုတို့ ပေါ်လွင်လာခြင်းကြောင့်ဖြစ်၏။

ဗော်ရှီဗစ်ဝါဒသည် ၁၉၀၃ ခုနှစ်၌ ပေါက်ဖွားလာကတည်းက ဓနရှင်ပေါက်စ တော်လှန်ရေးဝါဒ၊ မင်းမဲ့ဝါဒတပိုင်း၊ (သို့မဟုတ် မင်းမဲ့ဝါဒဘက်သို့ တိမ်းညွှတ်နေသော) တော်လှန်ရေးဝါဒကို ဆန့်ကျင်သော အကြြင်နာကင်းမဲ့သည့် တိုက်ပွဲအစဉ်အလာ ရှိခဲ့သည်။ ဤအစဉ်အလာသည် တော်လှန်သော ဆိုရှယ်ဒီမိုကရေစီတွင် တလျှောက်လုံး ရှိခဲ့ပြီး ရုရှားပြည်တွင် တော်လှန်သော ပစ္စည်းမဲ့လူတန်းစား၏ လူထုလက္ခဏာ ဆောင်သော ပါတီအတွက် အုတ်မြစ်ချခဲ့သည့် ၁၉၀၀–၁၉၀၃ ခုနှစ်တွင် အထူးအခိုင်အမာ တောင့်တင်းလာခဲ့သည်။ ဗော်ရှီဗစ်ဝါဒသည် ဓနရှင်ပေါက်စ တော်လှန်ရေးဝါဒဘက် တိမ်းညွှတ်မှုကို အခြားသူများထက် ပိုမိုဖော်ပြသော ပါတီဖြစ်သည့်“ဆိုရှယ်တော်လှန်ရေး”ပါတီအား ဆန့်ကျင်သောတိုက်ပွဲကို ဆက်ခံခဲ့ပြီး ဆက်လက်ဆင်နွှဲခဲ့သည်။ ဤတိုက်ပွဲကို အဓိကအချက် ၃ ချက်ပေါ်တွင် ဆင်နွှဲခဲ့၏။ ပထမအားဖြင့် ဤပါတီသည် မာ့က်စ်ဝါဒကို ငြင်းပယ်သည်။ မည်သည့်နိုင်ငံရေး လှုပ်ရှားမှုကိုမဆို မလုပ်မီတွင် လူတန်းစား အင်အားစုများနှင့် ၎င်းတို့၏ အပြန်အလှန်ဆက်ဆံရေးကို တင်းကျပ်သော ပကတိဘာဝကျသော အကဲဖြတ်ချက်၏ လိုအပ်မှုကိုနားလည်ရန် (သို့မဟုတ် နားမလည်ဟုပြောလျှင် ပိုမိုမှန်ကန်လိမ့်မည်) ခါးခါးသီးသီးငြင်းပယ်သည်။ ဒုတိယအားဖြင့် ဤပါတီသည် ကျွန်တော်တို့ မာ့က်စ်ဝါဒသမားများက ယတိပြတ်ပယ်ချထားသော တဦးချင်းအကြမ်းဖက်မှု၊ လုပ်ကြံသတ်ဖြတ်မှုကို အသိအမှတ်ပြုခြင်းကြောင့် ထူးကဲစွာ “တော်လှန်ရေးကျသည်” သို့မဟုတ် “လက်ဝဲကျသည်” ဟု မိမိတို့ဘာသာ ယူဆသည်။ အမှန်ပင် တဦးချင်းအကြမ်းဖက်မှုကို ကျွန်တော်တို့ ပယ်ချရခြင်းမှာ ၎င်းသည် မသင့်တော်သောကြောင့် ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးကြီး၏ အကြမ်းဖက်မှု သို့မဟုတ် ယေဘုယျအားဖြင့် တကမ္ဘာလုံးရှိ ဓနရှင်လူတန်းစား ဝိုင်းတိုက်ခြင်းခံရသော အောင်ပွဲရသော တော်လှန်ရေးပါတီတရပ်က ကျင့်သုံးသည့် အကြမ်းဖက်မှုကို“မူအရ”ရှုတ်ချနိုင်စွမ်းရှိသူများအား ၁၉၀၀–၁၉၀၃ ခုနှစ်တွင် မာ့က်စ်ဝါဒသမားနှင့် တော်လှန်ရေးသမားတယောက် ဖြစ်နေသေးသည့်ပလက်ခ်နောဖ့်က မထေမဲ့မြင် သရော်ပြီးခဲ့လေပြီ။ တတိယအားဖြင့် “ဆိုရှယ်တော်လှန်ရေးသမား

များ”သည် ဂျာမန်ဆိုရှယ်ဒီမိုကရေစီပါတီ၏ နိုင်းယှဉ်ခြင်းအရ မထင်ရှားသော အချောင်ဝါဒ အပြစ်များကို ရှုတ်ချခြင်းဖြင့် “အလွန်”လက်ဝဲကျသည်ဟု ထင်မှတ်ခဲ့သည်။ တချိန်တည်းမှာပင် သူတို့ကိုယ်တိုင်မှာမူ ထိုပါတီ၏ အစွန်းရောက် အချောင်ဝါဒ သမားများအား အတုခိုးခဲ့ကြသည်။ ဥပမာ မြေယာပြဿနာ သို့မဟုတ် ပစ္စည်းမဲ့အာဏာရှင်စနစ်ပြဿနာတို့တွင်ဖြစ်၏။

ကြံ့ကြံ့ကြိုက်၍ပြောရလျှင် သမိုင်းသည် ကျွန်တော်တို့ အစဉ်အမြဲရပ်ခံပြောဆိုသော ယူဆချက်ကို ကြီးမားကျယ်ပြန့်သော ကမ္ဘာ့သမိုင်း အတိုင်းအတာအရ ယခုအခါ အတည်ပြုလိုက်၏။ ၎င်းမှာ **တော်လှန်သော** ဂျာမန်ဆိုရှယ်ဒီမိုကရက်ပါတီ (မှတ်သားရန်မှာ လွန်ခဲ့သော ၁၉၀၀–၁၉၀၃ ခုနှစ်က ဘန်းစတိန်းအား ပါတီမှ ထုတ်ပစ်ရန် ပလက်ခ်နော့ဖ်က တောင်းဆိုခဲ့သည်။ ထိုပြင် ဗော်ရှီဗစ်များသည် ဤအစဉ်အလာကို တလျှောက်လုံး ဆက်ခံခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် လီဂျင်၏ လုံးဝဆိုးသွမ်းမှု၊ သိမ်ဖျင်းမှုနှင့် သစ္စာဖောက်မှု[၇] တို့ကို ဖွင့်ချခဲ့သည်။) သည် တော်လှန်သော ပစ္စည်းမဲ့လူတန်းစားက အောင်ပွဲရရှိရန် လိုအပ်သော ပါတီအဖြစ်သို့ ရောက်ရှိရန် **အနီးစပ်ဆုံး** ဖြစ်ခြင်းပင်ဖြစ်သည်။ ယခုအခါ ၁၉၂၀ ခုနှစ်တွင် စစ်ကာလနှင့် စစ်ပြီးအစောပိုင်းနှစ်များ၏ ရှက်စရာ အကောင်းဆုံးသော ဆုံးရှုံးမှုများနှင့် အကျပ်အတည်းများအား ကြုံခဲ့ရပြီးနောက်၌ ရှင်းလင်းစွာ မြင်လာနိုင်သည်မှာ အနောက်တိုင်း ပါတီအားလုံးထဲတွင် ဂျာမန်တော်လှန်သော ဆိုရှယ်ဒီမိုကရက်ပါတီသည် အကောင်းဆုံးခေါင်းဆောင်များ မွေးထုတ်ခဲ့ပြီး ပြန်လည်နာလံထူလာကာ အခြားပါတီများထက် အားသစ်များပိုမိုလျင်မြန်စွာ ရရှိခဲ့သည်။ ဤသည်ကို ကောက်စကီးများ၊ ဟီဖာဒင်း၊ လီဒီဘောင်းများနှင့် ကရစ်ပိုင်းယင်းတို့၏ အချောင်ဝါဒနှင့် ကျောရိုးမဲ့မှုတို့အား ဆန့်ကျင်သော အဆက်မပြတ်သည့် တိုက်ပွဲကို ဆင်နွှဲနေကြသော စပါးတာ့စ်ပါတီ[၈]နှင့်“ဂျာမန် အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရေစီပါတီ”၏ လက်ဝဲပစ္စည်းမဲ့ဂိုဏ်းတို့ နှစ်ခုစလုံးတွင်လည်း တွေ့နိုင်ပေသည်။ ယခုအခါ ကျွန်တော်တို့သည် ပဲရစ်ဘုံအဖွဲ့မှ ပထမ ဆိုရှယ်လစ်ဆိုဗီယက်သမ္မတနိုင်ငံအထိဖြစ်သော လုံးဝပြီးစီးခဲ့သည့် သမိုင်းကာလပိုင်းကို အကြမ်းအားဖြင့် ခြုံ၍ ကြည့်ရှုမည်ဆိုပါက မာ့က်စ်ဝါဒက မင်းမဲ့ဝါဒအပေါ် ထားရှိသော ယေဘုယျသဘောထားကို အတိကျဆုံးနှင့် အရှင်းလင်းဆုံး တွေ့နိုင်ပေသည်။ အဆုံးသတ် ခွဲခြမ်းစိတ်ဖြာရာတွင် မာ့က်စ်ဝါဒသည် မှန်ကန်ကြောင်း ပြသလိုက်ပေသည်။ ထို့ပြင် မင်းမဲ့ဝါဒသမားများသည် ဆိုရှယ်လစ်ပါတီ အများစုထဲတွင် လွှမ်းမိုးနေသော နိုင်ငံတော်နှင့်ပတ်သက်၍ အချောင်ဝါဒ အမြင်များကို မှန်ကန်စွာ ညွှန်ပြခဲ့သော်ငြားလည်း ဖော်ပြရ

မည်မှာ ပထမအားဖြင့် ဤအချောင်ဝါဒသည် နိုင်ငံတော်နှင့် ပတ်သက်၍ မာ့က်စ်၏ အမြင်များကို ရုပ်ပျက်ဆင်းပျက်လုပ်ခြင်း၊ ထိုမျှမက တမင်သက်သက် ထိန်ချန်ထားခြင်း (ကျွန်တော်၏ **"နိုင်ငံတော်နှင့် တော်လှန်ရေး"** စာအုပ်ထဲတွင် နိုင်ငံတော်နှင့် ပတ်သက်၍ ခေတ်စားနေသော ဆိုရှယ်ဒီမိုကရေစီ ယူဆချက်များ၏ အချောင်ဝါဒကို အလွန်ရှင်းလင်းပြတ်သားစွာ ဖွင့်ချထားသော အိန်ဂယ်၏စာကို ၁၈၇၅ ခုနှစ်မှ ၁၉၁၁ ခုနှစ်ထိ ၃၆ နှစ်တိုင်တိုင်ပင် ဘီဘယ်သည် ထိန်ချန် ကွယ်ဝှက်ထားသည်ဟု ကျွန်တော် ထောက်ပြခဲ့သည်) တို့နှင့်ဆက်စပ်နေသည်။ ထို့ပြင် ဒုတိယအားဖြင့် ဤ အချောင်ဝါဒအမြင်များကို ပြုပြင်ခြင်း၊ ဆိုဗီယက်အာဏာနှင့် ၎င်း၏ ခနရှင်ပါလီမန် ဒီမိုကရေစီထက် သာလွန်မှုအား အသိအမှတ်ပြုခြင်းတို့ကို အတိအကျအားဖြင့် ဥရောပနှင့် အမေရိကတိုက်မှ ဆိုရှယ်လစ်ပါတီများရှိ မာ့က်စ်ဝါဒအကျဆုံး အနွယ်များ အတွင်းတွင် အလျင်မြန်ဆုံးနှင့် အကျယ်ပြန့်ဆုံး ပြုလုပ်ခဲ့ပေသည်။

မိမိပါတီတွင်းရှိ "လက်ဝဲ" သွေဖီရေးကို ဗော်ရှီဗစ်ဝါဒက ဆန့်ကျင်ဆင်နွဲသော တိုက်ပွဲသည် အထူးကြီးမားသည့် အတိုင်းအတာဖြင့် နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ တကြိမ်မှာ ၁၉၀၈ ခုနှစ်တွင် အဖောက်ပြန်ဆုံး "ပါလီမန်" နှင့် အဖောက်ပြန်ဆုံးသော တရားဥပဒေများဖြင့် ကန့်သတ်ထားသော ဥပဒေတွင်း အလုပ်သမားအဖွဲ့များတွင် ပါဝင်မည်လော သို့မဟုတ် မပါဝင်ဘဲနေမည်လော ပြဿနာတွင်ဖြစ်ပြီး နောက်တကြိမ်မှာ ၁၉၁၈ ခုနှစ် (ဘရက်လစ်တော့ဖ် ငြိမ်းချမ်းရေး*) တွင် "စေ့စပ်ရေး" တခု သို့မဟုတ် အခြားတခုကို ခွင့်ပြုနိုင် မပြုနိုင် ပြဿနာတွင်ဖြစ်၏။

၁၉၀၈ ခုနှစ်တွင် "လက်ဝဲ" ဗော်ရှီဗစ်များသည် အဖောက်ပြန်ဆုံး "ပါလီမန်" ထဲတွင်ပါဝင်ရန် လိုအပ်မှုကိုနားလည်ရန် ခေါင်းမာစွာငြင်းပယ်သည့် အတွက်ကြောင့် ကျွန်တော်တို့၏ပါတီမှ ထုတ်ပစ်ခြင်းကိုခံရသည်။ "လက်ဝဲသမားများ" သည် အထူးသဖြင့် ၁၉၀၅ ခုနှစ်တွင် သပိတ်မှောက်မှု၏ အောင်မြင်သောအတွေ့အကြုံကို အခြေခံခဲ့၏။ ... ၎င်းတို့ထဲတွင် ကွန်မြူနစ်ပါတီဝင်တယောက်၏ အမည်ကို နောင်အခါ၌ ဂုဏ်သိက္ခာရှိစွာဖြင့် ခံယူခဲ့သော (ယခုလည်းခံယူနေဆဲဖြစ်သော) တောက်ပြောင်သော တော်လှန်ရေးသမား များစွာရှိသည်။ ၁၉၀၅ ခုနှစ် ဩဂုတ်လတွင် ဇာသည် အတိုင်ပင်ခံ "ပါလီမန်" တခု ခေါ်ဆိုရေးကို ကြေညာသောအခါ အတိုက်အခံပါတီများအားလုံးနှင့် မင်ရှီဗစ်များကို ဆန့်ကျင်စွာပင် ဗော်ရှီဗစ်များသည် သပိတ်မှောက်ရန် ကြေညာခဲ့သည်။ စင်စစ်အားဖြင့် ဤပါလီမန်ကို ၁၉၀၅ ခုနှစ် အောက်တိုဘာတော်လှန်ရေးက လှဲကျင်း ပစ်လိုက်သည်။ ထိုအကြိမ်သပိတ်မှောက်မှု မှန်ကန်ခဲ့ရခြင်းမှာ ယေဘုယျ

အားဖြင့် ဖောက်ပြန်သော ပါလီမန်များတွင် မပါဝင်ခြင်းသည် မှန်ကန်သောကြောင့် မဟုတ်ဘဲ ကျွန်တော်တို့သည် လူထုသပိတ်များမှ နိုင်ငံရေးသပိတ်များသို့လည်း ကောင်း၊ ထို့နောက် တော်လှန်ရေးသပိတ်သို့လည်းကောင်း ထို့နောက် ပုန်ကန်မှုသို့ လျင်မြန်စွာ ကူးပြောင်းရေးသို့လည်းကောင်း ရှေးရှုခဲ့သော ပကတိဘာဝ အခြေအနေ များအား မှန်ကန်စွာ အကဲဖြတ်နိုင်ခြင်း ကြောင့်ဖြစ်၏။ ထို့ပြင် ထိုအချိန်က တိုက်ပွဲသည် ပထမကိုယ်စားလှယ် လွှတ်တော်ခေါ်ဆိုခြင်းကို ဇာဘုရင်လက်ထဲ၌ ထားမည်လော သို့မဟုတ် ၎င်းခေါ်ဆိုရေးကို အုပ်စိုးမှုဟောင်း၏ လက်ထဲမှ ရယူရန် ကြိုးစားမည် လောဟူသည့် ပြဿနာတွင် ဗဟိုပြုထားသည်။ သို့သော် နောက်ပိုင်း၌ အလားတူ ပကတိဘာဝ အခြေအနေသည် တည်ရှိလိမ့်မည်ဟုလည်းကောင်း ဤကဲ့သို့သော ဖြစ်ပေါ်တိုးပွားမှုသည် တူညီသော ဦးတည်ချက်နှင့် အရှိန်အတိုင်းရှိလိမ့်မည်ဟုလည်း ကောင်း တထစ်ချ မပြောနိုင်လျှင် ပြောရန်လည်း မဖြစ်နိုင်လျှင် သပိတ်မှောက်ခြင်း သည် မမှန်ကန်နိုင်တော့ပေ။

၁၉၀၅ ခုနှစ်တွင် ဗော်ရှီဗစ်တို့က "ပါလီမန်" ကို သပိတ်မှောက်ခြင်းသည် တော်လှန်သော ပစ္စည်းမဲ့လူတန်းစားကို အဖိုးမဖြတ်နိုင်သော နိုင်ငံရေးအတွေ့အကြုံ ဖြင့် ကြွယ်ဝစေပြီး ဥပဒေတွင်းကို ဥပဒေပနှင့်လည်းကောင်း၊ ပါလီမန်ကို ပါလီမန်ပြင်ပ တိုက်ပွဲသဏ္ဌာန်များနှင့်လည်းကောင်း ပေါင်းစပ်ပေးရာတွင် ပါလီမန်သဏ္ဌာန်များကို ငြင်းပယ်ရခြင်းမှာ တခါတရံ အကျိုးရှိပြီး လိုလည်းလိုအပ်ကြောင်းကို ပြသလိုက်ပေ သည်။ သို့သော် ဤအတွေ့အကြုံကို **မတူသော** အကြောင်းအချက်များနှင့် **မတူ သော** အခြေအနေများမှ မျက်ကန်းဆန်ဆန် ပုံတူကူးချပြီး ဝေဖန်ပိုင်းခြားမှုမရှိဘဲ အသုံးပြုခြင်းမှာ အမှန်ပင်ကြီးမားသော အမှားတခုဖြစ်၏။ သို့စေကာမူ ၁၉၀၆ ခုနှစ်တွင် ဗော်ရှီဗစ်များက **"ဒူးမား"** ကို သပိတ်မှောက်ခြင်းသည် သေးငယ်ပြီး အလွယ် တကူကုစားနိုင်သော အရာတခုဖြစ်စေကာမူ အမှားတခုဖြစ်၏။* ၁၉၀၇–၁၉၀၈ ခုနှစ် နှင့် နောက်နှစ်များတွင် ဒူးမားကို သပိတ်မှောက်ခဲ့ပါက ကြီးလေးပြီး ကုစားရန် ခဲယဉ်း

* တဦးတယောက်အတွက် အသုံးပြုနိုင်သောအရာများကို လိုအပ်သည့် ပြောင်း လဲပြင်ဆင်မှုများ ပြုလုပ်၍ နိုင်ငံရေးနှင့် ပါတီများအတွက် အသုံးပြုနိုင်၏။ အမှားမကျူးလွန် ဖူးသူသည် ပညာရှိမဟုတ်။ ဤကဲ့သို့သော လူမျိုးမရှိ၊ ရှိလည်း မရှိနိုင်။ အလွန်ကြီးလေးသော အမှားများကို မကျူးလွန်သူနှင့် ၎င်းတို့အား လွယ်ကူ စွာနှင့် လျင်မြန်စွာ မည်သို့ပြင်ဆင်ရမည်ကို သိရှိသူသာ ပညာရှိဖြစ်ပေ၏။

သော အမှားတခု ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တဖက်တွင် တော်လှန်ရေးဒီရေ မြန်ဆန်စွာ တက်လာရန်နှင့် ၎င်းမှ ပုန်ကန်မှုဆီသို့ ကူးပြောင်းသွားရန်ကို မမျှော်လင့်နိုင်ခြင်း၊ အခြားတဖက်၌ ဓနရှင်ဘုရင်စနစ်အား ပြန်လည်မွမ်းမံနေသော သမိုင်းအခြေအနေ တခုလုံးက ဥပဒေတွင်းနှင့် ဥပဒေပ လှုပ်ရှားမှုများကို ပေါင်းစပ်ပေးရန် တောင်းဆိုခြင်းကြောင့်ပင်ဖြစ်၏။ ပြီးစီးခဲ့သော ဤသမိုင်းကာလပိုင်းကို ပြန်လည် ကြည့်ရှုသောအခါ နောက်ကာလများနှင့် ဆက်စပ်မှုသည် ယခုအခါ အပြည့်အစုံ ပေါ်ထွက်လာပေပြီ။ ဥပဒေတွင်းနှင့် ဥပဒေပတိုက်ပွဲသဏ္ဌာန်များကို ပူးပေါင်းရန် မုချလိုအပ်သည်ဟူသော အမြင်ကိုလည်းကောင်း အဖောက်ပြန်ဆုံးသော ပါလီမန်နှင့် ဖောက်ပြန်သော တရားဥပဒေများက ကန့်သတ်ခြင်း ခံရသော အခြားအဖွဲ့အစည်းများစွာ (အာမခံအသင်းများ စသည်) ထဲသို့ ပါဝင်ရန် မုချလိုအပ်သည်ဟူသော အမြင်ကိုလည်းကောင်း ကျပ်တည်းခက်ခဲသော တိုက်ပွဲထဲတွင် ဆုပ်ကိုင်မထားပါက ဗော်ရှီဗစ်များသည် ၁၉၀၈–၁၉၁၄ ခုနှစ်တွင် ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး ပါတီ၏ ခိုင်မြဲသောအမြုတေကို (ခိုင်မာတောင့်တင်း ဖြစ်ပေါ်တိုးပွားပြီး အားဖြည့်တင်းရန် မဆိုထားနှင့်) ထိန်းသိမ်းထားနိုင်လိမ့်မည် မဟုတ်ကြောင်း ယခုအခါ အထူးရှင်းလင်းလာပေသည်။

၁၉၁၈ ခုနှစ်တွင် ကိစ္စများမှာ ကွဲပြဲသည်အထိ မရောက်ခဲ့ပေ။ ထိုအချိန်က "လက်ဝဲ"ကွန်မြူနစ်များသည် ကျွန်တော်တို့ပါတီတွင်း၌ သီးခြားအစု သို့မဟုတ် "ဂိုဏ်း" အဖြစ်သာ ပေါ်ထွက်ခဲ့ပြီး ရှည်ကြာခြင်း မရှိခဲ့ပေ။ ၁၉၁၈ ခုနှစ်ထဲမှာပင်"လက်ဝဲ ကွန်မြူနစ်ဝါဒ"၏ အထင်ရှားဆုံးသော ကိုယ်စားလှယ်များ ဖြစ်ကြသည့် ရဲဘော်ရားဒက်နှင့် ဘူခါရင်စသည်တို့သည် မိမိတို့အမှားကို အတိအလင်းဝန်ခံခဲ့၏။ ဘရက်လစ်တော့ဖ် ငြိမ်းချမ်းရေးစာချုပ်သည် နယ်ချဲ့သမားများနှင့် စေ့စပ်ရေးဖြစ်၍ ယင်းကို မူအရ ခွင့်မလွှတ်နိုင်ဟုလည်းကောင်း၊ တော်လှန်သော ပစ္စည်းမဲ့လူတန်းစား ပါတီအတွက်လည်း အန္တရာယ်ရှိစေသည်ဟုလည်းကောင်း သူတို့ထင်မှတ်သည်။ အမှန်ပင် ယင်းသည် နယ်ချဲ့သမားနှင့် စေ့စပ်ခြင်းပင်ဖြစ်၏။ သို့သော် ထိုစဉ်ရှိ အခြေအနေများအောက်၌ ဤကဲ့သို့သော စေ့စပ်ရေးမျိုးသည် **မုချလိုအပ်** ခဲ့ပေသည်။

မျက်မှောက်အခါ ဥပမာ ဘရက်လစ်တော့ဖ် ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးချိန်အတွင်းရှိ ကျွန်တော်တို့ နည်းပရိယာယ်များကို "ဆိုရှယ်တော်လှန်ရေးသမားများ" က တိုက်ခိုက်ကြောင်း ကျွန်တော်ကြားရသော အခါတွင်ဖြစ်စေ၊ ကျွန်တော်နှင့် စကားပြောရာတွင် ရဲဘော် လန်စ်ဘာရီ၏..."ကျွန်တော်တို့ ဗြိတိသျှအလုပ်သမား

သမဂ္ဂ ခေါင်းဆောင်များက ဗော်ရှီဗစ်များအတွက် စေ့စပ်နိုင်ခွင့်ရှိပါလျှင် သူတို့လည်း စေ့စပ်နိုင်ခွင့်ရှိသည်ဟု ပြောကြသည်”ဟူသော မှတ်ချက်ကို ကျွန်တော်ကြားရသော အခါတွင်ဖြစ်စေ ကျွန်တော်သည် ဦးစွာပထမအားဖြင့် ရိုးရိုးနှင့်“အသုံးများ”သော အောက်ပါ ဥပမာဖြင့် ဖြေကြားလေ့ရှိသည်။

သင်၏ မော်တော်ကားကို လက်နက်ကိုင်လူဆိုးများက တားဆီးဖမ်းယူထားသည်ဟု ဆိုကြပါစို့။ သူတို့အား သင်၏ငွေ၊ ခရီးသွားလာခွင့်လက်မှတ်၊ ခြောက်လုံးပြူး နှင့် မော်တော်ကားကို သင်ပေးအပ်လိုက်ရသည်။ ထို့အတွက် သင်သည် ဓားပြများ လက်မှ လွတ်ခဲ့သည်။ ဤသည်ကား စေ့စပ်ရေးဖြစ်သည်မှာ ပြောစရာပင် မလိုတော့ပေ။ (ငွေ၊ လက်နက်၊ မော်တော်ကားကို “ငါပေးသည်”။ ထို့ကြောင့် ငြိမ်းချမ်းစွာ ထွက်ခွာခွင့်ကို ငါ့အား“သင်တို့ကပေးသည်”) သို့သော် ဤသို့သော စေ့စပ်ရေးမျိုးကို “မူအရ ခွင့်မလွှတ်နိုင်” ဟု ကြေညာမည့် သို့မဟုတ် (ဓားပြများသည် နောက်ထပ် ဓားပြတိုက်ရာတွင် မော်တော်ကားနှင့် လက်နက်ကို သုံးသည့်တိုင်အောင်ပင်) စေ့စပ်သူကို ဓားပြများနှင့် ကြံရာပါဟု ကြေညာမည့် ဦးနှောက်မပျက်သူတယောက်ကို တွေ့ရှိရန် ခဲယဉ်းပေလိမ့်မည်။ ဂျာမန်နယ်ချဲ့ဝါဒ၏ ဓားပြများနှင့် ကျွန်တော်တို့၏ စေ့စပ်ရေးမှာ ဤသို့သော စေ့စပ်ရေးမျိုးပေတည်း။

သို့သော် ရုရှားပြည်ရှိ မင်ရှီဗစ်များနှင့် ဆိုရှယ်တော်လှန်ရေးသမားများ၊ ဂျာမနီပြည်ရှိ ရှိတ်ဒီမန်ဝါဒီများနှင့် (အတော်များပြားသော ကောက်စကီးဝါဒီများ)၊ ဩစတီးယားပြည်ရှိ အော်တိုဘောဝါးနှင့် ဖရက်ဒရစ်အက်ဒလာ (လူကြီးမင်း ရင်နာနှင့် အပေါင်းပါများကို ထည့်မပြောတော့)၊ ပြင်သစ်ပြည်ရှိ ရင်နော်ဒယ်ကဲ့သို့သောသူများ၊ လောင်ဂွတ်နှင့် အပေါင်းပါများ၊ အင်္ဂလန်ပြည်ရှိ ဖေဘီယံများ၊“အင်ဒီပင်းဒင့်ပါတီဝင်များ”နှင့်“လေဘာပါတီဝင်များ”[၁၀]သည် ၁၉၁၄–၁၉၁၈ ခုနှစ်နှင့် ၁၉၁၈–၁၉၂၀ ခုနှစ်များတွင် မိမိတို့နိုင်ငံမှ ဓနရှင်ဓားပြများနှင့်လည်းကောင်း တခါတရံတွင်“မဟာမိတ်”နိုင်ငံများမှ ဓနရှင်လူတန်းစား ဓားပြများနှင့်လည်းကောင်း“စေ့စပ်ရေးများ”လုပ်ပြီး မိမိတိုင်းပြည်ရှိ တော်လှန်သော ပစ္စည်းမဲ့များကို **ဆန့်ကျင်သော**အခါ ဤလူကြီးလူကောင်း အားလုံးသည် **ဓားပြတိုက်ရာတွင် ကြံရာပါများ**အဖြစ် တကယ်ပင် ပြုမူခဲ့ကြပေသည်။

နိဂုံးမှာ ရှင်းပေ၏။“မူအရ”စေ့စပ်ရေးများကို ငြင်းပယ်ခြင်းသည်လည်းကောင်း၊ မည်သို့သော စေ့စပ်ရေးမျိုးကိုမဆို ငြင်းပယ်ခြင်းသည်လည်းကောင်း အရေးတယူလုပ်ရန်ပင် ခဲယဉ်းသော ကလေးကလားနိုင်မှုဖြစ်၏။ တော်လှန်သော ပစ္စည်းမဲ့

လုပ်တန်းစားအတွက် အကျိုးဆောင်ရန် ဆန္ဒရှိသော နိုင်ငံရေးခေါင်းဆောင်တယောက်သည် ဤသို့သော စေ့စပ်ရေးမျိုးကို ခွင့်မလွှတ်နိုင်သော၊ အချောင်ဝါဒနှင့် **သစ္စာဖောက်မှု** ဖော်ပြချက်ဖြစ်သော စေ့စပ်ရေး၏ အခိုင်အမာကိစ္စများအား မည်သို့ ခွဲခြားရမည်ကို သိရှိနားလည်ရမည်။ ဤ**အခိုင်အမာ** စေ့စပ်ရေးများကို ဦးတည် ဆန့်ကျင်ကာ အစွမ်းကုန်ဝေဖန်၍ အကြင်နာကင်းမဲ့ဆုံး အပြည့်အဝဖွင့်ချကာ အလျှော့မပေးသော စစ်ကို ဆင်နွှဲရမည်။ ထို့ပြင်"ယေဘုယျ စေ့စပ်ရေးများ"ကို အကြောင်းပြပြီး အံတိုနေသော"လက်တွေ့ကျသော"ဆိုရှယ်လစ်ဝါဒ၏ ဆရာကြီးများနှင့် ပါလီမန်ကလိန်ခြုံကြီးများ၏ ခေါင်းရှောင်မှုကို ခွင့်မပြုရ။ ဤနည်းအတိုင်းပင် ဗြိတိသျှ အလုပ်သမားသမဂ္ဂများ၏ "ခေါင်းဆောင်များ" ဖြစ်သော လူကြီးမင်းများနှင့်တကွ ဖေဘီယံအဖွဲ့နှင့်"အင်ဒီပင်းဒင့်"လေဘာပါတီတို့၏ ခေါင်းဆောင်များသည် **သူတို့ကျူးလွန်ခဲ့သော သစ္စာဖောက် ရောင်းစားခြင်း အတွက်လည်းကောင်း၊** အဆိုးဝါးဆုံးသော အချောင်ဝါဒနှင့် သစ္စဖောက်မှုတို့ တကယ်တန်းတည်ရှိသော **ဤသို့သော** စေ့စပ်ရေးကို ပြုလုပ်ခြင်းအတွက်လည်းကောင်း ခေါင်းရှောင်သွားကြသည်။

စေ့စပ်ရေးများ အမျိုးမျိုးအဖုံဖုံရှိကြသည်။ စေ့စပ်ရေးတခုစီ၏ အခြေအနေနှင့် အခိုင်အမာ အကြောင်းအချက်များကိုဖြစ်စေ၊ စေ့စပ်ရေးတခုစီ၏ မတူကွဲပြားမှုကိုဖြစ်စေ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း ရှိရမည်။ တဦးတယောက်သည် မိမိအပေါ်ကျရောက်မည့် အန္တရာယ်လျော့ပါးစေရန်နှင့် ဓားပြများအား ဖမ်းဆီးသုတ်သင်ရေးကို လွယ်ကူစေရန်အတွက် ၎င်းတို့ထံ ငွေနှင့်လက်နက်ပေးခဲ့သူနှင့် တိုက်ရာပါ ပစ္စည်းခွဲဝေရန်အတွက် ဓားပြများအား ငွေနှင့်လက်နက်ပေးခဲ့သူတို့ကို ခွဲခြားတတ်ရမည်။ နိုင်ငံရေးတွင် ကလေးဆန်ဆန် ရိုးစင်းလှသော ဥပမာထဲမှာကဲ့သို့ မည်သည့်နည်းနှင့်မျှ အစဉ်အမြဲ လွယ်ကူလှသည် မဟုတ်ပေ။ သို့သော် အလုပ်သမားများ၏ ဘဝအရေးကိစ္စအားလုံးအတွက် အဆင်သင့်ကြိုတင်ဖြေရှင်းရန် ဆေးညွှန်းတခုကို တီထွင်သူ သို့မဟုတ် တော်လှန်သော ပစ္စည်းမဲ့လူတန်းစား၏ ပေါ်လစီသည် မည်သည့်အခါမှ ခက်ခဲသော သို့မဟုတ် ရှုပ်ထွေးသော အခြေအနေများနှင့် မတွေ့ကြုံနိုင်ဟု အာမခံသူ မည်သူမဆို ကလိမ်ခြုံဖြစ်ပေလိမ့်မည်။

အဓိပ္ပာယ်ကောက် လွဲမှားမှုမရှိရန်အတွက် အခိုင်အမာစေ့စပ်ရေးများကို ခွဲခြမ်းစိတ်ဖြာရာ၌ အခြေခံစည်းကမ်းအချို့ကို အကျဉ်းရုံးမျှဖြစ်စေ တင်ပြပါမည်။

ဘရက်လစ်တော့ဗ် ငြိမ်းချမ်းရေးလက်မှတ်ထိုးခြင်းဖြင့် ဂျာမန်နယ်ချဲ့သမားများနှင့် စေ့စပ်ရေးလုပ်သော ပါတီသည် လက်တွေ့အားဖြင့် ၁၉၁၄ ခုနှစ်ကုန်ကတည်း

ကစပြီး နိုင်ငံတကာ့ဝါဒကို ချမှတ်လုပ်ဆောင်ခဲ့ပေသည်။ ၎င်းသည် ဇာဘုရင်စနစ် ရှုံးနိမ့်ရေးအဆိုကို တင်ပြရန်နှင့် နယ်ချဲ့ဓားပြနှစ်ဦးအကြားရှိ စစ်အတွင်း"အဖတိုင်း ပြည်ကာကွယ်ရေး" ကိုရှုတ်ချရန် မကြောက်ရွံ့ခဲ့ပေ။ ဤပါတီ၏ ပါလီမန်ကိုယ်စား လှယ်များသည် ဓနရှင်အစိုးရအတွင်းရှိ ဝန်ကြီးနေရာများသို့ ရှေးရှုသောလမ်းထက် ဆိုက်ဗေးရီးယားသို့ အပို့ခံရသောလမ်းကို ရွေးခဲ့သည်။ ဇာစနစ်ကိုဖြိုချပြီး ဒီမိုကရေစီသမ္မတနိုင်ငံ ထူထောင်သော တော်လှန်ရေးသည် ဤပါတီကို သစ်လွင်ကြီးမားသော စမ်းသပ်မှုသစ် တခုပြုလုပ်သည်။ ဤပါတီသည်"မိမိတိုင်းပြည်၏"နယ်ချဲ့သမား များနှင့် မည်သည့်သဘောတူချက်များကိုမှ မလုပ်ခဲ့။ သို့သော် ၎င်းတို့အားဖြိုချရေးကို ပြင်ဆင်ပြီးဖြိုချခဲ့၏။ နိုင်ငံရေးအာဏာသိမ်းယူပြီးနောက် ဤပါတီသည် မြေရှင် သို့မဟုတ် အရင်းရှင် ပိုင်ဆိုင်မှုကို တစမကျန်ရှင်းလင်းပစ်ခဲ့သည်။ နယ်ချဲ့သမားများ၏ လျှို့ဝှက်သော စာချုပ်များကို လူသိရှင်ကြားကြေညာ၍ ပယ်ဖျက်ခဲ့ပြီးနောက် ဤပါတီသည် **တိုင်းပြည်အားလုံး**သို့ ငြိမ်းချမ်းရေးအဆိုကို တင်ပြခဲ့သည်။ ထို့ပြင် အင်္ဂလိပ်နှင့် ပြင်သစ်နယ်ချဲ့သမားများက ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရေးကို ပျက်ပြားစေပြီး နောက်မှသာ ဂျာမနီနှင့် အခြားတိုင်းပြည်များတွင် တော်လှန်ရေး လျင်မြန်စွာ ဖြစ်နိုင်သော အရာအားလုံးကို ဗော်ရှီဗစ်များ အစွမ်းကုန်လုပ်ဆောင်ပြီး နောက်မှသာ ဘရက်လစ်တောဖ့် ဓားပြများ၏ အကြမ်းဖက်မှုကို မတတ်သာဘဲ အလျှော့ပေးခဲ့ ရခြင်းဖြစ်၏။ ဤသို့သော စေ့စပ်ရေးကို ဤသို့သော ပါတီက ဤသို့သော အခြေအနေ အောက်တွင် ပြုလုပ်ခဲ့ရခြင်းသည် လုံးဝမှန်ကန်ကြောင်း လူတိုင်းအဖို့ တနေ့တခြား ပို၍ပို၍ ရှင်းလင်းထင်ရှားလာပေသည်။

ရုရှားပြည်ရှိ မင်ရှီဗစ်များနှင့် ဆိုရှယ်တော်လှန်ရေးသမားများသည် (၁၉၁၄–၁၉၂၀ ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ ဒုတိယအင်တာနေရှင်နယ် ခေါင်းဆောင်အားလုံး ကဲ့သို့ပင်) တိုက်ရိုက်တမျိုး သွယ်ဝိုက်တမျိုး "အဖတိုင်းပြည်ကာကွယ်ရေး"ဆိုလိုသည်မှာ **မိမိတိုင်းပြည်**၏ ကျူးကျော်လုယက်သော ဓနရှင်လူတန်းစားဘက်မှ ကာကွယ်ရေးကို လျှောက်လဲချက်တင်ခြင်းဖြင့် သစ္စာဖောက်မှုကို စတင်ခဲ့၏။ **မိမိတို့၏** တိုင်းပြည်ရှိဓနရှင်လူတန်းစားနှင့် ပူးပေါင်းပြီး **မိမိတို့၏** ဓနရှင်လူတန်းစားနှင့် လက်တွဲ၍ မိမိတို့ တိုင်းပြည်၏ တော်လှန်သော ပစ္စည်းမဲ့လူတန်းစားကို ဆန့်ကျင်တိုက်ခိုက်ရင်း သူတို့သည် သူတို့၏သစ္စာဖောက်မှုကို ဆက်လက်ပြုလုပ်ခဲ့၏ သူတို့သည် ရုရှားပြည်တွင် ဦးစွာအားဖြင့် ကရင်စကီ[၁၁] နှင့် ကဒက်များ[၁၂] နှင့်လည်းကောင်း၊ နောင်တွင် ကော့ချက်နှင့် ဒင်နီကင်တို့နှင့်လည်းကောင်း အုပ်စုဖွဲ့ခဲ့ကြသည်။ ၎င်းအုပ်စုဖွဲ့မှုမှာ

မိမိတို့သက်ဆိုင်ရာ တိုင်းပြည်များ၏ နေရှင်လူတန်းစားနှင့် အုပ်စုပြုလုပ်သော ပြည်ပရှိသူတို့၏ **အပေါင်းပါများ** ကဲ့သို့ပင် ပစ္စည်းမဲ့လူတန်းစားကို ကျောခိုင်းဆန့်ကျင်ပြီး နေရှင်လူတန်းစားဘက်သို့ ပူးပေါင်းသွားခြင်းဖြစ်၏။ အစမှအဆုံးထိ နယ်ချဲ့ဝါဒ ဓားပြများနှင့် **သူတို့၏**စေ့စပ်ရေး အဓိပ္ပာယ်သည် သူတို့ကိုယ်သူတို့ နယ်ချဲ့ဓားပြတိုက်ရာတွင် **ကြံ့ရာပါများ**အဖြစ် ရောက်ရှိစေခြင်းပင်ဖြစ်သည်။

## (၅)

## ဂျာမနီပြည်ရှိ"လက်ဝဲဂိုဏ်း"ကွန်မြူနစ်ဝါဒ
## ခေါင်းဆောင်များ–ပါတီ–လူတန်းစား–လူထုများ

ယခု ကျွန်တော်တို့ပြောဆိုရမည့် ဂျာမန်ကွန်မြူနစ်များသည် မိမိတို့ကိုယ် မိမိ"လက်ဝဲဂိုဏ်သားများ"ဟုမခေါ် သို့သော် အကယ်၍ ကျွန်တော် စကားမမှား ပါလျှင်"မူအရ အတိုက်အခံဂိုဏ်းသား"ဟု ခေါ်ဝေါ်ကြသည်။ သို့သော်"လက်ဝဲသူငယ်နာ"၏ ရောဂါလက္ခဏာအားလုံးကို သူတို့ဖွင့်လှစ်ပြသခြင်းအား အောက်ပါ အချက်များအရ သိရှိနိုင်ပေလိမ့်မည်။

ဤအတိုက်အခံ ရပ်တည်မှုမှနေ၍ ရေးသားထားပြီး "ဂျာမနီ ကွန်မြူနစ်ပါတီ ထဲရှိကွဲပြဲမှု"(စပါးတားကပ်စ် အဖွဲ့ချုပ်) ဟု ခေါင်းစဉ်တပ်ထားသော စာတမ်းကို "မိန်း မြစ်အနီးရှိ ဖရင့်ဖတ်ဒေသန္တရအစု"မှ ထုတ်ဝေခဲ့ကာ ဤအတိုက်အခံအမြင်များ၏ အနှစ်သာရကို အထင်ရှားဆုံး၊ အတိကျဆုံး၊ အရှင်းလင်းဆုံးနှင့် အကျဉ်းချုပ်ပြီး တင်ပြလိုက်ပေသည်။ ၎င်းတို့အမြင်များ၏ အနှစ်သာရနှင့် ပတ်သက်ပြီး စာဖတ်သူနားလည်ရန် ကိုးကားချက်အချို့ကို ဖော်ပြလျှင် လုံလောက်ပေလိမ့်မည်။

"ကွန်မြူနစ်ပါတီသည် အပြတ်သားဆုံး လူတန်းစားတိုက်ပွဲ၏ ပါတီဖြစ်သည် ... ။"

"... နိုင်ငံရေးအရဆိုလျှင် ကူးပြောင်းရေးကာလ (အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်အကြား) သည် ပစ္စည်းမဲ့အာဏာရှင်စနစ် ကာလဖြစ်၏ ... ။"

"ဤအာဏာရှင်စနစ်ကို မည်သူက ကျင့်သုံးမည်နည်း။ **ကွန်မြူနစ်ပါတီလော။ ပစ္စည်းမဲ့လူတန်းစားလော။ မူအရ** ကွန်မြူနစ်ပါတီ၏ အာဏာရှင်စနစ် အတွက် ကျွန်တော်တို့ ကြိုးစားမည်လော၊ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ် အတွက် ကျွန်တော်တို့ ကြိုးစားမည်လောဟူသော မေးခွန်းပေါ်လာ၏ ... ။"

(အားလုံးသော စာလုံးမဲများမှာ မူရင်းအတိုင်းဖြစ်၏။)

ထို့ပြင် ၎င်းစာတမ်း ရေးသားသူသည် ဂျာမနီကွန်မြူနစ်ပါတီ"ဗဟိုကော်မတီ"အား **ဂျာမနီပြည် အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ညွန့်ပေါင်း**

**ဖွဲ့ရန်** နည်းလမ်းရှာနေသည်ဟုလည်းကောင်း၊ ပါလီမန်ဝါဒအပါအဝင် တိုက်ပွဲ၏**“နိုင်ငံရေးနည်းလမ်း အားလုံးကို မူအရ အသိအမှတ် ပြုရေး ပြဿနာ”** ကိုတင်ပြ ခြင်းသည် အင်ဒီပင်းဒင့်များနှင့် ညွန့်ပေါင်းဖွဲ့ရန် မိမိ၏ အစစ်အမှန်နှင့် အဓိကကြိုးပမ်း ချက်များကို ဖုံးကွယ်ထားခြင်းသာ ဖြစ်သည်ဟုလည်းကောင်း စွပ်စွဲထားသည်။ ထိုစာစောင်က ဆက်လက်၍ ဆိုထားသည်မှာ –

“အတိုက်အခံဂိုဏ်းသည် အခြားလမ်းကြောင်းတခုကို ရွေးချယ်ခဲ့၏။ သူတို့ယူဆသည်မှာကား ကွန်မြူနစ်ပါတီ၏ အုပ်စိုးမှုနှင့် ပါတီ၏အာဏာရှင်စနစ် ပြဿနာသည် နည်းပရိယာယ်ပြဿနာသာဖြစ်၏။ မည်သို့ပင်ဖြစ်စေ ကွန်မြူနစ်ပါတီ၏ အုပ်စိုးမှုသည် ရှိရှိသမျှပါတီအုပ်စိုးမှု၏ နောက်ဆုံးသဏ္ဍာန်ဖြစ်သည်။ **မူအရ** ကျွန်တော်တို့သည် ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်အတွက် ကြိုးပမ်းရမည်။ ထို့ပြင် ပါတီ၏ အားလုံးသော လုပ်ဆောင်ချက်များ၊ ၎င်း၏စည်းရုံးရေး၊ ၎င်း၏တိုက်ပွဲနည်းနာ၊ ၎င်း၏ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်တို့သည် ဤရည်မှန်းချက်ဆီသို့ ဦးတည်ထားရမည်ဖြစ်သည်။ ဤသို့ဖြင့် အခြားပါတီများနှင့် စေ့စပ်ရေးအားလုံးကိုလည်းကောင်း။ သမိုင်းအရ၊ နိုင်ငံရေးအရ ခေတ်ကုန်လာသော ပါလီမန်တိုက်ပွဲသဏ္ဍာန်များသို့ ပရိယာယ်ဆင်မှုနှင့် သဘောတူစေ့စပ်သည့် ပေါ်လစီအားလုံးကိုလည်းကောင်း အလေးထား ကန့်ကွက်ရမည်။ … အတိအကျအားဖြင့် ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးတိုက်ပွဲ နည်းနာများကို အထူးအလေးထားရမည်။ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်ရှိ တော်လှန်ရေးတိုက်ပွဲထဲသို့ အကျယ်ပြန့်ဆုံး ပစ္စည်းမဲ့ အသိုင်းအဝိုင်းနှင့် အလွှာများကို အကျယ်ပြန့်ဆုံး ပါဝင်လာရန်အတွက် အကျယ်ပြန့်ဆုံးသော အခြေခံနှင့် အကျယ်ပြန့်ဆုံးသော အတိုင်းအတာရှိသည့် စည်းရုံးရေး သဏ္ဍာန်သစ်များကို ဖန်တီးရမည်။ တော်လှန်ရေးအင်အားစုအားလုံး စုဝေးရန်နေရာသည် စက်ရုံအဖွဲ့အစည်းများအပေါ် အခြေခံသော **အလုပ်သမားစုပေါင်းအဖွဲ့** ဖြစ်ရမည်။ ၎င်းတွင်“အလုပ်သမား သမဂ္ဂများမှ ထွက်ခဲ့ကြလော့”ဟူသော ကြွေးကြော်သံနောက်သို့ လိုက်ပါသော အလုပ်သမားအားလုံး စုရုံးလာပေမည်။ ၎င်းတွင် တိုက်ပွဲဝင် ပစ္စည်းမဲ့လူတန်းစားကို အကျယ်ပြန့်ဆုံးသော တိုက်ပွဲဝင်တပ်ဖွဲ့အဖြစ် စုစည်းထားပေလိမ့်မည်။ လူတန်းစားတိုက်ပွဲ၊ ဆိုဗီယက်စနစ်နှင့် အာဏာရှင်စနစ်တို့ကို အသိအမှတ်ပြုသူတိုင်း ပါဝင်နိုင်ခွင့်ရှိသည်။ နောင်တွင်လုပ်ဆောင်ရမည့် တိုက်ပွဲဝင်လူထုများအား နိုင်ငံရေးပညာပေးခြင်းနှင့် တိုက် ပွဲအတွင်းရှိ သူတို့ကို နိုင်ငံရေး လမ်းညွှန်မှုပေးခြင်း အားလုံးသည် အလုပ်သမား စုပေါင်းအဖွဲ့၏ အပြင်ဘက်တွင်ရှိသော ကွန်မြူ

နစ်ပါတီ၏ လုပ်ငန်းတာဝန်ဖြစ်သည် …။

"ထို့ကြောင့် ကွန်မြူနစ်ပါတီနှစ်ခုသည် ယခုအခါ တဦးကိုတဦး ဆန့်ကျင်ကာတည်ရှိနေ၏။"

**"တခုကား ခေါင်းဆောင်များ၏ ပါတီဖြစ်သည်။"** ၎င်းသည် တော်လှန်ရေးတိုက်ပွဲကို **အထက်**မှနေ၍ စည်းရုံးရန်နှင့် ညွှန်ကြားရန် ကြိုးစားပြီး လက်ထဲတွင် အာဏာရှင်စနစ် ရှိလိမ့်မည်ဖြစ်သော ညွှန့်ပေါင်းအစိုးရထဲ ပါဝင်နိုင်စေလိမ့် မည်ဖြစ်သည့် အခြေအနေတရပ်ကို ဖန်တီးနိုင်ရေးအတွက် စေ့စပ်ရေးများနှင့် ပါလီမန်ဝါဒကို အားထားနေသည်။

**"အခြားတခုကား လူထုပါတီဖြစ်သည်။"**၎င်းသည် **အောက်ခြေ**မှ တော်လှန်ရေးတိုက်ပွဲတခု အံ့ကြွလာရန် မျှော်လင့်နေသည်။ ပန်းတိုင်သို့ ထင်ရှားစွာ ရှေးရှုသော တခုတည်းသော နည်းနာကိုသာ သိရှိကျင့်သုံးပြီး ပါလီမန်နှင့် အချောင်သမားနည်းနာအားလုံးကို ငြင်းပယ်၏။ ဤတခုတည်းသော နည်းနာကား နောင်တွင် ဆိုရှယ်လစ်စနစ် ပြီးစီးအောင်မြင်ရေးအတွက် ပစ္စည်းမဲ့လူတန်းစား၏ လူတန်းစားအာဏာရှင်စနစ် တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် ချွင်းချက်မရှိ **နေရှင်လူတန်းစားကို ဖြိုချရေး** ဖြစ်ပေ၏။

" … ထိုကား ခေါင်းဆောင်များ၏ အာဏာရှင်စနစ်။ ဤကားလူထုများ၏ အာဏာရှင်စနစ်၊ ယင်းသည် ကျွန်တော်တို့၏ ကြွေးကြော်သံပေတည်း။"

၎င်းတို့ကား ဂျာမနီကွန်မြူနစ်ပါတီတွင်းရှိ အတိုက်အခံဂိုဏ်းအမြင်များကို ဖော်ပြသော အရေးကြီးဆုံး အချက်များဖြစ်၏။

၁၉၀၃ ခုနှစ်ကတည်းက ဗော်ရှီဗစ်ဝါဒ၏ ဖြစ်ပေါ်တိုးပွားမှုတွင် အသိရှိစွာ ပါဝင်ခဲ့ဖူးသော သို့မဟုတ် နီးကပ်စွာ စူးစမ်းခဲ့ဖူးသော မည်သည့်ဗော်ရှီဗစ်မဆို ဤပြောဆိုချက်များကို စစ်ဆေးပြီးနောက် မည်မျှဟောင်နွမ်းပြီး ကြားနေကျ ဗလာစကားများပါနည်း၊ မည်မျှ "လက်ဝဲ"ကျသော ကလေးကလားနိုင်မှုပါနည်း ဟူ၍ ချက်ချင်းပြောပေလိမ့်မည်။

သို့သော် ဤပြောဆိုချက်များကို အနည်းငယ် ပိုမိုနီးနီးကပ်ကပ် စစ်ဆေးကြည့် ကြစို့။

"ပါတီ၏ အာဏာရှင်စနစ်လော **သို့မဟုတ်** လူတန်းစားအာဏာရှင်စနစ်လော။ ခေါင်းဆောင်များ၏ အာဏာရှင်စနစ် (ပါတီ) လော၊ **သို့မဟုတ်** လူထုများ၏ အာဏာရှင်စနစ် (ပါတီ) လော။" … ဤသို့သော ပြဿနာကိုတင်ပြမှုကပင်

မယုံကြည် နိုင်ဆုံးသော၊ မျှော်လင့်ချက်မရှိဆုံးသော စိတ်ရှုပ်ထွေးမှုကို ဖော်ပြနေသည်။ ဤသူများသည် အသစ်အဆန်းတခုခုကို **တီထွင်ရန်** လုံးပန်းနေပြီး တတ်သိနားလည်ကြောင်း ပြသရန် ကြိုးပမ်းရင်းက မိမိတို့ကိုယ်ကို မိမိတို့ရယ်စရာ ဖြစ်သွားစေသည်။ လူတိုင်း သိကြသည့်အတိုင်း လူထုများသည် လူတန်းစားများအဖြစ် ကွဲပြားနေသည်။ လူထုနှင့် လူတန်းစားနှိုင်းယှဉ်ရန်မှာ လူ့အဖွဲ့အစည်းထုတ်လုပ်ရေးစနစ်ရှိ အဆင့်နေရာအရ ကွဲပြားမှုနှင့် ပတ်သက်ခြင်းမရှိသော ယေဘုယျ အများတကာ့ အများစုကြီးကို လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးစနစ်ရှိ တိကျသော အဆင့်နေရာယူထားသည့် အုပ်စုများနှင့် နှိုင်းယှဉ်မှသာ လူထုနှင့်လူတန်းစားကို နှိုင်းယှဉ်နိုင်ပေ၏။ ဖြစ်လေ့ရှိသည်မှာ ယုတ်စွအားဖြင့် ခေတ်မီယဉ်ကျေးသော တိုင်းပြည်များမှာပင် ကိစ္စအတော်များများ၌ လူတန်းစားများကို နိုင်ငံရေးပါတီများက ခေါင်းဆောင်သည်။ ယေဘုယျ ဖြစ်လေ့ရှိသည်မှာ နိုင်ငံရေးပါတီများအား တာဝန်အရှိဆုံးနေရာသို့ ရွေးကောက်ခြင်းခံရသော၊ ခေါင်းဆောင်များဟုအခေါ်ခံရသော၊ အာဏာအပိုင်ဆုံး၊ ဩဇာအရှိဆုံး၊ အတွေ့အကြုံအရင့်ကျက်ဆုံး အဖွဲ့ဝင်များပါဝင်သော အတော်အတန်တည်ငြိမ်သော အစုများက ကွပ်ကဲထားသည်။ ဤအရာအားလုံးသည် အနိမ့်ဆုံးသိသင့်သော အရာဖြစ်သည်။ လွယ်ကူပြီး ရှင်းလင်းသော အရာဖြစ်သည်။ ဤသည်ကို အဘယ်ကြောင့် ယုတ္တိမဲ့သောစကားဖြင့် အစားထိုးရသနည်း။ ဤသည်ကို အဘယ်ကြောင့် အဆန်းထွင်ထားသော ဗိုလ်လာပစ်ဟူသော နိုင်ငံတကာ့ စကားသစ်ဖြင့် အစားထိုးရသနည်း။ တဖက်တွင် ခက်ခဲသော အကျဉ်းအကျပ်တွေ့ရှိသော အခါတွင်လည်းကောင်း၊ ပါတီ၏ဥပဒေတွင်းမှ ဥပဒေပသို့ ရုတ်တရက် ပြောင်းလဲမှုက ခေါင်းဆောင်များ၊ ပါတီများနှင့် လူတန်းစားများအကြားရှိ ထုံးတမ်းစဉ်လာ ပုံမှန် လွယ်ကူသော ဆက်ဆံရေးများကို နှောင့်ယှက်လိုက်သောအခါတွင်လည်းကောင်း ဤသူများသည် အထင်အရှားပင် ရှုပ်ထွေးသွားခဲ့ပေ၏။ အခြားသော ဥရောပ တိုင်းပြည်များမှာကဲ့သို့ပင် ဂျာမနီပြည်တွင် ဥပဒေတွင်း ဘဝနှင့်လည်းကောင်း၊ ပုံမှန်ကျင်းပသော ပါတီကွန်ဂရက်များတွင်"ခေါင်းဆောင်များ"ကို လွတ်လပ်စွာနှင့် သင့်လျော်စွာရွေးကောက်ခြင်းနှင့်လည်းကောင်း၊ ပါလီမန်ရွေးကောက်ပွဲများ၊ လူထုစည်းဝေးပွဲများ၊ စာနယ်ဇင်း၊ အလုပ်သမားသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများ၊ သဘောတရားများ စသည်တို့မှတဆင့် ပါတီများ၏ လူတန်းစားပါဝင်မှု အချိုးအစားကို စစ်ဆေးသည့် လွယ်ကူသည့် နည်းလမ်းနှင့်လည်းကောင်း လွန်စွာကျင့်သား ရလာခဲ့သည်။ ဤလုပ်ရိုးလုပ်စဉ် နည်းနာနေရာတွင် တော်လှန်ရေး၏ မုန်တိုင်း ဖြစ်ပေါ်

တိုးပွားမှုနှင့် ပြည်တွင်းစစ် ဖြစ်ပေါ်တိုးပွားမှုတို့ကြောင့် ဥပဒေတွင်းမှ ဥပဒေပသို့ လျင်မြန်စွာ ကူးပြောင်းရန်သော်လည်းကောင်း၊ ယင်းတို့နှစ်ခုကို ပေါင်းစပ်ရန်သော် လည်းကောင်း''ခေါင်းဆောင်အစုများ''ကို ရွေးထုတ်ရန် သို့မဟုတ် ဖွဲ့စည်းရန် သို့မ ဟုတ် ထိန်းသိမ်းရန်ဟူသော ''မလွယ်ကူသော'' ဒီမိုကရေစီမကျသော နည်းနာများကို ချမှတ်ရန် လိုအပ်သောအခါတွင် လူများသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး သ ဘာဝထက် လွန်ကဲသော ယုတ္တိမဲ့မှုများကို စတင်စဉ်းစားလာကြသည်။ ဥပဒေတွင်း ၌ အထူးခံစားခွင့်ရရှိပြီး အထူးတည်ငြိမ်မှုရှိသော အစဉ်အလာများနှင့် အခြေအနေ များ ရရှိထားသော တိုင်းပြည်လေးတွင် ကံမကောင်းအကြောင်းမလှစွာ မွေးဖွားခဲ့ရ သော၊ ဥပဒေတွင်းမှ ဥပဒေပသို့ ပြောင်းလဲမှုကို မည်သည့်အခါကမျှ မမြင်တွေ့ခဲ့ရသော ဒတ်ချ်သမာဓိဂိုဏ်းသားများသည် ရှုပ်ထွေးခေါင်းရှုပ်လာပြီး ဤသို့သော မဟုတ် မဟတ် တီထွင်မှုများကို ကူညီဖန်တီးပေးကြပေသည်။

အခြားတဖက်တွင် ယခုအခါ''ခေတ်စားနေသော''အသုံးအနှုန်းများဖြစ် သည့်''လူထုများ''နှင့်''ခေါင်းဆောင်များ''ဟူ၍ တွေးတောခြင်းမရှိသော မဆီလျော် သည့် အသုံးပြုမှုကိုသာ ကျွန်တော်တို့ တွေ့ရသည်။ ဤသူများသည်''ခေါင်းဆောင် များ''အား မည်ကဲ့သို့ထိုးနှက်ရမည်ကိုလည်းကောင်း၊ လူထုနှင့်ခေါင်းဆောင်များကို မည်ကဲ့သို့ ဆိုင်ပေးရမည်ကိုလည်းကောင်း၊ အစဉ်အမြဲကြားခဲ့ရ၍ တကယ်ပင် တတ် မြောက်ခဲ့ကြပေသည်။ သို့သော် သူတို့သည် ပြဿနာကို ကောင်းစွာစဉ်းစားနိုင်စွမ်း မရှိဘဲ ပြဿနာက မည်သည့်အရာအား ဆိုလိုသည်ကို ရှင်းလင်းစွာ နည်းမလည် နိုင်ခဲ့ပေ။

''ခေါင်းဆောင်များ''နှင့်''လူထုများ''အကြားကွဲပြားမှုမှာ နယ်ချဲ့စစ်ပွဲ အဆုံး ပိုင်းနှင့် စစ်ပြီးကာလ၌ တိုင်းပြည်အားလုံးတွင် အထူးရှင်းလင်းပြတ်သားစွာ ပေါ်ထွက် လာခဲ့ပေသည်။ ဤအခြင်းအရာ၏ အဓိကအကြောင်းရင်းကို မာ့က်စ်နှင့် အိန်ဂယ် သည် ၁၈၅၂ ခုနှစ်နှင့် ၁၈၉၂ ခုနှစ်များအတွင်း အင်္ဂလန်ပြည်ကို ဥပမာပြု၍ ကြိမ်ဖန် များစွာ ရှင်းလင်းပြခဲ့၏။ ထိုတိုင်းပြည်၏ လက်ဝါးကြီးအုပ် အဆင့်နေရာသည်''လူထု များ''မှနေ၍ ခနရှင်ပေါက်စတပိုင်း အချောင်သမား''အလုပ်သမား မင်းညီမင်းသား များ''ကွဲထွက်သွားခြင်းကို ဖြစ်စေလိုက်သည်။ ဤအလုပ်သမား မင်းညီမင်းသား ခေါင်းဆောင်များသည် ခနရှင်လူတန်းစားဘက်သို့ အဆက်မပြတ် ခွဲထွက်သွားပြီး တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ၎င်းထံ ခယဝပ်တွားခဲ့ကြပေသည်။ မာ့က်စ်သည် ဤလူဆိုးများကို သစ္စာဖောက်များဟု အတိအလင်းတံဆိပ်ခပ်နှိပ်ခြင်းဖြင့် သူတို့၏

မုန်းတီးခြင်းကို ဂုဏ်ရှိစွာရရှိခဲ့သည်။ ခေတ်သစ် (၂၀ ရာစုနှစ်) နယ်ချဲ့ဝါဒသည် ရှေ့တန်းရောက် တိုင်းပြည်အချို့အတွက် လက်ဝါးကြီးအုပ် အခွင့်ထူးခံအဆင့်နေရာကို ဖန်တီးပေးလိုက်သည်။ ထို့ပြင် ဤအချက်ကြောင့် ဒုတိယအင်တာနေရှင်နယ်ထဲတွင် နေရာတိုင်း၌ မိမိကိုယ်ပိုင် လုပ်ငန်းအကျိုးစီးပွားနှင့် မိမိကိုယ်ပိုင် အလုပ်သမား မင်းညီမင်းသား အစိတ်အပိုင်းကို ကာကွယ်သော၊ တစုံတခုသော သစ္စာဖောက်အမျိုးအစား အချောင်သမား ဆိုရှယ်ရှော်ဗင် ခေါင်းဆောင်များကို ပေါ်ထွက်လာစေလိုက်သည်။ အချောင်သမား ပါတီများကို"လူထုများ"မှ ဆိုလိုသည်မှာ လုပ်သားပြည်သူများ၏ အကျယ်ပြန့်ဆုံးသော အလွှာမှလည်းကောင်း၊ ၎င်းတို့၏ အများစုကြီးမှလည်းကောင်း၊ လုပ်ခအနည်းဆုံး အလုပ်သမားများမှလည်းကောင်း ကင်းကွာသွားစေသည်။ ဤကပ်ဆိုးကို မတိုက်ဖျက်လျှင် အချောင်သမား ဆိုရှယ်သစ္စာဖောက် ခေါင်းဆောင်များကိုဖွင့်ချခြင်း၊ အယုံအကြည်မဲ့စေခြင်း၊ ထုတ်ပယ်ပစ်ခြင်း မရှိလျှင် တော်လှန်သောပစ္စည်းမဲ့လူတန်းစားသည် အောင်ပွဲ မခံနိုင်ပေ။ ဤသည်မှာ တတိယ အင်တာနေရှင်နယ်က လုပ်ဆောင်သည့် ပေါ်လစီပင်ဖြစ်သည်။

ဤသည်နှင့် ဆက်စပ်၍ လူထုများ၏ အာဏာရှင်စနစ်ကို ခေါင်းဆောင်များ၏ အာဏာရှင်စနစ်နှင့် **ယေဘုယျအားဖြင့်** ဆန့်ကျင်ဘက်ထား၍ နှိုင်းယှဉ်သည့် အထိလုပ်ခြင်းမှာ ရယ်စရာကောင်းအောင် မဟုတ်မဟတ်နိုင်မှုနှင့် မိုက်မဲမှုဖြစ်သည်။ သာမန်ကိစ္စများအပေါ်တွင် သူလိုငါလိုအမြင်များရှိသည့် ခေါင်းဆောင်ဟောင်းများနေရာတွင် တကယ်ပင်မဟုတ်မဟတ်နှင့် အချည်းနှီးစကားများကိုပြောဆိုသော ခေါင်းဆောင်သစ်များအား တင်ခြင်းသည် ("ခေါင်းဆောင်များကိုဖြုတ်ချ"ဟူသော ကြွေးကြော်သံကို အကာအကွယ်ယူ၍) အထူးပင် ရယ်ဖွယ်ကောင်းလှ၏။ ဤကဲ့သို့သော ခေါင်းဆောင်များကား ဂျာမနီပြည်မှ လူဇင်ဘတ်၊ ဝုဖ်ဟိန်း၊ ဟောနား၊ ကားရှုရိုးဒါး၊ ဖရက်ဒရစ်ဝင်ဒယ်နှင့် ကားအာလာ * တို့ဖြစ်သည်။ အာလာက ပြဿနာကို ပိုမို "နက်ရှိုင်းစွာ"တင်ပြရန်နှင့် နိုင်ငံရေးပါတီများသည် ယေဘုယျအားဖြင့်မလိုအပ်။ "ခနရှင်"ဖြစ်သည်ဟု ကြေညာရန် ကြိုးစားခြင်းသည် အလွန်တရာ

———————————————

* ၁၉၂၀ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ဟင်းဘက်မြို့ထုတ် **"ကွန်မြူနစ်အလုပ်သမား သတင်းစာ"** အမှတ် ၃၂ တွင် ကားအာလာ၏ ပါတီဖျက်သိမ်းရေး ဆောင်းပါး၌ "အလုပ်သမားလူတန်းစားသည် ခနရှင်ဒီမိုကရေစီကို မဖျက်ဆီးဘဲနှင့် ခနရှင် နိုင်ငံတော်ကို မဖျက်ဆီးနိုင်၊ ပါတီများကို မဖျက်

ရယ်စရာကောင်းသောကြောင့် သက်ပြင်းချရုံသာ ရှိတော့သည်။ သေးငယ်သော အမှားကို ဆက်လက်ဆုပ်ကိုင်ထားပါက ၎င်းအမှားအတွက် အကြောင်းပြချက်များကို တဆင့်တိုးရှာဖွေပါက ၎င်း၏"လော့ဂျစ်ကျသော နိဂုံးချုပ်ချက်များ"ဆီသို့ ဆက်လက်ယူဆောင်သွားပါက သေးငယ်သောအမှားသည် ရောမအမှားကြီးသို့ အစဉ်သဖြင့် ပြောင်းလဲသွားနိုင်သည် ဟူသည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

ပါတီမူနှင့် ပါတီစည်းကမ်းကို ငြင်းဆိုခြင်းသည်ကား အတိုက်အခံဘက်၏ **အသားတင်ရလဒ်**ပင်ဖြစ်၏။ ထို့ပြင် ဤသည်မှာ **ခနရှင်လူတန်းစား၏ အကျိုးစီးပွားအတွက်** ပစ္စည်းမဲ့လူတန်းစားကို လုံးဝလက်နက်မဲ့စေခြင်းနှင့် ညီမျှပေ၏။ ဤသည်မှာ ခနရှင်ပေါက်စတို့၏ ပြန့်ကျဲမှု၊ မတည်ငြိမ်မှုနှင့် ကြိုးပမ်းအားထုတ်ရေး၊ ညီညွတ်ရေးနှင့် စည်းရုံးလှုပ်ရှားရေး လုပ်နိုင်စွမ်းမရှိမှုတို့ပင်ဖြစ်သည်။ ၎င်းကို ခွင့်ပြုထားပါက ပစ္စည်းမဲ့တော်လှန်ရေး လှုပ်ရှားမှုတိုင်းကို မလွဲမသွေ ဖျက်ဆီးလိမ့်မည်ဖြစ်သည်။ ကွန်မြူနစ်ဝါဒရပ်တည်မှုအရဆိုလျှင် ပါတီမူကိုငြင်းပယ်ခြင်းသည် အရင်းရှင်ဝါဒ ပျက်စီးခြင်းအကြိုကာလ (ဂျာမနီပြည်၌) မှနေ၍ ကွန်မြူနစ်ဝါဒ၏ အောက်အဆင့် သို့မဟုတ် အလယ်အလတ်ဆင့်သို့ တက်လှမ်းခြင်းမဟုတ်ဘဲ မြင့်မားသောအဆင့်သို့ တက်လှမ်းရန်ကြိုးစားသည့်အဓိပ္ပာယ်ပင်ဖြစ်သည်။ ကျွန်တော်တို့သည် ရုရှားပြည်တွင် (ခနရှင်လူတန်းစားကို ဖြိုချပြီးနောက် တတိယနှစ်တွင်) အရင်းရှင်းစနစ်မှ ဆိုရှယ်လစ်စနစ်

---

ဆီးဘဲ ၎င်းသည် ခနရှင်ဒီမိုကရေစီကို မဖျက်ဆီးနိုင်ပေ"ဟုရေးသားထား၏။

လက်တင်တိုင်းပြည်များရှိ အလုပ်သမားသမဂ္ဂဝါဒသမားများနှင့် မင်းမဲ့ဝါဒ သမားများ၏ ပိုမိုဦးနှောက်ရှုပ်ထွေးနေ သူများသည် "ကျေနပ်နှစ်သိမ့်မှု"ရှိနိုင်ပေပြီ။ အဘယ်ကြောင့် ဆိုသော် မိမိတို့ဘာသာ မာ့က်စ်ဝါဒ သမားဟု အထင်အရှား ယူဆနေကြသော (ကေ အာလာ၊ ကေဟောနားတို့သည် အထက် ဖော်ပြပါ သတင်းစာထဲရှိ သူတို့၏ ဆောင်းပါးများအရ သူတို့သည် မာ့က်စ်ဝါဒသမား စစ်စစ်ဖြစ်သည်ဟု အလွန်ခိုင်မာစွာဖော်ပြကြသည်။ သို့သော် ရယ်စရာအကောင်းဆုံး မယုံနိုင်စရာ ဗလာစကားများကို ပြောဆိုကြခြင်းဖြင့် မာ့က်စ်ဝါဒ၏ ကကြီးခကွေးကိုနားမလည်ကြောင်း ဖွင့်လှစ်ပြသကြ၏။) ထယ်ဝါခန့်ညားသည့် ဂျာမန်များသည်လည်း ဤသို့ လုံးဝမဆီလျော် မအပ်စပ်သော ရေးသားပြောဆိုမှုမျိုးကို ဖော်ထုတ်ခဲ့ကြသော ကြောင့်ဖြစ်သည်။ မာ့က်စ်ဝါဒကို လက်ခံရုံသက်သက်ဖြင့် အမှားများကို မရှောင်ကွင်းနိုင်ပေ။ ကျွန်တော်တို့ ရုရှားများသည် ဤအချက်ကို အထူးကောင်းစွာ နားလည်ကြသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော်တို့ တိုင်းပြည်၌ မာ့က်စ်ဝါဒသည် မကြာခဏပင် "ခေတ်စား"နေသောကြောင့်ဖြစ်၏။

(ဝါ) ကွန်မြူနစ်စနစ်အနိမ့်ဆင့်သို့ ကူးပြောင်းရန် ပထမခြေလှမ်းကို လှမ်းနေသည်။ လူတန်းစားများ တည်ရှိနေသေးသည်။ ထို့ပြင် ပစ္စည်းမဲ့လူတန်းစားက အာဏာသိမ်းယူပြီး **နောင်နှစ်များစွာကြာသည့်တိုင်** နေရာတိုင်း၌ လူတန်းစားများသည် တည်ရှိနေလိမ့်ဦးမည်။ လယ်သမားလူတန်းစား မရှိသည့် (သို့သော် ပစ္စည်းပိုင်ရှင်ကလေးများရှိသည့်) အင်္ဂလန်ပြည်၌ဆိုပါမူ ဤကာလသည် တိုကောင်းတိုပေလိမ့်မည်။ လူတန်းစားဖျက်သိမ်းရေးဆိုသည်မှာ မြေရှင်များနှင့် အရင်းရှင်များကို မောင်းထုတ်ခြင်း သက်သက်မဟုတ်ပေ–ဤသည်ကို ကျွန်တော်တို့ နှိုင်းယှဉ်ခြင်းအရ လွယ်လွယ်ကူကူနှင့် ပြီးမြောက်ခဲ့၏။–**ကုန်စည်ထုတ်လုပ်သူကလေးများအား ဖျက်သိမ်းရေး**ကိုလည်း ဆိုလိုပေသည်။ သို့ရာတွင် သူတို့ကို **မောင်းထုတ်ခြင်း မပြုနိုင်**၊ ဖိ နှိပ်ခြင်းလည်း မပြုနိုင်။ ကျွန်တော်တို့သည် ၎င်းတို့နှင့်အတူ **သင့်မြတ်စွာ နေထိုင် ရမည်။** အလွန်တာရှည်သော၊ ဖြည်းနှေးသော၊ သတိကြီးသော စည်းရုံးရေးလုပ်ငန်းဖြင့်သာလျှင် သူတို့အား ပြန်လည်ပြုပြင်၍ ပြန်လည်ပညာပေးနိုင်သည်။ (ပေးရမည်)။ သူတို့သည် ဓနရှင်ပေါက်စပတ်ဝန်းကျင်ဖြင့် ပစ္စည်းမဲ့လူတန်းစားအား အဖက်ဖက်မှ ဝိုင်းရံထားသည်။ ၎င်းက ပစ္စည်းမဲ့လူတန်းစားထဲတွင် စိမ့်ဝင်ပျံ့နှံ့ကာ ပစ္စည်းမဲ့ လူတန်းစားအား လိုက်စားပြီး ပစ္စည်းမဲ့လူတန်းစား အတွင်းတွင် ဓနရှင် ပေါက်စကျောရိုးမဲ့မှု၊ မညီညွတ်မှု၊ တဦးချင်းဝါဒနှင့် စိတ်ဓာတ် တက်လိုက်ကျလိုက်ဖြစ်မှုတို့ဖြင့် အဆက်မပြတ် နိမ့်ကျသွားမှု ဖြစ်စေသည်။ ပစ္စည်းမဲ့လူတန်းစား၏ နိုင်ငံရေးပါတီထဲတွင် ဤသည်ကို ဆန့်ကျင်ရန်အတွက်လည်းကောင်း၊ ပစ္စည်းမဲ့လူတန်းစား **စည်းရုံးရေး**အခန်း (ထို့ပြင်၎င်းမှာ **အဓိက**အခန်းဖြစ်၏) ကို မှန်ကန်စွာ၊ ထိရောက်အောင်မြင်စွာ ထမ်းဆောင်ရန်အတွက်လည်းကောင်း၊ တင်းကျပ်သော ဗဟိုချုပ်ကိုင်မှုနှင့် စည်းကမ်းရှိရန် လိုအပ်သည်။ ပစ္စည်းမဲ့အာဏာရှင် စနစ်ဆိုသည်မှာ အဖွဲ့အစည်းဟောင်း၏ အင်အားစုများနှင့် အစဉ်အလာများကို ဆန့်ကျင်သည့် ကြံ့ကြံ့ခိုင်တိုက်ပွဲ ဖြစ်သည်။ သွေးထွက်သံယိုနှင့် သွေးထွက်သံယိုမဲ့သော၊ အကြမ်းဖက်နှင့် ငြိမ်းချမ်းသောတိုက်ပွဲ၊ စစ်ရေးနှင့် စီးပွားရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဘက်ရှိ တိုက်ပွဲဖြစ်သည်။ သန်းပေါင်းများစွာသော လူတို့၏အကျင့်ဓလေ့ အင်အားသည် ကြောက်စရာအကောင်းဆုံး အင်အားတခု ဖြစ်၏။ တိုက်ပွဲအတွင်း ထုသားပေသားရသော သံမဏိပါတီတရပ်မရှိပါက မိမိလူတန်းစားထဲမှ အရိုးသားဆုံးသောသူ အားလုံး၏ ယုံကြည်မှုကိုရရှိသော ပါတီတရပ်မရှိပါက လူထုများ၏ စိတ်ဓာတ်ကို အကဲခတ်ပြီး ဩဇာသက်နိုင်စွမ်းရှိသော ပါတီတရပ်မရှိပါက ဤသို့သောတိုက်ပွဲကို အောင်မြင်စွာ မဆင်နွှဲနိုင်ပေ။ စုစည်းမှုရှိသော ဓနရှင်ကြီးများကို

ဖျက်သိမ်းရေးမှာ သန်းပေါင်းများစွာသော ပစ္စည်းပိုင်ရှင်ကလေးများကို ဖျက်သိမ်းရေးထက် အဆပေါင်း ထောင်ပေါင်းများစွာ လွယ်ကူ၏။ သို့သော် သူတို့၏ သာမန်ဖြစ်သော၊ နေ့စဉ်ဖြစ်သော၊ သေးဖွဲသော၊ မသိသာသော၊ စိတ်ဓာတ်ပျက်သော ပြုမူမှုများကြောင့် သူတို့သည် ဓနရှင်လူတန်းစားက အလိုရှိသော ဓနရှင်လူတန်းစား **ပြန်လည်လွှမ်းမိုးရန်** ဦးတည်သော **ဤ**အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ ပစ္စည်းမဲ့လူတန်းစားပါတီ (အထူးသဖြင့် ၎င်း၏အာဏာရှင်စနစ် ကာလအတွင်း) ၏ သံမဏိစည်းကမ်းကို အနည်းငယ်မျှပင် အားနည်းအောင်လုပ်သူသည် တကယ်ပင် ပစ္စည်းမဲ့လူတန်းစားအား ဆန့်ကျင်ကာ ဓနရှင်လူတန်းစားကို ကူညီခြင်းပင်ဖြစ်၏။

ခေါင်းဆောင်များ–ပါတီ–လူတန်းစား–လူထုများ ပြဿနာနှင့် ယှဉ်တွဲ၍ “ဖောက်ပြန်သော”အလုပ်သမားသမဂ္ဂများ ပြဿနာကို ကျွန်တော်တို့ ဆွေးနွေးရမည်။ သို့သော် ဦးစွာအားဖြင့် ကျွန်တော်တို့ပါတီ၏ အတွေ့အကြုံအပေါ် အခြေခံသော နိဂုံးချုပ်ချက်တချို့ကို ပြုလုပ်ရပေလိမ့်မည်။ ကျွန်တော်တို့ ပါတီတွင်းတွင်“ခေါင်းဆောင်များ၏ အာဏာရှင်စနစ်”ကိုတိုက်ခိုက်မှုများ **အစဉ်သဖြင့်ရှိခဲ့သည်**။ ကျွန်တော်မှတ်မိသရွေ့ဆိုပါလျှင် ဤသို့သော တိုက်ခိုက်မှုမျိုးကို ပထမဆုံးအကြိမ် ကြားရသည်မှာ ၁၈၉၅ ခုနှစ်က ဖြစ်သည်။ ထိုအချိန်က တရားဝင်အားဖြင့် ပါတီ, မတည်ထောင်ရသေးပေ။ သို့သော် မြို့နယ်အစုများကို ခေါင်းဆောင်မည့် ဗဟိုအစုကို စိန့်ပီတာဇဘတ်မြို့တွင် စတင်ဖွဲ့စည်းသည့် အချိန်ဖြစ်သည်။ ကျွန်တော်တို့ပါတီ၏ ၉ ကြိမ်မြောက်ကွန်ဂရက် (၁၉၂၀ ခု ဧပြီလ) တွင်လည်း“ခေါင်းဆောင်များ၏ အာဏာရှင်စနစ်”ကို ဆန့်ကျင်၍လည်းကောင်း၊“လူအနည်းငယ်က စိုးမိုးထားမှု”စသည်တို့ကို ဆန့်ကျင်၍လည်းကောင်း ပြောဆိုခဲ့သော မပြောပလောက်သည့် အတိုက်အခံတခုရှိခဲ့သည်။ ထို့ကြောင့် ဂျာမန်များအတွင်းရှိ“လက်ဝဲဂိုဏ်းကွန်မြူနစ်ဝါဒ သူငယ်နာ”မှာ အံ့ဩစရာမဟုတ်၊ အသစ်မဟုတ်၊ ကြောက်စရာ မဟုတ်ပေ။ ဤဖျားနာမှုသည် မည်သည့်အန္တရာယ်မှ မဖြစ်စေဘဲ ဖျားပြီးနောက်တွင် ခန္ဓာကိုယ်သည် ပို၍ပင် တောင့်တင်းလာလိမ့်မည်။ အခြားတဖက်တွင် ဥပဒေတွင်းနှင့် ဥပဒေပလုပ်ငန်းများအား လျင်မြန်စွာ တလှည့်စီ ပြောင်းလဲမှုသည် အတိအကျအားဖြင့် စစ်ဦးစီးဌာနချုပ် ဆိုလိုသည်မှာ ခေါင်းဆောင်များကို ဖုံးကွယ်ထားရန် အထူးလျှို့ဝှက်စွာ ကွယ်ဝှက်ထားရန် လိုအပ်လာစေသည်။ ကျွန်တော်တို့၏ကိစ္စတုန်းကဆိုလျှင် တခါတရံ အလွန်အန္တရာယ်ရှိသော အကျိုးဆက်ကို ပေါ်ထွက်စေခဲ့၏။ အဆိုးဝါးဆုံးမှာ ၁၉၁၂ ခုနှစ်တွင် သူလျှို မာလင်နော်စကီသည် ဗော်ရှီဗစ် ဗဟိုကော်မတီထဲသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သူသည်

သစ္စာဖောက်ပြီး ဆယ်ပေါင်းရာပေါင်းများစွာသော အကောင်းဆုံး၊ သစ္စာအရှိဆုံး ရဲဘော်များကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျရောက်စေကာ ၎င်းတို့အထဲမှ များစွာကို ပို၍မြန်မြန် သေတွင်းပို့ခဲ့သည်။ သူသည် ထိုထက်ပို၍ ကြီးမားသောအန္တရာယ် မပြုနိုင်ခဲ့သည်မှာ ကျွန်တော်တို့တွင် ဥပဒေတွင်းနှင့် ဥပဒေပလုပ်ငန်း၏ မှန်ကန်သော ပေါင်းစပ်မှု ရှိသောကြောင့်ဖြစ်၏။ မာလင်နော်စကီသည် ကျွန်တော်တို့ယုံကြည်မှုကို ရရှိရန်အတွက် ပါတီ၏ဗဟိုကော်မတီဝင်နှင့် ဒူးမားလွှတ်တော် ကိုယ်စားလှယ် တယောက်အဖြစ်နှင့် ဥပဒေတွင်း သတင်းစာတည်ထောင်ရေးတွင် မတတ်သာဘဲ ကျွန်တော်တို့အား ကူညီခဲ့ရ၏။ ဤသတင်းစာများက ဇာစနစ်အောက်မှာပင် မင်ရှီဗစ် အချောင်ဝါဒကို တိုက်ပွဲဆင်နွှဲနိုင်ခဲ့ပြီး သင့်တော်စွာ ရုပ်ဖျက်ထားသော သဏ္ဍာန်ဖြင့် ဗော်ရှီဗစ်ဝါဒ၏ အခြေခံများကို ဝါဒဖြန့်နိုင်ခဲ့သည်။ မာလင်နော်စကီသည် တဖက်တွင် အကောင်းဆုံးဗော်ရှီဗစ် ဆယ်ပေါင်းရာပေါင်းများစွာကို အလုပ်ကြမ်း၊ အကျဉ်းထောင်နှင့် သေတွင်းပို့ခဲ့သည်။ အခြားတဖက်တွင် သူသည် ဥပဒေတွင်း သတင်းစာများမှ တဆင့် ထောင်ပေါင်းများစွာသော ဗော်ရှီဗစ်အသစ်များကို ပညာပေးရာတွင် မတတ်သာဘဲ ကူညီခဲ့ရသည်။ ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများအတွင်းတွင် တော်လှန်ရေး လုပ်ငန်းများ မည်သို့လုပ်ကိုင်သနည်း ဆိုသည်ကိုသင်ယူရမည့် လုပ်ငန်းတာဝန်နှင့် ရင်ဆိုင်နေရသော ဂျာမန် (ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်နှင့် အီတလီ အပါအဝင်) ရဲဘော်များသည် ဤအချက်ကို လေးနက်စွာ စဉ်းစားဖို့ကောင်း၏။*

ရှေ့တန်းအရောက်ဆုံး တိုင်းပြည်များအပါအဝင် တိုင်းပြည်များစွာတွင် ခနရှင်လူတန်းစားသည် ကွန်မြူနစ်ပါတီများထဲသို့ ယခုအခါ သူလျှိုများစေလွှတ်နေကြောင်း ဤအတိုင်းဆက်လက်၍လည်း စေလွှတ်လိမ့်ဦးမည်ဖြစ်ကြောင်းကို သံသယဖြစ်စရာ မလိုပေ။ ဤအန္တရာယ်ကို တိုက်ခိုက်ရန် နည်းလမ်းတခုမှာ ဥပဒေတွင်းနှင့် ဥပဒေပအလုပ်ကို ကျင်လည်ပါးနပ်စွာ ပေါင်းစပ်ပေးခြင်းပင်တည်း။

---

* မာလင်နော်စကီသည် ဂျာမနီပြည်တွင် စစ်သုံ့ပန်းဖြစ်သွားသည်။ ဗော်ရှီဗစ်များ အုပ်စိုးမှုအောက်ရှိ ရုရှားပြည်သို့ သူပြန်လာသောအခါ သူ့ကိုချက်ခြင်း ခုံရုံးတင်စစ်ဆေးပြီး ကျွန်တော်တို့ အလုပ်သမားများက ပစ်သတ်ခဲ့သည်။ မင်ရှီဗစ်များသည် သူလျှိုတယောက်က ကျွန်တော်တို့ပါတီ၏ ဗဟိုကော်မတီအဖွဲ့ဝင် ဖြစ်သည်ဟူသော ကျွန်တော်တို့၏ အမှားအတွက် ပြင်းထန်စွာ တိုက်ခိုက်ခဲ့၏။ သို့သော် ကရင်စကီလက်အောက်တွင် ကျွန်တော်တို့က ဒူးမား လွှတ်တော်ဥက္ကဋ္ဌ ရော့ဇ်တင်ကိုအား ဖမ်းဆီး၍ ရုံးတင်စစ်ဆေးရန် တောင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

## (၆)

## တော်လှန်ရေးသမားများသည် ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများတွင် လုပ်ကိုင်သင့်သလော

ဂျာမန်"လက်ဝဲသမားများ"က ဤပြဿနာနှင့် ပတ်သက်၍ လုံးဝငြင်းပယ်ရမည်ကို သံသယရှိစရာမလိုဟု ယူဆကြသည်။"ဖောက်ပြန်သော""တန်ပြန်တော်လှန်ရေးကျသော"အလုပ်သမားသမဂ္ဂများကို ဆန့်ကျင်သည့် အာဘောင်အာရင်း သန်သန်နှင့် ဒေါသတကြီး ပြောဆိုခြင်းများ (ကေဟောနားကဲ့သို့ အထူး"ခန့်ငြားစွာ"နှင့် အထူးမိုက်ရိုင်းစွာ ပြောဆိုခဲ့ပုံမျိုး)သည် တော်လှန်ရေးသမားများနှင့် ကွန်မြူနစ်များအတွက် အဝါရောင် ဆိုရှယ်ရှော်ဗင်သမား၊ စေ့စပ်ရေး၊ တန်ပြန်တော်လှန်ရေး၊ လီဂျင်အမျိုးအစား အလုပ်သမားသမဂ္ဂများထဲတွင် လုပ်ကိုင်ရန်မလိုအပ်၊ ခွင့်ပင်မပြုနိုင်ဟူသည့် လုံလောက်သော"သက်သေပြချက်"ဖြစ်သည်ဟု သူတို့ယူဆသည်။

သို့သော် ဂျာမန်"လက်ဝဲသမားများ"သည် ဤသို့သော နည်းပရိယာယ်များ၏ တော်လှန်ရေးဆန်မှုကို မည်မျှပင်ခိုင်မာစွာ ယုံကြည်နေစေကာမူ ဤနည်းပရိယာယ်များသည် အမှန်ပင် အခြေခံအရလွဲမှားပြီး အနှစ်မရှိသော စာပိုဒ်များထက် မပိုပေ။

ဤသည်ကို ရှင်းလင်းစေရန် ကျွန်တော်သည် လက်ရှိစာစောင်၏ ယေဘုယျအစီအစဉ်အတိုင်း ကျွန်တော်တို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို အခြေပြုကာ ဦးစွာပြောမည်။ လက်ရှိစာစောင်၏ ရည်ရွယ်ချက်မှာ ဗော်ရှီဗစ်သမိုင်းနှင့် လက်ရှိနည်းပရိ

---

သူသည် စစ်မဖြစ်မီကတည်းကပင် မာလင်နော်စကီသည် သူလျှိုတယောက် ဖြစ်ခဲ့ကြောင်းကို သိရှိခဲ့သော်လည်း ဤအချက်ကို ဒူးမားလွှတ်တော်ထဲရှိ ထရူဒိုဗီကီ[၁၃] နှင့် အလုပ်သမားများအား **အသိမပေး** ခဲ့သောကြောင့်ဖြစ်၏။ ထိုအခါက ကရင်စကီအစိုးရထဲရှိ မင်ရှီဗစ်များသော်လည်းကောင်း၊ ဆိုရှယ်တော်လှန်ရေးသမားများသော်လည်းကောင်း ကျွန်တော်တို့၏ တောင်းဆိုချက်ကို မထောက်ခံခဲ့ပေ။ ထို့ကြောင့် ရော့တင်ကိုသည် အဖမ်းမခံရဘဲ ဖြစ်နေပြီး နောက်တွင် ဒင်နီကင်နှင့် အနှောင့် အယှက်မရှိ ပူးပေါင်းသွားခဲ့၏။

ယာယီများမှ အနံ့အပြားအသုံးပြုနိုင်သည့် အနံ့အပြားအဓိပ္ပာယ်ရှိသည့် အနံ့အပြားလုပ်ဆောင်ရမည့်မှုများကို အနောက်ဥရောပ နိုင်ငံများအတွင်းတွင် ကျင့်သုံးရေးဖြစ်သည်

ယခုအခါ ရုရှား၌ ခေါင်းဆောင်များ–ပါတီ–လူတန်းစား–လူထုများ အကြားရှိ အပြန်အလှန် ဆက်ဆံရေးများနှင့်တကွ ပစ္စည်းမဲ့ အာဏာရှင်စနစ်နှင့် ပစ္စည်းမဲ့ပါတီတို့၏ အလုပ်သမားသမဂ္ဂများအပေါ် သဘောထားသည် အောက်ပါသဏ္ဍာန်အရ အခိုင်အမာ ဖော်ပြသည်။ အာဏာရှင်စနစ်ကို ဆိုဗီယက်များအတွင်း စည်းရုံးထားသော ပစ္စည်းမဲ့လူတန်းစားက ကျင့်သုံးသည်။ ပစ္စည်းမဲ့လူတန်းစားအား ကွန်မြူနစ်ပါတီ (ဗော်ရှီဗစ်များ) က ခေါင်းဆောင်သည်။ နောက်ဆုံးပါတီကွန်ဂရက် (၁၉၂၀ ခုနှစ် ဧပြီလ) စာရင်းအရ ၎င်းတွင် ပါတီဝင် ၆၁၁,၀၀၀ ရှိသည်။ ပါတီ ဝင်ဦးရေသည် အောက်တိုဘာတော်လှန်ရေးမတိုင်မီနှင့် ၎င်းတော်လှန်ရေးနောက်တွင် ကြီးမားစွာ ပြောင်းလဲမှု ဖြစ်ခဲ့သော်လည်း ၁၉၁၈ ခုနှစ်နှင့် ၁၉၁၉ ခုနှစ်အထိ ယခုနှင့်စာလျှင် အတော်နည်းနေသေးသည်[၁၄]။ ကျွန်တော်တို့ပါတီ အဆမတန် ကြီးထွားလာမည်ကို စိုးရိမ်မိသည်။ အဘယ်ကြောင့်ဆိုသော် သတ်ပစ်ဖို့သာ ကောင်းသော ကိုယ်ကျိုးရှာသမားများနှင့် ကလိန်ခြံများသည် အုပ်စိုးသော ပါတီကို တွယ်ကပ်ရန် အစွမ်းကုန်ကြိုးစားကြသည်မှာ သေချာလှပေသည်။ နောက်ဆုံးအကြိမ် အလုပ်သမားများနှင့် လယ်သမားများအတွက်သာ ပါတီတံခါးပေါက်များကို ကျွန်တော်တို့ ကျယ်ကျယ်ဖွင့်လှစ်ခဲ့ခြင်းမှာ ယူဒင်နစ်သည် ပီထရိုဂရက်မှ ဗာ့စ်အချို့ အတွင်းတွင်ရှိပြီး ဒင်နီကင်မှာ အော်ရဲ (မော်စကိုမှ ဗာ့စ် ၃၅၀ ခန့်အကွာ) တွင်ရှိနေချိန် ၁၉၁၉ ခုနှစ် ဆောင်းရာသီနေ့ရက်များတွင်ဖြစ်သည်။ ဆိုလိုသည်မှာ ဆိုဗီယက် သမ္မတနိုင်ငံသည် ပြင်းထန်သည့် သေရေးရှင်ရေးကာလ၌ ကျရောက်နေပြီး ကွန်မြူနစ်များနှင့် ပူးပေါင်းခြင်းဖြင့် အရဲစွန့်သမားများ၊ ကိုယ်ကျိုးရှာသမား ကလိန်ခြံများနှင့် စိတ်မချရသူများအဖို့ ယေဘုယျအားဖြင့် အမြတ်ထွက်ရန် အကြောင်းမရှိသော (ထိုမျှမက ကြိုးစင်နှင့် အညှဉ်းပန်းခံရရန် ပိုများသော) အချိန်ဖြစ်သည်။ ပါတီသည် တနှစ်တကြိမ် ကွန်ဂရက်များ (နောက်ဆုံးမှာ ပါတီဝင်တထောင်အတွက် ကိုယ်စားလှယ်တဦး အခြေခံပေါ်တွင်) ကျင်းပ၍ ကွန်ဂရက်မှ ရွေးကောက်သော ၁၉ ဦးပါသော ဗဟိုကော်မတီအဖွဲ့မှ ပါတီကိုညွှန်ကြားသည်။ ထို့ပြင် မော်စကိုရှိ နေ့စဉ်လုပ်ငန်းများကို "စည်းရုံးရေးဗျူရို" နှင့်"နိုင်ငံရေးဗျူရို" ဟု ခေါ်ဝေါ်သည့် ပိုမိုသေးငယ်သော အဖွဲ့များက လုပ်ဆောင်သွားရန် ဖြစ်သည်။ ၎င်းဗျူရိုတခုစီတွင် ဗဟိုကော်မတီ ၅ ဦးစီပါဝင်ပြီး ဗဟိုကော်မတီ

စုံညီအစည်းအဝေးက ရွေးကောက်သည်။ ဤသည်မှာ ရေမရောသော ''လူအနည်းငယ်က စိုးမိုးထားမှု''ပင် မဟုတ်ပါလော။ ပါတီဗဟိုကော်မတီ၏ ညွှန်ကြားချက်များမရှိပါက ကျွန်တော်တို့ သမ္မတနိုင်ငံရှိ မည်သည့်နိုင်ငံတော် အဖွဲ့အစည်းက မည်သည့် အရေးကြီးသော နိုင်ငံရေး သို့မဟုတ် စည်းရုံးရေး ပြဿနာကိုမဆို ဆုံးဖြတ်ခွင့်မရှိပေ။

ပါတီသည် ၎င်း၏လုပ်ငန်းထဲ၌ **အလုပ်သမားသမဂ္ဂများ** အပေါ်တွင် တိုက်ရိုက်မှီခိုထားသည်။ ဤသမဂ္ဂများသည် မျက်မှောက်၌ နောက်ဆုံးကွန်ဂရက် (၁၉၂၀ ခုနှစ် ဧပြီလ) စာရင်းအရ အဖွဲ့ဝင်ပေါင်း ၄ သန်းကျော်ရှိပြီး သဏ္ဍာန်အရ **ပါတီမဟုတ်သော** အဖွဲ့အစည်းတမျိုးဖြစ်သည်။ တကယ်တမ်းဆိုပါက သမဂ္ဂ အများတကာ့အများစု၏ ခေါင်းဆောင်အဖွဲ့အားလုံးတွင်လည်းကောင်း၊ ဦးစွာအားဖြင့် ဓမ္မတာအတိုင်းပင် ရုရှားပြည်လုံးဆိုင်ရာ အထွေထွေ အလုပ်သမားသမဂ္ဂဗဟို သို့မဟုတ် ဗျူရို (ရုရှားပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ဗဟိုကောင်စီ)တွင်လည်းကောင်း ကွန်မြူနစ်များပါဝင်ပြီး ပါတီ၏ညွှန်ကြားချက် အားလုံးကို အကောင်အထည်ဖော်ကြသည်။ သို့ဖြင့် တခုလုံးခြုံပြောရလျှင် ကျွန်တော်တို့၌ သဏ္ဍာန်အားဖြင့် ကွန်မြူနစ် မဟုတ်သော ပျော့ပြောင်းပြီး နှိုင်းယှဉ်ခြင်းအရ ကျယ်ပြန့်သော၊ အလွန်အင်အားကြီးသော ပစ္စည်းမဲ့ယန္တရား တခုရှိသည်။ ၎င်းမှတဆင့် ပါတီသည် **လူတန်းစားနှင့်လည်းကောင်း၊** လူထုများနှင့်လည်းကောင်း၊ နီးကပ်စွာဆက်စပ်ထားသည်။ ၎င်းမှတဆင့် ပါတီ၏ခေါင်းဆောင်မှုအောက်တွင် **လူတန်းစားအာဏာရှင်စနစ်**ကို ကျင့်သုံးပါသည်။ အလုပ်သမားသမဂ္ဂများနှင့် နီးကပ်သော ဆက်သွယ်မှုမရှိပါက စီးပွားရေး ထိုမျှမက **စစ်ရေးကိစ္စများတွင်ပါ** ၎င်းတို့၏ လှိုက်လှဲစွာထောက်ခံမှုနှင့် ကိုယ်ကျိုးစွန့်သော လုပ်ဆောင်မှုမရှိပါက အမှန်ပင်ကျွန်တော်တို့အဖို့ တိုင်းပြည်အုပ်ချုပ်ရန်နှင့် အာဏာရှင်စနစ်ကို ထိန်းသိမ်းထားရန်မှာ ၂ နှစ်ခွဲမဆိုထားနှင့် ၂ လခွဲပင်လျှင် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ဓမ္မတာပင် လက်တွေ့၌ ဤနီးကပ်သော ဆက်သွယ်မှုရရှိရန် အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များနှင့်သာမက ယေဘုယျအားဖြင့် ဩဇာရှိသော အလုပ်သမား သမဂ္ဂဝင်များနှင့်ပါ ဝါဒဖြန့်ချိပညာပေး လှုံ့ဆော်စည်းရုံးခြင်း အချိန်မှီနှင့် မကြာခဏကွန်ဖရင့်များ ကျင်းပခြင်းစသည့် သဏ္ဍာန်များဖြင့် အလွန်ရှုပ်ထွေးများပြားသော လုပ်ငန်းများ လုပ်ဆောင်ရပေမည်။ တချိန်တည်းမှာပင် မင်ရှီဗစ်များကို ပြတ်သားစွာ ဆန့်ကျင်တိုက်ခိုက်ရမည်။ သူတို့တွင် အလွန်နည်းပါးသော နောက်လိုက်အချို့ ရှိနေဆဲဖြစ်သည်။ သူတို့သည် သူတို့၏ နောက်လိုက်များအား

**ဓနရှင်ဒီမိုကရေစီ**ကို တွေးခေါ်မှုအရ ကာကွယ်ရေးနှင့် အလုပ်သမား သမဂ္ဂများ၏ "အမှီခိုကင်းရေး"(ပစ္စည်းမဲ့လူတန်းစား နိုင်ငံတော် အာဏာမှ အမှီခိုကင်းရေး)ကို ဟောပြောခြင်းမှနေ၍ ပစ္စည်းမဲ့လူတန်းစား စည်းကမ်းကို ဖျက်ဆီးခြင်း စသည်တို့အထိ တန်ပြန်တော်လှန်ရေး လိမ်လည်ချက်မျိုးစုံကို သင်ကြားထားလေသည်။

အလုပ်သမားသမဂ္ဂများမှတဆင့်"လူထုများ"နှင့်ဆက်သွယ်မှုသည် မလုံလောက်ဟု ကျွန်တော်တို့ ယူဆသည်။ တော်လှန်ရေး တလျှောက်တွင် လက်တွေ့လုပ်ဆောင်မှုများက **ပါတီမဟုတ်သော အလုပ်သမား၊ လယ်သမားများ ကွန်ဖရင့်များကို** ဖော်ထုတ်ပေးခဲ့သည်။ ထို့ပြင် လူထုများ၏ စိတ်ဓာတ်ကို စူးစမ်းရန်၊ သူတို့နှင့်နီးကပ်လာရန် သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆီးရန်၊ သူတို့ထဲမှ အတော်ဆုံးသူများကို နိုင်ငံတော်ဝန်ထမ်း နေရာများသို့ မြှင့်တင်ရန်စသည်တို့ကို လုပ်နိုင်ရေးအတွက် ဤအဖွဲ့အစည်းများကို ထောက်ခံ၍ ဖြစ်ပေါ်တိုးပွားစေပြီး တိုးချဲ့ရန် နည်းလမ်းမျိုးစုံဖြင့် ကျွန်တော်တို့ ကြိုးစားကြသည်။ မကြာသေးမီက ထုတ်ပြန်ထားသော နိုင်ငံတော်ကြီးကြပ်ရေး ပြည်သူ့ဝန်ကြီးအဖွဲ့အား "အလုပ်သမား၊ လယ်သမား စစ်ဆေးရေးဌာန"အဖြစ် ပြောင်းလဲ ဖွဲ့လိုက်သည့် အမိန့်အရ ဤသို့သော ပါတီမဟုတ်သည့် ကွန်ဖရင့်မျိုးသည် စုံစမ်းစစ်ဆေးရေးအမျိုးမျိုးကို လုပ်ဆောင်မည့် နိုင်ငံတော်ကြီးကြပ်ရေး အဖွဲ့ဝင်များ ရွေးကောက်ရန် အခွင့်အာဏာ ရလိုက်ပေ၏။

ဓမ္မတာပင် ပါတီ၏အလုပ်မှန်သမျှကို ဆိုဗီယက်များမှတဆင့် လုပ်ဆောင်သည်။ ယင်းအဖွဲ့များတွင် အလုပ်အကိုင်အမျိုးမျိုးရှိသည့် လုပ်သားလူထုများ ပါဝင်သည်။ ဆိုဗီယက်များ၏ ခရိုင်ကွန်ဂရက်များသည် **ဒီမိုကရေစီ** အဖွဲ့အစည်းများ ဖြစ်သည်။ ၎င်းနှင့်အလားတူ အဖွဲ့မျိုးကို ဓနရှင်ကမ္ဘာ၏ အကောင်းဆုံး ဒီမိုကရေစီ သမ္မတနိုင်ငံများ၌ပင် မည်သည့်အခါကမျှ မတွေ့ခဲ့ရဘူးပေ။ ထို့ပြင် ဤကွန်ဂရက်များ (၎င်း၏ လုပ်ငန်းများကို ပါတီက နီးကပ်စွာဂရုစိုက် စောင့်ကြည့်ခဲ့သည်) မှတဆင့်လည်းကောင်း၊ ကျေးလက်ခရိုင်များရှိ အဆင့်နေရာ အသီးသီးတွင် လူတန်းစားအသိရှိသော အလုပ်သမားများကို အဆက်မပြတ် ခန့်အပ်ခြင်းဖြင့်လည်းကောင်း ပစ္စည်းမဲ့လူတန်းစားသည် လယ်သမားလူတန်းစား၏ ခေါင်းဆောင်အဖြစ် သူ၏အခန်းကို အကောင်အထည်ဖော်သည်။ မြို့နေပစ္စည်းမဲ့လူတန်းစား၏ အာဏာရှင်စနစ်ကို အကောင်အထည်ဖော်ကာ ချမ်းသာသော၊ ဓနရှင်ဖြစ်သော၊ သွေးစုပ်အမြတ်ကြီးစားသော လယ်သမားကိုဆန့်ကျင်သည့် စနစ်ကျသောတိုက်ပွဲကိုဆင်နွှဲခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့၏။

ဤကား“အထက်မှ”ကြည့်မြင်သော အာဏာရှင်စနစ် လက်တွေ့အကောင်အထည် ဖော်ရေးအမြင်မှ ကြည့်မြင်သော ပစ္စည်းမဲ့ နိုင်ငံတော်အာဏာယန္တရား တခုလုံးပင်ဖြစ်၏။ ရုရှားဖော်ရီဇစ်များသည် ဤယန္တရားကို ကောင်းစွာရင်းနှီးပြီး ဥပဒေပ မြေအောက်အစုကလေးများမှ ကြီးပြင်းလာသည်ကို ၂၅ နှစ်တိုင်တိုင် ကြည့်ရှုလာခဲ့သည်။ ထို့ကြောင့်“အထက်မှ”**သို့မဟုတ်**“အောက်ခြေမှ”ဟုလည်းကောင်း၊ ခေါင်းဆောင်များ၏ အာဏာရှင်စနစ် **သို့မဟုတ်** လူထုများ၏ အာဏာရှင်စနစ်ဟုလည်းကောင်း  စသည့်ပြောဆိုမှု အားလုံးမှာ လူတယောက်အတွက် လက်ဝဲဘက်ခြေထောက်က ပို၍အသုံးဝင်သလော သို့မဟုတ် လက်ယာဘက်လက်က ပို၍ အသုံးဝင်သလောဟု ငြင်းခုံနေသကဲ့သို့ ရယ်စရာနှင့် ကလေးဆန်သော အချည်းနှီးကိစ္စအဖြစ် ဖော်ရီဇစ်များက သဘောထားသည်ကို စာဖတ်သူကောင်းစွာ နားလည်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ထို့ပြင် ကွန်မြူနစ်များသည် ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများတွင် မလုပ်နိုင်၊ မလုပ်ရဟုလည်းကောင်း၊ ဤအလုပ်မျိုးကို ပယ်ချရန် ခွင့်ပြုနိုင်သည်ဟုလည်းကောင်း ၊ အလုပ်သမားသမဂ္ဂများကို စွန့်ခွာရန်နှင့် အလွန်ကောင်းမွန်သော (ထို့ပြင် အများပိုင်းသည် အလွန်ငယ်ရွယ်ကောင်း ငယ်ရွယ်ပေလိမ့်မည်) ကွန်မြူနစ်များက တီထွင်လိုက်သည့် အထူးသန့်စင်သော“အလုပ်သမားစုပေါင်းအဖွဲ့”အသစ်စက်စက်ကို ဖန်တီးရန်လိုအပ်သည်ဟုလည်းကောင်း စသည့် ဂျာမန်လက်ဝဲများ၏ ဟိတ်ဟန်ထုတ်ပြီး အလွန်ပညာရှိသော အလွန်အကျွံ တော်လှန်ရေးကျသော ရေးသားပြောဆိုချက်များကို အလားတူပင် ရယ်စရာနှင့် ကလေးဆန်သော အချည်းအနှီး ကိစ္စဟု ကျွန်တော်တို့ သဘောမထားဘဲ မနေနိုင်။

အရင်းရှင်ဝါဒသည် မလွဲမသွေပင် တဖက်တွင် ဆိုရှယ်လစ်ဝါဒအား အလုပ်သမားများအတွင်း ရာစုနှစ်ပေါင်းများစွာ အတွင်း၌ ဖြစ်ပေါ်ခဲ့သည့် ဟောင်းနွမ်းသော အလုပ်အကိုင်နှင့် အတတ်ပညာအရ ကွဲပြားမှုများအား အမွေအနှစ်အဖြစ် ထားရှိခဲ့သည်။ ၎င်းတို့သည် အလွန်ရှည်ကြာသော နှစ်ကာလများစွာအတွင်း၌ လက်မှုလုပ်ငန်းတူအဖွဲ့ အရိပ်လက္ခဏာ နည်းပါးသည့် ပိုမိုကျယ်ပြန့်သော စက်မှုသမဂ္ဂများ (လက်မှုအတတ်ပညာအရ၊ လုပ်ငန်းအရနှင့် အလုပ်အကိုင်အရသာမက ထုတ်လုပ်ရေးဌာနတခုလုံး အကြုံးဝင်သည်) အဖြစ် အလွန်နှေးကွေးသည့်နှုန်းဖြင့်သာ ဖြစ်ပေါ်တိုးပွားသွားနိုင်သည်။ သွားလည်းသွားလိမ့်မည်။ ထို့နောက် ဤစက်မှုသမဂ္ဂများမှတဆင့် လူများအတွင်း အလုပ်ခွဲဝေမှုကို ဖျက်သိမ်းရန်နှင့် **အရာတိုင်းကို**

**လုပ်နိုင်စွမ်းရှိသော** သူများဖြစ်လာရန် **ဘက်စုံဖြစ်ပေါ်တိုးပွားမှုနှင့် ဘက်စုံ** လေ့ကျင့်မှုတို့ဖြင့် ပညာပေးသင်ကြားလေ့ကျင့်ရန် ဆက်လက်ပြုလုပ်ပေလိမ့်မည်။ ကွန်မြူနစ်ဝါဒသည် ဤပန်းတိုင်သို့ ရှေးရှုချီတက်နေသည်။ ချီလည်းချီတက်ရမည်။ ထို့ပြင် **ဤပန်းတိုင်သို့ မုချရောက်ရှိလိမ့်မည်။** သို့သော် နှစ်ပေါင်းများစွာ ကုန်ဆုံးပြီးမှသာ ရောက်လိမ့်မည်။ ယခုအချိန်တွင် အနာဂတ်၌ ရရှိလာမည့် အပြည့်အစုံ ဖြစ်ပေါ်တိုးပွားသော လုံးဝတည်ငြိမ်ပြီး အပြည့်အဝဖြစ်လာသော၊ အပြည့်အဝ ကျယ်ပြန့်ပြီး ရင့်ကျက်လာသော ကွန်မြူနစ်ဝါဒကို လက်တွေ့ကြိုတင်လုပ်ကိုင်ရန် ကြိုးစားခြင်းသည် လေးနှစ်အရွယ်ကလေးငယ်အား အဆင့်မြင့်သင်္ချာသင်ကြားရန် ကြိုးစားသည်နှင့် တူပေလိမ့်မည်။

ကျွန်တော်တို့သည် ဆိုရှယ်လစ်စနစ်ကို စိတ်ကူးကြံဆထားသော လူသားရုပ်ဝတ္ထုဖြင့်သော်လည်းကောင်း၊ ကျွန်တော်တို့က အထူးပြင်ဆင်ထားသော လူသားရုပ်ဝတ္ထုဖြင့်သော်လည်းကောင်း တည်ဆောက်ခြင်းမဟုတ်ဘဲ အရင်းရှင်ဝါဒက ကျွန်တော်တို့အတွက် ထားရှိခဲ့သော လူသားရုပ်ဝတ္ထုများဖြင့်သာ စတင်တည်ဆောက်နိုင်သည် (တည်လည်းတည်ဆောက်ရမည်) ဖြစ်သည်။ မှန်၏။ ၎င်းကား အလွန်ခက်ခဲသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် ဤလုပ်ငန်းတာဝန်နှင့် ပတ်သက်၍ အခြားမည်သည့် ချဉ်းကပ်မှုမျိုးကမှ ထည့်သွင်းဆွေးနွေးလောက်အောင် အရေးမကြီးပေ။

အလုပ်သမားသမဂ္ဂများသည် အရင်းရှင်ဖြစ်ပေါ်တိုးပွားမှု အစောပိုင်းရက်များတွင် အလုပ်သမားလူတန်းစားအတွက် အလွန်ကြီးမားသော တက်လှမ်းမှုတခုဖြစ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလုပ်သမားများ၏ စည်းလုံးမှုမရှိခြင်းနှင့် ချည့်နဲ့ခြင်းနှင့် ချည့်နဲ့ခြင်းမှနေ၍ လူတန်းစားစုစည်းမှု၏ **အစပျိုးချက်သို့** ကူးပြောင်းရေးကို ကိုယ်စားပြုသောကြောင့် ဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစား အဖွဲ့အစည်း၏ **အမြင့်ဆုံး**သဏ္ဍာန် ဆိုလိုသည်မှာ **ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးပါတီ** (၎င်းသည် ခေါင်းဆောင်များကို လူတန်းစား၊ လူထုများနှင့် ခွဲခွာ၍ မရနိုင်သော တခုတည်းသော အရာအဖြစ်ပေါင်းစည်းရန် မတတ်မြောက်သေးသမျှ ဤအမည်ကို မခံယူထိုက်သေးပေ) ပေါ်ထွက်လာသောအခါ အလုပ်သမား သမဂ္ဂများသည် မရှောင်မလွှဲသာဘဲ **တစုံတရာသော** ဖောက်ပြန်ရေးလက္ခဏာများ၊ တစုံတခုသော လက်မှုအတတ်အပညာ ကျဉ်းမြောင်းမှု၊ နိုင်ငံရေးနှင့် မပတ်သက်ဟူသော တစုံတရာသော တိမ်းညွတ်မှု၊ တစုံတရာသော မတက်ကြွမှု စသည်တို့ကို စတင်ဖော်ပြလာပေ၏။ သို့သော် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို ပစ္စည်းမဲ့လူတန်းစား

ဖြစ်ပေါ်တိုးပွားမှုသည် အလုပ်သမားသမဂ္ဂများမှတဆင့်လည်းကောင်း၊ အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမား လူတန်းစားပါတီအကြား အပြန်အလှန် အကျိုးရှိသော လှုပ်ရှားမှုမှတဆင့်လည်းကောင်း မဖြတ်သန်းပါက ရှေ့သို့မတက်လှမ်းခဲ့။ တက်လည်းမတက်လှမ်းနိုင်ပေ။ ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာ ရရှိခြင်းသည် ပစ္စည်းမဲ့လူတန်းစားအတွက် လူတန်းစားတရပ်အနေနှင့် အလွန်ကြီးမားသော တက်လှမ်းမှုတခုဖြစ်သည်။ ပါတီသည် အလုပ်သမားသမဂ္ဂများကို နည်းလမ်းဟောင်းဖြင့် မဟုတ်ဘဲနည်းလမ်းသစ်ဖြင့် ယခင်ကထက်ပို၍ ပညာပေးလမ်းညွှန်မည်။ တချိန်တည်းမှာပင် အလုပ်သမားသမဂ္ဂများသည် မရှိမဖြစ်သော"ကွန်မြူနစ်ဝါဒကျောင်း"နှင့် ပစ္စည်းမဲ့လူတန်းစားအတွက် မိမိတို့၏ အာဏာရှင်စနစ်ကို လေ့ကျင့်ပေးထားသော ပဏာမကျောင်းအဖြစ်လည်းကောင်း၊ ထိုတိုင်းပြည်၏ စီးပွားရေး ဘဝတခုလုံး၏ စီမံအုပ်ချုပ်မှုကို အလုပ်သမား**လူတန်းစား** (သီးခြားလုပ်ငန်းအလိုက် မဟုတ်)နှင့် နောင်တွင်လုပ်သား ပြည်သူအားလုံးထံသို့ တဖြည်းဖြည်း လွှဲပြောင်းပေးရေးအတွက် မရှိမဖြစ်သော အလုပ်သမားအဖွဲ့အစည်းအဖြစ်လည်းကောင်း ရှည်ကြာစွာ ဆက်လက်တည်ရှိမည်ကို မမေ့ရပေ။

"ဖော်ပြခဲ့သော အဓိပ္ပာယ်အရ"ဆိုသော် အလုပ်သမားသမဂ္ဂများထဲရှိ **တစုံတရာသော**"ဖောက်ပြန်မှု"သည် ပစ္စည်းမဲ့အာဏာရှင်စနစ်အောက်တွင် **ရှောင်လွှဲ၍မရနိုင်**ပေ။ ဤသည်ကို နားမလည်ခြင်းသည် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ **ကူးပြောင်းရေး** အခြေခံအကြောင်းအချက်များကို လုံးဝနားမလည်ခြင်းပင်ဖြစ်၏။ ဤ"ဖောက်ပြန်မှု"ကို ကြောက်ရွံ့ခြင်း၊ ၎င်းကို **ရှောင်ကွင်းရန်**၊ ကျော်လွှားရန် ကြိုးစားခြင်းတို့သည် မိုက်လုံးကြီးမှုပင်ဖြစ်သည်။ အကြောင်းမူ အလုပ်သမားလူတန်းစားနှင့် လယ်သမားထုမှ ခေတ်နောက်အကျဆုံးအလွှာနှင့် လူထုများကို လေ့ကျင့်ပေးရေး၊ ပညာပေးရေး၊ မျက်စိဖွင့်ပေးရန်နှင့် ဘဝသစ်သို့ ခေါ်ဆောင်ရေးတို့ အကြုံးဝင်သော ပစ္စည်းမဲ့တပ်ဦး၏ လုပ်ဆောင်ရမည့်တာဝန်ကို ကြောက်လန့်ခြင်းကြောင့်ဖြစ်သည်။ အခြားတဖက်၌ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ် ထမြောက်အောင်မြင်ရေးကို ကျဉ်းမြောင်းသော လက်မှုအတတ်ပညာအမြင် သို့မဟုတ် လက်မှုအတတ်ပညာနှင့် လက်မှုအတတ်ပညာသမဂ္ဂ အစွဲအလန်းများရှိသော အလုပ်သမားတယောက်မျှ မကျန်ရစ်သည့် ကာလအထိ ရွှေ့ဆိုင်းခြင်းသည် ပို၍ကြီးမားသော အမှားတခု ဖြစ်လိမ့်မည်။ နိုင်ငံရေးအနုပညာ (ထို့ပြင် ကွန်မြူနစ်များ၏ မိမိလုပ်ငန်း တာဝန်ကိုမှန်ကန်စွာနားလည်ခြင်း) သည် ပစ္စည်းမဲ့လူတန်းစား တပ်ဦးအာဏာကို အောင်မြင်စွာ

သိမ်းယူနိုင်မည့်ကာလ၊ အာဏာသိမ်းယူစဉ်အတွင်းနှင့် နောက်တွင် အလုပ်သမားလူတန်းစားနှင့် ပစ္စည်းမဲ့မဟုတ်သော လုပ်သားလူထုများ၏ အလွန်ကျယ်ပြန့်သော အလွှာထံမှ အပြည့်အဝ ထောက်ခံမှုကို ရနိုင်မည့်ကာလနှင့် ထို့နောက်၌ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာသော လုပ်သားပြည်သူလူထုကြီးကို ပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ဆွဲဆောင်ခြင်းဖြင့် မိမိ၏အုပ်စိုးမှုကို ခိုင်မာတောင့်တင်း တိုးချဲ့နိုင်စွမ်း ရှိမည့် ကာလနှင့် အကြောင်းအချက်များကို မှန်ကန်စွာ ခန့်မှန်းတွက်ချက်ခြင်းတို့ ပင်ဖြစ်သည်။

ထို့ပြင် ရုရှားပြည်ထက် ပိုမိုရှေ့တန်းရောက်သော တိုင်းပြည်များ၌ အလုပ်သမား သမဂ္ဂများတွင် တစုံတခုသော ဖောက်ပြန်မှုသည် ကျွန်တော်တို့ တိုင်းပြည်မှာထက် ပိုမိုဆိုးဝါးစွာ ဖော်ပြနေသည်။ မုချဖော်ပြရန်ရှိသည်။ အလုပ်သမားများ၏ လက်မှုအတတ်ပညာ ကျဉ်းမြောင်းမှု၊ လက်မှုအတတ်ပညာအရ ကိုယ်ကျိုးကြည့်မှုနှင့် အချောင်ဝါဒများကြောင့် ကျွန်တော်တို့ မင်ရှီဗစ်များသည် အလုပ်သမားများထဲတွင် ထောက်ခံမှုရရှိခဲ့သည်။ (ထို့ပြင် အလွန်နည်းသော အချို့အလုပ်သမား သမဂ္ဂများတွင်လည်း ယခုထိတွေ့ရဆဲ ဖြစ်သည်။) အနောက်တိုင်းမှ မင်ရှီဗစ်များသည် အလုပ်သမားသမဂ္ဂများထဲတွင် ပိုမိုခိုင်မြဲသော "ခြေကုတ်"ရရှိခဲ့သည်။ ထိုနေရာ၌ **လက်မှုအတတ်ပညာသမဂ္ဂ၏ ကျဉ်းမြောင်းမှု၊ တကိုယ်ကောင်းဆန်မှု၊ အရေထူမှု၊ လောဘကြီးမှုတို့နှင့် နယ်ချဲ့ဘက်သို့တိမ်းညွတ်ခြင်း၊ နယ်ချဲ့အဝယ်ခံခြင်း၊ နယ်ချဲ့လိုက်စားမှုခံရခြင်းတို့ရှိသည့် ခနရှင်ပေါက်စ "အလုပ်သမား မင်းညီမင်းသား"** တို့သည် ကျွန်တော်တို့ တိုင်းပြည်မှာထက် ပိုမိုတောင့်တင်းသော အလွှာအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ဤသည်ကို မငြင်းပယ်နိုင်ပေ။ အနောက်ဥရောပရှိ ဂွန်ပါများကိုလည်းကောင်း၊ လူကြီးမင်း ဂျူဟော့၊ ဟင်ဒါဆင်၊ မာဟိမ်း၊ လီဂျင်နှင့် အပေါင်းပါတို့ကိုလည်းကောင်း ဆန့်ကျင်သောတိုက်ပွဲသည် လူမှုရေးနှင့် နိုင်ငံရေး အသွင်အပြင်အရ **လုံးဝတူညီသော** အမျိုးအစားဖြစ်သည့် ကျွန်တော်တို့၏ မင်ရှီဗစ်များကို ဆန့်ကျင်သော တိုက်ပွဲထက် ပိုမိုခက်ခဲလှ၏။ ဤတိုက်ပွဲကို အကြင်နာကင်းမဲ့စွာ ဆင်နွှဲရမည်ဖြစ်ပြီး ကျွန်တော်တို့ လုပ်ခဲ့သည့်အတိုင်း အချောင်ဝါဒနှင့် ဆိုရှယ် ရှောင်ဗင်ဝါဒ၏ ကုစား၍မရနိုင်သော ခေါင်းဆောင်အားလုံးကို လုံးဝအရှက်ရစေကာ အလုပ်သားသမဂ္ဂများထဲမှ မောင်းထုတ်ခဲ့သည်အထိ မပျက်မကွက် လုပ်ရမည်။ တိုက်ပွဲသည် **တစုံတရာသော** အဆင့်သို့ မရောက်မချင်း နိုင်ငံရေးအာဏာကို မသိမ်းယူနိုင် (သိမ်းယူရန်လည်း မကြိုးစားရ)။ ဤ"တစုံတရာသောအ

ဆင့်''သည် မတူသော တိုင်းပြည်နှင့် မတူသော အခြေအနေများအရ **ခြားနားမှု** ရှိပေလိမ့်မည်။ ၎င်းကို သက်ဆိုင်ရာ တိုင်းပြည်တိုင်းရှိ အမြော်အမြင်ရှိသော၊ အတွေ့အကြုံ ကြွယ်ဝသော၊ အသိပညာ ပြည့်ဝသော ပစ္စည်းမဲ့လူတန်းစား၏ နိုင်ငံရေး ခေါင်းဆောင်များကသာ မှန်ကန်စွာ ခန့်မှန်းနိုင်၏။ (ရုရှားပြည်တွင် ဤတိုက်ပွဲ အောင်မြင်မှုစံများအနက်မှ တခုမှာ ၁၉၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက် ပစ္စည်းမဲ့တော်လှန်ရေးပြီးနောက် ရက်အနည်းငယ်အတွင်း ဆိုလိုသည်မှာ ၁၉၁၇ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သော တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများဖြစ်သည်။ ဤရွေးကောက်ပွဲတွင် မင်ရှီဗစ်များ လုံးဝအရေးနိမ့်ခဲ့၏။ ဗော်ရှီဗစ်များ ရရှိခဲ့သောမဲပေါင်း ၉ သန်းနှင့် ဆန့်ကျင်စွာပင် မင်ရှီဗစ်များသည် မဲပေါင်း ၇ သိန်းရခဲ့သည်။ ထရန်ကော့ကေးရှ မဲကို ထည့်ပေါင်းပါမှ ၁ သန်း ၄ သိန်းသာ ရရှိခဲ့၏။ **ကွန်မြူနစ်အင်တာနေရှင်နယ်** ဂျာနယ် အမှတ် ၇၊ ၈ ရှိ''တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်'' ဟူသော ကျွန်တော်၏ ဆောင်းပါးကိုကြည့်ပါ။)

သို့သော် ကျွန်တော်တို့သည် အလုပ်သမားလူထုများ အမည်ဖြင့်''အလုပ်သမား မင်းညီမင်းသား''အား ဆန့်ကျင်သော တိုက်ပွဲကိုဆင်နွှဲခြင်းမှာ အလုပ်သမားလူထုများကို ကျွန်တော်တို့ဘက်သို့ သိမ်းသွင်းယူရန်ဖြစ်၏။ အချောင်သမားနှင့် ဆိုရှယ်ရှော်ဗင် ခေါင်းဆောင်များကို ဆန့်ကျင်သောတိုက်ပွဲ ဆင်နွှဲခြင်းမှာ အလုပ်သမားလူတန်းစားများအား ကျွန်တော်တို့ဘက်ကို သိမ်းသွင်းယူရန် ဖြစ်သည်။ ဤ အရင်းခံအကျဆုံးနှင့် အထင်ရှားဆုံး အမှန်တရားကို မေ့လျော့ထားပါက မိုက်မဲရာကျပေသည်။ ထို့ပြင် အတိအကျအားဖြင့် အလုပ်သမားသမဂ္ဂ **ထိပ်ပိုင်းခေါင်းဆောင်မှု၏** ဖောက်ပြန်ရေးနှင့် တန်ပြန်တော်လှန်ရေး လက္ခဏာ**ကြောင့်** အလုပ်သမား သမဂ္ဂများကို''စွန့်ခွာ''ရမည်။ ၎င်းထဲတွင် အလုပ်လုပ်ဖို့ ငြင်းဆိုရမည်။ အလုပ်သမား အဖွဲ့အစည်း၏ **လုပ်ယူထားသော** သဏ္ဍာန်သစ်များကို ဖန်တီးရမည်ဟူသော နိဂုံးချုပ်များသို့ သူတို့ဆိုက်ရောက်သွားခြင်းဖြင့် ဂျာမန်''လက်ဝဲ''ကွန်မြူနစ်များသည် ဤသို့သော မိုက်မဲမှုမျိုးကို ကျူးလွန်ခဲ့ကြသည်။ ဤသည်မှာ ကွန်မြူနစ်များက ခေတ်ရှင်လူတန်းစားကို အကြီးမားဆုံး အလုပ်အကျွေးပြုခြင်းနှင့် မခြားသော ခွင့်မလွှတ်နိုင်သည့် မိုက်မဲမှုဖြစ်၏။ ကျွန်တော်တို့၏ မင်ရှီဗစ်များသည် အချောင်သမား၊ ဆိုရှယ်ရှော်ဗင်သမား၊ ကောက်စကီးဝါဒီ အလုပ်သမားသမဂ္ဂခေါင်းဆောင်များ အားလုံးကဲ့သို့ပင်''အလုပ်သမားလူတန်းစား လှုပ်ရှားမှုထဲရှိ ခေတ်ရှင်လူတန်းစား၏ ကိုယ်စားလှယ်များ''(ကျွန်တော်တို့သည် မင်ရှီဗစ်များကို ဤအတိုင်း တလျှောက်လုံး ခေါ်ဝေါ်ခဲ့

သည်) သို့မဟုတ် အမေရိကန်ပြည်ရှိ ဒယ်နီရယ်ဒီလွန်း နောက်လိုက်များ၏ ပြောင်မြောက်နက်ရှိုင်းသော စစ်မှန်သည့် အသုံးအနှုန်းအတိုင်းဆိုရသော်“အရင်းရှင်လူတန်းစား အလုပ်သမားလက်ထောက်အရာရှိများ”မှတပါး အခြားမဟုတ်ပေ။ ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများထဲတွင် လုပ်ကိုင်ရန် ငြင်းဆန်ခြင်းသည် ဖြစ်ပေါ်တိုးပွားခြင်း အပြည့်အဝ မရှိသေးသော သို့မဟုတ် ခေတ်နောက်ကျသော အလုပ်သမားလူထုများကို ဖောက်ပြန်သော ခေါင်းဆောင်များ၊ ဓနရှင်လူတန်းစား၏ ကိုယ်စားလှယ်များ၊ အလုပ်သမားမင်းညီမင်းသားများ သို့မဟုတ်“လုံးဝဓနရှင် ဖြစ်လာသော အလုပ်သမားများ”(ဖြိတိသျှ အလုပ်သမားများအကြောင်းနှင့် ပတ်သက်၍ ၁၈၅၈ ခုနှစ်တွင် အိန်ဂယ်မှ မာ့က်စ်သို့ပေးစာကို ကိုးကားသည်) ဩဇာအောက်တွင် ပစ်ထားလိုက်ခြင်း ဖြစ်သည်။

ကွန်မြူနစ်များသည် ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများထဲတွင် မလုပ်ရဟူသော ဤမဟုတ်မဟတ်“သဘောတရား”က“လူထုများ”ကို ဩဇာသက်ရေးပြဿနာနှင့် ပတ်သက်၍“လက်ဝဲ”ကွန်မြူနစ်များ၏ သဘောထားသည် မည်မျှပေါ့ဆသည်ကိုလည်းကောင်း၊“လူထုများ”နှင့်ပတ်သက်၍ သူတို့၏ ဟစ်အော်မှုများသည် မည်မျှကမောက်ကမ ဖြစ်သည်ကိုလည်းကောင်း အရှင်းလင်းဆုံး ဖော်ပြလိုက်ပေသည်။ အကယ်၍ သင်သည်“လူထုများ”ကို ကူညီလိုပါက “လူထုများ”၏ စာနာမှုနှင့် ထောက်ခံမှုကို ရယူလိုပါက အခက်အခဲများကို မကြောက်ရ။ “ခေါင်းဆောင်များ”(၎င်းတို့သည် အချောင်သမားများနှင့် ဆိုရှယ်ရှောင်ဗင်သမားများ ဖြစ်သည့်အတိုင်း ကိစ္စများစွာတွင် ဓနရှင်လူတန်းစားနှင့်လည်းကောင်း၊ ပုလိပ်များနှင့် လည်းကောင်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဆက်သွယ်ထားသည်။) ၏အပြစ်ရှာမှုများ၊ နှောက်ယှက်မှုများ၊ စော်ကားမှု၊ နှိပ်စက်ညှဉ်းပန်းမှုများကို မကြောက်ရ။ သို့သော် **လူထုများရှိသည့် နေရာတိုင်းတွင်** မုချသွား၍ အလုပ်လုပ်ရမည်။ အဖောက်ပြန်ဆုံးများထဲမှာပင် ဖြစ်ပါစေ ပစ္စည်းမဲ့ သို့မဟုတ် ပစ္စည်းမဲ့ တပိုင်းလူထုများ တွေ့ရှိနိုင်မည့် ဤသို့သော အဖွဲ့များ၊ အသင်းများ၊ အစည်းအရုံးများတွင် စနစ်တကျ ဇွဲရှိစွာ၊ မြဲမြံစွာ၊ ခိုင်မြဲစွာ၊ စိတ်ရှည်စွာဖြင့် လှုံ့ဆော်ဝါဒဖြန့်ရန်အတွက် သင်သည် မည်သည့် စွန့်လွှတ်မှုကိုမဆို ပြုနိုင်စွမ်းရှိပြီး အကြီးမားဆုံး အခက်အခဲများကို ကျော်နင်းနိုင်စွမ်းရှိရမည်။ ထို့ပြင် အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမား သမဝါယမများ (အနည်းဆုံးအားဖြင့် တခါတရံတွင်) ၎င်းသမဝါယမများသည် လူထုများအား တွေ့ရှိနိုင်သည့် ဤသို့သော အဖွဲ့အစည်းများပင်ဖြစ်၏။ ၁၉၂၀ ခုနှစ် မတ်လ ၁၀

ရက်နေ့ထုတ် ဆိုရှယ်ဒီမိုကရက်ဆိုဒင်သတင်းစာ"ပြည်သူ့နိုင်ငံရေးနေ့စဉ်"တွင် ဖော်ပြထားသော စာရင်းများအရ အင်္ဂလန်ပြည်တွင် အလုပ်သမားသမဂ္ဂဝင်များသည် ၁၉၁၇ ခုနှစ် ကုန်ခါနီးတွင် ၅ သန်း ၅ သိန်းရှိပြီး ၁၉၁၈ ခုနှစ် နှစ်ကုန်ခါနီးတွင် ၆ သန်း ၆ သိန်းအထိဖြစ်လာပြီး ၁၉ ရာခိုင်နှုန်း တိုးများလာသည်။ ၁၉၁၉ ခုနှစ် နှစ်ကုန်ခါနီးတွင် ၇ သန်း ၅ သိန်းရှိမည်ဟု ခန့်မှန်းခဲ့၏။ ပြင်သစ်နှင့် ဂျာမနီအတွက် သက်ဆိုင်ရာ စာရင်းများ ကျွန်တော့်လက်ထဲတွင် မရှိပါ။ သို့သော် လုံးဝမငြင်းနိုင်သော အများသိကြသော အချက်အလက်များက ဤတိုင်းပြည်များတွင်လည်း အလုပ်သမားသမဂ္ဂဝင် လျင်မြန်စွာတိုးများ လာကြောင်းကို ပြသနေပေသည်။

ဤအချက်အလက်များသည် အခြားထောင်ပေါင်းများစွာသော ဖော်ပြချက်များက အတည်ပြုလိုက်သည့်အရာကို ဆိုလိုသည်မှာ လူတန်းစားအသိနှင့် စုရုံးဖွဲ့ရန်လိုလားမှုသည် ပစ္စည်းမဲ့လူထုများအတွင်း၊"အောက်ခြေ"အတွင်း၊ ခေတ်နောက်ကျသော အစိတ်အပိုင်းများအတွင်းတွင် ကြီးထွားလာကြောင်းကို ရှင်းလင်းပြတ်သားစွာ ပြသလိုက်သည်။ ဂရိ၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီပြည်တို့ရှိ အလုပ်သမားသန်းပေါင်းများစွာသည် အဖွဲ့အစည်း လုံးဝမရှိခြင်းမှနေ၍ မူလအစ အနိမ့်ဆုံး အရိုးဆုံးနှင့် (ဓနရှင်ဒီမိုကရေစီ စွဲလန်းမှုများ အပြည့်အဝ စိမ့်ဝင်နေဆဲဖြစ်သော သူများအတွက်) အလွယ်တကူ နားအလည်နိုင်ဆုံးသော စည်းရုံးရေးသဏ္ဌာန် (ဝါ) အလုပ်သမား သမဂ္ဂများသို့ **ပထမဆုံးအကြိမ်အဖြစ်** ကူးပြောင်း နေကြပေသည်။ သို့စေကာမူ တော်လှန်သော်လည်း ဆင်ခြင်မှုကင်းမဲ့သော လက်ဝဲ ကွန်မြူနစ်များသည် "လူထုများ–လူထုများ"ဟု နံဘေးမှနေ၍ ဟစ်အော်နေရင်း **အလုပ်သမား သမဂ္ဂများထဲတွင် လုပ်ကိုင်ရန် ငြင်းဆိုကြသည်။** အလုပ်သမား သမဂ္ဂများသည် "ဖောက်ပြန်သည်"ဟူသော အကြောင်းပြချက်ဖြင့် ငြင်းဆန်သည်။ ထို့ပြင် အသစ်စက်စက် သန့်စင်သော "အလုပ်သမား စုပေါင်းအဖွဲ့" လေးတခုကို တီထွင်ကြသည်။ ၎င်းအဖွဲ့သည် ဓနရှင်ဒီမိုကရေစီ အစွဲအလန်းမှ ကင်းရှင်းပြီး လက်မှု အတတ်ပညာသို့မဟုတ် ကျဉ်းမြောင်းသော လက်မှုအတတ်ပညာ သမဂ္ဂပြစ်မှုများ ကင်းစင်၍ သူတို့ကြေညာသည့်အတိုင်း ကျယ်ပြန့်သော စည်းရုံးရေးဖြစ်လိမ့်မည် (ဖြစ်လိမ့်မည်)။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်အတွက် **တခုတည်းသော** (တခုတည်း) အကြောင်းအချက်မှာ "ဆိုဗီယက်စနစ်နှင့် အာဏာရှင်စနစ်ကို အသိအမှတ်ပြုရေး" ဖြစ်လိမ့်မည်။ (အထက်တွင် ကိုးကားထားသော စာပိုဒ်တွင်ကြည့်ပါ)

"လက်ဝဲ" တော်လှန်ရေးသမားများက ပြုလုပ်သည်ထက် ပိုမိုကြီးမားသည့်

မိုက်မဲမှု ပိုမိုကြီးမားသည့် ဆုံးရှုံးမှုကို စဉ်းစား၍ မရနိုင်ပေ။ အဘယ်ကြောင့်နည်း။ အကယ်၍ ကျွန်တော်တို့သည် ရှရှားခေနရှင်လူတန်းစားနှင့် ၎င်း၏ မဟာမိတ်များ အပေါ် မကြုံစဘူး အောင်ပွဲများ ရရှိပြီးနောက် ၂ နှစ်ခွဲအကြာ ယနေ့ရှရှားပြည်တွင် အလုပ်သမားသမဂ္ဂ ဝင်ရောက်ခွင့်အတွက် အကြောင်းအချက် တခုအဖြစ် "အာဏာ ရှင်စနစ် အသိအမှတ်ပြုရေး"ကို သတ်မှတ်ခဲ့ပါလျှင် ကျွန်တော်တို့သည် မိုက်မဲရာ ကျလိမ့်မည်။ လူထုများအပေါ် ကျွန်တော်တို့၏ ဩဇာကိုဖျက်ဆီးရာကျပြီး မင်ရှီဗစ်များ ကို ကူညီရာရောက်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်များ၏ လုပ်ငန်း တာဝန် တခုလုံးမှာ ခေတ်နောက်ကျသော အစိတ်အပိုင်းများကို **သက်ဝင် ယုံကြည် လာအောင်** လုပ်နိုင်စွမ်းရှိရန် ၎င်းတို့အတွင်းတွင် အလုပ်လုပ်ရန်နှင့် လုပ်ယူထား သော ကလေးဆန်သော"လက်ဝဲ"ကြွေးကြော်သံများဖြင့် **မိမိဘာသာခြံခတ် ထားခြင်း** မပြုရန် ဖြစ်သောကြောင့် ဖြစ်သည်။ လူကြီးမင်း ဂွန်ပါ၊ ဟင်ဒါဆင်၊ ဂျူဟော နှင့် လီဂျင်တို့သည်"မူအရ"(ဤသို့သော"မူများ"မှကင်းလွတ်ရန် ဘုရားသခင် ကယ်ပါ) ဂျာမန် အတိုက်အခံများကဲ့သို့သော သို့မဟုတ် အမေရိကန်ပြည် ကမ္ဘာ့ စက်မှုအလုပ်သမားအဖွဲ့[၅] ထဲရှိ တော်လှန်ရေးသမား အချို့ကဲ့သို့ ဖောက်ပြန်သည့် အလုပ်သမားသမဂ္ဂများအား စွန့်ခွာရေးကို ရှေ့နေလိုက်ပြီး ၎င်းတို့ထဲတွင် ပါဝင် လုပ်ကိုင်ရန် ငြင်းဆန်သော"လက်ဝဲ"တော်လှန်ရေးသမားများကို အလွန်ကျေး ဇူးတင်သည်မှာ သံသယရှိစရာမလိုပေ။ အချောင်ဝါဒ"ခေါင်းဆောင်များ" ဖြစ် သော ဤလူကြီးလူကောင်းများသည် ကွန်မြူနစ်များ အလုပ်သမားသမဂ္ဂများတွင် ပါ ဝင်ခြင်းကို တားဆီးရန် ကွန်မြူနစ်များအား နည်းအမျိုးမျိုးဖြင့် မောင်းထုတ်ရန် အလုပ်သမားသမဂ္ဂထဲရှိ သူတို့အလုပ်ကို အဆင်မပြေအောင် အစွမ်းကုန်လုပ်ခြင်း၊ သူတို့အား စော်ကားခြင်း၊ ထောင်ချောက်ဆင်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းတို့ကိုပြု လုပ်ရန် ခေနရှင်နိုင်ငံခြားရေး ပရိယာယ်လှည့်စားမှု မှန်သမျှနှင့် ခေနရှင်အစိုးရများ၊ ဘုန်းကြီးများ၊ ပုလိပ်နှင့် တရားရုံးများ၏ ကူညီမှုတို့ကို အားကိုးအားထားပြုမည်မှာ သံသယရှိစရာမလိုပေ။ ကျွန်တော်တို့သည် ဤအရာအားလုံးကို ရင်ဆိုင်ရန် စွန့် လွှတ်မှုမှန်သမျှ ပြုလုပ်နိုင်ကြရမည်။ ထို့ပြင် အကယ်၍ လိုအပ်ပါလျှင် အလုပ်သမား သမဂ္ဂများထဲ ရောက်ရှိရန်နှင့် ဆက်လက်ရပ်တည်ရန်အတွက်လည်းကောင်း သမဂ္ဂများထဲတွင် ကွန်မြူနစ်လုပ်ငန်း လုပ်ကိုင်သွားရန် အတွက်လည်းကောင်း မည်သို့ သော လှည့်စားမှုများ၊ ပရိယာယ်ဆင်မှုများ၊ ဥပဒေနည်းများ၊ လက်တလုံး ခြားလုပ်မှု များ၊ ဥာဏ်ကစားမှုများကိုမဆို ပြုလုပ်နိုင်စွမ်းရှိရမည်။ ဇာစနစ်အောက်တွင် ၁၉၀၅

ခုနှစ်တိုင်အောင် ကျွန်တော်တို့၌ "ဥပဒေတွင်း အခွင့်အလမ်းများ" မရှိပေ။ သို့သော် လျှို့ဝှက်ပုလိပ်မှ သူလျှိုဇူဘတ်တော့ဖ်သည် ဂိုဏ်းနက်အလုပ်သမား အဖွဲ့များနှင့် လုပ်သားအသင်းများကို တော်လှန်ရေးသမားများအား ကျုံးသွင်း၍ တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းသောအခါ ကျွန်တော်တို့သည် ဤအဖွဲ့များနှင့် အသင်းများသို့ ကျွန်တော်တို့ ပါတီဝင်များကို ပို့လွှတ်ခဲ့၏။ (၎င်းတို့အထဲမှ ကျွန်တော်မှတ်မိသည်မှာ ရဲဘော်ဘာဘူရှကင် ဖြစ်သည်။ သူသည် ထင်ရှားသော စိန့်ပီတာဇဘတ် အလုပ်သမားတယောက်ဖြစ်ပြီး ၁၉၀၆ ခုနှစ်တွင် ဇာဘုရင် စစ်ဗိုလ်ချုပ်များ၏ သတ်ဖြတ်ခြင်းခံရသည်)။ သူတို့သည် လူထုများနှင့် အဆက်အသွယ်ယူကာ လှုံ့ဆော်ရေးကို ဆက်လက်စီစဉ် လုပ်ကိုင်ပြီး ဇူဘတ်တော့ဖ်၏ သူလျှိုများ* ဩဇာအောက်မှ အလုပ်သမားများကို ဆွဲထုတ်ယူရာတွင် အောင်မြင်ခဲ့ပေ၏။ အမှန်ပင် ဥပဒေတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံ ဓနရှင်ဒီမိုကရေစီ အစွဲအလန်းများဖြင့် အထူးတလည် အရိုးစွဲနေပြီး အလွန်နက်ရှိုင်းစွာ စိမ့်ဝင်နေသော အနောက်ဥရောပ၌ ဤလုပ်ငန်းကို ပိုမိုခက်ခဲပေသည်။ သို့သော် ဤအလုပ်ကို လုပ်ဆောင်နိုင်သည်။ လုပ်လည်းလုပ်ဆောင်ရမည်။ စနစ်တကျလည်း လုပ်ဆောင်ရမည်။

ကျွန်တော့်အမြင်အရဆိုသော် တတိယအင်တာနေရှင်နယ်၏ အလုပ်အမှုဆောင် ကော်မတီသည် ယေဘုယျအားဖြင့် ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများတွင် ဝင်ရောက်ရန် ငြင်းဆန်သောပေါ်လစီ (ဤသို့သော ငြင်းဆိုမှုသည် အဘယ်ကြောင့် မိုက်မဲပြီး ပစ္စည်းမဲ့တော်လှန်ရေး အရေးတော်ပုံကို ပြင်းထန်စွာ အန္တရာယ်ဖြစ်စေသည်ကို အသေးစိတ်ရှင်းလင်းရင်း) ကို တိကျပြတ်သားစွာ ရှုတ်ချရမည်။ အထူးသဖြင့် ဤမှားယွင်းသော ပေါ်လစီကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ၊ ဖြောင့်သို့မဟုတ် ဖုံးကွယ်၍ဖြစ်စေ၊ တခုလုံး သို့မဟုတ် တစိတ်တပိုင်းဖြစ်စေ ထောက်ခံကြသည့် ဟော်လန်ကွန်မြူနစ်ပါတီဝင်အချို့၏ ပြုမှုလုပ်ဆောင်မှုကိုလည်း တိကျပြတ်သားစွာ ရှုတ်ချရမည်။ ကွန်မြူနစ်အင်တာနေရှင်နယ်၏ နောက်တကြိမ် ကွန်ဂရက်တွင် ဤသို့ရှုတ်ချရန် တင်ပြပါသည်။ တတိယအင်တာနေရှင်နယ်သည် ဒုတိယအင်တာ

----------------------

* ဂွန်ပါများ၊ ဟင်ဒါဆင်များ၊ ဂျူဟောနှင့် လီဂျင်များသည် ဇူဘတ်တော့ဖ် များသာတည်း။ သူတို့နှင့် ကျွန်တော်တို့၏ ဇူဘတ်တော့ဖ်မှာ ဥရောပ ဝတ်စားဆင်ယင်မှု၊ ရည်မွန်မှု စသူတို့၏ စက်ဆုပ်ဖွယ်ပေါ်လစီကို လုပ်ဆောင်ရာတွင် ယဉ်ကျေးသော၊ ပြေပြစ်သော ဒီမိုကရေစီအရ သိမ်မွေ့မှုတို့တွင်သာ ခြားနားပေသည်။

နေရှင်နယ်၏ နည်းပရိယာယ်များနှင့် လမ်းခွဲရမည်။ အရေးတကြီး ပြဿနာများကို မရှောင်ကွင်းရ။ မဖုံးကွယ်ရ။ ပြတ်သားစွာ ထုတ်ဖော်ရမည်။ အမှန်တရားတခုလုံးကို "အင်ဒီပင်းဒင့်များ" (ဂျာမနီပြည်ရှိ အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရေစီပါတီ) အား အတိအလင်း ပြောပြခဲ့သကဲ့သို့ပင်"လက်ဝဲ"ကွန်မြူနစ်များကိုလည်း အတိအလင်း ပြောပြရမည်။

(၇)

## ဓနရှင်ပါလီမန်များတွင် ကျွန်တော်တို့ ပါဝင်သင့်သလော။

ဂျာမန်"လက်ဝဲ"ကွန်မြူနစ်များသည် အလွန်တရာ မထီလေးစားပြုမှုနှင့် အလွန်တရာပေါ့ဆမှုဖြင့် ဤမေးခွန်းကို ငြင်းပယ်သော အဖြေပေးခဲ့သည်။ သူတို့၏ အထောက်အထားများကား အဘယ်နည်း။

အထက်တွင် ကိုးကားခဲ့သောစာပိုဒ်တွင် ဤသို့တွေ့ရသည်။

"…သမိုင်းရေးအရနှင့် နိုင်ငံရေးအရ ခေတ်ကုန်လာသော ပါလီမန် တိုက်ပွဲ သဏ္ဍာန်များသို့ ပြန်သွားမှုအားလုံးကို …လေးလေးနက်နက် ကန့်ကွက်ရမည်။ …"

ဤသည်မှာ ရယ်စရာကောင်းလောက်အောင် ကြွားဝါပြောဆိုမှုဖြစ်ပြီး လုံးဝမှားယွင်းပေသည်။ ပါလီမန်စနစ်သို့ "ပြန်သွားမှု"ဆိုပါကလား။ ဂျာမနီပြည်တွင် ဆိုဗီယက်သမ္မတနိုင်ငံ ရှိနေပြီလား။ ရှိပုံမရပါ။ သို့ဖြစ်ပါက ပြန်သွားမှုအကြောင်း ပြောစရာ အဘယ်မှာ ရှိမည်နည်း။ ဤသည်မှာ ဗလာစကားပင် မဟုတ်သလော။

ပါလီမန်စနစ်သည်"သမိုင်းရေးအရ ခေတ်ကုန်"ခဲ့လေပြီ။ ဝါဒဖြန့်ရန် အတွက် ဆိုလျှင် ဤသည်မှာ မှန်ကန်သည်။ သို့သော် ၎င်းကို**လက်တွေ့**အားဖြင့် ကျော်နင်း ရန်မှာ ကွာလှမ်းနေဆဲဖြစ်ကြောင်း လူတိုင်းနားလည်ထားကြသည်။ အရင်းရှင်ဝါဒကို လွန်ခဲ့သော နှစ်ဆယ်ပေါင်းများစွာကတည်းက"သမိုင်းရေးအရ ခေတ်ကုန်ပြီ" ဟု ကျိုးကြောင်းတရား ပြည့်ဝစွာဖြင့် ကြေညာနိုင်ပေ၏။ သို့သော် အရင်းရှင်ဝါဒ၏ **ရေခံ မြေခံပေါ်တွင်** အလွန်ရှည်လျား အလွန်ကြံ့ခိုင်သော တိုက်ပွဲဆင်နွှဲရန် လိုအပ်မှုကို ဖယ်ရှား၍ကား မရနိုင်ပေ။ **"ကမ္ဘာ့သမိုင်း"** အမြင်အရ ဆိုသော် ပါလီမန်စနစ်သည် "သမိုင်းရေးအရခေတ်ကုန်ပြီ"။ ဆိုလိုသည်မှာ ဓနရှင်ပါလီမန် **ခေတ်ကာလ**သည် အဆုံးသတ်ခဲ့ပြီး ပစ္စည်းမဲ့အာဏာရှင် **ခေတ်ကာလသည် စတင်**လေပြီ။ ဤသည်မှာ မငြင်းနိုင်ပေ။ သို့သော် ကမ္ဘာ့သမိုင်းကို ဆယ်စုနှစ်များဖြင့် ရေတွက်သည်။ ကမ္ဘာ့သမိုင်း အတိုင်းအတာအရ ရေတွက်သောအခါ ၁၀ နှစ် သို့မဟုတ် အနှစ် ၂၀ မျှ စောခြင်း သို့မဟုတ် နောက်ကျခြင်းသည် မထူးခြားပေ။ ကမ္ဘာ့သမိုင်းအမြင်မှဆိုလျှင် ဤ

သည်မှာ အကြမ်းဖျင်းမျှပင် မတွက်ချက်နိုင်သော အသေးအမွှားကိစ္စတရပ် ဖြစ်သည်။ သို့သော် ဤအကြောင်းကြောင့်ပင် ကမ္ဘာ့သမိုင်း အတိုင်းအတာကို လက်တွေ့နိုင်ငံရေးတွင် အသုံးချခြင်းမှာ သဘောတရားရေးအရ ကြီးမားလှသော မှားယွင်းချက်ပင်ဖြစ်၏။

ပါလီမန်စနစ်သည်"နိုင်ငံရေးအရ ခေတ်ကုန်"ပြီလော။ ဤသည်မှာ သီးခြားကိစ္စတခုဖြစ်သည်။ ဤအချက်မှန်ကန်ပါမူ"လက်ဝဲသမားများ"၏အနေ အထားသည် ခိုင်မာပေလိမ့်မည်။ သို့သော် ၎င်းကို အသေအချာဆုံး ခွဲခြမ်းစိတ်ဖြာမှုဖြင့် သက်သေပြရမည် ဖြစ်သည်။"လက်ဝဲသမားများ"မှာမူ မည်သို့ချဉ်းကပ်ရမည်ကိုပင် မသိရှိကြ။ ၁၉၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေသော ကွန်မြူနစ်အင်တာ နေရှင်နယ်၊ အမ်စတာဒမ် ယာယီဗျူရို၏ပြန်တမ်း အမှတ် ၁ ၌ပါရှိသော "ပါလီမန်စနစ် စစ်တမ်း" ထဲတွင် ဒတ်ချ် လက်ဝဲသမား သို့မဟုတ် လက်ဝဲကျသော ဒတ်ချ်များ၏ ကြိုးပမ်းချက်များကို ထင်ရှားစွာဖော်ပြထားရာ ခွဲခြမ်းစိတ်ဖြာမှုသည် ကျွန်တော်တို့ တွေ့ရှိသည့်အတိုင်းပင် မျှော်လင့်ချက်မရှိအောင် ဆိုးဝါးလှ၏။

ပထမဆုံးအနေနှင့် ကျွန်တော်တို့ သိကြသည့်အတိုင်း ရိုဇာလူဇင်ဘတ်နှင့် ကားလစ်ဘနက်ကဲ့သို့သော ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်များ၏ ယူဆချက်နှင့် ဆန့်ကျင်၍ ဂျာမန်"လက်ဝဲသမားများ"သည် ၁၉၁၉ ခုနှစ် ဇန်နဝါရီလမှာပင် ပါလီမန်စနစ်ကို "နိုင်ငံရေးအရခေတ်ကုန်ပြီ" ဟု ယူဆခဲ့ကြ၏။ "လက်ဝဲသမားများ" မှားယွင်းကြောင်းကို ကျွန်တော်တို့ သိကြ၏။ ဤအချက်တခုတည်းကပင် ပါလီမန်ဝါဒသည် "နိုင်ငံရေးအရခေတ်ကုန်ပြီ" ဟူသော ကောက်ချက်ကို တချီတည်းနှင့် အရင်းအမြစ်ပါမကျန် ဖျက်ဆီးပစ်လိုက်၏။ ထိုအချိန်က မငြင်းနိုင်အောင် မှားယွင်းသော သူတို့၏ အမှားသည် အဘယ်ကြောင့် ယခုအခါ၌ အမှားမဟုတ်တော့သည်ကို "လက်ဝဲသမားများ"က သက်သေပြသင့်သည်။ သူတို့သည် သက်သေပြချက် အရိပ်အယောင်မျှပင်မပြခဲ့။ ပြစရာလည်းမရှိပေ။ နိုင်ငံရေးပါတီတရပ်၏ မိမိအမှားများအပေါ် မည်သို့သဘောထားသည်ဆိုခြင်းက ပါတီသည် မည်မျှလေးနက်သည်ကိုလည်းကောင်း၊ **မိမိလူတန်းစား**နှင့် လုပ်သား**လူထု**များအပေါ် မိမိ၏တာဝန် ဝတ္တရားများကို **လက်တွေ့အားဖြင့်** ဖြည့်စွမ်းနိုင် မဖြည့်စွမ်းနိုင်သည်ကိုလည်းကောင်း အကဲဖြတ်သော အရေးကြီးဆုံးနှင့် အသေအချာဆုံး နည်းလမ်းတခုဖြစ်သည်။ အမှားကို ပွင့်ပွင့်လင်းလင်းဝန်ခံခြင်း၊ အမှားဖြစ်စေသည့် အကြောင်းရင်းများကို ရှာဖွေခြင်း၊ အမှားဖြစ်စေသည့် ပတ်ဝန်းကျင် အခြေအနေများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အမှားကို

ပြင်ဆင်ရန် နည်းလမ်းများကို သေသေ ချာချာဆွေးနွေးခြင်းတို့ကား လေးနက်သည့် ပါတီတရပ်၏ အမှတ်လက္ခဏာဖြစ်၏။ ဤနည်းဖြင့်သာ မိမိ၏တာဝန်များကို ထမ်းဆောင်ရပေမည်။ မိမိ၏**လူတန်းစား**ကိုလည်းကောင်း၊ ထို့မှမက **လူထု**များကိုလည်းကောင်း၊ ပညာပေးလေ့ကျင့်ရမည်။ ဤတာဝန်ကို ဖြည့်စွမ်းရန်ပျက်ကွက်ခြင်း၊ မိမိတို့၏ ထင်ရှားသောအမှားကို မျက်ခြေမပြတ် ဂရုတစိုက် စဉ်းစားရှာဖွေရန် ပျက်ကွက်ခြင်းဖြင့် ဂျာမနီပြည်ရှိ (ဟော်လန်ပြည် အပါအဝင်) "လက်ဝဲသမားများ"သည် ၎င်းတို့မှာ လူတန်းစား၏ ပါတီမဟုတ်ဘဲ အစုတစုသာဖြစ်ကြောင်း၊ **ပါတီ**မဟုတ်ဘဲ ပညာတတ်များနှင့် ပညာတတ်ဝါဒ၏ အဆိုးဝါးဆုံး လက္ခဏာများကို အတုခိုးနည်းယူနေသည့် အလုပ်သမား လက်တဆုပ်စာ၏ အုပ်စုတခုသာဖြစ်ကြောင်းကို သက်သေပြပေသည်။

ဒုတိယအားဖြင့် ကျွန်တော်တို့ အသေးစိတ် ကောက်နုတ်ဖော်ပြခဲ့ပြီးဖြစ်သော"လက်ဝဲသမားများ"၏ ဖရင့်ဖတ်အုပ်စု၏ အလားတူစာစောင်ထဲတွင် ကျွန်တော်တို့ ဖတ်ရှုရသည်မှာ –

" ... ဗဟို (ကက်သလစ် 'ဗဟို' ပါတီ)၏ ပေါ်လစီကို လိုက်ပါနေဆဲဖြစ်သော သန်းပေါင်းများစွာသော အလုပ်သမားများသည် တန်ပြန်တော်လှန်ရေးဖြစ်၏။ ကျေးလက်ပစ္စည်းမဲ့များသည် မရေမတွက်နိုင်သော တန်ပြန်တော်လှန်ရေး တပ်များကို ဖြည့်တင်းလျက်ရှိသည်။" (၎င်းစာစောင် စာမျက်နှာ ၃)

ဤထုတ်ပြန်ချက်သည် အရမ်းကာရော ကားချဲ့ထားသည်မှာ ထင်ရှားလှပေသည်။ သို့သော် ဤတင်ပြထားခြင်းမှ အခြေခံဖြစ်ရပ်မှာ မငြင်းနိုင်။ ၎င်းတို့"လက်ဝဲများ"က အသိအမှတ်ပြုခြင်းသည်ပင် သူတို့အမှား၏ အထူးထင်ရှားသော သက်သေသာကေ ဖြစ်၏။"သန်းပေါင်းများစွာသော"၊"မရေမတွက်နိုင်သော" **ပစ္စည်းမဲ့များ**သည် ယေဘုယျအားဖြင့် ပါလီမန်စနစ်အား လိုလားနေရုံမက "တန်ပြန်တော်လှန်ရေး"စစ်စစ်ဖြစ်နေသော အခါတွင် "ပါလီမန်စနစ်သည် နိုင်ငံရေးအရ ခေတ်ကုန်ပြီ"ဟု မည်သို့ပြောနိုင်မည်နည်း။ ဂျာမနီပြည်ရှိ ပါလီမန်ဝါဒသည် နိုင်ငံရေးအရ ခေတ်ကုန်ခြင်း**မရှိသေး**သည်မှာ ထင်ရှားပေသည်။ ဂျာမနီရှိ "လက်ဝဲများ" သည် **မိမိတို့၏ဆန္ဒ**၊ မိမိတို့၏ နိုင်ငံရေးအရ၊ တွေးခေါ်မှုအရ သဘောထားတို့ကို ပကတိဘာဝ အဖြစ်မှန်ဟူ၍ လွဲမှားယူဆနေကြသည်မှာ ထင်ရှားပေသည်။ ဤကား တော်လှန်ရေးသမားများအတွက် အန္တရာယ်အကြီးဆုံး အမှားဖြစ်၏။ ရုရှားပြည်တွင် အထူးရှည်လျားသော ကာလနှင့် အလွန်အမင်း ရက်စက်ကြမ်းကြုတ်သော ဇာစနစ်

ထမ်းပိုးက အထူးများပြားသော သဏ္ဌာန်များရှိသည့် တော်လှန်ရေးသမား မျိုးစုံကို မွေးထုတ်ပေးခဲ့၏။ ၎င်းတို့သည် အံ့သြလောက်သော သစ္စာရှိမှု၊ စိတ်အားထက်သန်မှု၊ ရဲရင့်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုတို့ကို ပြသခဲ့ကြသည်။ ရုရှားပြည်တွင် တော်လှန်ရေးသမားများ၏ ဤအမှားမျိုးကို ကျွန်တော်တို့ အလွန်နီးကပ်စွာ တွေ့မြင်ခဲ့ကြသည်။ ၎င်းကို ကျွန်တော်တို့ အထူးဂရုစိုက် လေ့လာဆန်းစစ်ခဲ့ပြီး ၎င်းနှင့်ပတ်သက်၍ ကောင်းစွာသိရှိခဲ့၏။ ထို့ကြောင့် ဤအမှားမျိုးကို အခြားသူများ ကျူးလွန်သည့်အခါ၌ ကျွန်တော်တို့ အထူးရှင်းလင်းစွာ သိမြင်နိုင်ခြင်းဖြစ်သည်။ ပါလီမန်စနစ်သည် အမှန်ပင် ဂျာမနီပြည်ရှိ ကွန်မြူနစ်များအဖို့ ဆိုရသော် “နိုင်ငံရေးအရ ခေတ်ကုန်”ခဲ့ပေပြီ။ သို့သော် ကျွန်တော်တို့အတွက် ခေတ်ကုန်သည်ကို **လူတန်းစား**အတွက် ခေတ်ကုန်ပြီဟုလည်းကောင်း၊ **လူထုများ**အတွက် ခေတ်ကုန်ပြီဟုလည်းကောင်း၊ ကျွန်တော်တို့ သဘော**မထားရ**။ ဤသည်မှာ ပြဿနာ၏ ကွင်းဆက်ပင်ဖြစ်၏။ ဤနေရာတွင်လည်း “လက်ဝဲသမားများ”သည် မည်သို့ အကြောင်းပြရမည်ကိုမသိ။ **လူတန်းစား**၏ပါတီအဖြစ်၊ **လူထုများ**၏ပါတီအဖြစ် မည်သို့ဆင်ခြင်ရမည်၊ မည်သို့လုပ်ဆောင်ရမည်ကို မသိမှုအား ကျွန်တော်တို့ ထပ်မံတွေ့ရှိရသည်။ သင်တို့သည် လူထုများ၏ ရေချိန်သို့လည်းကောင်း၊ လူတန်းစား၏ ခေတ်နောက်ကျသော အလွှာ၏ရေချိန်သို့ လည်းကောင်း ကျဆင်းမသွားသင့်ပေ။ ဤကားမငြင်းနိုင်ပေ။ သင်တို့သည် သူတို့အား ခါးသီးသော အမှန်တရားကို ပြောပြရမည်။ သူတို့၏ ဓနရှင်ဒီမိုကရေစီနှင့် ပါလီမန်အစွဲအလန်းများကို အစွဲအလန်းများဟု မုချခေါ်ဝေါ်ရမည်။ သို့သော် တချိန်တည်းမှာပင် သင်တို့သည် လူတန်းစားတရပ်လုံး (၎င်း၏ ကွန်မြူနစ်တပ်ဦး သာမက) အလုပ်သမား**လူထု**အားလုံး (၎င်းတို့၏ ရှေ့တန်းရောက် အစိတ်အပိုင်းများသာမက) ၏ လူတန်းစားအသိနှင့် အဆင်သင့်ဖြစ်မှု **တကယ့်**အခြေအနေကို **ခေါင်းအေးအေး**ဖြင့် သုံးသပ်ကြည့်ရှုရမည်။

“သန်းပေါင်းများစွာ”နှင့်“မရေမတွက်နိုင်အောင်” မဟုတ်စေကာမူ အတော်အတန်များပြားသော စက်မှုအလုပ်သမား **အနည်းစု**သည် ကက်သလစ် ဘုန်းကြီးများ၏ နောက်သို့ လိုက်ပါကြ၏။ အလားတူပင် အတော်အတန်များပြားသော ကျေးလက် အလုပ်သမား အနည်းစုသည် မြေရှင်များနှင့် ချမ်းသာသော လယ်သမားများ (ဂရော့စ်ဘောရင်း) နောက်သို့ လိုက်ပါကြ၏။ ဤသို့ဖြစ်သည့်တိုင်အောင် ဂျာမနီပြည်ရှိ ပါလီမန်ဝါဒသည် နိုင်ငံရေးအရ ခေတ်ကုန်ခြင်းမရှိသေးသည်မှာ **သံသယရှိစရာမလိုပေ**။ ပစ္စည်းမဲ့လူတန်းစားအဖို့ **အထူးသဖြင့် မိမိကိုယ်ပိုင် လူတန်းစား**၏

ခေတ်နောက်ကျသောအလွှာကို ပညာပေးရန်၊ မတိုးတက်သေးသော၊ အောက်ကျနောက်ကျရှိနေသော ပညာမဲ့သော ကျေးလက်**လူထုများ**အား နိုးကြားလာရန်၊ မျက်စိပွင့်လာရန်အတွက် ပါလီမန် ရွေးကောက်ပွဲများတွင် ပါဝင်ခြင်းနှင့် ပါလီမန်တရားဟောစင်ပေါ်ရှိ တိုက်ပွဲတွင်ပါဝင်ခြင်းကို မုချပြုလုပ်ရန် **လိုအပ်ပေသည်**။ သင်တို့သည် ဓနရှင်ပါလီမန်နှင့် အခြားသော ဖောက်ပြန်သည့် အဖွဲ့အစည်း အမျိုးမျိုးကို ဖျက်သိမ်းပစ်ရန် အင်အားမရှိသေးသမျှ ၎င်းတို့အတွင်းတွင် သင်တို့ ဝင်ရောက် လုပ်ကိုင်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ၌သာလျှင် ဘုန်းကြီးများနှင့် ကျေးလက်ဘဝ ငြိုးငွေ့ဖွယ်ရာတို့၏ မှိုင်းတိုက်ခြင်းခံရသော အလုပ်သမားများကို သင်တို့ တွေ့နေသေးသောကြောင့်ပင် ဖြစ်ပေသည်။ ဤသို့မလုပ်ပါက သင်တို့သည် လေအိုးသက်သက်သာလျှင် ဖြစ်လာစရာရှိပေသည်။

တတိယအားဖြင့် "လက်ဝဲ" ကွန်မြူနစ်များသည် ကျွန်တော်တို့ ဗော်ရှီဗစ်များကို အကြီးအကျယ်ချီးကျူး ပြောဆိုကြသည်။ ကျွန်တော်တို့အား ချီးကျူးခြင်းကိုလျှော့၍ ဗော်ရှီဗစ်များ၏ နည်းပရိယာယ်များကို ပိုမိုနားလည်ရန်၊ ပိုမို အကျွမ်းတဝင် ဖြစ်ရန် ကြိုးစားပါဟု တခါတရံတွင် သူတို့အားပြောဆိုချင်တော့သည်။ ကျွန်တော်တို့သည် ၁၉၁၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း ပြုလုပ်သော ရုရှားဓနရှင်ပါလီမန် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများတွင် ပါဝင်ခဲ့၏။ ကျွန်တော်တို့၏ နည်းပရိယာယ်များ မှန်သလား မှားသလား။ မှားသည်ဆိုပါက ဤသည်ကို ရှင်းလင်းစွာဖော်ထုတ်ပြီး သက်သေပြရမည်။ အကြောင်းမူ နိုင်ငံတကာ့ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုအတွက် မှန်ကန်သော နည်းပရိယာယ်များကို ချမှတ်ရာတွင် လိုအပ်သောကြောင့်တည်း။ အကယ်၍ ၎င်းတို့မှန်ကန်ပါလျှင် ကျွန်တော်တို့သည် တစုံတခုသော နိဂုံးများထုတ်ယူကြရမည်။ အမှန်ပင် ရုရှားပြည်ရှိ အခြေအနေများကို အနောက်ဥရောပရှိ အခြေအနေများနှင့် တပြေးတည်းသဘောထားရန်မှာ မဖြစ်နိုင်ပေ။ သို့သော် "ပါလီမန်ဝါဒသည် နိုင်ငံရေးအရ ခေတ်ကုန်လာပြီ" ဟူသော ယူဆချက် အဓိပ္ပာယ်၏ သီးခြားပြဿနာနှင့် ပတ်သက်၍ဆိုလျှင် ကျွန်တော်တို့၏ အတွေ့အကြုံကို အသေအချာထည့်သွင်း တွက်ဆရန်လိုအပ်ပေ၏။ အကြောင်းမူ အခိုင်အမာ အတွေ့အကြုံကို ထည့်သွင်းစဉ်းစားခြင်း မပြုပါက ဤသို့သော ယူဆချက်များသည် ဗလာစာပိုဒ်များအဖြစ် အလွန်လွယ်ကူစွာ ပြောင်းလဲသွားပေမည်။ ကျွန်တော်တို့ ရုရှားဗော်ရှီဗစ်များအဖို့မူ ၁၉၁၇ ခုနှစ် စက်တင်ဘာမှ နိုဝင်ဘာလအတွင်း ရုရှားပြည်၌ ပါလီမန်ဝါဒသည် နိုင်ငံရေးအရ ခေတ်ကုန်ပြီဟု ယူဆခွင့်သည် မည်သည့် အနောက်

တိုင်း ကွန်မြူနစ်များထက်မဆို ပို၍ပင်မရှိခဲ့သလော။ ယူဆခွင့်ရှိသည်မှာ အမှန်ပင် ဖြစ်၏။ အကြောင်းမူ ခနရှင်ပါလီမန်များ တည်ရှိမှုရှည်ကြာသည် မရှည်ကြာသည် ဟူသည့်ပြဿနာကြောင့် မဟုတ်ဘဲ ဆိုဗီယက်စနစ်ကို လက်ခံရန်နှင့် ခနရှင် ဒီမိုကရေစီပါလီမန်ကို ဖျက်သိမ်းရန် (သို့မဟုတ် ဖျက်သိမ်းဖို့ခွင့်ပြုရန်) လုပ်သားပြည်သူများ၏ ကျယ်ပြန့်သော လူထုများသည် တွေးခေါ်မှုအရ၊ နိုင်ငံရေးအရ၊ လက်တွေ့အရ မည်မျှ**ပြင်ဆင်ထားမထား** ဟူသည့်ပြဿနာကြောင့်ပင် ဖြစ်သည်။ ၁၉၁၇ ခုနှစ် စက်တင်ဘာမှ နိုဝင်ဘာလအထိ အထူးအခြေအနေ အမျိုးမျိုးကြောင့် ရုရှားပြည်ရှိ မြို့နေ အလုပ်သမား လူတန်းစား၊ စစ်သားများနှင့် လယ်သမားများသည် ဆိုဗီယက်စနစ်ကို လက်ခံရန်နှင့် ဒီမိုကရေစီအကျဆုံး ခနရှင်ပါလီမန်များကို ဖျက်သိမ်းရန် အလွန့် အလွန် ကောင်းစွာ ပြင်ဆင်ထားခဲ့၏။ ၎င်းကား လုံးဝမငြင်းဆိုနိုင်သော၊ လုံး၀ အတည်ပြုပြီး ဖြစ်သော သမိုင်းဖြစ်ရပ်ဖြစ်၏။ သို့စေကာမူ ဗော်ရှီဗစ်များသည် တိုင်းပြုပြည်ပြု လွှတ်တော်ကို သပိတ်**မမှောက်ခဲ့ဘဲ** ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအရ အာဏာ မသိမ်းယူမီနှင့် သိမ်းယူပြီး**နောက်တွင်**ပါ ရွေးကောက်ပွဲများတွင် ပါဝင်ခဲ့ပေ၏။ ဤရွေးကောက်ပွဲများသည် အလွန်အမင်း တန်ဖိုးရှိသော (ထို့ပြင် ပစ္စည်းမဲ့လူတန်းစား အတွက် မြင့်မားစွာ အသုံးဝင်သော) နိုင်ငံရေး အကျိုးသက်ရောက်မှုများ ရရှိခဲ့ပေ၏။ ဤအချက်ကို အထက်ဖော်ပြပါ ရုရှားတိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ စာရင်းများအား အသေးစိတ်ခွဲခြမ်း စိတ်ဖြာထားသည့် ဆောင်းပါးထဲတွင် သက်သေပြခဲ့ပြီး ဖြစ်ကြောင်း ကျွန်တော် ယုံယုံကြည်ကြည် ပြောနိုင်ပါသည်။

ဤသည်မှရရှိသောနိဂုံးမှာ လုံးဝပင်မငြင်းဆိုနိုင်ပေ။ သက်သေပြခဲ့သည်မှာ ဆိုဗီယက်သမ္မတနိုင်ငံ အောင်ပွဲမတိုင်မီနှင့် အောင်ပွဲ**နောက်ပိုင်း** ရက်သတ္တပတ်အနည်းငယ်မှာပင် ခနရှင်ဒီမိုကရေစီ ပါလီမန်ထဲတွင် တော်လှန်သော ပစ္စည်းမဲ့ လူတန်းစား ပါဝင်ခဲ့သည်။ ဤသို့ပါဝင်ခြင်းကြောင့် ၎င်းတို့အား အကျိုးမယုတ်စေရုံမက ခေတ်နောက်ကျသော လူထုများကို အဘယ်ကြောင့် ဤပါလီမန်မျိုးအား ဖျက်သိမ်းသင့်သည်ကို **သက်သေ**ပြရန် တကယ်တမ်း အထောက်အကူပြုခဲ့သည်။ သူတို့၏ အောင်မြင်စွာ ဖျက်သိမ်းမှုကို **အထောက်အကူ**ပြုခဲ့ပြီး ခနရှင်ပါလီမန်ဝါဒကို "နိုင်ငံရေးအရ ခေတ်ကုန်" အောင်ပြုလုပ်ရာ၌လည်း **အထောက်အကူပြု**ပေ၏။ ဤအတွေ့အကြုံကို ဂရုမစိုက်ဘဲ တချိန်တည်းမှာပင် မိမိ၏နည်းပရိယာယ်များကို (ကျဉ်းမြောင်းသော သို့မဟုတ် တဖက်သတ်အမျိုးသား နည်းပရိယာယ်များအဖြစ် မဟုတ်ဘဲ နိုင်ငံတကာ့ နည်းပရိယာယ်များအဖြစ်) **နိုင်ငံတကာ့အမြင်အရ** လုပ်ဆောင်မည်ဖြစ်သော

ကွန်မြူနစ်**အင်တာနေရှင်နယ်**နှင့် ဆက်သွယ်ထားသည်ဟု ကြေညာထားခြင်းသည် ကြီးမားသောအမှားကို ကျူးလွန်ခြင်းဖြစ်ပြီး နိုင်ငံတကာဝါဒကိုပါးစပ်မှသာ အသိအမှတ်ပြုပြီး လက်တွေ့အားဖြင့် စွန့်ပစ်ခြင်းဖြစ်ပေ၏။

ပါလီမန်များထဲတွင် မပါဝင်ရေးကို ထောက်ခံထားသော''ဒတ်ချ်လက်ဝဲသမား''၏ ချေပချက်များကို ကျွန်တော်တို့ စစ်ဆေးကြည့်ကြစို့။ အောက်ပါတို့မှာ အထက်တွင် ဖော်ပြထားသော ဒတ်ချ်စစ်တမ်းများထဲမှ အရေးကြီးဆုံးသော စစ်တမ်းအမှတ် ၄ ဖြစ်သည်။

''အရင်းရှင်ထုတ်လုပ်ရေးစနစ်သည် ပျက်စီးသွားပြီး လူ့အဖွဲ့အစည်းသည် တော်လှန်ရေးအခြေအနေတွင် ရှိနေသောအခါ ပါလီမန်လှုပ်ရှားမှု၏ အရေးကြီးမှုသည် လူထုကိုယ်တိုင်လှုပ်ရှားမှု၏ အရေးကြီးမှုနှင့် နှိုင်းယှဉ်လိုက်လျှင် တဖြည်းဖြည်း လျော့ပါးသွားသည်။ ထို့နောက် ဤအကြောင်းအချက်အောက်တွင် ပါလီမန်သည် တန်ပြန်တော်လှန်ရေး၏ ဗဟိုချက်မနှင့် ယန္တရားဖြစ်လာသောအခါ အခြားတဖက်တွင် လုပ်သား လူတန်းစားက မိမိ၏အာဏာကိရိယာများကို ဆိုဗီယက်များထဲတွင် ထူ ထောင်နေသောအခါ ပါလီမန်လှုပ်ရှားမှုထဲတွင် မည်သည့်ပါဝင်မှုကိုမဆို ငြင်းပယ်ရန် လိုအပ်လာစရာ ရှိပေသည်။''

ပထမဝါကျသည် လုံးဝမှားယွင်းပေ၏။ အဘယ်ကြောင့်ဆိုသော် သပိတ်မှောက်မှုကဲ့သို့သော လူထုလှုပ်ရှားမှုသည် တော်လှန်ရေးအတွင်း သို့မဟုတ် တော်လှန်ရေး အခြေအနေအောက်တွင်သာ မဟုတ်ဘဲ အချိန်တိုင်းတွင် ပါလီမန်လှုပ်ရှားမှုထက် ပို၍အရေးကြီးသောကြောင့် ဖြစ်သည်။ ဤအထင်အရှားမခိုင်လုံသော အမိုင်းအရနှင့် နိုင်ငံရေးအရ မှားယွင်းသော ချေပချက်က စာရေးသူများသည် ဥပဒေတွင်းနှင့် ဥပဒေပတိုက်ပွဲ **ပေါင်းစပ်ပေးခြင်း**၏ အရေးကြီးမှုကို ဖော်ပြသော ယေဘုယျ ဥရောပ အတွေ့အကြုံ (၁၈၄၈ ခုနှစ်နှင့် ၁၈၇၀ ခုနှစ် တော်လှန်ရေးများမတိုင်မီ ပြင်သစ်ပြည် အတွေ့အကြုံ၊ ၁၈၇၈ ခုနှစ်မှ ၁၈၉၀ ခုနှစ်အထိ ဂျာမနီပြည် အတွေ့အကြုံစသည်)နှင့် ရုရှားပြည်အတွေ့အကြုံ (အထက်တွင်ကြည့်ပါ) ၂ ခုစလုံးအား လုံးဝလျစ်လျူရှုထားကြောင်းကိုသာ ထင်ရှားစွာ ပြသလိုက်ပေ၏။ ဤပြဿနာသည် ယေဘုယျအနေနှင့်ဖြစ်စေ၊ သီးခြားအနေနှင့်ဖြစ်စေ လွန်စွာအရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးပြီး ရှေ့တန်းရောက်သော တိုင်းပြည်**အားလုံး**တွင် ဤသို့သော ပေါင်းစပ်ပေးမှုသည် တော်လှန်သော ပစ္စည်းမဲ့ လူတန်းစားပါတီအတွက် တနေ့တခြား လိုအပ်လာလိမ့်မည်။ တစိတ်တပိုင်းအားဖြင့်ဆိုလျှင် လိုအပ်လာပြီးဖြစ်သည်။ အကြောင်းမှုကား ပစ္စည်းမဲ့

လူတန်းစားနှင့် ဓနရှင်လူတန်းစားအကြားမှ ပြည်တွင်းစစ်သည် ရင့်မှည့်လာ၍ နီးကပ်လာသောကြောင့်လည်းကောင်း၊ မည်သို့သော ဥပဒေအခွင့်အရေးကိုမဆို ချိုးဖောက်ရန် ဝန်မလေးသော (အမေရိကန် ဥပမာတခုတည်းကိုကြည့်) သမ္မတနိုင်ငံ အစိုးရများနှင့် ယေဘုယျအားဖြင့် ဓနရှင်အစိုးရများက ကွန်မြူနစ်များအား ရက်စက်စွာ ညှဉ်းပန်းကြသောကြောင့်လည်းကောင်း ဖြစ်၏။ ဤအလွန်အရေးကြီးသော ပြဿနာကို ဒတ်ချ်များနှင့် ယေဘုယျအားဖြင့် လက်ဝဲသမားများသည် လုံးဝနားမလည်ခဲ့ပေ။

ဒုတိယဝါကျသည် ဦးစွာအားဖြင့် သမိုင်းကြောင်းအရ မှားယွင်း၏။ ကျွန်တော်တို့ ဗော်ရှီဗစ်များသည် တန်ပြန်တော်လှန်ရေး အကျဆုံးသော ပါလီမန်များထဲတွင် ပါဝင်ခဲ့၏။ ထို့ပြင် အတွေ့အကြုံက ဖော်ပြလိုက်သည်မှာ ဤသို့ပါဝင်ခြင်းသည် ရုရှားပြည် ပထမအကြိမ် ဓနရှင်တော်လှန်ရေး (၁၉၀၅ ခုနှစ်) နောက်ပိုင်း ဒုတိယအကြိမ် ဓနရှင်တော်လှန်ရေး (၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ) အတွက် လမ်းခင်းပေးရန်နှင့် ဆိုရှယ်လစ်တော်လှန်ရေး (၁၉၁၇ ခုနှစ် အောက်တိုဘာ) အတွက် လမ်းခင်းပေးရာ၌ တော်လှန်သော ပစ္စည်းမဲ့လူတန်းစားပါတီအတွက် အသုံးကျရုံသာမက လိုလည်းလိုအပ်သည် ဟူ၍ပင်ဖြစ်သည်။ ဒုတိယအားဖြင့် ဤဝါကျသည် အံ့သြလောက်အောင် လောဂျစ်နည်းမကျပေ။ အကယ်၍ ပါလီမန်သည် တန်ပြန်တော်လှန်ရေး၏ ယန္တရားနှင့် "ဗဟိုချက်မ"(တကယ်တမ်းအားဖြင့် ၎င်းသည် မည်သည့်အခါမှ"ဗဟိုချက်မ"တခု မဖြစ်ခဲ့။ ဖြစ်လည်းမဖြစ်နိုင်။ ဤသည်ကို ကြုံကြိုက်၍ ထည့်ပြောခြင်း ဖြစ်သည်) ဖြစ်လာလျှင် တချိန်တည်းမှာပင် အလုပ်သမားများသည် ဆိုဗီယက်များသဏ္ဌာန်ဖြင့် မိမိတို့အာဏာ၏ ကိရိယာများကို တည်ဆောက်နေပြီဟု ဆိုပါလျှင် အလုပ်သမားများသည် ပါလီမန်ကို ဆန့်ကျင်သော ဆိုဗီယက်များ၏ တိုက်ပွဲအတွက်လည်းကောင်း၊ ဆိုဗီယက်များက ပါလီမန်ကို ဖျက်သိမ်းရေးအတွက်လည်းကောင်း တွေးခေါ်မှုအရ၊ နိုင်ငံရေးအရနှင့် အတတ်ပညာအရ ပြင်ဆင်ရမည်ဟု အဓိပ္ပာယ်ရသည်။ သို့သော် တန်ပြန်တော်လှန်ရေး ပါလီမန်**ထဲတွင်** အတိုက်အခံဆိုဗီယက်ရှိနေခြင်းဖြင့် ဤဖျက်သိမ်းမှုသည် နှောင့်နှေးသွားသည် သို့မဟုတ် ခက်ခဲသွားသည်ဟူသည့် အဓိပ္ပာယ်တော့မရပေ။ ဒင်နီကင်နှင့် ကောချက် ဆန့်ကျင်သည့် ကျွန်တော်တို့၏ အောင်မြင်သော တိုက်ပွဲတ လျှောက်၌ သူတို့ဂိုဏ်းထဲတွင် ဆိုဗီယက်နှင့် ပစ္စည်းမဲ့ဖြစ်သော အတိုက်အခံ တည်ရှိ နေမှုသည် ကျွန်တော်တို့အောင်ပွဲများနှင့် မပတ်သက်ဟု မည်သည့်အခါမျှ မတွေ့ ရှိခဲ့ပေ။ တန်ပြန်တော်လှန်ရေး တိုင်းပြုပြည်ပြုလွှတ်တော်ထဲတွင် ပြုတ်သားသော ဗော်ရှီဗစ်များနှင့်တကွ မပြုတ်သားသော လက်ဝဲဆိုရှယ်တော်လှန်ရေးများ ပါဝင်သော

အတိုက်အခံဆိုဗီယက် တခုရှိခဲ့သောအချက်ကြောင့် ၁၉၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် ဖျက်သိမ်းမှုကို မနှောင့်နှေးစေရုံမက တကယ်တမ်းအားဖြင့် လွယ်ကူစေခဲ့ကြောင်း ကျွန်တော်တို့ ကောင်းစွာသိရှိသည်။ စစ်တမ်းရေးသားသူများသည် လုံးဝရှုပ်ထွေးသွားပြီး တော်လှန်ရေး အတွေ့အကြုံအားလုံးနီးပါးကို မေ့ပစ်လိုက်ကြသည်။ ဤအတွေ့အကြုံများက တော်လှန်ရေးအတွင်းတွင် ဖောက်ပြန်သော ပါလီမန်အပြင်ဘက်ရှိ လူထုလှုပ်ရှားမှုကို ပါလီမန်တွင်းရှိ တော်လှန်ရေးကို စာနာသော (သို့မဟုတ် တိုက်ရိုက်ထောက်ခံလျှင် သာ၍ကောင်းသေးသည်) အတိုက်အခံတခုနှင့် **ပေါင်းစပ်ခြင်း**သည် မည်မျှလွန်စွာ အကျိုးရှိကြောင်းကို ဖော်ပြလိုက်ပေသည်။ ဤဘက်တွင် ဒတ်ချ်နှင့် ယေဘုယျ“လက်ဝဲသမားများ”သည် တရားသေလက်ဝဲသမားများကဲ့သို့ ချေပကြသည်။ သူတို့သည် တကယ့်တော်လှန်ရေးထဲ မည်သည့်အခါမှ မပါဝင်ဖူးသူများ၊ တော်လှန်ရေးသမားများ၏ သမိုင်းကို မည်သည့် အခါမှ နက်နက်ရှိုင်းရှိုင်း မစဉ်းစားခဲ့ဖူးသူများ သို့မဟုတ် တစုံတခုသော ဖောက်ပြန်သည့် အဖွဲ့အစည်းများအား ဆန္ဒစွဲကျကျ“ငြင်းဆိုခြင်း”ကို ပကတိဘာဝ အကြောင်းရင်းများနှင့် စုပေါင်းလှုပ်ရှားမှုဖြင့် ဤအဖွဲ့အစည်းများကို လက်တွေ့အရ ဖျက်ဆီးခြင်းအဖြစ် ရိုးအ,စွာအထင်မှားခဲ့ကြသူများ ဖြစ်ကြသည်။

နိုင်ငံရေး (ထို့ပြင် နိုင်ငံရေးသာမက) ယူဆချက်အသစ်တရပ်ကို ပယ်ချရန်နှင့် ဖျက်ဆီးရန် အသေချာဆုံးနည်းမှာ ၎င်းကို ကာကွယ်သည်ဟူသော အမည်ဖြင့် ယုတ္တိမတန်သည့်အဖြစ်သို့ လျှော့ချခြင်းပင်ဖြစ်သည်။ မည်သည့်အမှန်တရားမဆို (ဒိုင်ယက်ဂျင် အကြီးပြောဆိုသည့်အတိုင်း) “အလွန်အကျွံလုပ်လာလျှင်”၊ ကားချဲ့ခဲ့လျှင် တကယ်တမ်း အသုံးချနိုင်မှုဘောင်ကို ကျော်လွန်သွားခဲ့လျှင် ယုတ္တိမတန်သည့်အဖြစ်သို့ လျှော့ကျသွားနိုင်ပြီး ဤအကြောင်းအချက်များအောက်တွင် ယုတ္တိမတန်သည့်အရာ ဖြစ်သွားပေလိမ့်မည်။ ဤကား ဆိုဗီယက်သဏ္ဍာန် အစိုးရသည် ဓနရှင်ဒီမိုကရေစီပါလီမန်များထက် ထူးကဲသာလွန်သည်ဟူသော အမှန်တရားသစ်အတွက် ဒတ်ချ်နှင့် ဂျာမန်လက်ဝဲသမားများက ပြုအပ်သည့် ဆိုးကျိုးမျိုးပင်ဖြစ်ပေ၏။ ဓမ္မတာပင် အမြင်ဟောင်းကို လက်ခံထားသူ သို့မဟုတ် မည်သည့်အခြေအနေအောက်တွင်မဆို ဓနရှင်ပါလီမန်များထဲတွင် ဝင်ရောက်ရန်ငြင်းဆိုခြင်းကို ခွင့်မပြုနိုင်ဟု ယေဘုယျ ဆုပ်ကိုင်ထားသူ မည်သူမဆို မှားယွင်းပေလိမ့်မည်။ သပိတ်မှောက်ရန်ကောင်းသည့် အကြောင်းအချက်များကို ဤနေရာတွင် ကျွန်တော်ဖော်ပြရန် မရည်ရွယ်ပါ။ အကြောင်းမူ ဤစာစောင်၏တာဝန်မှာ ပိုမိုသေးငယ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံတကာ့ကွန်မြူနစ်

နည်းပရိယာယ်များ၏ တစုံတခုသော လတ်တလောပြဿနာများနှင့် ဆက်စပ်ကာ ရုရှားပြည်အတွေ့အကြုံကို လေ့လာရန်ဖြစ်ပေ၏။ ရုရှားပြည်အတွေ့အကြုံက သပိတ်မှောက်ခြင်းကို ဖော်ရီဗစ်များ အသုံးပြုရာ၌ အောင်မြင်ပြီးမှန်ကန်သော ဥပမာတခု (၁၉၀၅ ခုနှစ်) နှင့် မမှန်ကန်သော ဥပမာတခု (၁၉၀၆ ခုနှစ်) ကို ကျွန်တော်တို့အား ပေးခဲ့ပေ၏။ ပထမကိစ္စကို ခွဲခြမ်းစိတ်ဖြာပါမူ ပါလီမန်ပြင်ပရှိ တော်လှန်သော လူထုလှုပ်ရှားမှု (အထူးသဖြင့် သပိတ်များ) အလွန်လျင်မြန်စွာ ကြီးထွားနေချိန် ပစ္စည်းမဲ့လူတန်းစားနှင့် လယ်သမားအစိတ်အပိုင်း တခုတလေကမှ ဖောက်ပြန်သော အစိုးရကို မည်သည့်နည်းနှင့်မျှ မကူညီသောအချိန် သပိတ်တိုက်ပွဲနှင့် လယ်ယာလှုပ်ရှားမှုမှ တဆင့် တော်လှန်သော ပစ္စည်းမဲ့လူတန်းစားက ကျယ်ပြန့်သော ခေတ်နောက်ကျသော လူထုများအပေါ် ဩဇာသက်နေချိန်တွင် ကျွန်တော်တို့သည် ဖောက်ပြန်သော အစိုးရက ဖောက်ပြန်သော ပါလီမန်**ခေါ်ဆိုခြင်းကို တားဆီးရာ၌** အောင်မြင်ခဲ့ကြောင်း ကျွန်တော်တို့တွေ့ရှိခဲ့ရပေ၏။ ဤအတွေ့အကြုံကို မျက်မှောက်ဥရောပ အကြောင်းအချက်များပေါ်တွင် အသုံးမချနိုင်သည်မှာ အလွန်ပင်ထင်ရှားပေသည်။ အလားတူပင် အလွန်ထင်ရှားသည်မှာ အထက်ပါချေပချက်များက ဖော်ပြသည့်အတိုင်း ပါလီမန်များထဲတွင် ဝင်ရောက်ရေးကို ငြင်းဆန်သော ဒတ်ချ်နှင့်အခြား "လက်ဝဲများ"၏ ထောက်ခံပြောဆိုချက်သည် ချွင်းချက်များဖြစ်စေကာမူ အခြေခံအရ မှားယွင်းပြီး တော်လှန်သော ပစ္စည်းမဲ့လူတန်းစား၏ အရေးတော်ပုံကို ထိခိုက်စေပေသည်။

အနောက်ဥရောပနှင့် အမေရိကန်တို့တွင် ပါလီမန်သည် အလုပ်သမားလူတန်းစား၏ တော်လှန်ရေးတပ်ဦးအတွက် အထူးမုန်းတီးစရာ ဖြစ်လာခဲ့၏။ ဤကား မငြင်းဆိုနိုင်ပေ။ ဤကား အလွယ်တကူနားလည်နိုင်၏။ အကြောင်းမူ စစ်အတွင်းနှင့် စစ်ပြီးကာလအတွင်း ဆိုရှယ်လစ်နှင့် ဆိုရှယ်ဒီမိုကရေစီ ပါလီမန်ကိုယ်စားလှယ် အများတကာ့အများစုကြီး၏ အကျင့်စရိုက်ကဲ့သို့ ပိုမိုသိမ်ဖျင်း ကြမ်းကြုတ် သစ္စာဖောက်သော အရာဟူ၍ စဉ်းစားမရသောကြောင့်ဖြစ်၏။ သို့သော် ဤယေဘုယျ အသိအမှတ် ပြုထားသော မကောင်းမှုအား **မည်ကဲ့သို့**တိုက်ခိုက်ရမည်ကို ဆုံးဖြတ်သောအခါ ဤစိတ်ဓာတ်ကို အလျှော့ပေးခြင်းသည် အကျိုးအကြောင်း မခိုင်လုံရုံမက တကယ်တမ်း ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းပင်ဖြစ်လိမ့်မည်။ အနောက်ဥရောပ တိုင်းပြည်များစွာရှိ တော်လှန်ရေးစိတ်ဓာတ်သည်"အချည်းအနှီးနှင့် သည်းမခံနိုင်လောက်အောင် စောင့်စားနေရသည့်"အသစ်ဖြစ်သော သို့မဟုတ်"ရှားပါးသော"အရာဖြစ်သည်ဟု ကျွန်တော်တို့ ယခုပြောဆိုနိုင်ပေသည်။ ထို့ကြောင့်ပင် ၎င်းစိတ်ဓာတ်သည်

လူထုအား လွယ်ကူစွာ လွှမ်းမိုးသွားခြင်း ဖြစ်တန်ရာ၏။ အမှန်ပင် လူထုများအတွင်း တော်လှန်ရေးစိတ်ဓာတ် မရှိပါက ဤစိတ်ဓာတ်တိုးပွားမှုကို လွယ်ကူစေသော အကြောင်းအချက်များမရှိပါက တော်လှန်ရေး နည်းပရိယာယ်များသည် ပြုမူလှုပ်ရှားမှုအဖြစ်သို့ မည်သည့်အခါမှ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။ သို့သော် ကျွန်တော်တို့သည် ရုရှားပြည်၌ တော်လှန်ရေးစိတ်ဓာတ် သက်သက်ပေါ်တွင် တော်လှန်ရေး နည်းပရိယာယ်များ မတည်ဆောက်နိုင်ဟူသော အမှန်တရားကို အလွန်ရှည်ကြာပြီး နာကျင်သော၊ သွေးထွက်သော အတွေ့အကြုံအရ ယုံကြည်လာစေခဲ့၏။ နည်းပရိယာယ်များကို သက်ဆိုင်ရာတိုင်းပြည် (ထို့ပြင် အိမ်နီးချင်းတိုင်းပြည်များနှင့် ကမ္ဘာပေါ်ရှိ တိုင်းပြည်အားလုံး) အတွင်းရှိ လူတန်းစားအင်အား **အားလုံး**နှင့်တကွ တော်လှန်ရေး လှုပ်ရှားမှုများ၏ အတွေ့အကြုံကို တည်ငြိမ်စွာနှင့် တင်းကျပ်စွာ ပကတိဘာဝကျကျ အကဲဖြတ်မှုအပေါ် အခြေပြုရမည်။ မိမိသည် မည်မျှ "တော်လှန်ရေး"ဆန်ကြောင်းကို ပါလီမန်အချောင်ဝါဒအား ရှုတ်ချပြောဆိုခြင်း သက်သက်ဖြင့်လည်းကောင်း၊ ပါလီမန်များထဲတွင်ဝင်ခြင်းအား ငြင်းဆိုခြင်းသက်သက်ဖြင့်လည်းကောင်း ပြသရန်မှာ အလွန်လွယ်ကူလှပေသည်။ သို့သော် ဤမျှလွယ်ကူခြင်းကြောင့်ပင် ခက်ခဲသော၊ အလွန်တရာ ခက်ခဲလှသော ပြဿနာအတွက် အဖြေမရနိုင်ပေ။ ဥရောပပါလီမန်ထဲတွင် တကယ်တော်လှန်သော ပါလီမန်အစုကို ဖန်တီးရန်မှာ ရုရှားပြည်မှာထက် ပို၍ပို၍ပင် ခက်ခဲလှပေ၏။ ဤကားဓမ္မတာပင်ဖြစ်သည်။ သို့သော် ဤသည်မှာ ယေဘုယျအမှန်တရားတခုလုံး၏ သီးခြားဖော်ပြချက်တခုသာ ဖြစ်ပေသည်။ ၎င်းမှာ ၁၉၁၇ ခုနှစ် ထူးခြားသော၊ သမိုင်းအရ အလွန်မကြုံဖူးသော အခြေအနေတွင် ဆိုရှယ်လစ်တော်လှန်ရေး **စတင်ရန်** ရုရှားပြည်အတွက် လွယ်ကူသည်။ သို့သော် တော်လှန်ရေးကို **ဆက်လက်**ရန်နှင့် အဆုံးသတ် ကုန်စင်သွားစေရန်ဆိုလျှင် ရုရှားပြည်သည် ဥရောပတိုင်းပြည်များထက် ပိုမိုခက်ခဲလိမ့်မည်။ ကျွန်တော်သည် ၁၉၁၈ ခုနှစ် အစပိုင်းတွင်ပင် ဤအချက်ကို ဖော်ပြခဲ့သေးသည်။ ထို့ပြင် ကျွန်တော်တို့၏ လွန်ခဲ့သော ၂ နှစ်တာ အတွေ့အကြုံက ဤအမြင်မှန်ကန်ကြောင်းကို လုံးဝအတည်ပြုခဲ့၏။ တစုံတခုသော၊ ထူးခြားသော အကြောင်းအချက်များ ၎င်းတို့မှာ (၁) ဆိုဗီယက်တော်လှန်ရေးနှင့် ဤတော်လှန်ရေး၏ အကျိုးဆက်ဖြစ်သော အလုပ်သမား လယ်သမားများအား မယုံကြည်နိုင်လောက်အောင် ခြေကုန်လက်ပန်းကျစေသည့် နယ်ချဲ့စစ် အဆုံးသတ်မှုကို ပေါင်းစပ်ပေးရန် ဖြစ်နိုင်မှု၊ (၂) မိမိတို့၏ရန်သူ ဆိုဗီယက်ကို ဆန့်ကျင်ရန် ညီညွတ်နိုင်စွမ်းမရှိသော ကမ္ဘာ့အင်အားကြီး နယ်ချဲ့ဓားပြ အုပ်စု ၂ စုအကြားရှိ အသေအလဲတိုက်ပွဲအပေါ်

ယာယီ အခွင့်ကောင်းယူရန် ဖြစ်နိုင်မှု၊ (၃) တစိတ်တပိုင်းအရဆိုလျှင် တိုင်းပြည် အရွယ်အစား ကြီးမားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုတို့ကြောင့် နှိုင်း ယှဉ်ခြင်း အရ ကြာရှည်သော ပြည်တွင်းစစ်ကို တိုက်ခိုက်ရန် ဖြစ်နိုင်မှု၊ (၄) လယ်သမား လူတန်းစားအတွင်း ဤသို့ နက်ရှိုင်းသည့် ဓနရှင်ဒီမိုကရေစီ တော်လှန်ရေးလှုပ်ရှားမှု တည်ရှိပေရာ ပစ္စည်းမဲ့လူတန်းစားပါတီသည် လယ်သမားပါတီ (၎င်းမှာ ဆိုရှယ်တော် လှန်ရေး ပါတီဖြစ်ပြီး ၎င်း၏အများစုသည် ဗော်ရှီဗစ်ဝါဒကို အတိအလင်း ရန်မူနေ ကြသည်) ၏ တော်လှန်ရေး တောင်းဆိုချက်များကို လက်ခံပြီး ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာကို ရလျှင်ရခြင်း ၎င်းတို့အား တခါတည်း အကောင်အထည်ဖော်နိုင်မှု စသည့် ဤထူးခြားသော အကြောင်းအချက်များ အနောက်ဥရောပတွင် ယခုအခါ မတည်ရှိပေ။ ဤသို့သော သို့မဟုတ် အလားတူအကြောင်းအချက်များ ထပ်မံဖြစ်မှု သည် အလွယ်တကူဖြင့် ရောက်လာလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် အခြားသော အကြောင်းများအပြင် ဤအကြောင်းကြောင့်ပင် အနောက်ဥရောပတွင် ဆိုရှယ်လစ် တော်လှန်ရေး **စတင်**ရန်မှာ ကျွန်တော်တို့ထက် ပိုမိုခက်ခဲပေလိမ့်မည်။ တော်လှန်ရေး ရည်ရွယ်ချက်အတွက် ဖောက်ပြန်သော ပါလီမန်များကို အသုံးချသော ခက်ခဲသည့် အလုပ်ကို "ရှောင်ကွင်းသွား" ခြင်းဖြင့် ဤအခက်အခဲကို "ခုန်လွှား" ရန်ကြိုးစားခြင်း သည် လုံးဝကလေးဆန်လှ၏။ သင်သည် လူ့အဖွဲ့အစည်းသစ်ကို ဖန်တီးလိုပါလျက် တချိန်တည်းတွင် သက်ဝင်ယုံကြည်စိတ်ရှိသော၊ သစ္စာရှိသော၊ ရဲရင့်သော ကွန်မြူနစ် များပါဝင်သည့် ကောင်းမွန်သော ပါလီမန်အစုကို ဖောက်ပြန်သော ပါလီမန်ထဲတွင် ဖွဲ့စည်းရာ၌ ပေါ်ထွက်လာမည့် အခက်ခဲများကို သင်ကြောက်ရွံ့နေပါတကား။ ဤ သည်မှာ ကလေးဆန်ခြင်း မဟုတ်ပါလော။ အကယ်၍ ဂျာမနီရှိ ကားလစ်ဘနက်နှင့် ဆွီဒင်ရှိ ဇက်ဟော်လန်တို့သည် အောက်ခြေမှ လူထုထောက်ခံမှု မရှိဘဲနှင့်ပင် ဖောက် ပြန်သော ပါလီမန်ကို စစ်မှန်တော်လှန်သော အသုံးချမှုတွင် စံနမူနာများပြနိုင်ခဲ့ပါလျှင် စစ်ပြီးကာလ လူထုများ၏ အမြင်မှန်ရမှု၊ နာကြည်းမှုများအလယ်ရှိ လျှင်မြန်စွာ ကြီး ထွားနေသည့် တော်လှန်သော လူထုပါတီသည် အဆိုးဝါးဆုံးပါလီမန်ထဲ၌ ကွန်မြူနစ် အစုတခုကို **သွန်းထု** မပေးနိုင်စရာအကြောင်း အဘယ်မှာ ရှိအံ့နည်း။ အဘယ်ကြောင့် ဆိုသော် အနောက်ဥရောပတွင် အလုပ်သမားများထဲရှိ ခေတ်နောက်ကျသော လူ ထုများအကြား၌လည်းကောင်း၊ အတိုင်းအတာ ပိုမိုကြီးမားသော လယ်သမားကလေး များထဲရှိ ခေတ်နောက်ကျသော လူထုများအကြား၌လည်း ရုရှားပြည်မှာထက် ဓန ရှင်ဒီမိုကရေစီနှင့် ပါလီမန်အစွဲအလန်းများဖြင့် ပိုမိုစိမ့်ဝင်နေသောကြောင့်ဖြစ်၏။

ထို့ကြောင့်ပင် ခနရှင်ပါလီမန်ကဲ့သို့သော အဆောက်အဦ အတွင်း**သာလျှင်** ကွန်မြူနစ်များသည် မည်သည့်အခက်အခဲကြောင့်မှ နောက်မတွန့်ဘဲ ဤအစွဲအလန်းများကို ဖွင့်ချရန်၊ တိုက်ဖျက်ရန်နှင့် ကျော်နင်းရန် ရှည်ကြာကြံ့ခိုင်သော တိုက်ပွဲကိုဆင်နွှဲနိုင်၏ (ဆင်နွှဲခြင်းလည်းပြုရမည်)။

ဂျာမန်"လက်ဝဲသမားများ"သည် မိမိတို့ပါတီထဲရှိ "ခေါင်းဆောင်များ"ညံ့ဖျင်းကြောင်းကို အပြစ်တင်ကြ၊ စိတ်ပျက်ကြပြီးလျှင် ခေါင်းဆောင်များကို "ငြင်းပယ်"သော ရယ်စရာအဖြစ်သို့ ရောက်ရှိသွားသည်။ သို့သော် "ခေါင်းဆောင်များ"ကို မြေအောက်တွင်ပုန်းကွယ်ထားရန် မကြာခဏ လိုအပ်သော အခြေအနေရှိနေသောအခါ ကောင်းမွန်သော၊ အားထားရသော၊ အတွေ့အကြုံရှိသော၊ သြဇာအာဏာရှိသော "ခေါင်းဆောင်များ"၏ **ဖြစ်ပေါ်တိုးပွားမှု**မှာ အလွန်ခက်ခဲလှသော ကိစ္စဖြစ်သည်။ ဥပဒေတွင်းနှင့် ဥပဒေပအလုပ် ပူးပေါင်းခြင်းမရှိဘဲ **အခြားနည်းလမ်းများ**အပြင် ပါလီမန်ဇာတ်ခုံနည်းလမ်းအရပါ၊ ၎င်း**"ခေါင်းဆောင်များ"ကို စမ်းသပ်ခြင်းမရှိဘဲ** ဤအခက်အခဲများကို အောင်မြင်စွာ **ကျော်နင်း၍မရနိုင်ပေ။** ဝေဖန်ရေး ဆိုလိုသည်မှာ အထက်မြက်ဆုံး၊ အကြင်နာကင်းမဲ့ဆုံးနှင့် အစေ့စပ်ဆုံးဝေဖန်ရေးသည် ပါလီမန်ဝါဒ သို့မဟုတ် ပါလီမန် လှုပ်ရှားမှုများကို ဦးတည်ဆန့်ကျင်ရန် မဟုတ်ဘဲ တော်လှန်သော ကွန်မြူနစ်လုပ်ပုံလုပ်နည်းဖြင့် ပါလီမန် ရွေးကောက်ပွဲများနှင့်ပါလီမန်တရားဟောစင်မြင့်ကို အသုံးပြုရန် လုပ်နိုင်စွမ်းမရှိသော ခေါင်းဆောင်းဆောင်များနှင့် အထူးသဖြင့် ဤသို့လုပ်ရန်**ဆန္ဒမရှိ**ကြသူများကို ပို၍ပင်ဆန့်ကျင်ကာ ဦးတည်ထားရမည်။ ဤသို့သော ဝေဖန်ရေးမျိုးကို ဓမ္မတာပင် လုပ်ရည်ကိုင်ရည် မရှိသော ခေါင်းဆောင်များအား ဖယ်ထုတ်ခြင်း၊ လုပ်ရည်ကိုင်ရည်ရှိသောသူများကို အစားထိုးခြင်းတို့ဖြင့် ပေါင်းစပ်ခြင်းရှိမှသာလျှင် အကျိုးကျေးဇူးရှိ၍ ထိရောက်မှုရှိသော တော်လှန်သည့် လုပ်ငန်း ဖြစ်နိုင်ပေလိမ့်မည်။ ဤလုပ်ငန်းမျိုးသည် တဖက်၌ဆိုလျှင် ခေါင်းဆောင်များကို ပညာပေးပြီး သူတို့အား အလုပ်သမားလူတန်းစား လုပ်သား ပြည်သူတို့၏ ထိုက်တန်သည့် ခေါင်းဆောင်ဖြစ်လာစေရမည်။ တချိန်တည်းမှာပင် လူထုကိုလည်း နိုင်ငံရေးအခြေအနေများကို မှန်ကန်စွာ ခွဲခြမ်းစိတ်ဖြာတတ်စေရန် ဤကဲ့သို့သော အခြေအနေမျိုးမှ ပေါ်ထွက်လာသည့် မကြာခဏ အလွန်ရှုပ်ထွေး ပွေလီနေသည့် လုပ်ငန်း တာဝန်များကို နားလည်တတ်စေရန် ပညာပေးရမည်။ *

---------------

* အီတလီပြည်ရှိ "လက်ဝဲဂိုဏ်း" ကွန်မြူနစ်ဝါဒကို သိရှိနားလည်ရန် ကျွန် တော့်တွင်

-----------------

အခွင့်အလမ်း အလွန်တရာ နည်းပါးလှ၏။ ရဲဘော် ဘော်ဒီဂါနှင့် သူ၏ "ကွန်မြူနစ်သပိတ်သမား" (ကွန်မြူနစ်စတာ အက်စတာရှင်နစ်စတာ) အစု၏ ပါလီမန်ထဲတွင် မပါဝင်ရေးကို ထောက်ခံခြင်းမှာ တကယ်ပင် မှားယွင်း၏။ သို့သော် သူ၏သတင်းစာ **အီးလ်ဆိုဗီယက်** (အမှတ် ၃ နှင့် ၄၊ ဇန်နဝါရီ ၁၇ နှင့် ဖေဖော်ဝါရီ ၁ ရက်၊ ၁၉၂၀) ၂ စောင်မှလည်းကောင်း၊ ရဲဘော်ဆာရပ်တီ၏ ပြောင်မြောက်သော အပတ်စဉ်စာစောင် **ကွန်မြူနစ်စမို** (အမှတ် ၁–၄၊ အောက်တိုဘာ ၁ နှင့် နိုဝင်ဘာ ၃၀၊ ၁၉၁၉ ခုနှစ်) ၄ စောင်မှလည်းကောင်း ဖတ်ရသမျှသော အီတလီနေရှင် သတင်းစာ အချို့မှလည်းကောင်း၊ အကဲဖြတ်နိုင်သလောက်ဆိုလျှင် ရဲဘော် ဘော်ဒီဂါသည် အချက်တချက်တွင် မှန်ကန်သည်ဟု ကျွန်တော်ထင်သည်။ ဆိုဗီယက်အာဏာနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို အသိအမှတ်ပြုသော ပါတီထဲတွင် ဆက်လက်ရှိနေသေးသော်လည်း ပါလီမန်များ အဖွဲ့ဝင်များအဖြစ် မိမိတို့၏ အန္တရာယ်အရှိဆုံး အချောင်သမား ပေါ်လစီဟောင်းကို ဆက်လက်ပြုလုပ်နေသော တူရပ်တီနှင့် သူ၏အပေါင်းအပါများကို ရဲဘော် ဘော်ဒီဂါနှင့် သူ၏ဂိုဏ်းသားများက တိုက်ခိုက်ခြင်းသည် မှန်ကန်ပေ၏။ ဓမ္မတာပင် ဤသည်ကို အလျှော့ပေးခြင်းအားဖြင့် ရဲဘော်ဆာရပ်တီနှင့် အီတလီ ဆိုရှယ်လစ်ပါတီ [၁၆] တခုလုံးသည် ဟန်ဂေရီပြည်တွင် ဖြစ်ခဲ့သည့်အတိုင်း အန္တရာယ်ပေးပြီး အလားတူ အန္တရာယ်များ ပေါ်ထွက်စေအောင် ခြိမ်းခြောက်သော အမှားတခုကို ကျူးလွန်ခြင်းဖြစ်၏။ ဟန်ဂေရီတွင် ဟန်ဂေရီတူရပ်တီများသည် အတွင်းမှနေ၍ ပါတီနှင့် ဆိုဗီယက်အစိုးရနှစ်ခုစလုံးကို ဖျက်ဆီးခဲ့၏။ ဤသို့သော အချောင်သမားများ ဖြစ်သည့် ပါလီမန်သမားများအပေါ် မှားယွင်းသော၊ မပြတ်သားသော သို့မဟုတ် ပျော့ညံ့သော သဘောထားသည် တဖက်တွင် "လက်ဝဲဂိုဏ်း" ကွန်မြူနစ်ဝါဒကို ပေါ်ထွက်စေပြီး အခြားတဖက်တွင် ၎င်းဝါဒ၏တည်ရှိမှုကို **တစုံတခုသော အတိုင်းအတာအထိ** မှန်ကန်ကြောင်း ဖော်ပြလိုက်၏။ ရဲဘော် ဆာရပ်တီက အမတ်မင်း တူရပ်တီကို "မပြတ်သား"ဟု စွပ်စွဲခြင်းမှာ (ကွန်မြူနစ်စမို အမှတ် ၃) လုံးဝမှားယွင်း၏။ အကြောင်းမူ တူရပ်တီနှင့် အပေါင်းပါများကဲ့သို့ အချောင်သမားများဖြစ်သည့် ပါလီမန် သမားများကို အလျှော့ပေးရာတွင် မပြတ်သားသည်မှာ အီတလီဆိုရှယ်လစ် ပါတီကိုယ်၌ပင် ဖြစ်သော ကြောင့်တည်း။

(၈)

## မည်သည့် စေ့စပ်ရေးမှ မလုပ်ဘူးလော

ဖရင့်ခ်ဖတ် စာစောင်ထဲမှ ကိုးကားချက်ထဲတွင် "လက်ဝဲသမားများ"သည် ဤဆောင်ပုဒ်နှင့် ပတ်သက်၍ မည်မျှအလေးထား ညွှန်ပြပြောဆိုခဲ့သည်ကို ကျွန်တော်တို့ တွေ့မြင်နိုင်ပေသည်။ မာ့က်စ်ဝါဒသမားဟု မိမိကိုယ်ကို သံသယမရှိ ယူဆပြီး မာ့က်စ်ဝါဒသမား ဖြစ်လိုသော ဆန္ဒရှိနေကြသူများက မာ့က်စ်ဝါဒ၏ အခြေခံ အမှန်တရားအား မေ့နေသည်ကို တွေ့ရသည့်အတွက် ဝမ်းနည်းဖွယ် ကောင်းလှ၏။ အိန်ဂယ်သည် မာ့က်စ်ကဲ့သို့ ရှာမှရှားသော စာရေးဆရာများထဲတွင် တယောက်အပါ အဝင်ဖြစ်သည်။ သူတို့၏ ကြီးမြတ်သည့် စာအုပ်တိုင်းမှ စာကြောင်းတိုင်း စာကြောင်းတိုင်းတွင် အလွန်တရာမှတ်သားဖွယ် ကောင်းလောက်အောင် လေးနက်သည့် အဓိပ္ပာယ်များပါရှိသည်။ ဘလန်ကွီဂိုဏ်းဘုံအဖွဲ့သမား ၃၃ ယောက်[၁၇] ၏ ကြေညာစာတမ်းကို ဆန့်ကျင်တိုက်ခိုက်သည့် အနေနှင့် ၁၈၇၄ ခုနှစ်အတွင်းက အိန်ဂယ်၏ ပြောဆိုချက်ကို ကြည့်ကြဦးစို့။

"ကျွန်တော်တို့သည် ကွန်မြူနစ်များဖြစ်ကြသည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ပန်းတိုင်ကို ရရှိရန်အတွက် ကြားခုလတ် နေရာများတွင် ရပ်နားခြင်း မပြုလုပ်၊ မည်သည့်စေ့စပ်ရေးကိုမှ မပြုလုပ်၊ ဤသို့ပြု လုပ်ခြင်းသည် အောင်ပွဲခံမည့် နေ့ရက်ကိုရွှေ့ဆိုင်းစေပြီး ကျွန်သက်ရှည်ခြင်းသာ ဖြစ်စေလိမ့်မည်ဟု ဘလန်ကွီဂိုဏ်း ဘုံအဖွဲ့သမားများက ၎င်းတို့၏ ကြေညာ စာတမ်းထဲတွင် ရေးသားထားသည်။

"ဂျာမန်ကွန်မြူနစ်များသည် ကွန်မြူနစ်များဖြစ်ကြသည်။ အဘယ်ကြောင့် ဟူမူ သူတို့သည် သူတို့ကိုယ်တိုင်က ဖန်တီးခြင်းမဟုတ်ဘဲ သမိုင်းဆိုင်ရာဖြစ်ပေါ် တိုးပွားမှု၏ ဖြစ်စဉ်က ဖန်တီးပေးလိုက်သော ကြားခုလတ်နေရာအားလုံးနှင့် စေ့စပ်မှုအားလုံးကို ဖြတ်သန်း၍ မိမိတို့၏ နောက်ဆုံးပန်းတိုင် (ဝါ) လူတန်းစားများ ဖျက်သိမ်း

ရေးနှင့် မြေယာပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ် သို့မဟုတ် ထုတ်လုပ်ရေးကိရိယာများ ပုဂ္ဂလိက ပိုင်ဆိုင်မှု စနစ်မရှိတော့သော လူ့အဖွဲ့အစည်း တည်ဆောက်ရေးတို့ကို ရှင်းရှင်း လင်းလင်း သိမြင်ပြီး အစဉ်လိုက်ခဲ့သောကြောင့်ဖြစ်၏။ ဘလန်ကွီဂိုဏ်း ဘုံအဖွဲ့သမား ၃၃ ယောက်သည် ကွန်မြူနစ်များဖြစ်ကြသည်မှာ သူတို့သည် ကြားခုလပ်နေရာများ နှင့် စေ့စပ်ရေးများကို ခုန်လွှားသွားခြင်းဖြင့် ကိစ္စအဝဝကို ပြီးမြောက်လိမ့်မည်ဟု စဉ်း စားကြသောကြောင့်လည်းကောင်း ထို့ပြင် နောက်ရက်အနည်းငယ်အတွင်း "အလုပ် စ"ပြီး (ဤကား သူတို့၏ကျိန်းသေ ယူဆချက်) အာဏာကို ရသည်နှင့် နက်ဖန်သ ဘက်တွင်"ကွန်မြူနစ်ဝါဒ ထွန်းပေါက်တော့မည်"ဟုစဉ်းစားမိကြသောကြောင့်လည်း ကောင်း ဖြစ်ပေသည်။ ထို့ကြောင့် အကယ်၍ ဤကိစ္စကို လက်ငင်း မလုပ်ဆောင် နိုင်ဘူးဆိုပါက သူတို့သည် ကွန်မြူနစ်များ မဟုတ်ကြတော့ချေ။

"မိမိတို့၏ စိတ်မရှည်မှုကို သဘောတရားရေးအရ အခိုင်အမာ အကြောင်းပြ ချက်အဖြစ် ထားရှိခြင်းမှာ အဘယ်မျှ ကလေးကလားနိုင်ပါသနည်း။" (ဖရက်ဒရစ် အိန်ဂယ်ရေး"ဘလန်ကွီဂိုဏ်း ဘုံအဖွဲ့သမားများ၏ လုပ်ငန်းစဉ်"ဆောင်းပါး၊ ဂျာမန် ဆိုရှယ် ဒီမိုကရက်သတင်းစာ ဖော်ခ်တပ်၊ အမှတ် ၇၃၊ ၁၈၇၄ ခုတွင် ပါခဲ့သည်။ ရုရှားဘာသာပြန်ဆိုချက်အဖြစ် ၁၈၇၁–၁၈၇၅ ခုနှစ်များအတွင်း ဆောင်းပါးများ၊ ၁၉၁၉ ခုနှစ် ပီထရိုဂရက်မြို့၊ စာမျက်နှာ ၅၂–၅၃ တွင် ပါရှိသည်။)

အဆိုပါ ဆောင်းပါးထဲတွင်ပင် အိန်ဂယ်က ဗေလင့်ဆိုသူကို လေးလေး နက်နက် ချီးကျူးဂုဏ်ပြုထား၍ ထိုသူ၏"မငြင်းနိုင်သော ကောင်းမှုများ"ကို ထုတ်ဖော် ပြောဆိုခဲ့သည်။ (ဗေလင့်သည် ဂဲစ်ဒီကဲ့သို့ပင် ဆိုရှယ်လစ်ဝါဒကို သစ္စာမဖောက်သေးမီ ၁၉၁၄ ခုနှစ်ဩဂုတ်လအထိ နိုင်ငံတကာ့ ဆိုရှယ်လစ်ဝါဒ၏ ထိပ်တန်း ခေါင်းဆောင် တယောက် ဖြစ်သည်) သို့သော် အိန်ဂယ်သည် အလွန်ထင်ရှားသော အမှားတခုကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာခြင်းမပြုဘဲ ကျော်လွှားသွားခြင်း မရှိခဲ့ပေ။ ဓမ္မတာပင် အလွန်ငယ်ရွယ်ပြီး အတွေ့အကြုံ မရင့်ကျက်သေးသည့် တော်လှန်ရေး သမားများ အဖို့လည်းကောင်း၊ အတော် အသက်အရွယ်ကြီးပြီး အတွေ့အကြုံ အတော်ရင့်ကျက် နေပြီဆိုနိုင်သည့် ဓနရှင်ပေါက်စ တော်လှန်ရေးသမားများအဖို့လည်းကောင်း "စေ့စပ် ရေးကိုခွင့်ပြုခြင်း"သည် အလွန်အမင်း "အန္တရာယ်ကြီး"လှပြီး နားမလည်နိုင်၍ မမှန်ကန်သော ကိစ္စရပ်ဖြစ်သည်။ မြောက်မြားလှသော ဆင်ခြေလိမ် သမားတို့သည် (ဤသူများသည် သူမတူအောင်"အတွေ့အကြုံရှိသော"နိုင်ငံရေးသမားများ ဖြစ်ကြသည်) ရဲဘော်လန်စ်ဘာရီ ဖော်ပြခဲ့သော ဗြိသျှအချောင်သမား ခေါင်းဆောင်

များနှင့် တထေရာတည်း ပြောဆိုခဲ့ကြသည်။ ထိုအချောင်သမား ခေါင်းဆောင်များက“အကယ်၍ ဗော်ရှီဗစ်များအတွက် တစုံတခုသော စေ့စပ်ရေးကို လုပ်ခွင့်ရှိပါလျှင် ကျွန်တော်တို့အဖို့ စေ့စပ်ရေးတခုခုကို အဘယ်ကြောင့် မလုပ်နိုင်ရမည်နည်း”ဟု ပြောကြသည်။ သို့ရာတွင် သပိတ်တိုက်ပွဲ အမြောက်အမြားအတွင်း (လူတန်းစားတိုက်ပွဲ၏ ဤဖော်ပြချက်ကိုသာ ပြောကြဦးစို့) ပညာရခဲ့ကြသည့် ပစ္စည်းမဲ့တို့သည် အိန်ဂယ်က ရှင်းလင်းဖော်ပြခဲ့သည့် အလွန်နက်နဲသော (အဘိဓမ္မာဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် စိတ္တဗေဒဆိုင်ရာ) အမှန်တရားကို အစဉ်အမြဲ ကောင်းကောင်း နားလည်ခဲ့ကြသည်။ ပစ္စည်းမဲ့တိုင်းပင် သပိတ်ထဲတွင် ပါဝင်ခဲ့ဖူးပြီး ရွံမုန်းစရာကောင်းသော ဖိနှိပ်သူများ သွေးစုပ်သူများနှင့် “စေ့စပ်မှုများ”ကိုတွေ့ကြုံခဲ့ပေသည်။ ၎င်းမှာ အလုပ်သမားများသည် တောင်းဆိုချက်များ မရရှိဘဲနှင့်သော်လည်းကောင်း သို့မဟုတ် သူတို့တောင်းဆိုချက်များ၏ တစိတ်တပိုင်းနှင့်သာ သဘောတူ ကျေနပ်ကြရပြီး အလုပ်ပြန်ဝင်ကြရသည်။ ပစ္စည်းမဲ့တိုင်းပင် လူထုတိုက်ပွဲနှင့် လူတန်းစား ရန်ဘက်ဖြစ်မှုများ ပြင်းထန်သော အကြောင်းအချက်များအောက်တွင် နေထိုင်ရသောကြောင့် သူတို့သည် အောက်ပါစေ့စပ်ရေး ၂ မျိုးအကြား ခြားနားမှုကို သိမြင်ကြသည်။ တမျိုးမှာ ပကတိဘာဝ အကြောင်းအချက်များ (သပိတ်ရန်ပုံငွေ မလုံလောက်ခြင်း၊ ပြင်ပ အကူအညီမရခြင်း၊ အလွန်အမင်း ငတ်မွတ်ခေါင်းပါးပြီး အားအင်ကုန်ခန်းနေခြင်း) ကြောင့် မတတ်သာဘဲ ပြုလုပ်ရသော စေ့စပ်ရေးဖြစ်ပြီး ဤကဲ့သို့သော စေ့စပ်ရေးမျိုးကို သဘောတူခြင်းဖြင့် အလုပ်သမား၏ တော်လှန်ရေးအပေါ် သစ္စာရှိမှုနှင့် နောက်ဆက်လက် တိုက်ပွဲဆင်ရေးအတွက် အဆင်သင့်ဖြစ်မှုတို့ကို မည်သည့်နည်းနှင့်မျှ လျော့နည်းသွားစေမည်မဟုတ်။ စေ့စပ်ရေးနောက်တမျိုးမှာ သစ္စာဖောက်များ၏ စေ့စပ်ရေး ဖြစ်သည်။ သူတို့သည်မိမိတို့၏ တကိုယ်ကောင်းကြံမှု၊ (သပိတ်ဖျက်ဆီးရေးသမားများ ကလည်း“စေ့စပ်ရေးများ”ထဲသို့ ပါဝင်ကြပေသည် တကား) သတ္တိကြောင်မှုနှင့် အရင်းရှင်တို့အား ကပ်ပါးယပ်ပါး ပြုလိုသည့် ဆန္ဒတို့ကိုလည်းကောင်း အရင်းရှင်များ၏ ခြိမ်းခြောက်မှု၊ ဆွဲဆောင်မှု၊ မက်လုံးပေးမှု၊ မြှောက်ပင့်မှုထံ အညံ့ခံလိုမှုကို လည်းကောင်း ဖုံးကွယ်ကာ ပြင်ပအကြောင်းပြချက်များအပေါ် ပုံချကြသည်။ (အင်္ဂလိပ် အလုပ်သမား လှုပ်ရှားမှုသမိုင်းတွင် ဤကဲ့သို့သော သစ္စာဖောက် စေ့စပ်ရေးမျိုးကို ဗြိတိသျှအလုပ်သမားသမဂ္ဂ ခေါင်းဆောင်များက အမြောက်အမြား ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် တိုင်းပြည်အားလုံးရှိ အလုပ်သမား အားလုံးလိုလိုပင် တမျိုးမဟုတ်တမျိုး ဆိုသလို ဤကဲ့သို့သော အလားတူ အခြင်းအရာမျိုးကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူး

သည်။)

ဓမ္မတာပင် အလွန်ခက်ခဲပြီး ရှုပ်ထွေးသော တခုချင်းကိစ္စများ ရှိတတ်ပေသည်။ ထိုထိုဤဤသော"စေ့စပ်ရေး"၏ တကယ့်လက္ခဏာကို မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် ကြီးမားစွာအားထုတ်ရပေသည်။ ဥပမာအားဖြင့် လူသတ်မှုတခုဆိုကြပါစို့။ ၎င်းသည် လုံးဝလုပ်ထိုက်သလော (ဥပမာ တရားသဖြင့် မိမိကိုယ်ကိုကာကွယ်ခွင့်) သို့မဟုတ် ခွင့်မလွှတ်နိုင်သည့် ပေါ့ဆချက်ကြောင့်လော၊ ထိုမှုမက သေချာစွာစီစဉ်၍ လုပ်ကြံသတ်ဖြတ်သလောဆိုသည်ကို ဆုံးဖြတ်ရန် အတော်ပင် ခဲယဥ်းပေသည်။ အမှန်ပင် နိုင်ငံရေးဘက်တွင် တခါတရံလူတန်းစားများနှင့် ပါတီများအကြား (အမျိုးသားရေးနှင့် နိုင်ငံတကာအရ) အလွန်အမင်း ရှုပ်ထွေးသည့် ကိစ္စများရှိနေသဖြင့် သပိတ်အတွင်း လုပ်သင့်လုပ်ထိုက်သော"စေ့စပ်ရေး"လော၊ သို့မဟုတ် သပိတ်အဖျက်သမားများ သစ္စာဖောက် ခေါင်းဆောင်များ စသည်တို့က သစ္စာဖောက်သော"စေ့စပ်ရေး"လော အစရှိသည့် ပြဿနာများထက် ပိုမိုခက်ခဲသော အခြေအနေ အပြောက်အပြား ပေါ်ထွက်လာလိမ့်မည်။ ရောဂါခပ်သိမ်း ပျောက်ကင်းစေသောဆေးညွှန်း သို့မဟုတ် အခြေအနေအားလုံး နှင့်ကိုက်ညီသော ယေဘုယျတရား ("မည်သည့်စေ့စပ်ရေးမှ မလုပ်")ကို သတ်မှတ်ရန်မှာ ရယ်စရာဖြစ်ပေလိမ့်မည်။ တဦးတယောက်သည် မိမိ၏ ဦးနှောက်ကို အသုံးပြုရမည်။ သီးခြားကိစ္စတိုင်း၌ မိမိဘာသာ ခွဲခြမ်းစိတ်ဖြာ နိုင်စွမ်းရှိရမည်။ ဂုဏ်နှင့်ဒြပ်ကိုက်ညီသော ပါတီအဖွဲ့အစည်းနှင့် ပါတီခေါင်းဆောင်များ၏ လုပ်ငန်းဆောင်တာ တရပ်သည် မိမိလူတန်းစား* အတွင်းရှိ ခွဲခြမ်းနားလည်တတ်သောသူ မှန်သမျှ၏ ရေရှည်သော၊ ကြံ့ခိုင်သော၊ အမျိုးမျိုး အဖုံဖုံသော၊ ဘက်ပေါင်းစုံသော ကြိုးပမ်းချက်ဖြင့် ရှုပ်ထွေးသော နိုင်ငံရေး ပြဿနာများကို လျင်မြန်၍ မှန်ကန်စွာ ဖြေရှင်းနိုင်ရေးအတွက် လိုအပ်သော အသိပညာ၊ အတွေ့အကြုံ၊ ထိုမှုမက လိုအပ်သော နိုင်ငံရေးအကင်းပါးမှုတို့ကို မွေးမြူပေးရမည်။

---------------

* အသိဉာဏ် အပွင့်လင်းဆုံး တိုင်းပြည်များအတွင်းရှိ အခြေအနေများအတွင်း၌ ပင်ဖြစ်စေ၊ ရှေ့တန်းအရောက်ဆုံး လူတန်းစား အတွင်းပင်ဖြစ်စေ မျက်မှောက် အခြေ အနေများကြောင့် ၎င်း၏စိတ်ဓာတ်ဆိုင်ရာ အင်အားအားလုံးကို အမြင့်မားဆုံး ထွန်းကားစေသည့် အခါမှာပင်ဖြစ်စေ လူတန်းစားတိုင်းတွင် **မစဉ်းစား**သော၊ စဉ်းစား နိုင်စွမ်းမရှိသော လူတန်းစား၏ ကိုယ်စားလှယ်များ အစဉ်သဖြင့် ရှိနေလိမ့်မည်။ ထိုမှုမက လူတန်းစားများ ရှိနေသမျှကာလပတ်လုံး လူတန်းစားမဲ့

**ယောဘုယျ**စေ့စပ်ရေးကို ခွင့်ပြုခြင်းသည် ကျွန်တော်တို့က မပြေငြိမ်းစတမ်း တိုက်ပွဲဆင်နေသော၊ တိုက်ပွဲဆင်ရမည်ဖြစ်သော အချောင်ဝါဒနှင့် တော်လှန်သော မာ့က်စ်ဝါဒ သို့မဟုတ် ကွန်မြူနစ်ဝါဒအကြားရှိ စည်းကြောင်းကို ပယ်ဖျက်ပစ်ခြင်း ဖြစ်နိုင်သည်ဟု ရိုးအသူများနှင့် လုံးဝအတွေ့အကြုံမရှိသူများက မှတ်ယူကြသည်။ သို့သော်အကယ်၍ ဤသူများသည် သဘာဝနှင့် လူ့အဖွဲ့အစည်းအတွင်းမှာ ရှိကြသည့် စည်းကြောင်း**အားလုံး**သည် ပြောင်းလဲနေသည်ကိုလည်းကောင်း၊ ထို့ပြင် တစုံတခုသော အတိုင်းအတာထိ တည်တန့်နိုင်မှုကိုလည်းကောင်း၊ မသိနားမလည် သေးက သူတို့အား ရေရှည်လေ့ကျင့်မှု၊ ပညာပေးမှု၊ မျက်စိဖွင့်ပေးမှုမှတပါး နိုင်ငံရေး နှင့် နေ့စဉ်အတွေ့အကြုံများမှတပါး သူတို့ကို မကူညီနိုင်ပေ။ သီးခြားဖြစ်သည့် သို့မ ဟုတ် ထူးခြားသည့် သမိုင်းဆိုင်ရာ ကာလပိုင်းအလိုက် လက်တွေ့နိုင်ငံရေး ပြဿနာ များထဲမှ ခွင့်မပြုနိုင်သော သစ္စာဖောက်မှုမျိုးဖြစ်သည့်၊ တော်လှန်သော လူတန်းစား အား အသက်အန္တရာယ် ပြုသည့်၊ အချောင်ဝါဒကိန်းအောင်းနေသည့် စေ့စပ်ရေးမျိုး၏ အဓိကသဏ္ဍာန်ကို ပိုင်နိုင်စွာခွဲထုတ်ရန်၊ ဤကဲ့သို့ စေ့စပ်ရေးမျိုး၏ အန္တရာယ်ကို အစွမ်းကုန်ဖွင့်ချဖော်ထုတ်ရန်နှင့် တိုက်ပွဲဆင်ရန်တို့သည် အရေးကြီးပေသည်။ လု ယက်ခြင်းနှင့် ရက်စက်ယုတ်မာမှုများတွင် တမျိုးတစားတည်းဖြစ်ကြသော တိုင်းပြည်များ၏ အုပ်စုနှစ်ခုအကြားရှိ နယ်ချဲ့စစ်ပွဲဖြစ်ပွားစဉ် ၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အတွင်းကဆိုလျှင် အချောင်ဝါဒ၏ အဓိကနှင့်အခြခံအမျိုးအစားမှာ ဆိုရှယ် ရှော်ဗင်ဝါဒဖြစ်သည်။ ဆိုလိုသည်မှာ“အဖနိုင်ငံကာကွယ်ရေး”အား ထောက်ခံမှု ပင်ဖြစ်သည်။ **ဤကဲ့သို့သော** စစ်ပွဲမျိုး၌ဆိုလျှင် “အဖနိုင်ငံတော်ကာကွယ်ရေး”ကို ထောက်ခံခြင်းသည် လက်တွေ့အရ“မိမိတိုင်းပြည်၏”ဓနရှင်လူတန်းစား လုယက် သော အကျိုးစီးပွားများကို ကာကွယ်ပေးခြင်းနှင့် အတူတူပင်ဖြစ်ပေသည်။ စစ်ပြီး နောက် သူခိုးဓားပြ “နိုင်ငံပေါင်းချုပ်အသင်းကြီး[၁၈] အား ကာကွယ်ပေးခြင်းသည်လည်း ကောင်း၊ တော်လှန်သော ပစ္စည်းမဲ့လူတန်းစားနှင့်“ဆိုဗီယက်”လှုပ်ရှားမှုများကို ဆန့်ကျင်သော မိမိတိုင်းပြည်ရှိ ဓနရှင်လူတန်းစားနှင့် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ မဟာမိတ်ဖွဲ့မှုအား ကာကွယ်ခြင်းသည်လည်းကောင်း၊ “ဆိုဗီယက်

—————————————

လူ့အဖွဲ့အစည်းသည် မိမိဘာသာ တောင့်တင်းခိုင်မာခြင်း ပြည့်စုံစွာ ဖြစ်ပေါ် တိုးပွားခြင်းနှင့် မိမိကိုယ်ပိုင် အုတ်မြစ်များပေါ်တွင် တိုးပွားခြင်းမရှိသမျှကာလပတ်လုံး **မလွဲမသွေ ရှိပေလိမ့်မယ်**။ ဤသို့မဟုတ်ပါမူ အရင်းရှင်ဝါဒသည် ယခုရှိသကဲ့သို့ လူထုအပေါ် ဖိနှိပ်သူဖြစ်လိမ့်မည် မဟုတ်ပေ။

အာဏာ”အားဆန့်ကျင်သော ဓနရှင်လူတန်းစား၏ ဒီမိုကရေစီစနစ်နှင့် ဓနရှင်လူတန်းစား၏ ပါလီမန်စနစ်အား ကာကွယ်ခြင်းသည်လည်းကောင်း ခွင့်မပြုနိုင်သည့်၊ သစ္စာဖောက်သည့် စေ့စပ်ရေးများ၏ အဓိကဖော်ပြချက်များဖြစ်ကာ ပေါင်းချုပ်လိုက်သော် တော်လှန်သော ပစ္စည်းမဲ့လူတန်းစားနှင့် ၎င်း၏အရေးတော်ပုံအား အသက်အန္တရာယ်ပြုသည့် အချောင်ဝါဒဖြစ်ပေသည်။

**“ … အခြားပါတီများနှင့် စေ့စပ်ရေးမှန်သမျှကို …ပရိယာယ်ဆင်သော၊ စေ့စပ်လိုက်လျောသော ပေါ်လစီမှန်သမျှကို အလေးထားကန့်ကွက်ရမည်”**ဟု ဂျာမန် လက်ဝဲသမားများက ဖရင့်ဖတ်စာစောင်ထဲ၌ ရေးခဲ့ကြသည်။

ဤသို့သော အမြင်များကို ဆုပ်ကိုင်ထားပါလျက် ဤလက်ဝဲသမားများသည် ဗော်ရှီဗစ်ဝါဒကို ပြတ်ပြတ်သားသား ပြစ်တင်ရှုတ်ချခြင်း မပြုသည်မှာ အံ့သြဖွယ်ရာကောင်းပေသည်။ အကြောင်းမူ ဗော်ရှီဗစ်ဝါဒ သမိုင်းတခုလုံးအတွင်း၌ အောက်တိုဘာ တော်လှန်ရေးမတိုင်မီဖြစ်စေ အောက်တိုဘာတော်လှန်ရေးပြီးသည့် နောက်မှာဖြစ်စေ ဓနရှင်ပါတီများအပါအဝင် အခြားသောပါတီများနှင့် ပရိယာယ်ဆင်ခြင်း၊ လိုက်လျောခြင်း၊ စေ့စပ်ခြင်း သာဓကများဖြင့် **ပြည့်နှက်**နေပေသည်။ ၎င်းကိုဂျာမန် “လက်ဝဲသမားများ”က မသိကြသည်မဟုတ်ပေ။

နိုင်ငံတကာ့ ဓနရှင်လူတန်းစားကို တွန်းလှန်ရန်အတွက် ဆင်နွှဲသည့်စစ်ကားတနိုင်ငံနှင့်တနိုင်ငံအကြား ဖြစ်ပွားသည့် ခေါင်းအမာဆုံး သာမန်စစ်များထက် အစတရာမက ပိုမိုခက်ခဲ ပိုမိုရှည်ကြာ ပိုမိုရှုပ်ထွေးလှပေရာ ပရိယာယ်သုံးခြင်း၊ မိမိ ရန်သူများ အကြားရှိအကျိုးစီးပွား အတိုက်အခံဖြစ်မှု (ယာယီပင်ဖြစ်ပါစေ) ကို အသုံးချခြင်းရနိုင်သမျှ (ယာယီ၊ မခိုင်မြဲသော၊ ယိမ်းယိုင်သော၊ ချွင်းချက်ပင်ဖြစ်ပါစေ) မဟာမိတ်များနှင့် လိုက်လျောလုပ်ကိုင်ခြင်း၊ စေ့စပ်ခြင်းတို့ကို ကြိုတင်ငြင်းပယ်သည်မှာ အလွန်ပင် ရယ်စရာကောင်းသည် မဟုတ်ပါလော။ အခက်အခဲ အတားအဆီးများရှိသည့်၊ လူသူမပေါက်ရောက်သည့် တောင်ကို တက်မည်ပြုသောအခါ မတက်မီကပင် ကောက်ကောက်ကွေ့ကွေ့မသွားနိုင်၊ နောက်ကြောင်းကို ပြန်၍မလှည့်နိုင်၊ ရွေးချယ်ပြီးလမ်းကို မစွန့်လွှတ်နိုင်၊ အခြားလမ်းများဖြင့် မတက်နိုင်ဟု တင်ကြိုငြင်းပယ်ခြင်းကဲ့သို့ပင် မဟုတ်ပါသလော။ ထို့ပြင် အတွေ့အကြုံ မရှိသေးသော၊ မရင့်ကျက်ကြသေးသော ထိုသူများသည် (အကယ်၍ ငယ်ရွယ်သေးသောကြောင့် ဖြစ်သည်ဟုဆိုပါက မဆိုးလှသေးပေ။ ငယ်ရွယ်သူများအား ကာလတခုအထိ အဓိပ္ပာယ်မဲ့စကားများကို ပြောဆိုရန်

ဘုရားသခင်ကိုယ်တိုင်ကပင် ဗျာဒိတ်တော်မြတ် ချမှတ်ခဲ့ပေသည်) ပေါ်လန်ကွန်မြူနစ်ပါတီမှ ပါတီဝင်အချို့၏ ထောက်ခံမှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း၊ အတိအလင်း သို့မဟုတ် တိတ်တဆိတ်သော်လည်းကောင်း၊ အပြည့်အစုံ သို့မဟုတ် တစိတ်တပိုင်းအားဖြင့်သော်လည်းကောင်း တနည်းနည်းဖြင့် ရရှိနေကြသည်ကို ကျွန်တော်တို့ တွေ့မြင်နေရပေသည်တကား။

ပစ္စည်းမဲ့လူတန်းစား၏ ပထမအကြိမ် ဆိုရှယ်လစ်တော်လှန်ရေးပြီးသည့်နောက်တွင်လည်းကောင်း၊ တိုင်းပြည်တပြည်တွင်း၌ ဓနရှင်လူတန်းစားအားတွန်းလှန်ပြီးသည့်နောက်တွင်လည်းကောင်း ထိုတိုင်းပြည်၏ ပစ္စည်းမဲ့လူတန်းစားသည် **အလွန်ရှည်ကြာသည့် ကာလထိအောင်ပင်** ဓနရှင်လူတန်းစားထက် အင်အားချည့်နဲ့နေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် အလွန်ရှင်းနေသည်မှာ ဓနရှင်လူတန်းစား၏ အလွန်ကျယ်ပြန့်သည့် နိုင်ငံတကာ့ ဆက်သွယ်မှုများကြောင့်လည်းကောင်း၊ ထို့မျှမက ဓနရှင်လူတန်းစားအား တွန်းလှန်ခဲ့သည့် တိုင်းပြည်၌ ကုန်စည်ထုတ်လုပ်သူကလေးများက အရင်းရှင်ဝါဒနှင့် ဓနရှင်လူတန်းစားတို့အား အလိုအလျောက်နှင့် အဆက်မပြတ် ပြန်လည်ထူထောင်ခြင်း၊ အသစ်တဖန် ပေါက်ဖွားခြင်းဖြစ်စေသောကြောင့်လည်းကောင်း ဖြစ်ပေသည်။ ပိုမိုအင်အား ကြီးမားတောင့်တင်းသည့် ရန်သူကို တိုက်ခိုက်အောင်မြင်နိုင်ရန် အစွမ်းကုန် အားထုတ်မှုသာလျှင် ဖြစ်နိုင်ပေသည်။ ရန်သူများအတွင်းရှိ အသေးငယ်ဆုံးသော အက်ကြောင်းပင်ဖြစ်ပါစေ "အက်ကြောင်း" တိုင်းကိုလည်းကောင်း၊ တိုင်းပြည်အသီးသီးရှိ ဓနရှင်များအကြား ထို့ပြင် တိုင်းပြည် အသီးသီး၏ အတွင်းပိုင်းရှိ အမျိုးမျိုးအဖုံဖုံသော ဓနရှင်အုပ်စုများ၊ ဂိုဏ်းများအကြားတို့ရှိ အကျိုးစီးပွားခြင်း ရန်ဘက်ဖြစ်မှုတိုင်းကိုလည်းကောင်း အကုန်စင်ဆုံး၊ ဂရုစိုက်ဆုံး၊ အာရုံအစိုက်ဆုံး၊ အကျွမ်းကျင်ဆုံးဖြင့် **မပျက်မကွက်** အသုံးချမှုသာလျှင် ဖြစ်နိုင်သည်။ ယာယီဖြစ်သည့်၊ ယိမ်းယိုင်သည့်၊ မတည်ငြိမ်သည့်၊ စိတ်မချရသည့်၊ ချွင်းချက်ရှိသည့် မဟာမိတ်ပင်ဖြစ်ပါစေ မဟာမိတ်အလုံးအရင်း ရရှိရေးအတွက် အနည်းဆုံးသော အခွင့်အရေး ပင်ဖြစ်ပါစေ အခွင့်အရေးတိုင်းကို အခွင့်ကောင်းယူမှုသာ ဖြစ်နိုင်သည်။ ဤအချက်ကို နားမလည်သူသည် မာ့က်စ်ဝါဒအား နည်းနည်းကလေးမှ နားမလည်သူ၊ ခေတ်မီ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို **ယေဘုယျအားဖြင့်ပင်** နားမလည်သူဖြစ်ပေသည်။ အတော်အတန်ရှည်ကြာသည့် ကာလအတွင်း၌လည်းကောင်း၊ အတော်အတန် ရှုပ်ထွေးသည့် နိုင်ငံရေးအခြေအနေ အောက်တွင်လည်းကောင်း၊ **လက်တွေ့**အားဖြင့် ဤအမှန်တရားကို မိမိကပိုင်နိုင်စွာ အသုံးချနိုင်စွမ်းရှိကြောင်းကို

တကယ်တမ်း သက်သေမပြနိုင်သူများသည် သွေးစုပ်သူများ၏ ဖိနှိပ်မှုအောက်မှ လုပ်အားစိုက်ထုတ်သည့် လူသားတရပ်လုံးအား လွတ်မြောက်စေရေးအတွက် တိုက်ပွဲဆင်နေစဉ်အတွင်း တွင်တော်လှန်သော လူတန်းစားအား အကူအညီပေးရေးကို မတတ်မြောက်သေးပေ။ ထို့ပြင်ဤသည်မှာ ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာ **မရမီ**ကာလနှင့် **ရပြီး** ကာလ နှစ်ခုစလုံးအတွက် ထပ်တူထပ်မျှ အကြုံးဝင်ပေသည်။

ကျွန်တော်တို့၏ သဘောတရားသည် တရားသေမဟုတ်၊ **ပြုမူလှုပ်ရှားမှု၏ လမ်းညွှန်** ဖြစ်သည်ဟု မာ့က်စ်နှင့် အိန်ဂယ်တို့က ပြောခဲ့ကြသည်။ ကားကောက်စကီး၊ အော်တိုဘောဝါးစသည့်"မူပိုင်ဖြစ်သော"မာ့က်စ်ဝါဒသမားများ၏ အကြီးမားဆုံးသော အမှားနှင့် အကြီးမားဆုံးသော ရာဇဝတ်ပြစ်မှုသည် ဤအမှန်တရားကို နားမလည်ကြခြင်းနှင့် ပစ္စည်းမဲ့တော်လှန်ရေး၏ အလွန်အရေးကြီးသည့် အချိန်ကာလ၌ ဤအမှန်တရားကို အသုံးမချနိုင်ခဲ့ခြင်းတို့ပင် ဖြစ်ပေသည်။ "နိုင်ငံရေးလှုပ်ရှားမှုကား နက်ဖ်စကီလမ်းမကြီး (သန့်ရှင်းကျယ်ပြန့် ချောမွေ့သည့် စိန်ပီတာဇဘတ်ရှိ အလွန်ဖြောင့်တန်းသော အဓိကလမ်းမကြီး) မဟုတ်ပေ"ဟု မာ့က်စ်၏ ခေတ်မတိုင်မီရှိ ကြီးမြတ်သော ရုရှားဆိုရှယ်လစ်ဝါဒီကြီးတဦးဖြစ်သူ အင်ဂျီချာနီရှက်ဖ်စကီက ပြောလေ့ရှိပေသည်။ ဤအမှန်တရားကို လျစ်လျူရှုခဲ့သောကြောင့် သို့မဟုတ် မေ့ခဲ့သောကြောင့် ချာနီရှက်ဖ်စကီခေတ်မှစ၍ ရုရှားတော်လှန်ရေးသမားများသည် မရေမတွက်နိုင်သည့် နစ်နာမှုများကို ခံစားခဲ့ကြရသည်။ လက်ဝဲကွန်မြူနစ်များ၊ အလုပ်သမားလူတန်းစားအပေါ် သစ္စာရှိသော အနောက်ဥရောပနှင့် အမေရိကန်ရှိ တော်လှန်ရေးသမားများအား ခေတ်နောက်ကျသည့် ရုရှားများကဲ့သို့ ဤအမှန်တရားအတွက် **မြင့်မားသည့်တန်ဖိုး** ပေးရခြင်းမျိုး **မဖြစ်စေရန်** ကျွန်တော်တို့ အစွမ်းကုန်ကြိုးပမ်းကြရမည်။

ဇာစနစ်မကျဆုံးခင်ကပင် ရုရှားရှိတော်လှန်သော ဆိုရှယ်ဒီမိုကရက်များက လစ်ဘရယ်ဓနရှင် လူတန်းစား၏ အကူအညီများကို ထပ်တလဲလဲ အသုံးချခဲ့ပေသည်။ ဤသည်မှာ သူတို့နှင့်လက်တွေ့ စေ့စပ်ရေးမြောက်မြားစွာကို လက်တွေ့လုပ်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့ပြင် ၁၉၀၁–၁၉၀၂ ခုနှစ် ဗော်ရှီဗစ်ဝါဒ မပေါ်ပေါက်သေးသည့် အချိန်မှာပင် **အစ္စကရာ**သတင်းစာ အယ်ဒီတာ အဖွဲ့ဟောင်း (ပလက်ခ်နော့ဖ်၊ အက်ဇယ်ရော့ဒ်၊ ဇာဆူလစ်၊ မားတော့ဖ်၊ ပို့ထရက်ဆော့ဖ်နှင့် ကျွန်တော်တို့ ပါဝင်ကြသည်)သည် ဓနရှင်လူတန်းစား၏ လစ်ဘရယ်ဝါဒ နိုင်ငံရေးခေါင်းဆောင် စထရုဗ်နှင့် အတည်တကျ နိုင်ငံရေးမဟာမိတ် ဖွဲ့ခဲ့ကြပေသည် (အမှန်ပင် အချိန်မကြာခဲ့ပေ)။ တချိန်တည်းမှာပင် အယ်ဒီတာအဖွဲ့က ဓနရှင်လူတန်းစား၏ လစ်ဘရယ်ဝါဒကိုလည်းကောင်း၊ အလုပ်

သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ ခနရှင်လစ်ဘရယ်ဝါဒ သြဇာအရှိန်၏ အသေးငယ်ဆုံး ဖော်ပြချက်ကိုပင်လည်းကောင်း ဆန့်ကျင်ကာ တွေးခေါ်မှုအရ၊ နိုင်ငံရေးအရ အညှာတာကင်းမဲ့ဆုံးသော တိုက်ပွဲကိုအဆက်မပြတ် ဆင်နွှဲနိုင်ခဲ့ပေသည်။ ဤပေါ်လစီကို ဗော်ရှီဗစ်များက အစဉ်တစိုက် လိုက်နာလုပ်ဆောင်ခဲ့ကြသည်။ သူတို့ သည် ၁၉၀၅ ခုနှစ်မှစပြီး လစ်ဘရယ်ခနရှင် လူတန်းစားနှင့် ဇာစနစ်အား ဆန့်ကျင်သည့် အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှုကို တလျှောက်လုံး ကျင့်သုံးခဲ့ကြသည်။ သို့စေကာမူ ခနရှင်လူတန်းစားက ဇာစနစ်အား ဆန့်ကျင်တိုက်ခိုက်ရာတွင် အကူအညီပေးရန် မည်သည့်အခါကမှ မငြင်းပယ်ခဲ့ပေ။ (ဥပမာ ဒုတိယပတ် ရွေးကောက်ပွဲများအတွင်း သို့မဟုတ် ပြန်လည်မဲဆန္ဒပေးပွဲများ အတွင်းတွင်ဖြစ်သည်။) ထို့ပြင် ခနရှင်လူတန်းစား၏ တော်လှန်သော လယ်သမားပါတီ ဆိုလိုသည်မှာ "ဆိုရှယ် တော်လှန်ရေးသမား"တို့အား ဆိုရှယ်လစ်မျက်နှာဖုံး စွပ်ထားသည့် ခနရှင်ပေါက်စ ဒီမိုကရက်များဟု ဖွင့်ချကာ အတွေးအခေါ်အရနှင့် နိုင်ငံရေးအရ ပြတ်ပြတ်သားသား တိုက်ခြင်းကိုလည်း မည်သည့်အခါမျှ မရပ်နားခဲ့ပေ။ ၁၉၀၇ ခုနှစ် ဒူးမား ရွေးကောက်ပွဲများအတွင်း၌ ဗော်ရှီဗစ်များသည် အခိုက်အတန့်အားဖြင့် ဆိုရှယ်တော်လှန်ရေးသမားများနှင့် အတည်တကျနိုင်ငံရေး အုပ်စုဖွဲ့မှုကို ပြုလုပ်ခဲ့ကြသည်။ ၁၉၀၃ ခုနှစ်မှ ၁၉၁၂ ခုနှစ်အထိ နှစ်အတော်ကြာအောင်ပင် ဆိုရှယ်ဒီမိုကရေစီပါတီ တခုတည်းအတွင်း၌ ကျွန်တော်တို့သည် မင်ရှီဗစ်များနှင့် သဏ္ဍာန်အရ အတူပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်မှာ အကြိမ်အချို့ဖြစ်သည်။ သို့သော် ကျွန်တော်တို့သည် သူတို့အား အချောင်သမားများအဖြစ် ပစ္စည်းမဲ့လူတန်းစားအတွင်းရှိ ခနရှင်လူတန်းစား သြဇာသက်မှုများကို ဖြန့်ချိသူများအဖြစ် အတွေးအခေါ်အရနှင့် နိုင်ငံရေးအရ တိုက်ပွဲဆင်ရန် မည်သည့်အခါမျှ မရပ်နားခဲ့ပေ။ စစ်အတွင်းက ကျွန်တော်တို့သည် "ကောက်စကီးဝါဒီများ"နှင့်လည်းကောင်း၊ လက်ဝဲမင်ရှီဗစ်များ (မားတော့ဖ်)နှင့်လည်းကောင်း၊ "ဆိုရှယ်တော်လှန်ရေးသမားများ"(ချားနော့ဖ်နှင့် နာတန်ဆင်) တို့၏ တစိတ်တပိုင်းနှင့်လည်းကောင်း တစုံတခုသော စေ့စပ်ရေးများ ပြုလုပ်ခဲ့ကြသည်။ ဇင်မာဝဲ[၃၉] နှင့် ကီယင်သဲတွင် ကျွန်တော်တို့သည် သူတို့နှင့်အတူ စည်းဝေးခဲ့ကြကာ ပူးတွဲကြေညာချက်များကို ထုတ်ပြန်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့သည် အတွေးအခေါ်ရေးရာနှင့် နိုင်ငံရေးရာတိုက်ပွဲများကို မည်သည့်အခါမျှ မရပ်ဆိုင်းခဲ့ဘဲ၊ မည်သည့်အခါမျှ လက်မလျှော့ခဲ့ဘဲ"ကောက်စကီးဝါဒီများ"၊ မားတော့ဖ်နှင့် ချားနော့ဖ်တို့ကို (နာတန်ဆင်သည် ၁၉၁၉ တွင် ကွယ်လွန်ခဲ့သည်။ သူသည်"တော်လှန်သော ကွန်မြူနစ်ဝါဒသမား"

နာရေ့ာနစ်ဖြစ်ကာ ကျွန်တော်တို့နှင့် အလွန်နီးစပ်၍ သဘောထားမှာလည်း ထပ်တူထပ်မျှနီးပါး ဖြစ်ခဲ့သည်) ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာ တော်လှန်ရေးကာလကပင် ကျွန်တော်တို့သည် ခနရှင်ပေါက်စလူတန်းစား၏ လယ်သမားထုနှင့် နိုင်ငံရေးအုပ်စုဖွဲ့ခဲ့ကြသည်။ ဤအုပ်စုဖွဲ့မှုသည် အတည်တကျဖွဲ့စည်းမှုမျိုး မဟုတ်သော်လည်း အလွန့်အလွန် အရေးကြီးပေသည်။ (ထို့ပြင် အလွန်တရာ အောင်မြင်ပေသည်။) ထိုအချိန်က ကျွန်တော်တို့သည် **ဆိုရှယ်တော်လှန်ရေးပါတီ**၏ မြေယာလုပ်ငန်းစဉ် **တစုံလုံး**ကို လက်ခံခဲ့ကြကာ အနည်းငယ်မျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုခဲ့ပေ။ ဤကား သံသယဖြစ်စရာ မလိုသော စေ့စပ်ရေးကို ကျွန်တော်တို့ လုပ်ခဲ့ကြခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် လယ်သမားများအား သက်သေပြရန်ဖြစ်ပေသည်။ တချိန်တည်းမှာပင် ကျွန်တော်တို့သည် အတည်တကျဖြစ်သည့် နိုင်ငံရေးအုပ်စုဖွဲ့ပြီး အစိုးရထဲပါဝင်ရန် “လက်ဝဲ ဆိုရှယ်တော်လှန်ရေးသမားများ”အား ကမ်းလှမ်းခဲ့သည်။ (ထို့ပြင် မကြာမီပင် အကောင်အထည် ပေါ်ခဲ့ပေသည်) သို့သော် ဘရက်လစ်တော့ဗ် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးသည့်နောက်၌ သူတို့သည် ဤအုပ်စုဖွဲ့မှုကို ဖျက်သိမ်းခဲ့ပြီး ၁၉၁၈ ခုနှစ် ဇူလိုင်လတွင် လက်နက်ကိုင် ပုန်ကန်မှုကိုပင် လုပ်ကာ နောက်ပိုင်းတွင်လည်း ကျွန်တော်တို့ကို လက်နက်ကိုင်တိုက်ပွဲဖြင့် တိုက်ခိုက်ခဲ့ကြလေသည်။

ထို့ကြောင့် ရှင်းနေသည်မှာ ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက “အင်ဒီပင်းဒင့်များ” (“ဂျာမန်အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရေစီပါတီ”၊ ဆိုလိုသည်မှာ ကောက်စကီးဝါဒသမား) နှင့် အုပ်စုဖွဲ့ရေးကို စဉ်းစားသောကြောင့် ဂျာမန်“လက်ဝဲ သမားများ”က တိုက်ခိုက်လာသည်။ ဤသို့တိုက်ခိုက်ခဲ့ခြင်းမှာ လုံးဝတည်ကြည် လေးနက်မှုမရှိဘဲ “လက်ဝဲသမားများ” **မှားယွင်းကြောင်း** ရှင်းလင်းစွာ သက်သေပြနေသည်ဟု ကျွန်တော်တို့ ယူဆကြသည်။ ကျွန်တော်တို့ ရုရှားပြည်၌လည်း ဂျာမန် ရှိတ်ဒီမန်များနှင့်တူသော လက်ယာမင်ရှီဗစ်များ (ကရင်စကီအစိုးရအဖွဲ့ထဲသို့ ပါဝင်သူများ)နှင့် လက်ယာမင်ရှီဗစ်များကို ဆန့်ကျင်ပြီး ဂျာမန်ကောက်စကီးဝါဒသမားများနှင့်တူသော လက်ဝဲမင်ရှီဗစ်များ (မားတော့ဗ်) တို့ရှိခဲ့ကြပေသည်။ မင်ရှီဗစ်များဘက်မှ ဗော်ရှီဗစ်များဘက်သို့ အလုပ်သမားလူထုများ တဖြည်းဖြည်း ကူးပြောင်းလာပုံ တရပ်ကို ၁၉၁၇ ခုနှစ်တွင် ကျွန်တော်တို့ ထင်ရှားစွာတွေ့မြင်နိုင်လေသည်။ ၁၉၁၇ ခုနှစ် ဇွန်လတွင် ကျင်းပသည့် ပထမအကြိမ်မြောက် ရုရှားပြည်လုံးဆိုင်ရာ ဆိုဗီယက်များ ကွန်ဂရက်၌ ကျွန်တော်တို့သည် မဲ ၁၃ ရာခိုင်နှုန်းကိုသာလျှင် ရရှိခဲ့ပေသည်။ ဆိုရှယ်တော်

လုပ်ရေးသမားများနှင့် မင်ရှီဗစ်များသည် မဲအများစုကို ရရှိခဲ့ကြပေသည်။ ဒုတိယအကြိမ် ဆိုဗီယက်ကွန်ဂရက်၌ (ပြက္ခဒိန်ဟောင်းအရ ၁၉၁၇ ခုနှစ် အောက် တိုဘာ ၂၅ ရက်) ကျွန်တော်တို့သည် မဲ ၅၁ ရာခိုင်နှုန်း ရရှိခဲ့ကြသည်။ အဘယ်ကြောင့် ဂျာမနီရှိ အလုပ်သမား၏ **အလားတူ**သော၊ လုံးဝ**လက္ခဏာချင်း**တူသော လက်ယာမှ လက်ဝဲသို့ ကူးပြောင်းနေမှုက ကွန်မြူနစ်များအင်အားကို ချက်ခြင်းမတိုးများစေခဲ့ဘဲ ရှေးဦးစွာအားဖြင့် ကြားတွင်ရှိသည့်“အင်ဒီပင်းဒင့်”ပါတီ (ဤ“အင်ဒီပင်းဒင့်ပါတီ” ၌ မည်သည့်အခါကမျှ အမှီခိုကင်းသည့် နိုင်ငံရေးအမြင်များနှင့် အမှီခိုကင်းသည့် ပေါ်လစီများမရှိခဲ့ဘဲ ရှိတ်ဒီမန်များနှင့် ကွန်မြူနစ်များ၏အလယ်တွင် တွေဝေယိမ်းယိုင်၍ သာနေသည်) ၏ အင်အားများကို တိုးများစေရပါသနည်း။

အလွန်ထင်ရှားသည့် အကြောင်းရင်းများအနက်မှ တခုကား ဂျာမန်ကွန်မြူနစ်များ၏ **မှားယွင်းသော** နည်းပရိယာယ် ကြောင့်ပင်ဖြစ်သည်။ ဂျာမန်ကွန်မြူနစ်များသည် ဤအမှားအား ရဲရဲဝံ့ဝံ့ရိုးသားစွာ ဝန်ခံကြရမည်။ ဤအမှားကိုပြုပြင်ရန် သင်ယူရမည်။ ဤအမှားကား ဖောက်ပြန်သည့် ခေနရှင်လူတန်းစားပါလီမန်နှင့် ဖောက်ပြန်သည့် အလုပ်သမားသမဂ္ဂများထဲသို့ ပါဝင်ရေးကို ငြင်းပယ်မှုပင်ဖြစ်သည်။ ဤအမှားကား “လက်ဝဲ” သူငယ်နာ၏ မရေတွက်နိုင်သော ဖော်ပြချက်များပင်ဖြစ်၍ ဤကဲ့သို့ ရောဂါမျိုးသည် ယခုအခါ အလွန်ထင်ရှားစွာ ပေါ်ထွက်လာပေသည်။ ထို့ကြောင့် ထိုသူငယ်နာကို ပိုမိုကုန်စင်စွာနှင့် ပိုမိုမြန်ဆန်စွာ ကုသနိုင်လိမ့်မည်။ ခန္ဓာကိုယ်အား ပိုမိုအကျိုး ရှိစေလိမ့်မည်ဖြစ်သည်။

ဂျာမန်“အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရေစီပါတီ”အတွင်း၌ တညီတညွတ်တည်း မရှိကြသည်မှာ အလွန်ထင်ရှားပေသည်။ ၎င်းပါတီအတွင်း၌ မိမိတို့ကိုယ်တိုင် ဆိုဗီယက်အာဏာနှင့် ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်တို့၏ အရေးပါမှုကို နားမလည်နိုင်ကြောင်းနှင့် ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးတိုက်ပွဲအား ခေါင်းမဆောင်နိုင်ကြောင်း ဖော်ပြခဲ့ကြသည်။ အချောင်ဝါဒ ခေါင်းဆောင်ဟောင်းများ (ကောက်စကီး၊ ဟီဖာရင်တို့နှင့် အတော်အတန် အချောင်ဆန်မှု ထင်ရှားသည့် ကရစ်ပီယန်၊ လယ်ဒီဘောင်းနှင့် အခြားသူများ) နှင့်တပါတည်း အလွန်လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားလာသော လက်ဝဲဂိုဏ်း၊ ဆိုလိုသည်မှာ ပစ္စည်းမဲ့ ဂိုဏ်းတဂိုဏ်း ပေါ်ပေါက်ခဲ့သည်။ ဤပါတီ (ခန့်မှန်းခြေအားဖြင့် ပါတီဝင်စုစုပေါင်း ၇ သိန်း ၅ သောင်းခန့်မျှ ရှိပေသည်)၏ ပါတီဝင်သိန်းပေါင်းများစွာသည် ရှိတ်ဒီမန်များကို စွန့်ခွာ၍ ကွန်မြူနစ်ဝါဒဘက်သို့ လျင်မြန်စွာ ကူးပြောင်းနေသော ပစ္စည်းမဲ့များ ဖြစ်ကြသည်။ လိုက်ပဇစ်မြို့တွင် ကျင်းပသည့်

အင်ဒီပင်းဒင့်များ၏ ကွန်ဂရက် (၁၉၁၉) ၌ ဤပစ္စည်းမဲ့လက်ဝဲဂိုဏ်းက တတိယ အင်တာနေရှင်နယ်ထဲသို့ ချွင်းချက်မရှိ ချက်ခြင်းပါဝင်ရေးကို တင်ပြခဲ့ပြီးဖြစ်သည်။ ဤပါတီ၏ အဆိုပါလက်ဝဲဂိုဏ်းနှင့်"စေ့စပ်ရန်"ကြောက်နေမည်ဆိုပါက အမှန်ပင် ရယ်စရာကောင်းပေသည်။ ဆန့်ကျင်စွာပင် ကွန်မြူနစ်များက သူတို့နှင့် စေ့စပ်ရေးလုပ်ရန် အတွက် သင့်တော်မည့် သဏ္ဍာန်တမျိုးကို **မုချပင်**ရှာဖွေရမည်။ **ထို့ပြင် ရှာတွေ့ရမည်**။ ဆိုလိုသည်မှာ ဤလိုစေ့စပ်ရေးမျိုးသည် တဖက်၌ ဤဂိုဏ်းနှင့် လိုအပ်သည့် လုံးဝတသားတည်းဖြစ်ရေးကို လွယ်ကူစေရန် တွန်းဆော်ပေးနိုင်ရမည်။ အခြားတဖက်၌ ကွန်မြူနစ်များက"အင်ဒီပင်းဒင့်များ"အတွင်းရှိ အချောင်ဝါဒ လက်ယာဂိုဏ်းများအား အတွေးအခေါ်အရ၊ နိုင်ငံရေးအရ တိုက်ပွဲဆင်ခြင်းကို အနည်းငယ်မျှ အတားအဆီး မဖြစ်စေရပေ။ ဤကဲ့သို့သော သင့်လျော်သည့် စေ့စပ်ရေး သဏ္ဍာန်တခုကို သတ်မှတ်ရန်မှာ များစွာလွယ်ကူလှသည် မဟုတ်ချေ။ သို့သော် လူလိမ်လူညာများကသာလျှင် ဂျပန်အလုပ်သမားများနှင့် ဂျာမန်ကွန်မြူနစ်များအား အောင်ပွဲအတွက်"လွယ်ကူသည့်"လမ်းကို ရှာဖွေပေးမည်ဟု ကတိပေးနိုင်ပေလိမ့်မည်။

အကယ်၍ ပစ္စည်းမဲ့"စင်စစ်"သည် ပစ္စည်းမဲ့မှ ပစ္စည်းမဲ့တပိုင်း (အသက်ရှင်ရေးအတွက် လုပ်အားကို တဖက်တလမ်းမှ ရောင်းစားနေရသူများ) သို့လည်းကောင်း၊ ပစ္စည်းမဲ့တပိုင်းမှ လယ်သမားကလေး (နှင့် လက်မှုပညာသည်ကလေးများ၊ လက်မှုပညာအလုပ်သမားနှင့် ယေဘုယျအားဖြင့် လုပ်ငန်းပိုင်ရှင်ကလေး) သို့ လည်းကောင်း၊ လယ်သမားကလေးမှ အလတ်တန်းစား လယ်သမားသို့လည်းကောင်း အစရှိသဖြင့် အရောင်အဆင်း အမျိုးမျိုးရှိကာ မရေမတွက်နိုင်သည့် ကူးပြောင်းနေသော အလွှာများ၏ ဝိုင်းဝန်းခြင်းကို မခံရပါလျှင်၊ ထို့ပြင် ပစ္စည်းမဲ့လူတန်းစား ကိုယ်၌ပင်လျှင် များစွာဖွံ့ဖြိုး သောအလွှာနှင့် များစွာမဖွံ့ဖြိုးသော အလွှာများအဖြစ် ခြားနားမနေပါလျှင် ဇာတိဒေသအလိုက်၊ အသက်မွေးဝမ်းကျောင်းအလိုက်၊ တခါတရံတွင် ဘာသာရေး ကိုးကွယ်မှုအလိုက် အစရှိသည့် ခြားနားမှုများ မရှိပါလျှင်၊ အရင်းရှင်ဝါဒသည်လည်း အရင်းရှင်ဝါဒ ဖြစ်တော့မည်မဟုတ်ပေ။ ဤအကြောင်းရင်း အားလုံးကြောင့်ပင် ပစ္စည်းမဲ့လူတန်းစား တပ်ဦးနှင့် ၎င်း၏လူတန်းစား နိုးကြားမှုရှိသည့် အစိတ်အပိုင်းဖြစ်သော ကွန်မြူနစ်ပါတီသည် ပစ္စည်းမဲ့များ၏ အစုအမျိုးမျိုး၊ အလုပ်သမားများ၏ နိုင်ငံရေးပါတီအမျိုးမျိုးနှင့် လုပ်ငန်းပိုင်ရှင်ကလေးများ၏ နိုင်ငံရေးပါတီအမျိုးမျိုးတို့နှင့် နည်းပရိယာယ်သုံးခြင်း၊ အထိုက်အလျောက် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စေ့စပ်ခြင်းနည်းများကို ကျင့်သုံးရန်လိုအပ်ပေသည်။ အကြွင်းမဲ့လိုအပ်ပေသည်။ ပြဿနာ တရပ်လုံး

သည်ကား ပစ္စည်းမဲ့လူတန်းစား၏ လူတန်းစားနိုးကြားမှု၊ တော်လှန်ရေးစိတ်ဓာတ်၊ တိုက်ခိုက်နိုင်စွမ်းနှင့် အောင်ပွဲခံနိုင်စွမ်းတို့၏ ယေဘုယျရေချိန်အား နှိမ့်ချပစ်ခြင်း မဟုတ်ဘဲ **မြှင့်တင်ပေးရန်အတွက်** ဤနည်းပရိယာယ်များအား မည်မျှ **ပိုင်နိုင်စွာ** အသုံးချသည်ဆိုသည့် အချက်ပေါ်တွင် တည်ရှိနေပေသည်။ အကြောင်း အားလျော်စွာ ဖော်ပြရမည်ဆိုသော် မင်ရှီဗစ်များအပေါ် ဗော်ရှီဗစ်များ အနိုင်ရရှိရန်အတွက် ကျွန်တော်တို့သည် ၁၉၁၇ ခုနှစ် အောက်တိုဘာ တော်လှန်ရေးမတိုင်မီသာမက တော်လှန်ရေးပြီးသည့် **နောက်တွင်လည်း** နည်းပရိယာယ်ကျင့်သုံးခြင်း၊ အထိုက်အလျောက် လုပ်ကိုင်ခြင်း၊ စေ့စပ်ခြင်းတို့ကို ကျင့်သုံးခဲ့ကြောင်း ဖော်ပြလိုပေသည်။ သို့သော် သဘာဝအတိုင်းပင် ကျွန်တော်တို့ကျင့်သုံးသည့် ဤနည်းပရိယာယ်များနှင့် စေ့စပ်ရေးသည် မင်ရှီဗစ်များကို အားယုတ်စေ၍ ဗော်ရှီဗစ်များကို ကူညီတွန်းဆော်ခိုင်မာတောင့်တင်းစေလိမ့်မည်ဖြစ်သည်။ ဓနရှင်ပေါက်စ ဒီမိုကရေစီသမားများ (မင်ရှီဗစ်များ အပါအဝင်)ကား ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစား အကြားတွင်လည်းကောင်း၊ ဓနရှင်ဒီမိုကရေစီစနစ်နှင့် ဆိုဗီယက်စနစ်အကြားတွင်လည်းကောင်း၊ ပြုပြင်ရေးဝါဒနှင့် တော်လှန်ရေးဝါဒအကြားတွင်လည်းကောင်း၊ အလုပ်သမားများအား ချစ်မြတ်နိုးမှုနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်အား ကြောက်လန့်မှုအကြားတွင်လည်းကောင်း အစရှိသည်တို့တွင် မလွဲဧကန်ပင် တွေဝေယိမ်းယိုင် နေကြပေသည်။ ကွန်မြူနစ်များ၏ မှန်ကန်သော နည်းပရိယာယ်သည် ဤယိမ်းယိုင်မှုကို **အသုံးချရန်** ဖြစ်သည်။ လျစ်လျူရှုခြင်းမပြုရ။ ဤသို့အသုံးချရန်အတွက် ပစ္စည်းမဲ့လူတန်းစားဘက် တိမ်းညွတ်လာသော အစိတ်အပိုင်းများကို ပစ္စည်းမဲ့လူတန်းစားဘက်သို့ တိမ်းညွတ်လျှင် တိမ်းညွတ်သည်နှင့်အမျှ အလျှော့ပေးခြင်းပြုရန် လိုအပ်ပေသည်။ တချိန်တည်းမှာပင် ဓနရှင်လူတန်းစားဘက်သို့ တိမ်းညွတ်သွားသည့် အစိတ်အပိုင်းများကို တိုက်ခိုက် သွားရမည်။ ကျွန်တော်တို့က မှန်ကန်သည့် နည်းပရိယာယ်ကို ကျင့်သုံးသည့် အကျိုး ဆက်ကြောင့် ကျွန်တော်တို့တိုင်းပြည်၌ မင်ရှီဗစ်ဝါဒသည် ပြိုကွဲခဲ့လေပြီ။ ထို့ပြင် တနေ့တခြားဆက်လက် ပြိုကွဲလျက်ရှိပေသည်။ ခေါင်းမာသည့် အချောင်ဝါဒ ခေါင်းဆောင်များသည်လည်း အထီးကျန်ဖြစ်ကုန်ကြပြီး အကောင်းဆုံး အလုပ်သမားများနှင့် ဓနရှင်ပေါက်စ ဒီမိုကရေစီသမားများအတွင်းမှ အကောင်းဆုံး အစိတ်အပိုင်းများသည် ကျွန်တော်တို့ဘက်သို့ ရောက်ခဲ့ကြပေသည်။ ဤသည်မှာ ရှည်ကြာသည့် ဖြစ်စဉ်တရပ်ဖြစ်ပြီး“မစေ့စပ်တမ်း”၊“ပရိယာယ်မကျင့်သုံးတမ်း”ဆိုသည့် အလောတကြီး “ဆုံးဖြတ်ချက်များ”သည် တော်လှန်သော ပစ္စည်းမဲ့လူတန်းစား၏ သြဇာအရှိန်ကို

တိုးမြှင့်ရေးနှင့် ၎င်း၏အင်အားကို တိုးချဲ့ရေးအတွက် အကျိုးယုတ်စေခြင်းသာလျှင် ဖြစ်နိုင်ပေသည်။

နောက်ဆုံးအားဖြင့် ဂျာမနီရှိ"လက်ဝဲသမားများ"၏ သံသယဖြစ်စရာ မလိုသော အမှားများအနက် တရပ်သည်ကား ဗာဆေးငြိမ်းချမ်းရေးစာချုပ်[၂၀] အား အသိအမှတ်မပြုရေးကို အသေဆုပ်ကိုင်ထားခြင်း ဖြစ်ပေသည်။ ဤအမြင်အား (ကေဟော်နာ ဖော်ပြသကဲ့သို့) ပိုမို"ခိုင်လုံသည်ထက် ခိုင်လုံအောင်"နှင့် "ခမ်းနားကြီးကျယ်သည်ထက် ခမ်းနားကြီးကျယ်အောင်" ပုံဖော်လေလေ၊ "ပိုမိုလေးနက်သည်ထက်လေးနက်"၍ ပိုမိုတရားသေဆန်သည်ထက်ဆန်အောင် ပုံဖော်ထားလေလေ ပို၍အဓိပ္ပာယ်ယုတ်လျော့လေလေ ဖြစ်ပေသည်။ ယနေ့ကဲ့သို့ နိုင်ငံတကာ့ ပစ္စည်းမဲ့တော်လှန်ရေး အကြောင်းအချက်များအောက်၌ အင်တွန်နိုင်ငံများ[၂၁] အား ဆန့်ကျင်စစ်ပြုရန်အတွက် ဂျာမန်ဓနရှင်လူတန်းစားနှင့် အုပ်စုဖွဲ့ရန် ရပ်ခံတင်ပြသည် အထိ ဖြစ်ခဲ့သော "အမျိုးသားဗော်ရှီဗစ်ဝါဒ"(လော်ဖင်ဘက်နှင့် အခြားသူများ)၏ အဓိပ္ပာယ်မရှိသော မဟုတ်မမှန်လုပ်မှုကို ငြင်းပယ်ရုံသက်သက်သည် မလုံလောက်ပေ။ ဆိုဗီယက် ဂျာမနီ (အကယ်၍ ဂျာမန်ဆိုဗီယက်သမ္မတနိုင်ငံသည် မကြာမီတွင် ပေါ်ပေါက်လာမည်ဆိုပါက)သည် ဗာဆေးစာချုပ်အား ကာလတခုအထိ လက်ခံရန်နှင့်နာခံရန် ငြင်းပယ်သည့် နည်းပရိယာယ်များသည် အရင်းခံမှပင် မှားယွင်း နေသည်ကို နားလည်ရမည်။ သို့သော် ယင်းအတွက်ကြောင့် ရှိတ်ဒီမန်များ အစိုးရအဖွဲ့အတွင်း၌ ရှိနေကြသည့် အချိန်တွင်လည်းကောင်း၊ ဟန်ဂေရီ၌ ဆိုဗီယက်အစိုးရသည် အတွန်းလှန်မခံရသေးသည့် အချိန်တွင်လည်းကောင်း၊ ဗီယာနာမှ ဆိုဗီယက် တော်လှန်ရေးဖြင့် ဆိုဗီယက်ဟန်ဂေရီကို လုံးဝအကူအညီမပေးနိုင်ဟု မဆိုနိုင်သေးသည့် အခါတွင်လည်းကောင်း ထိုအချိန်ရှိ **ဤကဲ့သို့သော အခြေအနေမျိုး၌** "အင်ဒီပင်းဒင့်များ"က ဗာဆေးစာချုပ်တွင် လက်မှတ်ရေးထိုးရန် တောင်းဆိုခြင်းမှာ မှန်ကန်သည်ဟု အဓိပ္ပာယ်မရပေ။ ထိုအချိန်က အင်ဒီပင်းဒင့်များ ကျင့်သုံးခဲ့သည့် အခြေအနေအရ ပရိယာယ်ဆင်မှုသည် အလွန်ပင်ညံ့ဖျင်းပေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သစ္စာဖောက် ရှိတ်ဒီမန်များအစား အနည်းနှင့်အများ ခေါင်းစာခံ လုပ်လိုက်ကြသောကြောင့်လည်းကောင်း၊ သူတို့သည် ရှိတ်ဒီမန်တို့အား မညှာမတာ (သွေးအေးအေးဖြင့်) တိုက်ရမည့် လူတန်းစားတိုက်ပွဲအမြင်မှ ခွဲခွာသွားကာ "လူတန်းစားမဲ့သည့်"သို့မဟုတ်"လူတန်းစားထက်ကျော်လွန်သည့်"အမြင်သို့ အနည်းနှင့်အများ လျှောကျသွားသောကြောင့်လည်းကောင်း ဖြစ်သည်။

သို့သော် လက်ရှိအခြေအနေတွင် ရှင်းလင်းလှသည်မှာ ဂျာမန်ကွန်မြူနစ်များသည် ကွန်မြူနစ်ဝါဒ အောင်ပွဲဆင်သည့်အခါ၌ ဗာဆေးစာချုပ်ကို မုချပယ်ဖျက်ပစ်ရမည်ဟု အတိအကျ ဂတိပေးခြင်းဖြင့် မိမိတို့၏ ခြေလက်များကို တုပ်နှောင်မထားသင့်ပေ။ ဤသို့ ပြုလုပ်ခြင်းသည် မိုက်မဲရာကျပေသည်။ ရှိတ်ဒီမန်များနှင့် ကောက်စကီးတို့သည် ဆိုဗီယက်ရုရှားနှင့် ဆိုဗီယက်ဟန်ဂေရီတို့နှင့် မဟာမိတ်ဖွဲ့ရေး အခွင့်အလမ်းကို တားဆီးနှောင့်နှေးစေသည့် (တစိတ်တဒေသအားဖြင့် တိုက်ရိုက်ပျက်စီးစေခဲ့သည့်) သစ္စာဖောက်မှုများကို အကြိမ်ကြိမ်ပြုကျင့်ခဲ့ကြသည်ဟု ပြောဆိုသင့်ပေ၏။ ကျွန်တော်တို့ ကွန်မြူနစ်များသည် ဤသို့သော မဟာမိတ်ဖွဲ့ရေးကို **လွယ်ကူစေပြီး လမ်းဖွင့်ပေးရန်** အစွမ်းကုန်ပြုလုပ်ရလိမ့်မည်။ ဗာဆေးငြိမ်းချမ်းရေးစာချုပ်နှင့် ပတ်သက်သော် ကျွန်တော်တို့သည် မုချငြင်းပယ်ပစ်ရန်မလိုပေ။ ထို့ပြင် ချက်ခြင်းငြင်းပယ်ပစ်ရန်မလိုပေ။ ထိုစာချုပ်ကို အောင်မြင်စွာ ငြင်းပယ်ရေးကား ဂျာမန်ဆိုဗီယက် လှုပ်ရှားမှု၏ အောင်ပွဲအပေါ်တွင်လည်း မူတည်နေရုံမက နိုင်ငံတကာ့ ဆိုဗီယက်လှုပ်ရှားမှု၏ အောင်ပွဲအပေါ်တွင်လည်း မူတည်နေပေလိမ့်မည်။ ရှိတ်ဒီမန်များနှင့် ကောက်စကီးများက ဤလို လှုပ်ရှားမှုမျိုးအား တားဆီးနှောင့်ယှက်နေသည်။ ကျွန်တော်တို့ကမူ ဤကဲ့သို့သော လှုပ်ရှားမှုမျိုးကို အားပေးကူညီနေသည်။ ဤကား ပြဿနာ၏ အနှစ်သာရဖြစ်သည်။ ဤကား အခြေခံခြားနားချက်ပင် ဖြစ်ပေသည်။ ထို့ပြင်အကယ်၍ ကျွန်တော်တို့၏ လူတန်းစားရန်သူ သွေးစုပ်သူများနှင့် ၎င်းတို့၏ နောက်လိုက်ခွေး ရှိတ်ဒီမန်များနှင့် ကောက်စကီးတို့က ဂျာမနီနှင့် နိုင်ငံတကာ ဆိုဗီယက်လှုပ်ရှားမှုတို့အား တောင့်တင်းစေရေးအတွက် မြောက်မြားစွာသော အခွင့်အရေးများကိုလည်းကောင်း၊ ဂျာမနီနှင့် နိုင်ငံတကာ ဆိုဗီယက် တော်လှန်ရေးတို့အား တောင့်တင်းစေရေးအတွက် မြောက်မြားစွာသော အခွင့်အရေးများကိုလည်းကောင်း လက်လွှတ်ခဲ့ပါက သူတို့ကို အပြစ်တင်သင့်ပေသည်။ ဂျာမနီရှိ ဆိုဗီယက် တော်လှန်ရေးသည် ဗာဆေးငြိမ်းချမ်းရေး စာချုပ်ကိုလည်းကောင်း၊ ယေဘုယျအားဖြင့် နိုင်ငံတကာ့ နယ်ချဲ့ဝါဒအားလည်းကောင်း ဆန့်ကျင်သည့် တောင့်တင်းဆုံးသော ခံတပ်ကြီး (ထို့ပြင် တခုတည်းသော၊ အားကိုးရသော ဖြိုခွဲ၍မရနိုင်သည့် ကမ္ဘာ့နှင့်အဝန်း စွမ်းအားကြီးမားသည့် ခံတပ်ကြီး) ဖြစ်သော နိုင်ငံတကာ့ ဆိုဗီယက်လှုပ်ရှားမှုအား တောင့်တင်းစေလိမ့်မည် ဖြစ်သည်။ ဗာဆေးငြိမ်းချမ်းရေးစာချုပ်မှ လွတ်မြောက်ရေးအား အပူတပြင်း ပြဿနာအဖြစ် အဓိကနေရာတွင် ချွင်းချက်မရှိထားရှိလိုခြင်း၊ ၎င်းကို နယ်ချဲ့စနစ်၏ အဖိနှိပ်ခံနေရသော **အခြားသော** တိုင်းပြည်များအား နယ်ချဲ့ထမ်းပိုးအောက်မှ လွတ်မြောက်စေရေး **ပြဿနာများ**

**ထက် ဦးစားပေးလိုခြင်း**သည် နလပိန်းတုံးအမျိုးသားရေးဝါဒ(၎င်းမှာ ကောက်စကီး၊ ဟီလ်ဖာဒင်၊ အော်တိုဘောဝါးနှင့် အပေါင်းအပါများတို့နှင့်သာ ထိုက်တန်သည်) ဖြစ်ပြီး တော်လှန်သော နိုင်ငံတကာ့ဝါဒ မဟုတ်ပေ။ ဂျာမနီအပါအဝင် ဥရောပတိုက်ရှိ မည်သည့် တိုင်းပြည်ကြီးတခုအတွင်း၌ပင်မဆို ဓနရှင်လူတန်းစားအား ဖြိုချခြင်းသည် နိုင်ငံတကာ့ တော်လှန်ရေးအတွက် အလွန်ကြီးမားသည့် အောင်မြင်မှုတခု ဖြစ်လိမ့်မည်။ ဤသို့သော အောင်ပွဲအတွက်လိုအပ်ပါက **ဗာဆေးငြိမ်းချမ်းရေးစာချုပ်အား အတော်အတန်ရှည်ကြာအောင် သီးခံနိုင်ပေသည်။** ဤသည်ကို သည်းလည်းသည်းခံ၍ ခွင့်လည်းခွင့်ပြုသင့်ပေသည်။ ရုရှားပြည်ကိုယ်တိုင်ကပင် တော်လှန်ရေး၏ အကျိုးကျေးဇူးအတွက် ဘရက်လစ်တော့ဗ် ငြိမ်းချမ်းရေးစာချုပ်ကို လပေါင်းများစွာကြာသည်အထိ တပြည်တည်းတောင့်ခံ နေနိုင်ခဲ့သေးသည်ဖြစ်ရာ ဆိုဗီယက်ရုရှားနှင့် မဟာမိတ်ဖွဲ့ထားသည့် ဆိုဗီယက်ဂျာမနီက တော်လှန်ရေး အကျိုးကျေးဇူးအတွက် စာချုပ်ကို အချိန်ပိုမိုရှည်ကြာစွာ တောင့်ခံထားရေးသည် မဖြစ်နိုင်စရာ မည်သည့် အကြောင်းမျှ မရှိပေ။

ပြင်သစ်၊ အင်္ဂလိပ်အစရှိသည့် နယ်ချဲ့သမားများက ဂျာမန်ကွန်မြူနစ်များအား“ဗာဆေးငြိမ်းချမ်းရေး စာချုပ်ပေါ်တွင် လက်မှတ်မထိုးလိုကြဘူးဟု သင်တို့ပြောကြစမ်းပါ”ဟု မခံချင်အောင်ပြောကာ ချောက်တွန်းထားကြလေသည်။ “လက်ဝဲ” ကွန်မြူနစ်များကား ဥာဏ်များသည့် **မျက်မှောက်**၌ ပိုမိုတောင့်တင်းသည့် ရန်သူအပေါ် ကျင်လည်ပါးနပ်စွာ နည်းပရိယာယ် သုံးရမည့်အစား“ယခုကျွန်တော်တို့ ဗာဆေးစာချုပ်ကို လက်မှတ်ရေးထိုးမည်”ဟုပြောရမည့်အစား သူငယ်နှပ်စားပမာ ထောင်ချောက်ထဲသို့ လိမ့်ဆင်းခဲ့ကြတော့သည်။ လက်ရှိအခါ၌ ကျွန်တော်တို့ထက် လက်နက်တပ်ဆင်မှု ပိုမိုသာလွန်သော ရန်သူအား တိုက်မည်မတိုက်မည်ကိုလည်းကောင်း မည်သည့်အချိန်မှတိုက်မည်ကိုလည်းကောင်း ပြောင်ပြောဆို၍ ကျွန်တော်တို့၏ လက်များကို ကြိုတင်တုပ်နှောင်ခြင်းသည် မိုက်မဲပြီး တော်လှန်ရေးမကျပေ။ အလွန်ထင်ရှားစွာပင် ရန်သူအတွက် အကျိုးရှိစေ၍ ကျွန်တော်တို့အတွက် အကျိုးမဲ့စေသည့် အချိန်၌ စစ်တိုက်ရန်ကို လက်ခံခြင်းသည် ရာဇဝတ်မှုကျူးလွန်ခြင်းပင် ဖြစ်လေသည်။ မိမိအတွက် အကျိုးမရှိသည်မှာ ထင်ရှားနေသည့်စစ်ပွဲကို ရှောင်ရှားရန်အတွက် “နည်းပရိယာယ်ကျင့်သုံးခြင်း၊ လိုက်လျောခြင်း၊ စေ့စပ်ခြင်း”တို့ကို မလုပ်နိုင်သည့် တော်လှန်သောလူတန်းစား၏ နိုင်ငံရေးခေါင်းဆောင်သည် တန်ဖိုးလုံးဝမရှိပေ။

## (၉)

## ဂရိတ်ဗြိတိန်ရှိ “လက်ဝဲဂိုဏ်း” ကွန်မြူနစ်ဝါဒ

ဂရိတ်ဗြိတိန်၌ ကွန်မြူနစ်ပါတီ မရှိသေးပေ။ သို့သော် အလုပ်သမားများ အတွင်းတွင်ကား သစ်လွင်ကျယ်ပြန့်သည့်၊ အင်အားကြီးမားသည့်၊ လျင်မြန်စွာ ကြီးထွားနေသည့်၊ ရှေ့အလားအလာအကောင်းဆုံးဖြစ်သည့် ကွန်မြူနစ်ဝါဒလှုပ်ရှားမှု ရှိနေပေသည်။ နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအဖွဲ့အစည်းအချို့ (ဥပမာ ဗြိတိသျှ ဆိုရှယ်လစ်ပါတီ[၂၂]၊ ဆိုရှယ်လစ်လေဘာပါတီ၊ ဝေလတောင်ပိုင်း ဆိုရှယ်လစ်အဖွဲ့၊ အလုပ်သမားများ၏ ဆိုရှယ်လစ်အဖွဲ့ချုပ်[၂၃]) ရှိလေသည်။ ၎င်းတို့သည် ကွန်မြူနစ်ပါတီတရပ် တည်ထောင်လိုကြကာ ဤအတွက် ၎င်းတို့အချင်းချင်း စေ့စပ်ဆွေးနွေး တိုင်ပင်နေကြလေသည်။ “အလုပ်သမားများ၏ ဆိုရှယ်လစ်အဖွဲ့ချုပ်”မှဖြန့်ချိသည့် ၁၉၂၀ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့ထုတ် **အလုပ်သမားများ၏ ဒရက်ဒ်နော့** အပတ်စဉ်ဂျာနယ် အတွဲ ၆၊ အမှတ် ၄၈ တွင် အယ်ဒီတာ ရဲဘော် ဆီလ်ဗီးယားပန်ဟပ်စ် ရေးသားသည့် “ကွန်မြူနစ်ပါတီ တည်ထောင်ရေးသို့”ဟု ခေါင်းစဉ်တပ်ထားသည့် ဆောင်းပါးတစောင် ပါရှိသည်။ ဤဆောင်းပါးတွင် တတိယအင်တာနေရှင်နယ်ထဲသို့ ပါဝင်ရေး၊ ပါလီမန်စနစ်အစား ဆိုဗီယက်စနစ်နှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို အသိအမှတ်ပြုရေးတို့ကို အခြေခံအဖြစ်ထား၍ တစည်းတလုံးတည်းရှိသော ကွန်မြူနစ်ပါတီတရပ် ဖွဲ့စည်းရေးအတွက် အထက်ပါအဖွဲ့အစည်း ၄ ခု၏ စေ့စပ်ရေးဖြစ်စဉ်ကို ဖော်ပြခဲ့ပေသည်။ တစည်းတလုံးတည်းဖြစ်သော ကွန်မြူနစ်ပါတီတရပ် အလျင်အမြန် တည်ထောင်ရေးကို ဟန့်တားနေသည့် အကြီးမားဆုံးသော အတားအဆီးတခုမှာ ပါလီမန်ထဲပါဝင်ရေး ပြဿနာနှင့် အသစ်ဖြစ်သော ကွန်မြူနစ်ပါတီက အလုပ်သမားသမဂ္ဂဝါဒ၊ အချောင်ဝါဒ၊ ဆိုရှယ်ရှော်ဗင်ဝါဒ ပါတီဖြစ်သော လေဘာပါတီအဟောင်းထဲသို့ ပါဝင်ရေးမပါဝင်ရေး

ပြဿနာတို့၌ သဘောကွဲလွဲနေကြခြင်း ဖြစ်ပေသည်။ ဤလေဘာပါတီသည် အလုပ်သမားသမဂ္ဂအများပိုင်း ပါဝင်နေသည့် ပါတီဖြစ်၏။ အလုပ်သမားများ၏ ဆိုရှယ်လစ်အဖွဲ့ချုပ်နှင့် ဆိုရှယ်လစ်လေဘာပါတီ* တို့က ပါလီမန်ရွေးကောက်ပွဲများထဲသို့ ပါဝင်ရေးကိုလည်းကောင်း၊ ပါလီမန်များထဲသို့ ပါဝင်ရေးကိုလည်းကောင်း ဆန့်ကျင်ကြသည်။ ထို့ပြင် လေဘာပါတီထဲသို့ ပါဝင်ရန် ဆန့်ကျင်ကြသည်။ ဤနေရာတွင် ဗြိတိသျှဆိုရှယ်လစ် ပါတီဝင်အားလုံး သို့မဟုတ် အများပိုင်းနှင့် သဘောကွဲလွဲကြခြင်းဖြစ်သည်။ သူတို့က ဗြိတိသျှဆိုရှယ်လစ်ပါတီအား အင်္ဂလန်ပြည်ရှိ ''ကွန်မြူနစ်ပါတီများ၏ လက်ယာဂိုဏ်း'' အဖြစ်ယူဆထားကြလေသည်။ (ဆီလ်ဗီးယားပန်ဟပ်စ်၏ အထက်ပါဆောင်းပါး၊ စာမျက်နှာ ၅ ကိုကြည့်ပါ။)

သို့ဖြစ်၍ သဘောထားကွဲလွဲမှု၏ ဖော်ပြချက်သဏ္ဌာန်များ (ဂျာမနီရှိ သဏ္ဌာန်သည် အင်္ဂလန်ပြည်ရှိ သဏ္ဌာန်ထက် ''ရုရှားသဏ္ဌာန်'' နှင့် ပိုမိုနီးစပ်သည်) နှင့် အခြားသော အခြေအနေများ၌ အကြီးအကျယ်ခြားနားမှု ရှိသော်လည်း အရင်းခံကွဲလွဲချက်သည် ဂျာမနီမှာကဲ့သို့ပင် ဖြစ်ပေသည်။ ''လက်ဝဲသမားများ''၏ ငြင်းဆိုချက်များကို ကျွန်တော်တို့ စစ်ဆေးကြည့်ကြပါစို့။

ပါလီမန်ထဲသို့ဝင်ရေး ပြဿနာနှင့်ပတ်သက်၍ ရဲဘော် ဆီလ်ဗီးယားပန်ဟပ်စ်က ထိုသတင်းစာထဲတွင်ပါသော ဂလပ်စ်ဂိုမြို့ စကော့တလန်အလုပ်သမား ကောင်စီအမည်နှင့် ရေးထည့်ထားသော ရဲဘော် ဒဗလျူဂါလာချာ၏ ဆောင်းပါးကို ကိုးကား ဖော်ပြထားလေသည်။

သူရေးလိုက်သည်မှာ ''အထက်ပါ ကောင်စီသည်အတိအကျပင် ပါလီမန်ဆန့်ကျင်ရေး ဖြစ်ပေသည်။ ထို့ပြင် နိုင်ငံရေးပါတီ အဖွဲ့အစည်းမျိုးစုံမှ လက်ဝဲဂိုဏ်းအားလုံးက ထိုကောင်စီအား သဘောတူ ထောက်ခံကြသည်။ ကျွန်တော်တို့သည် စကော့တလန် တော်လှန်ရေးလှုပ်ရှားမှုများကို ကိုယ်စားပြုထားသည်။ ထုတ်လုပ်ရေးအတွင်း၌ (ထုတ်လုပ်ရေး လုပ်ငန်းခွဲအသီးသီးအတွင်း၌) တော်လှန်သော အဖွဲ့အစည်းများကိုလည်းကောင်း နေရာအနှံ့ရှိ ဆိုရှယ်ကော်မတီများကို အခြေခံထားသည့် ကွန်မြူနစ်ပါတီကိုလည်းကောင်း၊ တည်ထောင်ရန် အဆက်မပြတ် အားသွန်ကြိုးပမ်းနေကြသည်။ ကျွန်တော်တို့သည် တရားဝင်စွာရှိသော ပါလီမန်အဖွဲ့ဝင်များနှင့်

* ဤပါတီသည် လေဘာပါတီထဲသို့ ပါဝင်ရေးကိုဆန့်ကျင်ခြင်းဖြစ်ပြီး ပါတီဝင်အားလုံးအနေနှင့်ကား ပါလီမန်ထဲ ပါဝင်လုပ်ကိုင်ရေးကို ဆန့်ကျင်ခြင်းမဟုတ်ဟု ကျွန်တော်ယုံကြည်ပေသည်။

အချိန်အတော်ကြာကြာပင် စကားစစ်ထိုးခဲ့ပြီးလေပြီ။ ကျွန်တော်တို့သည် သူတို့အပေါ် အတိအလင်းစစ်ကြေညာရန် လိုမည်ဟု မယူဆခဲ့ပေ။ သူတို့သည် ကျွန်တော်တို့အား အတိအလင်းတိုက်ခိုက်ရန် *ကြောက်လန့်နေကြပေသည်။*

"သို့သော် ဤအခြေအနေမျိုး ကြာရှည်ဆက်လက် တည်ရှိနိုင်လိမ့်မည် မဟုတ်ပေ။ ကျွန်တော်တို့သည် စစ်မျက်နှာတခုလုံးတွင် အောင်ပွဲများ ဆက်တိုက် ရခဲ့ပေသည်။

"စကော့တလန်ပြည် အင်ဒီပင်းဒင့် အလုပ်သမားပါတီ၏ သာမန်ပါတီဝင် လူထုသည် ပါလီမန်စနစ်ကို တနေ့ထက်တနေ့ ပိုမိုရွံမုန်းလာကြသည်။ ထို့ပြင် ဆိုဗီယက်များ (ရုရှားစကားလုံးအား အင်္ဂလိပ်အသံထွက်ဖြင့် ရေးသားအသုံးပြုထားခြင်းဖြစ်သည်) သို့မဟုတ် အလုပ်သမားကောင်စီများအား ဌာနခွဲအားလုံးနီးနီးက ထောက်ခံအားပေးလျက်ရှိကြသည်။ ဓမ္မတာပင် ဤသည်မှာ နိုင်ငံရေးလုပ်စားနေသူ လူကြီးမင်းများအတွက်ဆိုသော် အလွန်တရာအရေးကြီးပေသည်။ ထို့ကြောင့်ပင် သူတို့သည် မိမိတို့အဖွဲ့ဝင်များအား ပါလီမန်စနစ်ဘက်သို့ ပြန်လည်လာရန် အကြံကုန်ဉာဏ်ကုန်ထုတ်၍ သွေးဆောင်ဖျောင်းဖျနေကြသည်။ တော်လှန်သော ရဲဘော်များသည် ဤလှုဆိုးဂိုဏ်းအား *မထောက်ခံသင့်ပေ။* (စာလုံးစောင်း၊ လိုင်းတားမှုများမှာ စာရေးသူ၏ အမှတ်အသား ဖြစ်သည်)။ ဤဘက်မှာရှိသည့် ကျွန်တော်တို့၏ တိုက်ပွဲသည် အလွန်ခက်ခဲပေလိမ့်မည်။ ဤတိုက်ပွဲအတွင်းရှိ အဆိုးဝါးဆုံးသော အချက်သည်ကား တဦးချင်းအကျိုးစီးပွားကို တော်လှန်ရေး၏ အကျိုးစီးပွားထက် မြှင့်တင်ထားသူတို့၏ သစ္စာဖောက်မှုများ ဖြစ်ပေလိမ့်မည်။ ပါလီမန်စနစ်နှင့် ပတ်သက်၍ ထောက်ခံမှု မှန်သမျှသည် ကျွန်တော်တို့၏ ဗြိတိသျှ ရိုတ်ဒီမန်များနှင့် နော့ကီးခ်များ လက်ထက်သို့ ရောက်ရှိရန် ကူညီယိုင်းပင်းခြင်းပင် ဖြစ်သည်။ ဟင်ဒါဆင်၊ ကလိုင်းနက်စ်နှင့် အပေါင်းပါတို့သည် ကမ်းကုန်အောင် ဖောက်ပြန်သူများ ဖြစ်ပေသည်။ တရားဝင်စွာရှိသော အင်ဒီပင်းဒင့် လေဘာပါတီသည် ကြာလေကြာလေ ဓနရှင်လူတန်းစား လစ်ဘရယ်ပါတီများ၏ ချုပ်ကိုင်မှုကို ခံရလေဖြစ်သည်။ ဤလစ်ဘရယ်များသည် လူကြီးမင်း မက်ဒေါ်နယ်စနိုဒင်နှင့် အပေါင်းပါတို့၏ အဝန်းအဝိုင်းထဲတွင် မိမိတို့၏ "စိတ်ဓာတ်ခိုလှုံရာ"ကိုရှာဖွေ တွေ့ရှိခဲ့ကြပေသည်။ တရားဝင်စွာရှိသော အင်ဒီပင်းဒင့် လေဘာပါတီသည် တတိယအင်တာနေရှင်နယ်ကို အလွန်အမင်း မုန်းတီးသည်။ ပါတီဝင်ထုမှာ တတိယအင်တာနေရှင်နယ်ကို သဘောတူထောက်ခံသည်။ ပါလီမန်ထဲရှိ အချောင်ဝါဒီများကို ထောက်ခံမှုမှန်သမျှသည် မည်သည့်နည်းနှင့်ဖြစ်စေ

အထက်ဖော်ပြပါ လူကြီးမင်းများအား ထောက်ခံကူညီခြင်းသာလျှင် ဖြစ်ပေသည်။ ဤဘက်၌ဆိုလျှင် ဗြိတိသျှဆိုရှယ်လစ်ပါတီသည် အနည်းငယ်မျှအသုံးမဝင်ပေ။ ဤနေရာ၌ လိုအပ်နေသည်မှာ ခိုင်မာတောင့်တင်းသော၊ တော်လှန်သော စက်မှုလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတခုနှင့် ရှင်းလင်းတိကျပြတ်သား၍ ဝိဇ္ဇာနည်းကျသော၊ လမ်းစဉ်များဖြင့် လုပ်ကိုင်နေသော ကွန်မြူနစ်ပါတီတရပ် ဖြစ်ပေသည်။ အကယ်၍ ကျွန်တော်တို့ ရဲဘော်များသည် ဤကဲ့သို့ အဖွဲ့အစည်းမျိုးနှင့် ပါတီမျိုးကို တည်ဆောက်ရာ၌ ကျွန်တော်တို့အား အကူအညီပေးနိုင်မည်ဆိုပါက ကျွန်တော်တို့ ဝမ်းသာအားရ ကြို ဆိုပါ မည်။ အကယ်၍ မကူညီနိုင်ပါက ဖောက်ပြန်ရေးသမားအား ထောက်ခံ ကူညီခြင်းဖြင့် တော်လှန်ရေးအား သစ္စာဖောက်သွားမည်ကို စိုးရိမ်ရပါက ဘုရားသခင်အလိုတော်ကျ ဝေးရာသို့ရှောင်ရှားပေးကြပါ။ ဤဖောက်ပြန်ရေး သမားများကား ပါလီမန် ‘ဂုဏ်ထူးများ’(စာရေးသူ၏ မေးခွန်းအမှတ်ဖြစ်သည်)ကို ငမ်းငမ်းတက် မက်မောနေပြီး‘သခင်’လူတန်းစား နိုင်ငံရေးသမားများ ကိုယ်တိုင် အုပ်ချုပ်သကဲ့သို့ ပင် မိမိတို့ လည်း ထိရောက်စွာ *အုပ်ချုပ်နိုင်ကြောင်း*ကို သက်သေထူပြရန် အလွန် စိတ်စောနေကြသူများ ဖြစ်ပေသည်။”

ကျွန်တော့် အမြင်အရဆိုသော် ဤပေးစာသည်ကား နုနယ်သော ကွန်မြူနစ်များ သို့မဟုတ် ကွန်မြူနစ်ဝါဒကို လက်ခံခါစ သာမန်အလုပ်သမားများ၏ စိတ်သဘောနှင့် အမြင်များကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသည်ဟု ထင်မြင်သည်။ ဤစိတ်သဘောမျိုးကား နှစ်လိုဖွယ်ကောင်း၍ အဖိုးတန်လှပေသည်။ ကျွန်တော်တို့သည် ဤကဲ့သို့သော စိတ်သဘောမျိုးကို တန်းဖိုးထားတတ်ရမည်။ ထောက်ခံတတ်ရမည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ စိတ်သဘောမျိုးမရှိပါက ဂရိတ်ဗြိတိန်ပြည်တွင် ဖြစ်စေ၊ အခြားမည်သည့် နိုင်ငံတွင်ဖြစ်စေ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး၏ အောင်ပွဲကိုမျှော်လင့်ရန် မဖြစ်နိုင်ချေ။ လူထု၏ ဤကဲ့သို့သော စိတ်သဘောမျိုးကို ဖော်ထုတ်နိုင်၍ လူထုထဲတွင် ဤကဲ့သို့ (မကြာခဏပင် အိပ်မောကျနေသည့် မသိမြင်သေးသည့်၊ မနိုးကြားသေးသည့်) စိတ်သဘောမျိုးကို နှိုးဆွနိုင်သည့်သူများအား တန်ဖိုးထားကာ အကူအညီအမျိုးမျိုးပေးရမည်။ တချိန်တည်းမှာပင် ကြီးမားသော တော်လှန်ရေးတိုက်ပွဲအတွင်းတွင် လူထုများအား ခေါင်းဆောင်ရာ၌ စိတ်သဘော **တခုတည်းသက်သက်ဖြင့်** မလုံလောက်ကြောင်း တော်လှန်ရေး အရေးတော်ပုံအား သစ္စာအရှိဆုံးသူများက ကျူးလွန်မိကြမည့် အမှားများ သို့မဟုတ် ကျူးလွန်နေကြသည့် အမှားများကြောင့် တော်လှန်ရေး အရေးတော်ပုံအား ထိခိုက်ပျက်စီး

စေနိုင်ကြောင်းကို သူတို့အား ပွင့်လင်းစွာပြောပြရမည်။ ရဲဘော်ဂါလာချာ၏ ပေးစာသည် ဂျာမန် “လက်ဝဲ”ကွန်မြူနစ်များ ကျူးလွန်နေကြသည့် အမှားများနှင့် ၁၉၀၈ ခုနှစ်နှင့် ၁၉၁၈ ခုနှစ်များက ရုရှား“လက်ဝဲ”ဖော်ရှိဗစ်များ ကျူးလွန်ခဲ့ကြသည့် အမှားများ**အားလုံး**၏ အသွင်အတက်များကို ဖော်ပြထားသည်မှာ သံသယရှိစရာမလိုပေ။

ဤစာကိုရေးသားသူမှာ ဓနရှင်“လူတန်းစား နိုင်ငံရေးသမားများ”အား မြင့်မြတ်သော ပစ္စည်းမဲ့တို့၏ မုန်းတီးမှုဖြင့် ပြည့်လျှံနေသည်။ (ဤသည်ကို ပစ္စည်းမဲ့များသာမက လုပ်သားပြည်သူအားလုံး ဂျာမန်အသုံးအနှုန်းအတိုင်းဆိုသော် “အောက်တန်းစားပြည်သူ” အားလုံးတို့ကပါ နားလည်ပြီး ခံစားမိကြသည်) အဖိနှိပ်ခံနှင့် သွေးစုပ်ခံလူထုများ၏ကိုယ်စား ဖော်ပြထားသည့် ဤကဲ့သို့ မုန်းတီးမှုမျိုးသည် အမှန်တကယ်ပင်“ဉာဏ်ပညာပွင့်လင်းမှုမှန်သမျှ၏ အစ”ဖြစ်သည်။ အမှန်တကယ်ပင် ဆိုရှယ်လစ်လှုပ်ရှားမှု၊ ကွန်မြူနစ်လှုပ်ရှားမှုမှန်သမျှနှင့် ၎င်းတို့၏ အောင်မြင်မှုအခြေခံဖြစ်ပေသည်။ သို့သော် စာရေးသူသည် နိုင်ငံရေးဆိုသည်မှာ သိပ္ပံပညာတရပ်ဖြစ်သည်။ အနုပညာတရပ်ဖြစ်သည်။ ၎င်းသည် ကောင်းကင်မှကျလာခြင်းမဟုတ်၊ အခမဲ့ရသည့်အရာမဟုတ်။ ထို့ပြင် ဤပစ္စည်းမဲ့လူတန်းစားသည် ဓနရှင်လူတန်းစားအား အနိုင်တိုက်လိုပါက ဓနရှင်နိုင်ငံရေးသမားများထက် မညံ့သော **မိမိကိုယ်ပိုင်ပစ္စည်းမဲ့**“လူတန်းစား နိုင်ငံရေးသမားများ”ကို လေ့ကျင့်ပေးရမည်။ ဤသည်ကိုစာရေးသူက တွက်ဆမိဟန်မတူပေ။

ဤစာကိုရေးသားသူသည် ပစ္စည်းမဲ့လူတန်းစား၏ ရည်မှန်းချက်သို့ ရောက်ရှိစေနိုင်သည့် ကိရိယာမှာ ပါလီမန်မဟုတ် အလုပ်သမား၏ ဆိုဗီယက်များသာလျှင် ဖြစ်ကြောင်းကို ရှင်းလင်းစွာ နားလည်ပေသည်။ ထို့ပြင် ဓမ္မတာအတိုင်းပင် ယခုထက်တိုင် ဤအချက်ကို နားလည်သူသည် အမြင့်ဆုံးပညာ အရည်အချင်းရှိပြီး သူများ၊ အတွေ့အကြုံရင့်ကျက်ဆုံး နိုင်ငံရေးသမားများ၊ သစ္စာအရှိဆုံး ဆိုရှယ်လစ်များ၊ စာပေဗဟုသုတ ကြွယ်ဝဆုံးသော မာ့က်စ်ဝါဒီများ၊ အရိုးသားဆုံးသော ပြည်သားများနှင့် အိမ်ထောင်စု အုပ်ထိန်းသူများပင် ဖြစ်ပါစေ စက်ဆုပ်စရာ အကောင်းဆုံးသော ဖောက်ပြန်ရေးသမား ဖြစ်တော့သည်။ သို့သော် ဤစာကို ရေးသားသူသည် ဆိုဗီယက်ကိုလိုလားသော နိုင်ငံရေးသမားများအား ပါလီမန်**ထဲသို့** မထည့်သွင်းပါက **အတွင်းမှ** နေ၍ ပါလီမန်စနစ်ကို မဖြိုခွဲပါက၊ ပါလီမန်စနစ်အား ဖျက်သိမ်းရေးဖြစ်သည့် နောင်လာမည့် လုပ်ငန်းတာဝန်ကို ဆိုဗီယက်များ အောင်မြင်မှုရှိစေရေးအတွက် ပါလီမန်အတွင်း၌

ဝင်ရောက်လုပ်ကိုင်မှုမရှိပါက ဆိုဗီယက်များက ပါလီမန်အပေါ် အောင်ပွဲခံရန် ဖြစ်နိုင် မဖြစ်နိုင်ဆိုသည်ကို တင်ပြမှုမရှိခဲ့ပေ။ တင်ပြရန်လိုအပ်သည်ကိုလည်း မစဉ်းစားမိပေ။ တချိန်တည်းမှာပင် ဤစာကိုရေးသားသူက ဂရိတ်ဗြိတိန်ရှိ ကွန်မြူနစ်ပါတီသည် **သိပ္ပံနည်းကျ**မှုများအရ ပြုမူဆောင်ရွက်ရမည်ဟူသော လုံးဝမှန်ကန်သည့် ထင်မြင်ယူဆချက်တရပ်ကို တင်ပြခဲ့လေသည်။ သိပ္ပံပညာ၏ တောင်းဆိုချက်ကား ပထမအားဖြင့် အခြားတိုင်းပြည်များ၏ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားရမည်။ အထူးသဖြင့် အရင်းရှင်တိုင်းပြည်များပင်ဖြစ်သော အခြားသောတိုင်းပြည်များ၏ ဖြတ်သန်းနေဆဲဖြစ်သည့် သို့မဟုတ် မကြာမီက ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံမျိုးနှင့် အလွန်တူသော အတွေ့အကြုံမျိုး ဖြစ်ပေသည်။ ဒုတိယအားဖြင့် ထိုတိုင်းပြည်ရှိ လှုပ်ရှားနေသော အင်အားများ၊ အစုများ၊ နိုင်ငံရေးပါတီများ၊ လူတန်းစားနှင့် လူထုများ **အားလုံး**ကို ထည့်သွင်းတွက်ဆရန်ကိုလည်းကောင်း၊ ပေါ်လစီကိုချမှတ်ရာ၌ အစုတစု သို့မဟုတ် ပါတီတရပ်၏ဆန္ဒနှင့် အမြင်များ၊ လူတန်းစားအသိရေချိန်နှင့် တိုက်ပွဲအတွက် အသင့်ဖြစ်မှုသက်သက်တို့ဖြင့်သာ ဆုံးဖြတ်ခြင်းမပြုရန်ကိုလည်းကောင်း တောင်းဆိုလိုက်ပေသည်။

ဟင်ဒါဆင်များ၊ ကလိုင်းနက်စ်များ၊ မက်ဒေါ်နယ်များနှင့် စနိုဒင်များတို့သည် မျှော်လင့်စရာမရှိအောင် ဖောက်ပြန်သည်ဆိုသည်မှာ မှန်ပေသည်။ သူတို့သည် အာဏာကို မိမိ၏လက်ဝယ်ရရှိလိုကြသည်။ (နေရှင်များနှင့် ညွန့်ပေါင်းဖွဲ့မှုကိုကား လိုလားကြသည်။) နေရှင်လူတန်းစား၏ နည်းလမ်းဟောင်းအတိုင်း "အုပ်ချုပ်" လိုကြ သည်။ အာဏာရသည်နှင့်တပြိုင်နက် ရှိတ်ဒီမန်များ၊ ကော့ကီးခ်များကဲ့သို့ မလွဲမသွေ ပြုကျင့်ကြလိမ့်မည် ဆိုသည်မှာလည်း မှန်ကန်ပေသည်။ ထိုအချက်အားလုံးသည် မှန်ကန်ပေ၏။ သို့ရာတွင် ဤသို့ဆိုခြင်းဖြင့် သူတို့အား ထောက်ခံအားပေးခြင်းသည် တော်လှန်ရေးကို သစ္စာဖောက်သည်ဟု အဓိပ္ပာယ်မရပေ။ အလုပ်သမားလူတန်းစား တော်လှန်ရေးသမားများက တော်လှန်ရေး၏ အကျိုးစီးပွားအတွက် ထိုလူကြီးမင်းများအား ပါလီမန်ဆိုင်ရာ ထောက်ခံမှု အသင့်အတင့်ကို ပေးသင့်လေသည်။ ဤယူဆချက်ကို ရှင်းပြရေးအတွက် တချိန်တည်းပေါ်ထွက်လာသော ဗြိတိသျှနိုင်ငံရေး မှတ်တမ်း၂ စောင်ကို ကိုးကားသွားပါမည်။ (၁) ၁၉၂၀ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ပြောကြားသော နန်းရင်းဝန်လွိုက်ဂျော့၏ မိန့်ခွန်း (၁၉၂၀ ခုနှစ်မတ်လ ၁၉ ရက်နေ့ထုတ် **မန်ချက်စ်တာ ဂါဒီယန်**ထဲတွင် ထည့်သွင်းဖော်ပြထားသည်)။ (၂) အထက်တွင် ဖော်ပြထားသည့် ဆောင်းပါးထဲရှိ "လက်ဝဲ" ကွန်မြူနစ် တယောက်ဖြစ်သူ ရဲဘော်

ဆီလ်ဗီးယားပန်းဟပ်စ်၏ ချေပချက်များဖြစ်သည်။

လွှိုက်ဂျော့သည် သူ၏မိန့်ခွန်း၌အက်စ်ကွစ် (၎င်းအား အစည်းအဝေးသို့ တက်ရောက်ရန် အထူးတလည်ဖိတ်ကြားခဲ့သော်လည်း တက်ရောက်ရန် ငြင်းဆိုခဲ့သည်။) အားလည်းကောင်း၊ ကွန်ဆာဗေးတစ်များနှင့် ညွန့်ပေါင်းမဖွဲ့လိုကြဘဲ လေဘာပါတီနှင့် ပူးကပ်စွာညွန့်ပေါင်းဖွဲ့လိုကြသော လစ်ဘရယ်များ (ရဲဘော်ဂါလာချာကလည်း လစ်ဘရယ်များသည် အင်ဒီပင်းဒင့် လေဘာပါတီသို့ ဝင်ခဲ့ကြောင်းကို သူ၏စာထဲ၌ ဖော်ပြထားသည်)အားလည်းကောင်း တိုက်ခိုက်ပြောထားသည်။ လွှိုက်ဂျော့က လစ်ဘရယ်များနှင့် ကွန်ဆာဗေးတစ်များအကြား ညွန့်ပေါင်းဖွဲ့မှုတရပ် လိုအပ်ကြောင်း ထိုမျှမက**နီးကပ်သော** ညွန့်ပေါင်းဖွဲ့မှုတရပ် လိုအပ်ကြောင်းကို ပြောခဲ့လေသည်။ သို့ မဟုတ်ပါက ဆိုရှယ်လစ်ဟုလည်းကောင်း၊ ထုတ်လုပ်ရေးပစ္စည်းများအား“စုပေါင်းပိုင်ဆိုင်ရေး”အတွက် ကြိုးပမ်းနေသည့် ပါတီဟုလည်းကောင်း လွှိုက်ဂျော့အနေနှင့် ခေါ်ဝေါ်ချင်ပုံရသော လေဘာပါတီမှာ သေချာပေါက် အောင်ပွဲရသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။“ဤသည်ကို ပြင်သစ်ပြည်၌ဆိုလျှင် ကွန်မြူနစ်ဝါဒဟုခေါ်သည်။”“ဂျာမနီ၌ဆိုလျှင် ဆိုရှယ်လစ်ဝါဒဟုခေါ်၍ ရုရှား၌ဆိုလျှင် ဗော်ရှီဗစ်ဝါဒဟုခေါ်သည်”ဟူ၍ ဗြိတိသျှမှနေရှင်လူတန်းစား၏ ခေါင်းဆောင်က နားထောင်သူပရိသတ်များ နားလည်လွယ်သော စကားများဖြင့် ယခင်က ဤအချက်ကို သိပုံမရသေးသည့် ပါလီမန်အဖွဲ့ဝင် လစ်ဘရယ်များအား ရှင်းပြပြောဆိုခဲ့လေသည်။ လစ်ဘရယ်များအတွက် ဤအချက်မှာ မူအရပင် လက်မခံနိုင်သည့် အရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ပုဂ္ဂလိကပိုင်ဆိုင်မှုတွင် မူအရရပ်တည်နေသောကြောင့် ဖြစ်သည်ဟု လွှိုက်ဂျော့က ထပ်မံ၍ပြောဆိုခဲ့လေသည်။“ယဉ်ကျေးမှုသည် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီ။”သို့ကြောင့်ပင် လစ်ဘရယ်နှင့် ကွန်ဆာဗေးတစ်များ စည်းလုံးကြရမည်ဟု ၎င်းက ထုတ်ဖော်ခဲ့သည်။

လွှိုက်ဂျော့က ပြောခဲ့သည်မှာ“အကယ်၍သင်တို့သည် လယ်ယာလုပ်ငန်းဒေသများသို့ သွားရောက်မည်ဆိုပါက ပါတီအပိုင်းအခြားများ မူလအတိုင်းပင် အပြောင်းအလဲမရှိသည်ကို သင်တို့တွေ့ရှိမည်ဟု ကျွန်တော်ထင်ပါသည်။ ၎င်းတို့သည် ဘေးအန္တရာယ် ကင်းဝေးလျက်ရှိသည်။ ထိုနေရာတွင် ဘေးအန္တရာယ် မကျရောက်ပေ။ သို့ သော် လယ်ယာလုပ်ငန်းဒေသသို့ ကူးစက်လာသည်နှင့် ထိုနေရာသည်လည်း ယနေ့ စက်မှုလုပ်ငန်းဒေသအချို့မှာ ရှိသကဲ့သို့ပင် အန္တရာယ်အလွန်ကြီးမား ပေလိမ့်မည် ဖြစ်သည်။ ကျွန်တော်တို့တိုင်းပြည်၏ လူဦးရေငါးပုံလေးပုံသည် စက်မှုနှင့်

ကုန်သွယ်ရေး လုပ်ငန်းများလုပ်ကိုင်ကြကာ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများသည် ငါးပုံတပုံမျှသာ ရှိပေလိမ့်မည်။ ဤသည်မှာ နောင်လာမည့်အန္တရာယ်ကို စဉ်းစားမိတိုင်း ကျွန်တော် အစဉ်အမြဲ အမှတ်ရနေသည့် အချက်တချက်ပင် ဖြစ်ပေသည်။ ပြင်သစ်ပြည်တွင် လူဦးရေအများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ ထိုနေရာ၌ ပြောင်းလဲလှုပ်ရှားမှုများစွာ မမြန်သောတော်လှန်ရေးလှုပ်ရှားမှုများကြောင့် အလွယ်တကူ ရိုက်ခတ်ခြင်းမခံရသော အယူအဆကို အစိုင်လိုက်အခဲလိုက် တွေ့ရပေမည်။ ကျွန်တော်တို့ တိုင်းပြည်တွင်မူ ဤသို့မဟုတ်ချေ။ ကျွန်တော်တို့ တိုင်းပြည်သည် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံထက်မဆို ဖြို့ခွဲရန်လွယ်ကူ၍ ဤအကြောင်းရင်းကြောင့်ပင် အကယ်၍ ၎င်းသည် စတင်ယိမ်းယိုင်စပြုသည်နှင့် အခြားသော တိုင်းပြည်များ၏ ပြိုကွဲမှုထက်ပိုမို ပြင်းထန်ပေလိမ့်မည်။''

ဤစကားအရ လွိုက်ဂျော့ကား လိမ္မာပါးနပ်ရုံသာမက မာ့က်စ်ဝါဒထဲမှ မနည်းလှသည့်အရာများကို လေ့လာထားသူဖြစ်ကြောင်း စာဖတ်သူ သိမြင်ပေလိမ့်မည်။ ကျွန်တော်တို့သည်လည်း လွိုက်ဂျော့ထံမှ တစုံတရာကို လေ့လာယူခြင်း ပြုနိုင်သည်။

ကျွန်တော်တို့သည် လွိုက်ဂျော့ပြောကြားပြီးနောက် ဆွေးနွေးကြသည့်အထဲမှ စိတ်ဝင်စားစရာကောင်းသည့် အောက်ပါအဖြစ်အပျက်ကလေးတခုကို ကိုးကားပြပါမည်။

''**ပါလီမန်အမတ် မစ္စတာဝေါလေ့–မေး**။ လက်ရှိအခါမှာ စက်မှုလုပ်ငန်း အလုပ်သမားများအတွင်း၌ အပြောက်အမြားသည် လစ်ဘရယ်များ ဖြစ်ကြကာ ကျွန်တော်တို့သည် သူတို့ထံမှ အကူအညီအပြောက်အမြား ရခဲ့ပါသည်။ စက်မှုလုပ်ငန်း အလုပ်သမားများအပေါ် ကျင့်သုံးသည့် သင်၏ပေါ်လစီမျိုးသည် မည်ကဲ့သို့ အကျိုးသက်ရောက်မည်ကို နန်းရင်းဝန်အနေနှင့် မည်သို့ စဉ်းစားထားပါသနည်း။ မျက်မှောက်တွင် ကျွန်တော်တို့ကို စိတ်ရောကိုယ်ပါ ထောက်ခံသူများထဲမှ လေဘာပါတီအတွက် လက်တလော တိုးပွားသော ရောမအင်အားစုတခုအဖြစ် ဖြစ်လာရန် မဖြစ်နိုင်ပေဘူးလော။

''**နန်းရင်းဝန်–ဖြေ**။ ကျွန်တော့်အမြင်မှာ လုံးဝမတူပေ။ လစ်ဘရယ်များ အချင်းချင်း အပြန်အလှန် တိုက်ခိုက်နေသည့် ဖြစ်ရပ်က လစ်ဘရယ်အတော် များများကို မျှော်လင့်ချက်ကင်းမဲ့စေပြီး လေဘာပါတီဘက်သို့ တွန်းပို့နေသည်မှာ သံသယရှိစရာမလိုပေ။ လေဘာပါတီအတွင်း၌ လုပ်ရည်ကိုင်ရည်ရှိသော လစ်ဘရယ် အပြောက်အမြားရှိ၍ ယခုအခါ၌ သူတို့သည်အစိုးရ၏ ဂုဏ်သိက္ခာကို ဖျက်ဆီးနေကြ

ပေသည်။ အကျိုးသက်ရောက်မှုကား လေဘာပါတီအား လူထု၏စာနာမှုမှာ အမှန်ပင် အလွန်တိုးများပေသည်။ ၎င်းစာနာမှုသည် ပြင်ပရှိလစ်ဘရယ်များထံ ရွေးရှုခြင်းမဟုတ်ဘဲ လေဘာပါတီထံသို့ ရွေးရှုသွားပေသည်။ ဤသည်ကို ဖြည့်စွက်ရွေးကောက်ပွဲများက ဖော်ပြခဲ့သည်။

ကြုံကြိုက်၍ ပြောရမည်ဆိုလျှင် ဤချေပချက်က ဓနရှင်လူတန်းစားထဲမှ လိမ္မာပါးနပ်ဆုံး ပုဂ္ဂိုလ်များပင်လျှင် မည်မျှရှုပ်ထွေးသွား၍ ပြုပြင်မရနိုင်သည့် မိုက်မဲမှုများကို မကျူးလွန်ဘဲ မနေနိုင်ကြောင်း အထူးတလည်တင်ပြခဲ့ပေသည်။ ဤအချက်အရပင် ဓနရှင်လူတန်းစားသည်လည်း ကျဆုံးလိမ့်မည်ဖြစ်သည်။ ကျွန် တော်တို့၏ လူများသည် မိုက်မဲမှုများ (ဓမ္မတာပင် ဤမိုက်မဲမှုသည် သိပ်မကြီးမားဘဲ အချိန်မီပြုပြင်နိုင်ရန် လိုအပ်သည်) ကိုကျူးလွန်မိကြပေမည်။ သို့သော် ရေရှည်တွင် သူတို့သည် အောင်ပွဲရသူများ ဖြစ်လာကြပေလိမ့်မည်။

အခြားသော နိုင်ငံရေးမှတ်တမ်းတစောင်ကား“လက်ဝဲ”ကွန်မြူနစ်ဝါဒီ ရဲဘော်ဆီလ်ဗီးယားပန်ဟပ်စ်၏ အောက်ဖော်ပြပါ ချေပချက် ဖြစ်ပေသည်။

“…… ရဲဘော် အင့်ခ်ပင် (ဗြိတိသျှဆိုရှယ်လစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး)က လေဘာပါတီအား ‘အလုပ်သမား လူတန်းစားလှုပ်ရှားမှု၏ ပင်မအဖွဲ့အစည်း’ဟု ခေါ်ဆိုထားလေသည်။ ဗြိတိသျှဆိုရှယ်လစ်ပါတီထဲရှိ အခြားရဲဘော်တဦးက မကြာခင်က ပြီးစီးသွားသော တတိယအင်တာနေရှင်နယ် ကွန်ဖရင့်၌ ဗြိတိသျှ ဆိုရှယ်လစ်ပါတီ၏ သဘောထားကို ပိုမိုထင်ရှားအောင် ဖော်ပြခဲ့ပေသည်။ ‘ကျွန်တော်တို့သည် လေဘာပါတီအား စည်းရုံးမှုရှိသည့် အလုပ်သမားလူတန်းစားအဖြစ် သဘောထားသည်’ဟု သူကပြောသည်။

“လေဘာပါတီနှင့် ပတ်သက်သည့် ဤကဲ့သို့သော အမြင်မျိုးကို ကျွန်တော်တို့ သဘောမတူ။ လေဘာပါတီသည် အရေအတွက်အရ အလွန်များသည်။ သို့ရာတွင် ၎င်းပါတီဝင် ကျား–မ အများစုသည် မိမိတို့၏ လုပ်ဖော်ကိုင်ဘက်များမှာ အလုပ်သမားသမဂ္ဂဝင်များ ဖြစ်ကြသောကြောင့်လည်းကောင်း၊ ထို့ပြင်သူတို့သည် မိတ်ဆွေ အချင်းချင်း အကျိုးစီးပွားများကို မျှဝေခံစားလိုကြသောကြောင့်လည်းကောင်း အလုပ် သမားသမဂ္ဂများထဲသို့ ပါဝင်လာကြသည့်အတွက် စိတ်ပါဝင်စားမှုနှင့် တက်ကြွမှုများ မရှိကြချေ။

“သို့သော်လည်း လေဘာပါတီ ကြီးထွားလာရခြင်းမှာ ၎င်းအား အတွေးအခေါ် အယူတဆတရပ်က ဖန်တီးလိုက်ခြင်းဖြစ်ပြီး ဗြိတိသျှအလုပ်သမား လူတန်းစား

၏ အများစုသည် ၎င်းအတွေးအခေါ် အယူအဆမှ ရုန်းမထွက်နိုင်သေးသောကြောင့် ဖြစ်သည်။ သို့သော် မကြာမီကာလအတွင်း ဤအခြေအနေများကို လှည့်ပြောင်းပစ်မည့် ကြီးမားသော ပြောင်းလဲမှုများသည် ပြည်သူများ၏ ဦးနှောက်တွင်းဝယ် ကိန်း အောင်းနေသည်။

"ဗြိတိသျှလေဘာပါတီသည် အခြားတိုင်းပြည်များရှိ ဆိုရှယ်ပြည်ချစ် အဖွဲ့အစည်းများကဲ့သို့ပင် လူ့အဖွဲ့အစည်း၏ သဘာဝအလျောက် ဖြစ်ပေါ်တိုးပွားရာ ဖြစ်စဉ်အတွင်းတွင် မလွဲမသွေ အာဏာရလာလိမ့်မည်ဖြစ်သည်။ ကွန်မြူနစ်များ၏ လုပ်ငန်းတာဝန်ကား ဆိုရှယ်ပြည်ချစ်များအား တွန်းလှန်ပစ်ရန်အတွက် အင်အားများကိုစုစည်းရန် ဖြစ်ပေသည်။ အင်္ဂလန်ပြည်တွင်လည်း ကျွန်တော်တို့သည် ဤလုပ်ငန်းကို လုပ်ဆောင်ရန် နှောင့်နှေးခြင်း၊ တွေဝေခြင်းမရှိစေရ။

"ကျွန်တော်တို့သည် လေဘာပါတီကို အင်အားဖြည့်တင်းခြင်းဖြင့် မိမိတို့အင်အားကို ဖြုန်းတီးမပစ်ရ။ ထိုပါတီ အာဏာရလာမည်မှာ မလွဲမရှောင်သာပေ။ ကျွန်တော်တို့သည် ထိုပါတီကိုချေမှုန်းပစ်မည့် ကွန်မြူနစ်လှုပ်ရှားမှု ပေါ်ပေါက်လာရန် အင်အားစုစည်းရမည်။ လေဘာပါတီသည် မကြာမီ အစိုးရအဖွဲ့ကို ဖွဲ့တော့မည်။ တော်လှန်သော အတိုက်အခံများသည် ထိုအစိုးရကို တိုက်ပွဲဆင်ရန် အသင့်ရှိနေရမည်။ ......"

ဤသို့ဖြင့် လစ်ဘရယ်ဓနရှင်များသည် သမိုင်းတလျှောက် နှစ်ရှည်လကြာ အတွေ့အကြုံများအရ အမြတ်တနိုး ကိုးကွယ်ထားခဲ့ကြသည့် ထိုမျှမက သွေးစုပ်သူများအတွက် အလွန့်အလွန် အကျိုးရှိစေသည့် (သွေးစုပ်သူများ၏)"၂ ပါတီ" စနစ်ကို စွန့်လွှတ်ပစ်လိုက်ကြကာ ပါတီ ၂ ရပ်၏ အင်အားများကို ပူးပေါင်း၍ လေဘာပါတီကို တိုက်ပွဲဆင်ရမည်ဟု ယူဆလေသည်။ လစ်ဘရယ်အများအပြားသည် ရေနစ်နေသည့် သင်္ဘောပေါ်မှ ကြွက်များပမာ လေဘာပါတီဘက်သို့ ထွက်ပြေးသွားကြလေသည်။ လက်ဝဲကွန်မြူနစ်များသည် လေဘာပါတီက မလွဲမသွေအာဏာရမည်ကို ယုံကြည်လေသည်။ ထို့ပြင် လက်ရှိအခါ၌ ၎င်းသည် အလုပ်သမားအများပိုင်း၏ ထောက်ခံမှုရရှိနေသည်ကိုလည်း ဝန်ခံကြပေသည်။ ဤမှနေ၍ သူတို့သည် အောက်ပါအတိုင်း ရဲဘော် ဆီးလ်ဗီးယားပန်ဟပ်စ်က တင်ပြထားသည့် ထူးဆန်းသည့် နိဂုံးချုပ်ချက်ကို ထုတ်ယူခဲ့ကြလေသည်။

"ကွန်မြူနစ်ပါတီသည် မစေ့စပ်ရ။ ... မိမိဩဝါဒများ၏ သန့်စင်မှုကို ထိန်းသိမ်းထားရမည်။ ပြုပြင်ရေးဝါဒမှ ကင်းရှင်းမှုကိုလည်း အဖျက်ဆီး မခံစေရ။ ၎င်း၏

တာဝန်မှာ ကွန်မြူနစ်တော်လှန်ရေးသို့ ရပ်နားခြင်း၊ ကွေ့ချိုးခြင်းများမရှိဘဲ တည့်မတ်စွာ ခေါင်းဆောင်သွားရေးဖြစ်သည်။”

ဆန့်ကျင်စွာပင် ဂရိတ်ဗြိတိန်ရှိ အလုပ်သမားအများပိုင်းသည် ဗြိတိသျှကရင်စကီများ သို့မဟုတ် ရှိတ်ဒီမန်များ၏ ခေါင်းဆောင်မှု နောက်လိုက်နေ၍ ထိုသူများက ဖွဲ့စည်းထားသောအစိုးရ၏ အတွေ့အကြုံမျိုးကို မခံစားရသေးချေ။ ရုရှားနှင့် ဂျာမနီတွင်မူ ထိုအတွေ့အကြုံမျိုးသည် အလုပ်သမားများက ကွန်မြူနစ်ဝါဒဆီသို့ အလုံးအရင်းနှင့် ကူးပြောင်းနိုင်စေခဲ့သည်။ ဤအချက်ကြောင့် ဗြိတိသျှကွန်မြူနစ်များသည် ပါလီမန်ထဲတွင် ပါဝင်လှုပ်ရှား**ရမည်**။ ပါလီမန်**အတွင်း**မှနေ၍ ဟင်ဒါဆင်နှင့် စနိုဒင်အစိုးရ၏ အကျိုးသက်ရောက်မှုကို လက်တွေ့မြင်လာစေရန် အလုပ်သမားလူထုများအား ကူညီသင့်သည်။ ဟင်ဒါဆင်များ စနိုဒင်များအား လွိုက်ဂျော့နှင့် ချာချီတို့၏ ပူးပေါင်းအင်အားစုကို အနိုင်တိုက်ရေးတွင် ကူညီသင့်သည်။ ဤသည်မှာ သံသယရှိစရာမလိုပေ။ ဤကဲ့သို့ မလုပ်ကိုင်ပါက တော်လှန်ရေးလမ်းကြောင်းတွင် အခက်အခဲများ ဖြစ်ပေါ်လာစေလိမ့်မည်။ အကြောင်းမူ အလုပ်သမားလူတန်းစား အများစု၏ အမြင်ပြောင်းလဲမှုမရှိပါက တော်လှန်ရေးသည်လည်း မဖြစ်နိုင်ပေ။ ထို့ပြင် ဤကဲ့သို့ ပြောင်းလဲမှုမျိုးသည် ဝါဒဖြန့်ချိမှု သက်သက်ဖြင့် မည်သည့်အခါမှ မဖြစ်နိုင်ဘဲ လူထု၏ နိုင်ငံရေး အတွေ့အကြုံမှသာ ဖြစ်နိုင်သည်။ “စေ့စပ်ရေးများ မပြုလုပ်ဘဲ ရပ်နားခြင်း၊ ကွေ့ချိုးခြင်းများ မပြုဘဲရှေ့ဆောင်သွားရမည်”ဟု အင်အားနည်းကြောင်း ထင်ရှားသည့် အလုပ်သမားအနည်းစုက တင်ပြကြသည်။ သူတို့အနေနှင့် ဟင်ဒါဆင်နှင့် စနိုဒင်တို့သည် လွိုက်ဂျော့နှင့် ချာချီတို့ကို အောင်နိုင်လိမ့်မည်၊ အလုပ်သမားအများစုသည် အချိန်တိုအတွင်း၌ သူတို့၏ ခေါင်းဆောင်များအပေါ် စိတ်ပျက်လာကာ ကွန်မြူနစ်ဝါဒကို စတင်ထောက်ခံလာလိမ့်မည် (အနည်းဆုံးအားဖြင့် ကွန်မြူနစ်များအပေါ် ကြားနေကြ သဘောထားရှိလိမ့်မည်၊ အများပိုင်းက စာနာသည့် ကြားနေသဘောထား ရှိကြလိမ့်မည်)ကို သိထားကြသည်။ (အနည်းဆုံးအားဖြင့် သိသင့်ကြသည်။) သို့ဖြစ်ပါက ဤကြွေးကြော်သံ မှားယွင်းနေသည်မှာ ထင်ရှားပေတော့သည်။ ဤသည်ကား စစ်သားတသောင်းသည် ရန်သူစစ်သားငါးသောင်းနှင့် ရင်ဆိုင်နေရစဉ် ချက်ခြင်းတိုက်ပွဲ မဝင်နိုင်သေးသည့် လာနေဆဲတပ်ကူ တသိန်းမရောက်မီ အတောအတွင်း“ရပ်နားခြင်း” “ကွေ့ချိုးခြင်း”သို့မဟုတ်“စေ့စပ်ရေး”များလုပ်၍ စောင့်ဆိုင်းရမည့်အစား တိုက်ပွဲဝင်ပစ်လိုက်သကဲ့သို့ပင် ဖြစ်တော့သည်။ ၎င်းသည် ပညာတတ်၏ ကလေးဆန်မှုဖြစ်ပြီး တော်လှန်သော လူတန်းစား၏ လေးနက်သော နည်းပရိယာယ်

များ မဟုတ်ပေ။

တော်လှန်ရေးအားလုံးက အထူးသဖြင့် ၂၀ ရာစုနှစ်အတွင်းရှိ ရုရှား တော်လှန်ရေး သုံးရပ်စလုံးက အတည်ပြုထားသည့် တော်လှန်ရေး၏ အခြေခံတရားသည်ကား အောက်ပါအတိုင်း ဖြစ်ပေသည်။ တော်လှန်ရေးတရပ် ဖြစ်ပေါ်လာရန်မှာ သွေးစုပ်ခံနှင့် ဖိနှိပ်ခံလူထုများက နည်းလမ်းဟောင်းအတိုင်း နေထိုင်ရန်မဖြစ်နိုင်ကြောင်း သိနားလည်၍ ပြောင်းလဲမှုကို တောင်းဆိုလာရုံမျှနှင့် မလုံလောက်ပေ။ တော်လှန်ရေးတရပ် ဖြစ်ပေါ်လာရန်မှာ သွေးစုပ်သူများက နည်းလမ်းဟောင်းအတိုင်းနေထိုင်ကာ အုပ်စိုးခြင်း မပြုနိုင်ရန်လည်း လိုအပ်ပေသည်။ **“အောက်ခြေတန်းစားများက** နည်းလမ်းဟောင်းအတိုင်း နေထိုင်ရန် **အလိုမရှိဘဲ”** အထက်အဆင့်တန်းစားများက **“နည်းလမ်းဟောင်းအတိုင်း** ဆက်လက်မလုပ်ဆောင်နိုင်သော အခါမှသာလျှင် တော်လှန်ရေး အောင်မြင်နိုင်ပေသည်။ ဤအမှန်တရားကို အခြားနည်းဖြင့် ဖော်ပြရမည်ဆိုသော် (သွေးစုပ်ခံနှင့် သွေးစုပ်သူများ ၂ ဦးစလုံးကို သက်ရောက်သည့်) တနိုင်ငံလုံး အတိုင်းအတာဆောင်သော ကျပ်တည်းမှုကပ် မရှိပါက တော်လှန်ရေးသည် မဖြစ်နိုင်ချေ။ အဓိပ္ပာယ်ရသည်ကား တော်လှန်ရေးအတွက် မရှိမဖြစ်လိုအပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။ ပထမအချက်မှာ အလုပ်သမားအများစု (ယုတ်စွအားဖြင့် လူတန်းစားနိုးကြားမှုနှင့် စဉ်းစားဉာဏ်ရှိပြီး နိုင်ငံရေးအရ တက်ကြွသော အလုပ်သမားထဲမှအများစု) သည် တော်လှန်ရေးတရပ် လိုအပ်နေကြောင်းနှင့် တော်လှန်ရေးအတွက် သူတို့၏အသက်များကို စွန့်လှူရန်အသင့်ရှိကြောင်းကို လုံးဝနားလည်ရမည်။ ဒုတိယအချက်မှာ အုပ်စိုးသူလူတန်းစားများသည် အစိုးရအကျပ်အတည်းနှင့် ကြုံတွေ့၍ ၎င်းအကျပ်အတည်းက ခေတ်နောက်အကျဆုံးလူထုများကိုပင် နိုင်ငံရေးထဲသို့ ရောက်ရှိလာစေကာ (စစ်မှန်သော တော်လှန်ရေးတိုင်း၏ လက္ခဏာတရပ်မှာ ယခင်က အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည့် အဖိနှိပ်ခံလုပ်သားလူထုများအတွင်းတွင် နိုင်ငံရေးတိုက်ပွဲကို လုပ်ကိုင်နိုင်သူ အမြောက်အမြား လျင်မြန်စွာပေါ်ထွက်ခဲ့ခြင်းဖြစ်၍ သူတို့၏အရေအတွက်မှာ ဆယ်ဆသို့မဟုတ် အဆထရာထိ အောင်ပင် တိုးပွားများပြားလာခြင်း ဖြစ်ပေသည်) တော်လှန်ရေးသမားများက အစိုးရအား ချည့်နဲ့စေပြီး အစိုးရအဖွဲ့ကို လျင်မြန်စွာ တွန်းလှန်ပစ်နိုင်စေရမည်။

ဂရိတ်ဗြိတိန်တွင် ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးအား အောင်ပွဲရနိုင်သည့် ဤအကြောင်းအချက် နှစ်ရပ်လုံးသည် အခြားအရာများအနက် ထင်ရှားစွာ ရင့်မှည့်နေကြောင်းကို လွှိုက်ဂျော့၏ မိန့်ခွန်းထဲတွင် တွေ့မြင်နိုင်ပေသည်။ လက်ဝဲ

ကွန်မြူနစ်များ၏ အမှားများသည် ယခုအချိန်၌ဆိုလျှင် အထူးတလည် အန္တရာယ်ကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော တော်လှန်ရေးသမားများသည် ဤအကြောင်းအချက် နှစ်ရပ်စလုံးနှင့်ပတ်သက်၍ လုံလောက်သောစဉ်းစားမှု၊ လုံလောက်သော ဂရုစိုက်မှု၊ လုံလောက်သော အသိဥာဏ်နှင့် လုံလောက်သောလိမ္မာပါးနပ်မှုများ မရှိသောကြောင့်ပင် ဖြစ်ပေသည်။ အကယ်၍ ကျွန်တော်တို့သည် တော်လှန်သောအစုတစု၏ နိုင်ငံရေးပါတီ မဟုတ်ဘဲ တော်လှန်သော**လူတန်းစား**၏ နိုင်ငံရေးပါတီဖြစ်ပါလျှင်၊ အကယ်၍**လူထု**အား ကျွန်တော်တို့၏နောက်သို့ လိုက်စေလိုပါလျှင် (ဤအတိုင်းမဖြစ်လျှင် ကျွန်တော်တို့သည် လေအိုးများသက်သက် ဖြစ်လာလိမ့်မည်) ကျွန်တော်တို့သည် ပထမဆုံးအားဖြင့် ဟင်ဒါဆင် သို့မဟုတ် စနိုဒင်တို့ကို လွှိုက်ဂျော့နှင့် ချာချီတို့အား ဖြုတ်ချရေးတွင် အကူအညီပေးရမည်။ (ပိုမိုတိကျစွာ ပြောရလျှင် ပထမလူကို နောက်လူအား ဖြုတ်ချအောင် အတင်းစေခိုင်းရမည်။ အဘယ်ကြောင့်ဆိုသော် ပထမလူများသည် **မိမိတို့၏ အောင်ပွဲကို ကြောက်ကြသောကြောင့် ဖြစ်ပေသည်**) ဒုတိယအားဖြင့် အလုပ်သမားလူတန်းစား အများစုအား သူတို့၏ ကိုယ်ပိုင် အတွေ့အကြုံများအရ ကျွန်တော်တို့၏ မှန်ကန်မှုကို ယုံကြည်စိတ်ချစေရန် အကူအညီပေးရမည်။ ဆိုလိုသည်မှာ ဟင်ဒါဆင်များ၊ စနိုဒင်တို့ကို လွှိုက်ဂျော့နှင့် ချာချီအား ဖြုတ်ချရေးတွင် အကူအညီပေးရမည်။ ဆိုလိုသည်မှာ ဟင်ဒါဆင်များ၊ စနိုဒင်များသည် လုံးဝအသုံးမကျကြောင်း၊ သူတို့သည်ဗီဇအရ ဓနရှင်ပေါက်စများနှင့် သစ္စာဖောက်များဖြစ်ကြောင်း၊ ထိုသူများသည် မလွဲမသွေပျက်စီးလိမ့်မည် ဖြစ်ကြောင်းကို ထင်ရှားစွာ သိမြင်လာစေရန် ဖြစ်သည်။ တတိယအားဖြင့် ကျွန်တော်တို့သည်ဟင်ဒါဆင်များအပေါ် အလုပ်သမားအများစု၏ မကျေနပ်ချက်များ၏ **အခြေခံပေါ်တွင်** ဟင်ဒါဆင်များ၏ အစိုးရအားတချက်တည်းဖြင့် တွန်းလှန်ပစ်နိုင်မည့် အောင်ပွဲအတွက် တကယ့်အခွင့်အခါကောင်းများ ပေါ်ထွန်းလာမည့် အချိန်အခါရောက်ရန် တွန်းဆော်ရမည်။ အဘယ်ကြောင့်ဆိုသော် ကျင်လည်ပါးနပ်ဆုံးဖြစ်သည့် ဓနရှင်ပေါက်စ လူတန်းစားမဟုတ်ဘဲ ဓနရှင်ကြီးလူတန်းစား စစ်စစ်ဖြစ်သည့် လွှိုက်ဂျော့သည်ပင်လျှင် အလွန်အမင်း ကြောက်လန့်ခြောက်ခြားနေ၍ ယနေ့တွင် ချာချီနှင့်“စိတ်ဝမ်းကွဲ”လိုက် နောက်နေ့တွင် အက်စ်ကွစ်နှင့် “စိတ်ဝမ်းကွဲ”လိုက် လုပ်နေခြင်းဖြင့် မိမိ၏ (ထို့ပြင် ဓနရှင်လူတန်းစား တရပ်လုံးအနေဖြင့်) အင်အားများ တနေ့တခြား ချည့်နဲ့လာသေးသည်ဆိုပါက ဟင်ဒါဆင်ကဲ့သို့သော အစိုးရသည် မည်မျှကြောက်လန့် ခြောက်ခြားမည်နည်း။

ဤအချက်ကို ကျွန်တော်သည် ပိုမိုအခိုင်အမာကျစွာ ရှင်းပြမည်။ ကျွန်တော့် ထင်မြင်ချက်အရဆိုလျှင် ဗြိတိသျှ ကွန်မြူနစ်များသည် ပါတီနှင့်အစုလေးစု (၎င်းတို့အားလုံးသည် အလွန်ချည့်နဲ့ပေသည်။ အချို့သည် အလွန့်အလွန် ချည့်နဲ့ပေသည်) ကို တတိယအင်တာနေရှင်နယ်၏ မူများပေါ်တွင်လည်းကောင်း၊ **မုချ**ပင် ပါလီမန်ထဲသို့ ပါဝင်ရေး ပေါ်တွင်လည်းကောင်း၊ အခြေခံ၍ တခုတည်းသော ကွန်မြူနစ်ပါတီအဖြစ်သို့ ပေါင်းစည်းကြရမည်။ ကွန်မြူနစ်ပါတီသည် ဟင်ဒါဆင်နှင့် စနိုဒင်တို့အား ရွေးကောက်ပွဲ သဘောတူညီချက်နှင့် ပတ်သက်၍ အောက်ပါအတိုင်း "စေ့စပ်ရေးလုပ်ရန်" တင်ပြရပေမည်။ ကျွန်တော်တို့သည် လွိုက်ဂျော့နှင့် ကွန်ဆာဗေးတစ်တို့၏ မဟာမိတ်အဖွဲ့ကို အတူတွဲ၍ တိုက်ကြပါစို့ဟုလည်း၊ ကျွန်တော်တို့သည် အလုပ်သမားများက လေဘာပါတီနှင့် ကွန်မြူနစ်ပါတီတို့အတွက် ပေးခဲ့သည့်မဲအရေအတွက် (ရွေးကောက်ပွဲတွင်ရသော မဲများမဟုတ်၊ အထူးသီးသန့်အားဖြင့်ပေးသည့် မဲများဖြစ်သည်) အချိုးအစားအရ ပါလီမန်အတွင်းရှိ အမတ်နေရာများကို ခွဲဝေကြပါစို့ဟုလည်းကောင်း၊ တချိန်တည်းမှာပင် ကျွန်တော်တို့သည် ဝါဒဖြန့်ခြင်း ပညာပေး လှုံ့ဆော်ခြင်းနှင့် နိုင်ငံရေးလုပ်ဆောင်မှု ကိစ္စအဝဝတို့၏ **လုံးဝလွတ်လပ်မှုကို** ဆက်လက်ထိန်းသိမ်းထားကြပါစို့ဟုလည်းကောင်း သူတို့အားတင်ပြသင့်ပေသည်။ ဓမ္မတာပင် နောက်ဆုံး ဖော်ပြပါ အကြောင်းအချက် မရှိဘဲနှင့် ကျွန်တော်တို့သည် အုပ်စုဖွဲ့ရန် သဘောမတူနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ သစ္စာဖောက်မှု ဖြစ်လိမ့်မည်။ ရုရှားဗော်ရှီဗစ်များက (၁၉၀၃ ခုနှစ်မှ ၁၉၁၇ ခုနှစ်ထိ **၁၅ နှစ်တိုင်တိုင်**) ရုရှားဟင်ဒါဆင်များ၊ စနိုဒင်များ ဆိုလိုသည်မှာ မင်ရှီဗစ်များနှင့် ဆက်ဆံရာတွင် ၎င်းတို့အား လုံးဝ လွတ်လပ်စွာ ဖွင့်ချရေးကိုတောင်းဆို၍ အရယူခဲ့သကဲ့သို့ပင် ဗြိတိသျှကွန်မြူနစ်များသည် ဟင်ဒါဆင်များ၊ စနိုဒင်များအား လုံးဝလွတ်လပ်စွာ ဖွင့်ချရေးကို တောင်းဆို အရယူထားကြရမည် ဖြစ်သည်။

အကယ်၍ ဟင်ဒါဆင်များနှင့် စနိုဒင်များက ဤအချက်များအရ အုပ်စုဖွဲ့ရန် သဘောတူကြမည်ဆိုပါက ကျွန်တော်တို့သည် အမြတ်ရသူများ ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပါလီမန်အမတ်နေရာ အရေအတွက်သည် ကျွန်တော်တို့အဖို့ အရေးမကြီးပေ။ ကျွန်တော်တို့သည် အမတ်နေရာရရေးအတွက် လုပ်နေကြခြင်း မဟုတ်ပေ။ ဤအချက်နှင့်ပတ်သက်လျှင် ကျွန်တော်တို့လျှော့ပေးလိမ့်မည် (သို့သော် ဟင်ဒါဆင်များသည် အထူးသဖြင့် သူတို့၏ မိတ်ဆွေသစ်များ သို့မဟုတ် သခင်သစ်များဖြစ်ကြသော အင်ဒီပင်းဒင့် လေဘာပါတီအဖွဲ့ကို ဝင်ခဲ့ကြသော လစ်ဘရယ်များ

သည် အမတ်နေရာများ ရရေးအတွက် စိတ်စောနေကြသူများ ဖြစ်ပေသည်)။ ကျွန်တော်တို့သည် အမြတ်ရသူများ ဖြစ်လိမ့်မည်။ အဘယ်ကြောင့် ဆိုသော် လွှိုက်ဂျော့**ကိုယ်တိုင်**က လူထုများအား "ထိုးဆွ" နေချိန်မျိုးတွင် ကျွန်တော် တို့သည် **လူထု**များအတွင်းတွင် **ကျွန်တော်တို့၏** လှုံ့ဆော်မှုကို ဆက်လက်လုပ်ကိုင် လိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် လေဘာအစိုးရအဖွဲ့ကို လျင်မြန်စွာဖွဲ့စည်းရန် လေဘာပါတီအား ကူညီရုံမျှမက ဟင်ဒါဆင်များကို ဆန့်ကျင်သည့် ကျွန်တော်တို့ ကွန်မြူနစ်များ၏ ဝါဒဖြန့်ချက်တရပ်လုံးအား လူထုကြီးပိုမို လျင်မြန်စွာ နားလည်စေရန်လည်း ကူညီပေသည်။ ကျွန်တော်တို့သည် ဟင်ဒါ ဆင်များကို ဆန့်ကျင်သည့် ဤသို့သော ဝါဖြန့်ချိမှုမျိုးကို အနည်းငယ်မျှ ထောက်ထားခြင်း၊ ထိန်ချန်ခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင် ဆောင်ရွက်သင့်ပေသည်။

အကယ်၍ ဟင်ဒါဆင်များနှင့် စနိုဒင်များက ဤအချက်များအရ ကျွန်တော် တို့နှင့် အုပ်စုဖွဲ့ရေးကို ငြင်းပယ်ပါက ကျွန်တော်တို့သည် ပိုမို၍ အမြတ်ရလိမ့် မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟင်ဒါဆင်များသည် အလုပ်သမားများအားလုံး စည်းလုံးညီညွတ်ရေးထက် သူတို့၏အရင်းရှင်များနှင့်အတူ နီးကပ်စွာ ဆက်သွယ်လိုမှုကို **လူထုများ**အား (မင်ရှီဗစ်ဝါဒစစ်စစ်ဖြစ်၍ လုံးဝအချောင်ဆန်သော အင်ဒီပင်းဒင့် လေဘာပါတီအတွင်းမှာပင် ပါတီဝင်ထုက ဆိုဗီယက်များအား လိုလားနေမှုကို သတိပြုပါ) ကျွန်တော်တို့ ချက်ခြင်းထောက်ပြနိုင်မည် ဖြစ်သောကြောင့် ဖြစ်ပေသည်။ ကျွန်တော်တို့သည် **လူထုများ**အတွင်းတွင် ချက်ခြင်းယုံကြည်မှု ရလာလိမ့်မည်ဖြစ်သည်။ ဤလူထုများသည် လွှိုက်ဂျော့၏ အလွန်မှန်ကန်သည့် (ကွန်မြူနစ်ဝါဒအတွက် အလွန်အကျိုးရှိသည့် တောက်ပြောင်သည့် ရှင်းပြချက်ကိုကြားပြီးသည့်နောက်တွင် လွှိုက်ဂျော့ ကွန်ဆာဗေးသစ်တို့၏ မဟာမိတ်အဖွဲ့ကို ဆန့်ကျင်ပြီး အလုပ်သမားထုတရပ်လုံး စည်းလုံးညီညွတ်ရေး အယူအဆကို အထူးတလည် စာနာကြလိမ့်မည်။ ကျွန်တော်တို့သည် ချက်ခြင်းလက်ငင်း အမြတ်ရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် လူထုများအား အင်ဒါဆင်များနှင့် စနိုဒင်များတို့၏ လွှိုက်ဂျော့အား ဖြုတ်ချရန်နှင့် အာဏာကိုတဦးတည်းသိမ်းရန် ကြောက်လန့်နေကြောင်းနှင့် လေဘာပါတီအားဆန့်ကျင်ပြီး ကွန်ဆာဗေးတစ်များအား **ပြောင်**လက်ကမ်းထားသည့် လွှိုက်ဂျော့ထံမှ **တိတ်တဆိတ်**ထောက်ခံမှုရရန် ကြိုးပမ်းနေကြောင်းကို ညွှန်ပြနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ရုရှားပြည်၌ ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ (ပြက္ခဒိန်ဟောင်းအရ) တော်လှန်ရေးပြီးသည့်နောက်တွင် ဗော်ရှီဗစ်များက မင်ရှီဗစ်များနှင့် ဆိုရှယ်

တော်လှန်ရေးသမားများ (ဆိုလိုသည်မှာ ရုရှားဟင်ဒါဆင်များနှင့် စနိုင်ဒင်များ) အား ဆန့်ကျင်သည့် ဝါဒဖြန့်ချက်သည် အလားတူအခြေအနေမျိုးကြောင့်ပင် အကျိုးဖြစ်ထွန်းခဲ့သည်ကို ထောက်ပြအပ်ပေသည်။ ကျွန်တော်တို့က မင်ရှီဗစ်များနှင့် ဆိုရှယ်တော်လှန်ရေးသမားများအား သင်တို့သည် ဆိုဗီယက်များအတွင်း၌ အများစုဖြစ်နေသောကြောင့် (၁၉၁၇ ခုနှစ် ဇွန်လ ပထမအကြိမ်မြောက် ဆိုဗီယက်များ၏ ရုရှားပြည်လုံးကျွတ် ကွန်ဖရင့်၌ ဗော်ရှီဗစ်များသည် မဲရာခိုင်နှုန်း ၁၃ မျှသာလျှင် ရရှိပေသည်။) ဓနရှင်များမပါစေဘဲ အာဏာတရပ်လုံးကို ယူထားကြပါဟု ပြောခဲ့သည်။ သို့သော် ရုရှားဟင်ဒါဆင်များနှင့် စနိုင်ဒင်များသည် ဓနရှင်များမပါဘဲ အာဏာယူရန် ကြောက်ရွံ့နေကြသည်။ ရွေးကောက်ပွဲများတွင် ဆိုရှယ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်* တို့(ဤနိုင်ငံရေးပါတီ ၂ ရပ်သည် ရင်းနှီးသည့်နိုင်ငံရေး အုပ်စုဖွဲ့ခဲ့ကြသည်။ လက်တွေ့၌လည်း သူတို့သည် ဓနရှင်ပေါက်စ ဒီမိုကရေစီဂိုဏ်း **တခုတည်းသာ** ဖြစ်ပေသည်) က မဲအများစုရလိမ့်မည်ကို အသေအချာသိရှိထားသဖြင့် ဓနရှင်များက တိုင်းပြုပြည်ပြု လွှတ်တော်၊ ရွေးကောက်ပွဲများအား နှောင့်နှေးကြန့်ကြာအောင် လုပ်ကြသည်။ ထိုအခါ၌ ဆိုရှယ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်တို့သည် ဤနှောင့်နှေးကြန့်ကြာစေမှုများကို အားစိုက်ခွန်စိုက် ပြတ်ပြတ်သားသား ဆန့်ကျင်ရန် မစွမ်းဆောင်နိုင်ကြပေ။

အကယ်၍ ဟင်ဒါဆင်များနှင့် စနိုင်ဒင်များက ကွန်မြူနစ်များနှင့် အုပ်စုဖွဲ့မှုကို ပယ်ချပါက ကွန်မြူနစ်များသည် လူထု၏ စာနာမှုကိုချက်ခြင်းရယူပြီး ဟင်ဒါဆင်များနှင့် စနိုင်ဒင်များသည် ဩဇာကျဆင်းသွားပေမည်။ ဤအတွက်ကြောင့် ကျွန်တော်တို့သည် ပါလီမန်အမတ်နေရာ အနည်းအကျဉ်းကို ဆုံးရှုံးခဲ့ရစေကာမူ ကျွန်တော်တို့အတွက်မထောင်းတာသည့် ကိစ္စပင်ဖြစ်ပေသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ အမတ်လောင်းများအား အရေအတွက် အလွန်နည်းသော်လည်း အကြွင်းမဲ့စိတ်ချရသည့်

---

* ရုရှားပြည်တွင် ၁၉၁၇ နိုဝင်ဘာလအတွင်းက တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ၏အဖြေမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။ မဲပေးသူပေါင်း ၃၆ သန်းရှိသည့်အနက် ဗော်ရှီဗစ်များက စုစုပေါင်းမဲ၏ ၂၅ ရာခိုင်နှုန်းရရှိသည်။ မြေရှင်နှင့် ဓနရှင်တို့၏ နိုင်ငံရေး ပါတီအမျိုးမျိုးက မဲ၏ ၁၃ ရာခိုင်နှုန်းကို ရရှိထားသည်။ ဓနရှင်ပေါက်စဒီမိုကရေစီ၊ ဆိုလိုသည်မှာ ဆိုရှယ်တော်လှန်ရေးသမားများ မင်ရှီဗစ်များနှင့် အလားတူ အစည်း အရုံးလေးများက မဲ ၆၂ ရာခိုင်နှုန်းကို ရရှိခဲ့လေသည်။

ဒေသများ၌သာ တင်ပြရမည်။ ဆိုလိုသည်မှာ ကျွန်တော်တို့က အမတ်လောင်းများကို တင်ပြလိုက်သောကြောင့် လေဘာအမတ်လောင်းများအပေါ် လစ်ဘရယ်များက အနိုင်ရမသွားစေနိုင်မည့် ဒေသများ၌သာ ဖြစ်ရမည်။ ကျွန်တော်တို့သည် ရွေးကောက်ပွဲအတွက် စိုင်းပြင်းလှုံ့ဆော်မှုထဲ ပါဝင်ကြမည်။ ကွန်မြူနစ်ဝါဒအတွက် လှုံ့ဆော်သော စာရွက် စာတမ်းများဝေငှဖြန့်ချိမည်။ ထို့ပြင်ကျွန်တော်တို့၏ အမတ်လောင်းမရှိသည့် ဒေသ**အားလုံး**တွင် ကျွန်တော်တို့သည် မဲဆန္ဒရှင်များအား **လေဘာပါတီ အမတ်လောင်းများဘက်မှ မဲပေးရန်နှင့် ဓနရှင်လူတန်းစား အမတ်လောင်းများကို မဲမပေးရန်**တိုက်တွန်းမည်။ အကယ်၍ ရဲဘော်ဆီလ်ဗီးယားပန်ဟပ်စ်နှင့် ရဲဘော်ဂါလာချာတို့က ဤလုပ်ဆောင်မှုမျိုးကို ကွန်မြူနစ်ဝါဒအား သစ္စာဖောက်ခြင်း၊ သို့မဟုတ် ဆိုရှယ်သစ္စာဖောက်များအား ဆန့်ကျင်သည့်တိုက်ပွဲကို စွန့်လွှတ်ခြင်း ဖြစ်သည်ဟု ယူဆပါက သူတို့မှားတော့သည်။ ဆန့်ကျင်စွာပင် ကွန်မြူနစ်ဝါဒ တော်လှန်ရေးအရေးတော်ပုံသည်ကား ဤအတွက်ကြောင့်ပင် ကောင်းကျိုးရလိမ့်မည် ဖြစ်ပေသည်။

မျက်မှောက်တွင် ဗြိတိသျှကွန်မြူနစ်များမှာ လူထုကိုချဉ်းကပ်ရန်သော်လည်းကောင်း၊ မိမိတို့ပြောသည့် စကားများကို လူထုက လာရောက်နားထောင်စေရန် သော်လည်းကောင်း၊ မကြာခဏအခက်အခဲနှင့် တွေ့နေရပေသည်။ အကယ်၍ ကျွန်တော်တို့သည် ကွန်မြူနစ်တယောက်အဖြစ်ဖြင့် လွိုက်ဂျော့အား ဆန့်ကျင်၍ ဟင်ဒါဆင်အား မဲပေးကြပါဟု အလုပ်သမားများအား တိုက်တွန်းသော် ကျွန်တော်တို့၏ စကားများကို သူတို့သည် မုချနားထောင်ကြပေမည်။ ထိုအခါကျွန်တော်သည် လူအများနားလည်လွယ်သည့်နည်းဖြင့် အဘယ်ကြောင့် ဆိုဗီယက်စနစ်သည် ပါလီမန်စနစ်ထက် သာလွန်ကောင်းမွန်ကြောင်း၊ အဘယ်ကြောင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်သည် ချာချီ၏ အာဏာရှင်စနစ် (ဓနရှင်ဒီမိုကရေစီဟူသော ဆိုင်းဘုတ်ဖြင့် ရုပ်ဖျက်ထားသည်) ထက် သာလွန်ကောင်းမွန်ကြောင်းကို ရှင်းလင်းပြရုံမက ကျွန်တော့်မဲဖြင့် ဟင်ဒါဆင်ကို ထောက်ခံလိုက်ခြင်းဖြင့် တရားခံအား လည်ပင်းကြိုး ကွင်းစွပ်ပေးလိုက်သည့်ပမာ ဖြစ်သွားမည်ကိုလည်း ကျွန်တော်ရှင်းပြနိုင်ပေသည်။ ဟင်ဒါဆင်များ၏ မကြာမီဖွဲ့စည်းတော့မည့် အစိုးရက ကျွန်တော်မှန်ကြောင်းကို သက်သေပြလိမ့်မည်ဖြစ်ပြီး ကျွန်တော်ဘက်သို့ လူထုများရောက်ရှိလာစေလိမ့်မည်။ ထို့ပြင် ရုရှားနှင့်ဂျာမနီရှိ သူတို့၏ တလမ်းတည်းသွားသူများနည်းတူ ဟင်ဒါဆင်များနှင့် စနိုဒင်များသည်လည်း နိုင်ငံရေးအရ လျင်မြန်စွာ ဇီဝိန်ချုပ်သွားပေလိမ့်မည်။

အကယ်၍ ဤနည်းပရိယာယ်များသည်''ပါးနပ်''လွန်းသည်၊ သို့မဟုတ် ရှုပ်ထွေးလွန်းသည်၊ ၎င်းတို့အား လူထုက နားလည်လိမ့်မည်မဟုတ်၊ ဤနည်းပရိယာယ်များသည် ကျွန်တော်တို့၏ အင်အားစုများကို ကွဲပြပြန့်ကျဲစေလိမ့်မည်၊ ကျွန်တော်တို့ ဆိုဗီယက်တော်လှန်ရေးအတွက် အင်အားများစုစည်းမှုကို တားဆီးလိမ့်မည် စသည်ဖြင့် ကန့်ကွက်လာပါက ကန့်ကွက်လာသူ''လက်ဝဲသမားများ''ကို သင်တို့၏ တရားသေဝါဒများအား လူထုများအပေါ်သို့ လွှဲမချပါနှင့်ဟု ပြောပြရလိမ့်မည်။ ရုရှားလူထုများ၏ ယဉ်ကျေးမှုရေချိန်သည် အင်္ဂလန်လူထုလောက် မမြင့်မားနိုင်ဘဲ အင်္ဂလန်လူထုထက်ပင် နိမ့်ပေသည်။ သို့ရာတွင် လူထုသည် ဗော်ရှီဗစ်များကို နားလည်ခဲ့ကြသည်။ ဆိုဗီယက်တော်လှန်ရေး၏ **အကြိုကာလ** ၊ ဆိုလိုသည်မှာ ၁၉၁၇ ခုနှစ် စက်တင်ဘာလတွင် ဗော်ရှီဗစ်များက ဓနရှင်ပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်) ထဲ ပါဝင်မည့် အမတ်လောင်းများ၏ စာရင်းကို တင်ပြခဲ့ပေသည်။ ဆိုဗီယက်တော်လှန်ရေး **ပြီးသည့်နောက်နေ့**တွင်၊ ဆိုလိုသည်မှာ ၁၉၁၇ ခုနှစ် နိုဝင်ဘာလတွင်လည်း တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်ခဲ့ပြန်သေးသည်။ ထို့ပြင် ၁၉၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်နေ့၌ ဗော်ရှီဗစ်များသည် ဤတိုင်းပြုပြည်ပြုလွှတ်တော်ကို ဖျက်သိမ်းခဲ့ကြပေသည်။ ဤသည်က ဗော်ရှီဗစ်များကို မတားဆီးမနှောင့်ယှက်ခဲ့ရုံမျှမက ဆန့်ကျင်စွာပင် ဗော်ရှီဗစ်များကို ကူညီခဲ့ပေသည်။

ဤနေရာ၌ကျွန်တော်သည် ဗြိတိသျှကွန်မြူနစ်များအတွင်းရှိ ဒုတိယသဘောကွဲလွဲမှုဖြစ်သည့် လေဘာပါတီထဲ ပါဝင်ရေး မပါဝင်ရေး ပြဿနာအကြောင်းကို မပြောနိုင်ပေ။ ဤပြဿနာနှင့်ပတ်သက်၍ ကျွန်တော်သိရှိထားသည့် အချက်အလက်များသည် အလွန်နည်းသည်။ ဗြိတိသျှ''လေဘာပါတီ''အခြေအနေသည် အလွန်အမင်းထူးခြား၍ ဖွဲ့စည်းမှုအရ ဥရောပတိုက်မကြီးရှိ ယေဘုယျ နိုင်ငံရေးပါတီများနှင့် သိပ်မတူညီလှသောကြောင့် ထိုပြဿနာသည် အထူးရှုပ်ထွေးနေပြန်သေးသည်။ မည်သို့ပင်ဖြစ်စေ ပထမဦးစွာအားဖြင့် ဤပြဿနာတွင်လည်း ''ကွန်မြူနစ်ပါတီသည် မိမိသြဝါဒများ၏ သန့်စင်မှုကို ထိန်းသိမ်းထားရမည်။ ပြုပြင်ရေးဝါဒမှ ကင်းရှင်းမှုကိုလည်း အဖျက်ဆီးမခံစေရ။ ၎င်း၏တာဝန်မှာ ကွန်မြူနစ် တော်လှန်ရေးသို့ ရပ်နားခြင်း၊ ကွေ့ချိုးခြင်းများ မရှိဘဲတည့်မတ်စွာ ခေါင်းဆောင် သွားရေးဖြစ်သည်'' ဟူသော မူမျိုးထဲမှ တော်လှန်သော ပစ္စည်းမဲ့များ၏ နည်းပရိယာယ်များကို ထုတ်ယူရန် ကြိုးစားပါက မလွဲမသွေပင် အမှားပြုမိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သောမူများသည် ၁၈၇၄ ခုနှစ်တုန်းက ဓေ့စပ်ရေးအားလုံးနှင့် လမ်းခုလတ်

အဆင့်အားလုံးကို "ငြင်းပယ်ထားခဲ့သည်"။ ပြင်သစ်ဘလန် ကွီ ဂိုဏ်းဘုံအဖွဲ့သားများ ကျူးလွန်ခဲ့သည့်အမှားများကို ထပ်မံကျူးလွန်ကြသောကြောင့် ဖြစ်ပေသည်။ ဒုတိယအားဖြင့် ဤပြဿနာတွင်လည်း ကွန်မြူနစ်များ၏ လုပ်ငန်းတာဝန်မှာ အချိန်မရွေး ရှိနေသည့် လုပ်ငန်းတာဝန်ကဲ့သို့ပင် ကွန်မြူနစ်ဝါဒ ယေဘုယျနှင့် အခြေခံမှုများကို လူတန်းစားနှင့် နိုင်ငံရေးပါတီများအကြားရှိ **ထူးခြားသည့်** ဆက်ဆံရေးများတွင်လည်းကောင်း၊ ကွန်မြူနစ်ဝါဒဆီသို့ ချီတက်နေသည့် ပကတိဘာဝ ဖြစ်ပေါ်တိုးပွားမှု၏ **ထူးခြားသည့်လက္ခဏာ**များတွင်လည်းကောင်း၊ လက်တွေ့ အသုံးချတတ်ရန် သင်ယူရမည်မှာ သံသယရှိစရာမလိုပေ။ ဤထူးခြားသည့် အခြေအနေများသည် တိုင်းပြည်တပြည်နှင့် တပြည်မတူကြပေရာ ကျွန်တော်တို့သည် ၎င်းတို့ ကိုလေ့လာရမည်။ ရှာဖွေရမည်။ တွေးဆသိမြင်ရမည်။

သို့သော် ဤအချက်အား ဗြိသျှကွန်မြူနစ်ဝါဒလှုပ်ရှားမှု တခုတည်းနှင့်သာ လျှင် ဆက်စပ်ဆွေးနွေးရမည်မဟုတ်ဘဲ အရင်းရှင် တိုင်းပြည်များအားလုံးရှိ ကွန်မြူနစ်ဝါဒ ဖြစ်ပေါ်တိုးပွားမှုနှင့် ပတ်သက်နေသော ယေဘုယျနိဂုံးချုပ်ချက်နှင့် ဆက်စပ်၍လည်း ဆွေးနွေးရမည်ဖြစ်သည်။ ယခုကျွန်တော်တို့ ဤပြဿနာများကို ဖော်ပြပါတော့မည်။

# (၁၀)

## နိဂုံးချုပ်ချက်အချို့

၁၉၀၅ ခုနှစ် ရုရှားဓနရှင်တော်လှန်ရေးက ကမ္ဘာ့သမိုင်း၌ အလွန်ထူးခြားသည့် အပြောင်းအလဲတခုကို ထုတ်ဖော်လိုက်ပေသည်။ ပထမအကြိမ်အားဖြင့် ခေတ်နောက်အကျဆုံးသော အရင်းရှင်နိုင်ငံတခုအတွင်း၌ သပိတ်လှုပ်ရှားမှုသည် အဝန်းအဝိုင်းအရ၊ အင်အားကြီးမားမှုအရ ကမ္ဘာပေါ်တွင် မကြုံစဖူးလောက်သော အတိုင်းအတာအထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **၁၉၀၅ ခုနှစ် ပထမ တလတည်း၌ ပင်လျှင်** သပိတ်မှောက်သူဦးရေသည် လွန်ခဲ့သော (၁၈၉၅ ခုနှစ်မှ ၁၉၀၄ ခုနှစ် အတွင်း) ဆယ်နှစ်၏ **နှစ်စဉ်**ပျမ်းမျှခြင်းထက် ဆယ်ဆကျော်ပြီး ၁၉၀၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ သပိတ်များသည် အဆက်မပြတ်တိုးများလာကာ အလွန့်အလွန် ကြီးမားသည့် အတိုင်းအတာအထိ ရောက်ရှိခဲ့ပေသည်။ မြောက်မြားစွာသော အလွန်ထူးခြားသည့် သမိုင်းဆိုင်ရာ အကြောင်းအချက်များ၏ သြဇာသက်မှုအောက်တွင် ခေတ်နောက်ကျသော ရုရှားက ပထမအကြိမ်အားဖြင့် ကမ္ဘာကြီးအား တော်လှန်ရေးကာလအတွင်းရှိ အဖိနှိပ်ခံလူထုများ၏ အမှီခိုကင်းစွာ ပြုမူလှုပ်ရှားသည့် ခုန်လွှားကျော်တက်ကြီးထွားလာမှု (ဤသည်မှာ တော်လှန်ရေးကြီးတိုင်းတွင် ပေါ်ပေါက်စမြဲ ဖြစ်သည်) ကို ဖော်ပြခဲ့ရုံမျှမက ပစ္စည်းမဲ့လူတန်းစား၏ အရေးပါမှုသည် တပြည်လုံးလူဦးရေအတွင်းရှိ အချိုးအစားနှင့် နှိုင်းစာသော် ပစ္စည်းမဲ့ လူတန်းစား၏ ရာခိုင်နှုန်းထက် အဆပေါင်းမြောက်မြားစွာ ကြီးမားနေမှုကိုလည်း ဖော်ပြခဲ့သည်။ ၎င်းပြင် စီးပွားရေးနှင့် နိုင်ငံရေးသပိတ်တို့ ပေါင်းစပ်မိခြင်း နိုင်ငံရေးသပိတ်မှ လက်နက်ကိုင်ထကြွမှုသို့ ကူးပြောင်းလာခြင်းနှင့် အရင်းရှင်စနစ်၏ ဖိနှိပ်မှုကိုခံနေရသော လူတန်းစားများ၏ လူထုတိုက်ပွဲသဏ္ဍာန်သစ်နှင့် လူထုစည်းရုံးရေး သဏ္ဍာန်သစ်၊ ဆိုလိုသည်မှာ ဆိုဗီယက်များ ပေါ်ထွက်လာခြင်းတို့ကို ဖော်ပြခဲ့ပေသည်။

၁၉၁၇ ခုနှစ် ဖေဖော်ဝါရီတော်လှန်ရေးနှင့် အောက်တိုဘာတော်လှန်ရေးတို့က ဆိုဗီယက်များအား တပြည်လုံး အတိုင်းအတာအရ ဘက်စုံ ဖြစ်ပေါ်တိုးပွားစေခဲ့ပြီး၊ နောင်တွင် ၎င်းအား ပစ္စည်းမဲ့လူတန်းစား ဆိုရှယ်လစ်တော်လှန်ရေးအတွင်း၌ အောင်ပွဲရရှိစေခဲ့သည်။ ၂ နှစ်တာ မပြည့်မီအတွင်း၌ပင် ဆိုဗီယက်များ၏ နိုင်ငံတကာ့လက္ခဏာကိုလည်းကောင်း၊ ဤကဲ့သို့သော တိုက်ပွဲသဏ္ဌာန်မျိုးနှင့် စည်းရုံးရေးသဏ္ဌာန်မျိုးသည် တကမ္ဘာလုံးရှိ အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်း၌ ပြန့်နှံ့ရောက်ရှိသွားမှုကိုလည်းကောင်း၊ ဓနရှင်ပါလီမန်စနစ်နှင့် ဓနရှင်ဒီမိုကရေစီတခုလုံး၏ သင်္ချိုင်းတူးသူ၊ အမွေစားအမွေခံနှင့် အရိုက်အရာ ဆက်ခံမည့်သူအဖြစ်နှင့် ဆိုဗီယက်များ၏ သမိုင်းဆိုင်ရာ လုပ်ငန်းတာဝန်ကိုလည်းကောင်း ဖော်ပြလာခဲ့ပေသည်။

ထိုမျှမက အလုပ်သမားလူတန်းစား လှုပ်ရှားမှု၏ သမိုင်းက ယခုအခါ၌ ဖော်ပြခဲ့သည်မှာ တိုင်းပြည်အားလုံးရှိ အလုပ်သမားလှုပ်ရှားမှုအတွင်း၌ တနေ့တခြား ကြီးထွားလာသော၊ သန်မာတောင့်တင်းလာသော၊ တနေ့တခြားအောင်ပွဲသို့ လှမ်းတက်နေသော ကွန်မြူနစ်ဝါဒသည် ဦးစွာနှင့်အဓိကအားဖြင့် **မိမိတိုင်းပြည်ရှိ** (တိုင်းပြည်တပြည်စီအလိုက်) မင်ရှီဗစ်ဝါဒ ဆိုလိုသည်မှာ အချောင်ဝါဒနှင့် ဆိုရှယ်ရှော်ဗင်ဝါဒကိုလည်းကောင်း၊ ဒုတိယအားဖြင့် ဤဖြည့်စွက်၍ တိုက်ရမည့်တိုက်ပွဲဟု ပြောနိုင်သော "လက်ဝဲဂိုဏ်း" ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သည့်တိုက်ပွဲကို တွေ့ကြုံရန်ရှိသည် (ထို့ပြင်တွေ့ကြုံစပြုနေပြီ) ဟူ၍ ဖြစ်ပေသည်။ ပထမတိုက်ပွဲမျိုး ဒုတိယအင်တာနေရှင်နယ် (၎င်းသည် လက်တွေ့အရဆိုလျှင် ချုပ်ငြိမ်းခဲ့လေပြီ)နှင့် တတိယအင်တာ နေရှင်နယ်တို့၏ အကြားရှိတိုက်ပွဲအဖြစ် လုံးဝချွင်းချက်မရှိဘဲ တိုင်းပြည်အားလုံး၌ ထင်ရှားစွာ ဖြစ်ပေါ်တိုးပွားနေပေသည်။ ဒုတိယတိုက်ပွဲမျိုးကို ဂျာမနီ၊ ဂရိတ်ဗြိတိန်၊ အီတလီ၊ အမေရိကန် (အနည်းဆုံးအားဖြင့် ကမ္ဘာ့စက်မှု လုပ်ငန်းဆိုင်ရာ အလုပ်သမားများအဖွဲ့နှင့် မင်းမဲ့ဆင်ဒီကယ်ဝါဒီဂိုဏ်း **တစိတ်တပိုင်း** တို့သည် အနှံ့အပြား နီးပါးမျှလည်းကောင်း၊ တညီတညွတ်တည်း နီးပါးမျှလည်းကောင်း ဆိုဗီယက်စနစ်ကို အသိအမှတ်ပြုထားခြင်းနှင့်အတူ လက်ဝဲဂိုဏ်း ကွန်မြူနစ်အမှားကို ဆက်လက်ဆုပ်ကိုင်ထားနေကြသေးသည်) တို့တွင်လည်းကောင်း၊ ပြင်သစ် (ဆင်ဒီကယ်ဟောင်းများ၏ တစိတ်တပိုင်းသည် ဆိုဗီယက်စနစ်ကို လက်ခံထားကြသော်လည်း နိုင်ငံရေးပါတီနှင့် ပါလီမန်စနစ်တို့အပေါ် မမှန်ကန်သည့် သဘောထားများရှိနေသည်) တွင်လည်းကောင်း တွေ့ မြင်နိုင်ပေသည်။ အခြား တနည်းဖြင့် ပြောရသော် ဤတိုက်ပွဲသည် အင်တာနေရှင်နယ် အဝန်းအဝိုင်းအရသာလျှင် မကသေးဘဲ တကမ္ဘာလုံး

ကျယ်ပြန့်သော အဝန်းအဝိုင်းအရလည်း ဆင်နွှဲနေသည်မှာ သံသယရှိစရာမလိုပေ။

သို့သော် အလုပ်သမားလူတန်းစား လှုပ်ရှားမှုသည် နေရာတကာ၌ ဓနရှင်လူတန်းစားအပေါ် အောင်ပွဲဆင်နိုင်ရေးအတွက် တကယ်တမ်း တမျိုးတစားတည်းဖြစ်သည့် ပြင်ဆင်ရေးကျောင်းများကို ဖြတ်သန်းနေစဉ်တွင်ပင် တိုင်းပြည်တခုစီ၌ **မိမိတို့၏ နည်းလမ်းများအရ** ဤဖြစ်ပေါ်တိုးပွားမှုကို ရရှိခဲ့ကြပေသည်။ ကြီးမားစွာ ရှေ့တန်းရောက်နေသည့် အရင်းရှင်တိုင်းပြည်များသည် ဤလမ်းကိုလျှောက်ရာ၌ ဖော်ရီဗစ်ဝါဒလျှောက်ခဲ့သည်ထက် **အလွန်တရာပို၍မြန်ဆန်သည်**။ အောင်ပွဲခံရေးအတွက် စည်းရုံးထားသည့် နိုင်ငံရေးဂိုဏ်းတခုအဖြစ် မိမိကိုယ်ကို ပြင်ဆင်ရန်အတွက် သမိုင်းကဖော်ရီဗစ်ဝါဒအား ၁၅ နှစ် အချိန်ပေးခဲ့လေသည်။ တိုတောင်းသည့်တနှစ်တာ ကာလအတွင်း၌ တတိယအင်တာနေရှင်နယ်သည် အဆုံးအဖြတ်ပေးသည့်အောင်ပွဲကို ရရှိပြီးဖြစ်လေသည်။ တတိယအင်တာနေရှင်နယ်သည် လွန်ခဲ့သည့်လအနည်းငယ်က ၎င်းထက် မနိုင်းယှဉ်နိုင်လောက်အောင် တောင့်တင်းခဲ့သောတည်ငြိမ်၍ အင်အားကြီးမားဟန်ရှိသော ကမ္ဘာ့ဓနရှင်များ၏ ရုပ်ဝတ္ထုအရ (ကဲဘီနက်ရာထူးများ၊ နိုင်ငံကူးလက်မှတ်များ၊ စာနယ်ဇင်းများ)နှင့် အတွေး အခေါ်ဆိုင်ရာအရ အဖက်ဖက်မှ ထောက်ပံ့ကူညီမှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိခဲ့သော အဝါရောင်ဆိုရှယ်ရှော်ဗင်ဝါဒဖြစ်သော ဒုတိယအင်တာနေရှင်နယ်အား တိုက်ဖျက်ခဲ့လေသည်။

ယခုအခါ၌ ပြဿနာတရပ်လုံးသည်ကား တိုင်းပြည်တိုင်းမှ ကွန်မြူနစ်များသည် အချောင်ဝါဒနှင့်ဖြစ်စေ၊ "လက်ဝဲ"တရားသေဝါဒနှင့်ဖြစ်စေ တိုက်ပွဲဆင်သည့်အခြေခံဖြစ်သော အဓိကဖြစ်သော လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ တိုင်းပြည်တခုစီ၏ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အမျိုးသားများပါဝင်ပုံ (အိုင်ယာလန်စသည့်)၊ ၎င်းပိုင်ကိုလိုနီ၊ ဘာသာရေးဂိုဏ်း အစရှိသည်တို့၏ ထူးခြားချက်များနှင့် လျော်ညီသော ဤတိုက်ပွဲမျိုး၌ပါရှိနေသည့်၊ ထို့ပြင် မလွဲမသွေပါရှိရမည့် **အခိုင်အမာ ထူးခြားချက်များ**ကိုလည်းကောင်း နှစ်ခုစလုံးအား အလွန်အသိရှိစွာဖြင့် ထည့်သွင်းတွက်ဆရန် ဖြစ်ပေသည်။ ယခုအခါ၌ ဒုတိယအင်တာနေရှင်နယ်အပေါ် မကျေနပ်ချက်များကို နေရာတကာတွင် တွေ့ထိနေပေသည်။ ထို့ပြင် ၎င်းတို့သည် ပြန့်ပွားနေကာ ကြီးထွားလျက်ရှိပေသည်။ ဤမကျေနပ်မှုမျိုးသည် ဒုတိယအင်တာနေရှင်နယ်၏ အချောင်ဝါဒကြောင့်လည်းကောင်း၊ ကမ္ဘာ့ဆိုဗီယက်သမ္မတ နိုင်ငံတော် တည်ထောင်ရေးအတွက် တိုက်ပွဲဆင်နေသည့်အတွင်း၌ တော်လှန်သော ပစ္စည်းမဲ့လူတန်းစား၏

နိုင်ငံတကာ့နည်းပရိယာယ်များကို ညွှန်ကြားနိုင်စွမ်းရှိသည့်၊ တကယ်တမ်းစုစည်း ချုပ်ကိုင်မှုရှိသည့်၊ တကယ်တမ်းခေါင်းဆောင်နိုင်သည့် ဗဟိုအချက်အချာတခုကို ဖန်တီးရန် မစွမ်းဆောင်နိုင်မှု၊ သို့မဟုတ် မတတ်နိုင်မှုကြောင့်လည်းကောင်း ဖြစ်ရပေသည်။ ဤသို့သော ခေါင်းဆောင် ဗဟိုအချက်အခြာကို တပုံစံတည်းဖြစ်သည့်၊ စက်ယန္တရားဆန်ဆန် ကူးချထားသည့်၊ ထပ်တူဖြစ်သည့် တိုက်ပွဲနည်းပရိယာယ်ဆိုင်ရာ ဥပဒေများအပေါ်တွင် မည်သည့်နည်းနှင့်မျှ မတည်ဆောက်နိုင်ကြောင်းကို မုချပင် ရှင်းရှင်းလင်းလင်းလင်း သိရှိနားလည်ထားရမည်။ လူမျိုးများအကြား၊ နိုင်ငံများအကြားရှိ အမျိုးသားခြားနားမှုများနှင့် နိုင်ငံတော်ခြားနားမှုများ တည်ရှိနေသမျှ ကာလပတ်လုံး ကမ္ဘာ့အတိုင်းအတာအရ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ထူထောင်ပြီးသည့်နောက်မှာပင် အလွန့်အလွန်ရှည်ကြာစွာ ဆက်လက်တည်ရှိလိမ့် မည်ဖြစ်သည်။ ဤခြားနားမှု ရှိနေသမျှကာလပတ်လုံး တိုင်းပြည်အသီးသီးရှိ အလုပ်သမားလူတန်းစား ကွန်မြူနစ်ဝါဒလှုပ်ရှားမှု၏ နိုင်ငံတကာ့နည်းပရိယာယ် တညီတညွတ်တည်းရှိမှုက တောင်းဆိုသည်မှာ လက္ခဏာကွဲပြားမှုတို့ကို ဖျက်သိမ်းရန်နှင့် အမျိုးသားခြားနားမှုများကို ဖျက်သိမ်းရန် (ယခုအချိန်တွင် ဤသည်မှာ မိုက်မဲသည့် အိပ်မက်ပင် ဖြစ်ပေသည်) မဟုတ်ဘဲ ကွန်မြူနစ်ဝါဒ **အခြေခံမှု**များ (ဆိုဗီယက်အာဏာနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်) ကို အသုံးပြုရာ၌ အချို့သော **အသေးစိတ်အချက် အလက်များ**တွင် ဤမှုများအား **မှန်ကန်စွာ ပြောင်းလဲပေးရေး**၊ ဤမှုများအား အမျိုးသားခြားနားမှုများနှင့် အမျိုးသား နိုင်ငံတော်တို့၏ ခြားနားမှုများတို့နှင့် မှန်ကန်စွာ ဆီလျော်အောင်လုပ်ရေးနှင့် မှန်ကန်စွာ အသုံးချရေးတို့ ဖြစ်ပေသည်။ တိုင်းပြည် အသီးသီးတွင် အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ အချောင်ဝါဒနှင့်“လက်ဝဲတရားသေဝါဒတို့ကို တိုက်ခိုက်အောင် နိုင်ရေး၊ ဓနရှင်လူတန်းစား တွန်းလှန်ရေးနှင့် ဆိုဗီယက်သမ္မတနိုင်ငံနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ် တည်ထောင်ရေးဟူသည့် တခုတည်းသော နိုင်ငံတကာ့ လုပ်ငန်းတာဝန်ကို ဖြေရှင်းရန်အတွက် **အခိုင်အမာနည်းနာ**များ ကျင့်သုံးသောအခါ၌ အမျိုးသားထူးခြားချက်များနှင့် သီးခြားလက္ခဏာများကို စုံစမ်းထောက်လှမ်းခြင်း၊ လေ့လာခြင်း၊ ရှာဖွေခြင်း၊ ခန့်မှန်းခြင်း၊ ဆုပ်ကိုင်ခြင်းတို့ကို ပြုလုပ်ရမည်။ ဤသည်ကား ရှေ့တန်း ရောက်တိုင်းပြည်များ (ဇင်းပြင် ရှေ့တန်းရောက် တိုင်းပြည်များသာလျှင် မကပေ) အားလုံးတို့၏ ယခုအခါ ဖြတ်သန်းနေသော သမိုင်းကာလပိုင်းရှိ အဓိက လုပ်ငန်းတာဝန်ပင် ဖြစ်ပေသည်။ အလုပ်သမားလူတန်းစား၏ တပ်ဦးကို သိမ်းသွင်းရရှိခြင်း၊ ဤတပ်ဦးအား ဆိုဗီယက်အစိုးရကို

ထောက်ခံစေ၍ ပါလီမန်စနစ်ကို ဆန့်ကျင်စေခြင်း၊ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ထောက်ခံစေ၍ ဓနရှင်ဒီမိုကရေစီစနစ်ကို ဆန့်ကျင်စေခြင်းဆိုသည့် အဓိက ကိစ္စရပ်ကြီး ကို လုပ်ကိုင်ခဲ့ပြီး ဖြစ်ပေသည်။ ၎င်းမှာ အရာအတိုင်းဖြစ်ရန် အလွန်အလှမ်းဝေး လှသော်လည်း အဓိကပင် ဖြစ်ပေသည်။ ယခုအခါ အားထုတ်မှု မှန်သမျှနှင့် ဂရုစိုက်မှု မှန်သမျှကို နောက်လှမ်းမည့် ခြေလှမ်းပေါ်တွင် စုစည်းထားရမည်။ ဤခြေလှမ်းသည် အခြေခံမကျဟု ထင်ရပေသည်။ ထို့ပြင် တစုံတခုသောအမြင်အရ ပြောရလျှင် တကယ် ပင်အခြေခံမကျပေ။ သို့သော်လက်တွေ့၌ကား လုပ်ငန်းတာဝန်အား လက်တွေ့ ဖြေရှင်းရေးနှင့် အလွန်နီးကပ်နေပေသည်။ ထိုခြေလှမ်းမှာ ပစ္စည်းမဲ့ တော်လှန်ရေးသို့ **ကူးပြောင်းသည့်** သို့မဟုတ် **ချဉ်းကပ်သည့်** သဏ္ဌာန်များကို ရှာဖွေခြင်း ဖြစ်ပေ သည်။

ပစ္စည်းမဲ့လူတန်းစား၏ တပ်ဦးကို အတွေးအခေါ်အရ သိမ်းသွင်းခဲ့လေပြီ။ ဤသည်မှာ အဓိကအရာဖြစ်သည်။ ဤအရာမရှိဘဲနှင့် အောင်ပွဲသို့ရှေးရှုသည့် ပထမ ခြေလှမ်းပင် လှမ်းနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော် ဤသည်မှာ အောင်ပွဲနှင့် အတော် ကွာလှမ်းနေဆဲ ဖြစ်သည်။ တပ်ဦးတခုတည်းဖြင့် အောင်ပွဲကိုမရယူနိုင်ပေ။ တပ်ဦး၏ တိုက်ရိုက် ထောက်ခံမှုအနေအထားကို လူတန်းစားတရပ်လုံး ကျယ်ပြန့်သည့် လူထု များက မယူသေးမီ သို့မဟုတ် အနည်းဆုံးစာနာသော ကြားနေမှုမရှိသေးမီနှင့် ၎င်းတို့ က ရန်သူကိုမထောက်ခံနိုင်သော အချိန်မရောက်သေးမီ တပ်ဦးတခုတည်း ယတိပြတ် တိုက်ပွဲ ဝင်ရောက်တိုက်ခိုက်ရန်မှာ မိုက်မဲမှု သက်သက်ဖြစ်ရုံသာမက ရာဇဝတ်မှုတခု လည်း ဖြစ်လိမ့်မည်။ ထို့ပြင် တကယ်တမ်း လူတန်းစားတရပ်လုံးနှင့် အရင်းအနှီး၏ ဖိနှိပ်ခြင်းခံရသူများဖြစ်သော၊ တကယ်တမ်းကျယ်ပြန့်သော လုပ်သားပြည်သူ လူထု များအတွက် ဤအနေအထားမျိုးကို ရရှိရန်မှာ ဝါဒဖြန့်ချိရုံ၊ လှုံ့ဆော်ရုံမျှဖြင့် မလုံ လောက်ပေ။ ၎င်းအတွက် လူထုများ၌ မိမိကိုယ်ပိုင် နိုင်ငံရေးအတွေ့အကြုံ ရှိရမည်။ ဤကား တော်လှန်ရေးကြီးအားလုံး၏ အခြေခံတရားပင် ဖြစ်ပေသည်။ ဤတရားကို ရုရှားပြည်၌သာမက ဂျာမနီပြည်တွင်လည်း အထူးအားကောင်း၍ ပီပြင်ပြတ်သားစွာ ယခုအခါ အတည်ပြုလိုက်ပေသည်။ ကွန်မြူနစ်ဝါဒဆီသို့ ပြတ်သားစွာ ဦးလှည့်လာ ရန်မှာ ယဉ်ကျေးမှုရေချိန် နိမ့်ကျသည့်၊ စာမတတ်သူ အလွန်များပြားသည့် ရုရှား လူထုများသာမက ယဉ်ကျေးမှုအဆင့်အတန်းမြင့်သည့်၊ လူတိုင်းစာတတ်ကြသည့် ဂျာမန်လူထုများသည်လည်း ဒုတိယအင်တာနေရှင်နယ် လူစွမ်းကောင်းများ၏ အစိုးရ များ၏ လုံးဝချည့်နဲ့အားပျော့မှု၊ ကျောရိုးမဲ့မှု၊ လုံးဝမတတ်နိုင်မှု၊ ဓနရှင်လူတန်းစားထံ

ခယဝပ်တွားနေမှုနှင့် ယုတ်မာမှုတို့ကို မိမိတို့၏ခါးသီးသော အတွေ့အကြုံများအရ သိမြင်လာရပေသည်။ ပစ္စည်းမဲ့ အာဏာရှင်စနစ် မဟုတ်လျှင် အလွန်ဖောက်ပြန်သောသူများ (ရုရှားတွင် ကောက်နီလော့ဖ်၊ ဂျာမနီတွင် ကပ်(ပ်) နှင့် အပေါင်းပါများ)၏ အာဏာရှင်စနစ် မုချပင်ဖြစ်လိမ့်ရမည်ဟု အတွေ့အကြုံအရ သိမြင်ရပေမည်။

နိုင်ငံတကာ့ အလုပ်သမားလှုပ်ရှားမှုအတွင်း လူတန်းစားအသိရှိသည့် တပ်ဦး၊ ဆိုလိုသည်မှာ ကွန်မြူနစ်ပါတီများ၊ ကွန်မြူနစ်ဝါဒအုပ်စုများနှင့် ဂိုဏ်းများ၏ လောလောဆယ် လုပ်ငန်းတာဝန်သည်ကား ကျယ်ပြန့်သည့် (ယခုအခါမှာ အများပိုင်းသည် အိပ်မောကျနေကြသေးသည့်၊ သမရိုးကျ ဖြစ်မှုကြောင့် မတက်ကြွသေးသည့် မတုန်မလှုပ်ဖြစ်နေကြသေးသည့် တိမ်မြုပ်နေကြသေးသည့်) လူထုကြီးအား သူတို့၏ အနေအထားအသစ်ဆီသို့ **ခေါင်းဆောင်** နိုင်စွမ်းရှိရေး၊ သို့မဟုတ် အတိ အကျဆိုသော် မိမိတို့ပါတီကို ခေါင်းဆောင်နိုင်စွမ်း **ရှိရုံမက** ဤလူထုများကိုပါ အနေအထားအသစ်ဆီသို့ တက်လှမ်းကူးပြောင်းရာ၌ ခေါင်းဆောင်နိုင်စွမ်း ရှိရေးပင်ဖြစ်သည်။ အချောင်ဝါဒနှင့် ဆိုရှယ်ရှော်ဗင်ဝါဒတို့အား အတွေးအခေါ်အရ၊ နိုင်ငံရေးအရ လုံးဝ မအောင်နိုင်ခဲ့ပါက သမိုင်းဆိုင်ရာ ပထမလုပ်ငန်းတာဝန် (ပစ္စည်းမဲ့လူတန်းစား၏ အသိရှိသော တပ်ဦးအား ဆိုဗီယက်အာဏာနှင့် အလုပ်သမားလူတန်းစား အာဏာရှင်စနစ်ဘက်သို့ ရောက်လာအောင် သိမ်းသွင်းရေးတာဝန်) ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပေ။ ထို့အတူ လက်ဝဲတရားသေဝါဒကို ချေမှုန်းပစ်ခြင်း လက်ဝဲတရားသေဝါဒအမှားအား လုံးဝကျော်နင်း သုတ်သင်ခြင်းမပြုပါက မျက်မှောက်ရင်ဆိုင်နေရသော ဒုတိယလုပ်ငန်းတာဝန် ဆိုလိုသည်မှာ တော်လှန်ရေးအတွင်း၌ တပ်ဦးအား အောင်ပွဲရရေးကို အာမခံထားနိုင်သည့် အနေအထားအသစ်သို့ လူထုများအား ခေါင်ဆောင်သွားနိုင်ရေးဆိုသည့် လုပ်ငန်းတာဝန်သည်လည်း ပြီးမြောက်နိုင်လိမ့်မည် မဟုတ်ပေ။

ကျွန်တော်တို့၏ လုပ်ငန်းတာဝန်သည် ပစ္စည်းမဲ့လူတန်းစား တပ်ဦးအား ကွန်မြူနစ်ဝါဒဘက်သို့ သိမ်းသွင်းရေး (ယခုအခါ၌လည်း တစုံတခုသော အတိုင်းအတာအရ ဤသို့ဖြစ်နေသေးသည်) ဖြစ်နေသည်နှင့်အမျှ ဝါဒဖြန့်ချိရေးလုပ်ငန်းသည် ပထမအဆင့်နေရာတွင် ရှိခဲ့ပေသည်။ ဤဘက်မှနေ၍ပြောရလျှင် အစုကလေး စိတ်ဓာတ် ချို့ယွင်းချက်များ ရှိနေသည့် ဝါဒဖြန့်ချိသည့် အစုကလေးများပင်လျှင် အကျိုးရှိ၍ ရလာဒ်ကောင်းများကို ပေးနိုင်ပေသည်။ သို့သော် ယခုကဲ့သို့ လူထုများ၏ လက်တွေ့ပြုမူဆောင်ရွက်ချက်သို့ ရောက်ရှိလာသည့် အချိန်မှာဆိုလျှင် **နောက်ဆုံး ပိတ် ယတိပြတ်စစ်ပွဲ**အတွက် အကယ်၍ ဤသို့ပြောနိုင်ခွင့်ရှိမည်ဆိုပါက များပြား

လှသည့် တပ်မတော်ကြီးများကို စီစဉ်နေရာချထားခြင်း၊ သက်ဆိုင်ရာလူ့အဖွဲ့အစည်းရှိ လူတန်းစားအင်အားစုများ **အားလုံး**ကို တန်းစီနေရာချထားခြင်းဆိုသည့် ကာလသို့ရောက်သည့် အချိန်မှာဆိုလျှင် လုပ်နေကျဝါဒဖြန့်ချိရုံမျှနှင့်လည်းကောင်း၊ "သန့်စင်သော" ကွန်မြူနစ်ဝါဒ အမှန်တရားများအား ထပ်ပြန်တလဲလဲပြောရုံမျှနှင့်လည်းကောင်း အကျိုးမရှိတော့ပေ။ ဤအချိန်၌ဆိုလျှင် လူထုအား ခေါင်းမဆောင်ဘူးသေးသော အစုကလေး၏ ဝါဒဖြန့်ချိရေးသမားတဦး တွက်ချက်သကဲ့သို့ သောင်းဂဏန်းဖြင့် မတွက်ချက်ရ။ ဤကဲ့သို့အချိန်မျိုး၌ သိန်းနှင့်သန်းနှင့်ချီ၍ တွက်ချက်ရမည်။ ဤအခြေအနေ၌ဆိုလျှင် ကျွန်တော်တို့သည် တော်လှန်သောလူတန်းစား၏ တပ်ဦးကို သက်ဝင်ယုံကြည်လာအောင် လုပ်ပြီးပြီလောဟု မိမိကိုယ်မိမိမေးကြရုံမျှမက လက်ရှိလူ့အဖွဲ့အစည်းရှိ လူတန်းစား**အားလုံး** မုချပင်ချွင်းချက်မရှိ လူတန်းစားအားလုံး၏ သမိုင်းအရ ထိရောက်သောအခန်းမှ ပါဝင်သည့်အင်အားများအား တန်းစီနေရာချပြီးဖြစ်၍ ယတိပြတ်စစ်ပွဲအတွက် အရာရာသည် လုံးဝရင့်မှည့် နေပြီလော ဆိုသည်ကိုလည်း မေးရဦးမည်။ ဆိုလိုသည်မှာ (၁) ကျွန်တော်တို့ကိုရန်မူနေသည့် လူတန်းစား အင်အားစုများ အားလုံး၏ အကျဉ်းအကျပ်တွင်ကျရောက်မှု၊ ၎င်းတို့အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု သူတို့၏အင်အားနှင့် မမျှသည့် တိုက်ပွဲအတွင်း၌ သူတို့ကိုယ်တိုင် အားယုတ်စေမှုများ အလုံအလောက်ဖြစ်လာရမည်။ (၂) တွေဝေသော၊ ယိမ်းယိုင်သော၊ မတည်ငြိမ်သော၊ ကြားအစိတ်အပိုင်းဖြစ်သော၊ ဆိုလိုသည်မှာ ဓနရှင်လူတန်းစားနှင့် ကွဲပြားသော ဓနရှင်ပေါက်စလူတန်းစား ဓနရှင်ပေါက်စ ဒီမိုကရက်များသည် ပြည်သူများရှေ့မှောက်တွင် မိမိတို့ကိုယ်မိမိတို့ အပြည့်အဝဖော်ထုတ်ပြပြီး မိမိတို့၏ လက်တွေ့အရ ချွတ်ခြုံကျခြင်း၊ ပျက်စီးခဲ့ခြင်းအားဖြင့် လုံးဝ အရှက်ရစေရမည်။ (၃) ပစ္စည်းမဲ့လူတန်းစားအတွင်း ဓနရှင်လူတန်းစားကို ဆန့်ကျင်သည့် အပြတ်သားဆုံး၊ အရဲရင့်ဆုံး တော်လှန်သော ပြုမူလုပ်ရှားမှုကို ထောက်ခံသည့် လူထု၏စိတ်ဓာတ်သည် တက်ကြွလာ၍ အင်အားကြီးမားစွာ ကြီးထွားစပြုလာရမည်။ ထိုအခါ၌ တော်လှန် ရေးသည် တကယ်တမ်းရင့်မှည့်နေပေပြီ။ ထိုအခါ၌ အကယ်၍ ကျွန်တော်တို့သည် အထက်တွင် အတိုချုပ်ဖော်ပြသည့် အကြောင်းအချက်များကို မှန်ကန်စွာထည့်တွက်ထားပါက၊ အချိန်အခါကို မှန်ကန်စွာရွေးချယ် သတ်မှတ်ထားပါက ကျွန်တော်တို့၏ အောင်ပွဲသည် အာမခံချက် တကယ်တမ်း ရှိလာလိမ့်မည်ဖြစ်သည်။

တဖက်တွင် ချာချီများနှင့် လွိုက်ဂျော့များ၏ (ဤသို့သော နိုင်ငံရေးပုံစံများသည် တိုင်းပြည်**အားလုံး**၌ရှိကြ၍ အလွန်သေးငယ်သည့် အမျိုးသား ခြားနား

ချက်များ ပါရှိနေကြပေသည်) အကြားရှိကွဲလွဲချက်များနှင့်၊ အခြားတဖက်၌ ဟင်ဒါဆင်များနှင့် လွိုက်ရော့များအကြားရှိ ကွဲလွဲချက်များသည် သန့်စင်သော ကွန်မြူနစ်ဝါဒဆိုလိုသည်မှာ အကောင်းအထည်မဲ့သော ကွန်မြူနစ်ဝါဒ (ဝါ) လက်တွေ့အရ လူထု၏နိုင်ငံရေး ဆောင်ရွက်ချက်အဆင့်ထိ ရင့်မှည့်မလာသေးသည့် ကွန်မြူနစ်ဝါဒ အမြင်မှကြည့်လျှင် အလွန်သေးမွှား၍ မည်သို့မျှ အရေးမကြီးပေ။ သို့သော် လူထုများ၏ လက်တွေ့ဆောင်ရွက်ချက် အမြင်မှကြည့်ခဲ့လျှင် ဤကွဲလွဲချက်သည် အလွန်တရာ အရေးကြီးပေသည်။ လူတန်းစားအသိရှိသည့် အတွေးအခေါ်အရ ယုံကြည် ထက်သန်မှုရှိသည့် ဝါဒဖြန့်ချိသူ ဖြစ်လိုရုံမျှမက တော်လှန်ရေးအတွင်း၌ **လူထုများအား** လက်တွေ့ ခေါင်းဆောင်သူလည်း ဖြစ်လိုသည့် ကွန်မြူနစ်တဦး၏ လုပ်ငန်းတာဝန်နှင့် အရေးကိစ္စတရပ်လုံးသည် ဤကွဲလွဲချက်များကို ထည့်သွင်းစဉ်းစားရန်၊ ဤ "မိတ်ဆွေများ" ၏ အကြားရှိ **ရှိရှိသမျှ ဤမိတ်ဆွေများအားလုံးတို့အား** ချည့်နဲ့စေသည့် မရှောင်လွှဲနိုင်သည့် အတိုက်အခံဖြစ်မှုများ လုံးဝရင့်မှည့်မည့် အချိန်အခါကို တွက်ဆဆုံးဖြတ်ရန် ဖြစ်ပေသည်။ ကွန်မြူနစ်ဝါဒ အတွေးအခေါ်များအပေါ် အတိုင်းအဆမရှိ သစ္စာရှိမှုအား လက်တွေ့ဘက်တွင် လိုအပ်သောစေ့စပ်ရေး၊ အထိုက်အလျောက်လုပ်ခြင်း၊ သဘောတူချက်ပြုလုပ်ခြင်း၊ ကောက်ကောက်ကွေ့ကွေ့လုပ်ခြင်း၊ နောက်ဆုတ်ခြင်း အစရှိသည်တို့ကို ကျင့်သုံးနိုင်စွမ်းရှိမှုနှင့် ပေါင်းစပ်ပေးရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဟင်ဒါဆင်များ (ပုဂ္ဂိုလ်အရပြောခြင်း မဟုတ်ပါက မိမိတို့ကိုယ်ကို ဆိုရှယ်လစ်များဟု ခေါ်ထားကြသည့် ဓနရှင်ပေါက်စဒီမိုကရေစီ ကိုယ်စားလှယ်များဖြစ်သော ဒုတိယအင်တာနေရှင်နယ် သူရဲကောင်းများကို ဆိုလိုပေသည်) အား နိုင်ငံရေးအာဏာရရေးနှင့် ထိုမှတဖန် ပြုတ်ကျသွားရေးကို မြန်ဆန်စေလိမ့်မည်။ ကျွန်တော်တို့ အတွေးအခေါ်များ၏ စိတ်ဓာတ်အရ ကွန်မြူနစ်ဝါဒဆီသို့ လူထုများအား တကယ်တမ်းအသိဉာဏ်ပေးလိမ့်မည် ဖြစ်သည့် လက်တွေ့အားဖြင့် ဟင်ဒါဆင်များ မလွဲမသွေပျက်စီးရေးကို မြန်ဆန်စေလိမ့်မည်။ ဟင်ဒါဆင်များ၊ လွိုက်ရော့များနှင့် ချာချီများ (မင်ရှီဗစ်များနှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများ၊ ဖွဲ့စည်းပုံဒီမိုကရက်များနှင့် ဘုရင်ဂိုဏ်းသားများ၊ ရှိတ်ဒီမန်များ၊ ဓနရှင်များနှင့် ကပ်စ်ဝါဒီများ စသည်တို့) တို့၏ အကြားတွင် မရှောင်လွှဲနိုင်သော စိတ်ဝမ်းကွဲမှုများ၊ ရန်ဖြစ်မှုများ၊ အတိုက်အခံဖြစ်မှုများနှင့် လုံးဝသဘောကွဲလွဲမှုများကို လျင်မြန်စေလိမ့်မည်။ ပစ္စည်းမဲ့လူတန်းစား၏ ပြတ်သားသည့်ထိုးစစ်ဖြင့် ၎င်းတို့အားလုံးကို တိုက်ဖျက်ပြီး နိုင်ငံရေးအာဏာကို သိမ်းပိုက်ရေးအတွက် အထွတ်အမြတ် ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်၏ ဒေါက်တိုင်ကြီးများ

အကြားရှိ သဘောကွဲလွဲမှုများ အထွတ်အထိပ်သို့ ရောက်ရှိလာမည့် အခွင့်အခါကို ရွေးချယ်နိုင်ရမည်။

ယေဘုယျသမိုင်း အထူးသဖြင့်တော်လှန်ရေးများ၏ သမိုင်းသည် ရှေ့တန်း အရောက်ဆုံးသော လူတန်းစားများ၏ အကောင်းဆုံးပါတီများနှင့် လူတန်းစားအသိ အရှိဆုံးသော တပ်ဦးများက တွေးဆထားသည်ထက် ပိုမို၍အနှစ်သာရ ပြည့်စုံ ပေသည်။ ပိုမို၍အမျိုးအစားစုံလင်၍ ပိုမို၍ဘက်ပေါင်းစုံကျပေသည်။ ပိုမို၍အသက်ပါပြီး ပိုမို "ပါးနပ်"ပေသည်။ ဤသည်ကို နားလည်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အကောင်းဆုံးသော တပ်ဦးသည် လူသောင်းအချို့၏ လူတန်းစားအသိရှိမှုများ၊ ဆန္ဒ များ၊ ပြင်းပြထက်သန်မှုများနှင့် တွေးဆမှုတို့ကိုသာလျှင် ဖော်ပြနိုင်၍ တော်လှန်ရေး မှာမူ လူ့စွမ်းရည်မှန်သမျှ အထူးတလည် အစွမ်းကုန်ဖော်ပြလာသည့်အခါ၌ မြင့်တက် လာပြီး အထက်မြက်ဆုံး လူတန်းစားတိုက်ပွဲက လှုံ့ဆော်ပေးလိုက်သည့် သန်းပေါင်းများ စွာ၏ လူတန်းစားအသိရှိမှု၊ ဆန္ဒထက်သန်မှုနှင့် တွေးဆမှုတို့ဖြင့် ဖော်ဆောင်ကြသော ကြောင့် ဖြစ်သည်။ ဤမှနေ၍ အလွန့်အလွန် အရေးကြီးသည့် လက်တွေ့ကျသော နိဂုံးချုပ်ချက်နှစ်ရပ် ထွက်ပေါ်လာလေသည်။ ပထမအချက်မှာ မိမိ၏လုပ်ငန်းတာဝန်ကို ပြီးမြောက်စေရန် အတွက်ဆိုလျှင် တော်လှန်သော လူတန်းစားသည် လူ့အဖွဲ့အစည်း လှုပ်ရှားမှု၏သဏ္ဌာန်များ သို့မဟုတ် ဘက်များ**အားလုံး** ချွင်းချက်မရှိပိုင်နိုင်ရမည် (နိုင်ငံရေးအာဏာ သိမ်းပိုက်ပြီးသည့်နောက်၌ အာဏာကိုမရခင်တုန်းက မပြီးမြောက် ခဲ့သေးသည့် အရာများကို တခါတရံတွင် ကြီးမားသောစွန့်စားမှုပြုပြီး အန္တရာယ်နှင့် ရင်ဆိုင်ရကာ ပြီးမြောက်စေခဲ့ရပေသည်။) ဒုတိယအချက်မှာ တော်လှန်သော လူတန်း စားသည် သဏ္ဌာန်တခုကို အခြားသဏ္ဌာန်တခုဖြင့် အမြန်ဆန်ဆုံး ရုတ်တရက် အစား ထိုးနိုင်ရန် အဆင်သင့်ဖြစ်နေရမည်။

စစ်တပ်တတပ်သည် ရန်သူတွင်ရှိသော သို့မဟုတ် ရှိနိုင်လိမ့်မည်ဖြစ်သော လက်နက်အားလုံး၊ တိုက်ပွဲပရိယာယ်နှင့် နည်းနာအားလုံးတို့ကို အသုံးပြုတတ်အောင် မိမိကိုယ်ကိုလေ့ကျင့်မထားပါက မိုက်မဲမှုများကို ပြုမူနေသည် သို့မဟုတ် ရာဇဝတ် မှုများကိုပင် ကျူးလွန်နေသည်ဟု ယူဆကြလိမ့်မည်ဖြစ်သည်။ သို့သော် ဤအချက် သည် စစ်ရေးထက်နိုင်ငံရေးတွင် ပို၍အရေးပါပေသည်။ နိုင်ငံရေးဘက်တွင်ဆိုလျှင် နောင်လာမည့် ထူးခြားသည့် အကြောင်းအချက်များအောက်၌ ကျွန်တော်တို့အတွက် မည်သို့သော တိုက်ပွဲနည်းနာများသည် အသုံးချနိုင်၍ အခွင့်ကောင်းရစေနိုင်မည် ဆိုသည်ကို ကြိုတင်တွက်ဆရန် အလွန်ပင်ခဲယဉ်းပေသည်။ တိုက်ပွဲနည်းနာများ

အားလုံးကို ကျွန်တော်တို့ မပိုင်နိုင်ထားပါက အခြားလူတန်းစားများ၏ အနေအထားသည် ကျွန်တော်တို့ ချုပ်ကိုင်နိုင်မှုထက်ကျော်လွန်၍ ပြောင်းလဲမှုများလာပြီး ၎င်းကြောင့် ကျွန်တော်တို့ အထူးချည့်နဲ့နေသည့် လှုပ်ရှားမှုသဏ္ဍာန်များ ရှေ့တန်းသို့ ရောက်လာပါက ကျွန်တော်တို့သည် ပြင်းထန်သော ဆုံးရှုံးမှုများ၊ တခါတရံ အဆုံးအဖြတ်ပေးသော ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရလိမ့်မည် ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေ ကျွန်တော်တို့သည် တိုက်ပွဲနည်းနာများအားလုံးကို ပိုင်နိုင်ထားပါက ရန်သူကို အန္တရာယ် အပေးနိုင်ဆုံး၊ အမြန်ဆန်ဆုံး သေစေလောက်သော လက်နက်များကို ကျွန်တော်တို့ထုတ်သုံးရန် အခြေအနေက ခွင့်မပြုသည့်တိုင်အောင် အောင်ပွဲရရန် သေချာစေပေသည်။ အဘယ်ကြောင့်ဆိုသော် တကယ်ရှေ့တန်းရောက်၍ တကယ်တော်လှန်သော လူတန်းစားကို ကျွန်တော်တို့ ကိုယ်စားပြုထားသောကြောင့် ဖြစ်ပေသည်။ အတွေ့အကြုံ မရှိသေးသည့် တော်လှန်ရေးသမားများက တိုက်ပွဲ၏ ဥပဒေပနည်းများသည် တော်လှန်ရေးဆန်ပြီး တိုက်ပွဲ၏ ဥပဒေတွင်းနည်းများသည် အချောင်ဆန်သည်ဟု မကြာခဏ ထင်မြင်ယူဆခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် အထူးသဖြင့် ဥပဒေတွင်း၌ဆိုလျှင် ဓနရှင်လူတန်းစားသည် အလုပ်သမားများအား မကြာခဏပင် (အတိအကျအားဖြင့် ဆိုရသော်“ငြိမ်းချမ်းသော”တော်လှန်ရေး မဟုတ်သော အချိန်များတွင်) လိမ်ညာလှည့်ဖျား တပတ်ရိုက်သောကြောင့် ဖြစ်ပေသည်။ သို့သော် ဤသည်မှာ  မမှန်ပေ။ ဥပမာ ၁၉၁၄–၁၉၁၈ ခုနှစ် နယ်ချဲ့စစ်ကဲ့သို့သော ကာလက အလွတ်လပ်ဆုံးသော ဒီမိုကရေစီ တိုင်းပြည်ရှိ ဓနရှင်များက အလုပ်သမားများအား စော်ကားရိုင်းစိုင်းစွာ လိမ်ညာလှည့်ဖျား၍ အမှန်တရားဖြစ်သည့် စစ်ပွဲ၏လုယက်ရေးလက္ခဏာမှန်ကို ပြောဆိုခွင့်မပြုသည့် အခါမျိုး၌ တိုက်ပွဲ၏ဥပဒေနည်းများကို မကျင့်သုံးနိုင်သော သို့မဟုတ် ကျင့်သုံးလိုစိတ်မရှိသော (မလုပ်နိုင်ဟု မပြောကြပါနှင့် လုပ်လိုစိတ် မရှိဟု ပြောကြစမ်းပါ) နိုင်ငံရေးပါတီများနှင့် ခေါင်းဆောင်များသည် အ ချောင်ဝါဒီများနှင့် အလုပ်သမားလူတန်းစား၏ သစ္စာဖောက်များ အမှန်ပင်ဖြစ်ကြသည်။ သို့သော် တိုက်ပွဲ၏ ဥပဒေပသဏ္ဍာန်များအား ဥပဒေတွင်းတိုက်ပွဲ၏ သဏ္ဍာန်တိုင်းနှင့် ပေါင်းစပ်ပေးနိုင်စွမ်းမရှိသည့် တော်လှန်ရေးသမားများသည် တကယ်ပင်အညံ့ဖျင်းဆုံး တော်လှန်ရေးသမားများ ဖြစ်ကြပေတော့သည်။ တော်လှန်ရေးသည် ပေါက်ကွဲလာပြီး အရှိန်အဟုန် ပြင်းထန်နေစဉ်တွင်လည်းကောင်း၊ တော်လှန်ရေး၏ ဆွဲဆောင်သွားခြင်း ခံရသည့်အတွက်ကြောင့်ဖြစ်စေ၊ တော်လှန်ရေးခတ်စားနေသောကြောင့်ဖြစ်စေ၊ တခါ တရံ အချောင်ပွပေါက်တိုးရေး ရည်ရွယ်ချက်များကြောင့်ဖြစ်စေ လူတိုင်းလူတိုင်း တော်လှန်

ရေးထဲပါလာကြသည့် အချိန်တွင်လည်းကောင်း တော်လှန်ရေးသမားတယောက် ဖြစ်ရေးသည် မခဲယဉ်းလှပေ။ အောင်ပွဲရပြီးသည့်နောက်တွင် ပစ္စည်းမဲ့လူတန်းစားသည် ခက်ခက်ခဲခဲ လုံးပမ်းတိုက်ခိုက်ပြီးမှသာ၊ နာကျင်ပင်ပန်းမှုများစွာတို့ကို ခံစားပြီးမှသာ ဤအတုအယောင် တော်လှန်ရေးသမားများထံမှ လွတ်မြောက်နိုင်ပေလိမ့်မည်။ တိုက်ရိုက် အတိအလင်း တကယ့်လူထုလက္ခဏာဆောင်သော တော်လှန်သော တိုက်ပွဲဆင်နွှဲရန် အကြောင်းအချက်များ **မတည်ရှိသေးသော**အချိန်တွင် တော်လှန်ရေးသမား ဖြစ်ရေးသည်လည်းကောင်း၊ တော်လှန်သောအဖွဲ့အစည်းများနှင့် တခါတရံ တကယ်တမ်း ဖောက်ပြန်သည့် အဖွဲ့အစည်းများထဲတွင်ဖြစ်စေ၊ တော်လှန်သော အခြေအနေများ တွင်ဖြစ်စေ၊ တော်လှန်သော လှုပ်ရှားမှုနည်းနာများ၏ လိုအပ်မှုအား ချက်ခြင်း လက်ငင်းနားမလည်သေးသည့် လူထုများအတွင်းတွင်ဖြစ်စေ တော်လှန်ရေး၏ အကျိုးကျေးဇူးများအား (ဝါဒဖြန့်ပညာပေး လှုံ့ဆော်စည်းရုံးခြင်းဖြင့်) ကာကွယ် နိုင်စွမ်းရှိရေးသည်လည်းကောင်း ပိုမိုခက်ခဲပေသည်။ ဖြစ်လာပါကလည်း အလွန်အဖိုးထိုက်တန် လှပေသည်။ ကြီးမြတ်သော၊ စစ်မှန်သော အဆုံးအဖြတ်ပေးသည့် အဆုံးသတ်တော် လှန်ရေးတိုက်ပွဲဆီသို့ လူထုများအား **ရှေ့ဆောင်**နိုင်မည့် အခိုင်အမာလမ်းကြောင်း သို့မဟုတ် အရေးအခင်း၏ ထူးခြားသည့် အလှည့်အပြောင်းတို့ကိုရှာဖွေရေး၊ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးရေးနှင့် မှန်ကန်တိကျစွာ ဆုံးဖြတ်ရေးတို့သည် ယခုအခါ အနောက် ဥရောပနှင့် အမေရိကန်တွင်ရှိသော ကွန်မြူနစ်ဝါဒ၏အဓိက လုပ်ငန်းတာဝန်များ ဖြစ်ပေသည်။

ဥပမာ ဂရိတ်ဗြိတိန်ဆိုကြပါစို့။ ဤနေရာ၌ စစ်မှန်သော ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးသည် မည်မျှစောစွာ တောက်လောင်လာမည် ဆိုသည်ကိုလည်းကောင်း၊ လက်ရှိအခါတွင် အိပ်မောကျနေကြသည့် အလွန်ကျယ်ပြန့်သော လူထုများအား နိုးကြားတက်ကြွစေပြီး တိုက်ပွဲအတွင်းသို့ ပို့ဆောင်ရေးကို အကျိုးပြုမည်မှာ မည်သည့် **လက်တလောအကြောင်းရင်းများနည်း** ဆိုသည်ကိုလည်းကောင်း ကျွန်တော်တို့ မပြောနိုင်။ ထို့ပြင် မည်သူမှလည်းကြိုတင်၍ ပြောနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ခြေလေးချောင်းစလုံးအား သံခွာကောင်းကောင်းရိုက်ထားပြီး (ကွယ်လွန်သူ ပလက်ခ်နော့ဗ်သည် မာ့က်စ်ဝါဒီနှင့် တော်လှန်ရေးသမား ဖြစ်ခဲ့စဉ်က မကြာခဏပြောခဲ့ သကဲ့သို့) အသင့်ပြင်ဆင်ထားရေးသည် ကျွန်တော်တို့၏တာဝန် ဖြစ်ပေသည်။ ပါလီမန်စနစ်၏ အကျပ်အတည်းကြောင့်လည်းကောင်း၊ သို့မဟုတ် မျှော်လင့်ချက်ကင်းမဲ့ အောင် ရှုပ်ထွေးကာ တနေ့တခြားနာကြည်းဖွယ်ဖြစ်လာ၍ ထက်မြက်လာသော ကို

လိုနီနှင့် နယ်ချဲ့သမားတို့၏ ပဋိပက္ခများထဲမှ ပေါ်ထွက်လာသည့် အကျပ်အတည်းကြောင့်လည်းကောင်း၊ သို့မဟုတ် အခြားသောအကြောင်းများ အစရှိသည်တို့ကြောင့်လည်းကောင်း“တာကျိုးပေါက်ရန်”“ရေခဲထုပြိုကွဲရန်”ဖြစ်နိုင်ပေသည်။ ကျွန်တော်တို့သည် ဂရိတ်ဗြိတိန်ရှိ ပစ္စည်းမဲ့တော်လှန်ရေး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲအမျိုးအစားကို ဆွေးနွေးနေကြသည် မဟုတ်ပေ။ (ထိုအချက်နှင့်ပတ်သက်၍ ကွန်မြူနစ်တဦးတလေကမျှ သံသယမရှိပေ။ ကျွန်တော်တို့အတွက်ဆိုသော် ဤပြဿနာသည် ဖြေရှင်းပြီးသား ဖြစ်ပေသည်။ တိကျစွာ ဖြေရှင်းပြီးသား ဖြစ်လေသည်) ကျွန်တော်တို့ ဆွေးနွေးနေသည်မှာ လက်ရှိအခါ၌ အိပ်မောကျနေသည့် ပစ္စည်းမဲ့ လူထုများအား လှုပ်ရှားလာစေမည့်၊ ထို့ပြင်၎င်းတို့အား တော်လှန်ရေးသို့ တိုက်ရိုက် ခေါင်းဆောင်သွားမည့် **လတ်တလောအကြောင်းရင်း** ဖြစ်ပေသည်။ ဥပမာ ပြင်သစ်နေရှင်သမ္မတနိုင်ငံအတွင်းတွင် နိုင်ငံတကာနှင့် ပြည်တွင်းနှစ်ဖက်စလုံး၌ တော်လှန်ရေး အကြောင်းအချက်များရှိမှုသည် လက်ရှိအချိန်ခါထက် အဆတရာမက လျော့နည်း နေသည့်အခါတွင် ဖောက်ပြန်သောစစ်မျိုးနွယ်တို့၏ ကောက်ကျစ်သည့် လှည့်စားညစ်ပတ်မှုပေါင်းများစွာအနက်မှ တခု (ဒရေးဖတ်စ်အမှု[၂၄]) ကဲ့သို့သော“မမျော်လင့်သည့်” “သေးငယ်သည့်”လတ်တလောအကြောင်းရင်းကပင် ပြည်တွင်းစစ် ဖြစ်လုနီးအထိ ပြည်သူများအား ခေါ်ဆောင်နိုင်ခဲ့သည်ကို မမေ့ကြနှင့်။

ဂရိတ်ဗြိတိန်ရှိ ကွန်မြူနစ်များသည် ပါလီမန်ရွေးကောက်ပွဲများနှင့် ဗြိတိသျှအစိုးရ၏ အိုင်ယာလန်ပေါ်လစီ၊ ကိုလိုနီပေါ်လစီနှင့် တကမ္ဘာလုံးအတိုင်းအတာရှိသည့် နယ်ချဲ့ဝါဒပေါ်လစီတို့ရှိ အပြောင်းအလဲမှန်သမျှကိုလည်းကောင်း၊ အများပြည်သူဘဝ၏ အခြားသောနယ်ပယ် အဝန်းအဝိုင်းနှင့် ဘက်အားလုံးကိုလည်းကောင်း အဆက်မပြတ် မယိမ်းမယိုင် အလျှော့မပေးဘဲ အသုံးချသင့်၍ ဤဘက်အားလုံး၌ နည်းသစ်များအတိုင်း၊ ဆိုလိုသည်မှာ ကွန်မြူနစ်ဝါဒနည်းများအတိုင်း ဒုတိ ယအင်တာနေရှင်နယ် စိတ်ဓာတ်မဟုတ်သည့် တတိယအင်တာနေရှင်နယ်၏ စိတ်ဓာတ်အရ လုပ်ဆောင်သင့်ပေသည်။ ကျွန်တော့်အဖို့ ဤနေရာ၌ ပါလီမန် ရွေးကောက်ပွဲနှင့် ပါလီမန်တိုက်ပွဲအတွင်းသို့ ပါဝင်သည့် “ရုရှား”နည်း၊ “ဗော်ရှီဗစ်”နည်းတို့ကို ဖော်ပြရန်အတွက် အချိန်လည်းမရ၊ နေရာလည်း မရှိပေ။ သို့သော် ၎င်းမှာ ဖြစ်နေကျ အနောက်ဥရောပ ပါလီမန်တိုက်ပွဲများနှင့် လုံးဝမတူသည့်အချက်ကိုကား တိုင်းတပါးရှိ ကွန်မြူနစ်များအား ကျွန်တော် တထစ်ချပြောနိုင်ခဲ့ပေသည်။ ဤမှနေ၍ နိဂုံးချုပ်ချက်မကြာခဏဆွဲထုတ်ယူကြသည်မှာ…“မှန်ပေသည် ထိုကိစ္စသည် ရုရှားပြည်တွင်း

၌ဖြစ်သည်။ ကျွန်တော်တို့ ပြည်တွင်းတွင်ကား ပါလီမန်စနစ်သည်ကား ခြားနားပေသည်'' ဟူသည့် မှားယွင်းသည့် နိဂုံးချုပ်ချက်တရပ် ဖြစ်သည်။ တိုင်းပြည်အားလုံးရှိ ကွန်မြူနစ်များ၊ ဆိုလိုသည်မှာ တတိယအင်တာနေရှင်နယ်အား ထောက်ခံသူများ၏ တာဝန်သည် ဘက်အသီးသီးတွင်လည်းကောင်း၊ ဘဝ၏ဘက်အားလုံးတွင်လည်းကောင်း ဆိုရှယ်လစ် အလုပ်သမားသမဂ္ဂ ဆင်ဒီကယ်ဝါဒတို့၏ ပါလီမန် လုပ်ကိုင်နည်းဟောင်းကို ကွန်မြူနစ်လုပ်ကိုင်နည်းသစ်အဖြစ်သို့ **ပြောင်းလဲပစ်ရန်** ဖြစ်သည်။ ရုရှားပြည်၌လည်း ရွေးကောက်ပွဲများ အတွင်းတွင် အချောင်သမားအပြုအမူများ၊ ဓနရှင်အမြတ်အစွန်းတွက်မှုစစ်စစ်နှင့် အရင်းရှင်လိမ်ညာမှုစစ်စစ် အမြောက်အမြားသည် အစဉ်ရှိခဲ့ပေသည်။ အနောက်ဥရောပနှင့် အမေရိကရှိ ကွန်မြူနစ်များသည် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့် အချောင်ဝါဒမဟုတ်သည့် ကိုယ်ကျိုးရှာခြင်း မဟုတ်သည့်၊ ပါလီမန်ဝါဒအသစ်တရပ်ကို ဖန်တီးတတ်အောင် လေ့လာဆည်းပူးရမည်။ ကွန်မြူနစ်ပါတီများက မိမိတို့၏ ကြွေးကြော်သံများကို ထုတ်ပြန်ရမည်။ စစ်မှန်သည့် ပစ္စည်းမဲ့များသည် စည်းရုံးမှုမရှိသည့် အနှိမ်ခံဆင်းရဲသားတို့၏ ကူညီမှုဖြင့် စာရွက်စာတမ်းများအား အလုပ်သမား နေအိမ်များ၊ ကျေးလက်ပစ္စည်းမဲ့များနှင့် လူသူအရောက်အပေါက်နည်းသည့် ကျေးရွာများ (အကြောင်းညီညွတ်ပုံမှာ ရုရှားနှင့်စာလျှင် ဥရောပ၌ လူသူအရောက် အပေါက်နည်းသည့် ကျေးရွာအရေအတွက်သည် အတော်နည်းပေသည်။ အင်္ဂလန်ရှိ အရေအတွက်မှာ အလွန့်အလွန်ပင် နည်းပေသည်) ရှိလယ်သမားများ၏ တဲကုပ်များထဲသို့ အရောက်ဖြန့်ဝေသင့်ပေသည်။ သူတို့သည် သာမန်လူထုများဝင်ထွက်ရာ စားသောက်ဆိုင်များသို့ သွားသင့်ကာ သာမန်လူထုများ၏ သမဂ္ဂများ၊ အသင်းအဖွဲ့များနှင့် အရေးပေါ် အစည်းအဝေးများထဲသို့ ထိုးဖောက်ဝင်ရောက်၍ ပြည်သူလူထုများနှင့် စကားပြောသင့်ပေသည်။ သို့သော် ပညာရှိဆန်ဆန် (သို့မဟုတ် ပါလီမန်ထဲ၌ ပြောဆိုသကဲ့သို့) လေသံမျိုးဖြင့် မပြောသင့်ပေ။ သူတို့သည် ပါလီမန်အတွင်း ''အမတ်နေရာများ''ရရေးအတွက် အနည်းငယ်မျှ မကြိုးစားသင့်ဘဲ နေရာတကာ၌ လူထုများ၏ အတွေးအခေါ်ကို နှိုးဆွပေးပြီး တိုက်ပွဲအတွင်းသို့ သူတို့ ပါဝင်လာရေးကိုလည်းကောင်း၊ ဓနရှင်များအား သူတို့၏စကားကိုကိုင်ပြီး ၎င်းတို့ တည်ထောင်ထားသည့် ယန္တရားများ၊ ၎င်းတို့က သတ်မှတ်ထားသည့် ရွေးကောက်ပွဲများ ပြည်သူလူထု တရပ်လုံးအား တင်ပြထားသည့် ၎င်းတို့၏ မေတ္တာရပ်ခံချက်များအား အသုံးချရေးကို ကြိုးပမ်းသင့်ပေသည်။ လူထုများအား ဗော်ရှီဗစ်ဝါဒအကြောင်းကို ရှင်းပြရမည်။ (ဓနရှင်လူတန်းစား၏ အုပ်ချုပ်မှုအောက်၌) ရွေးကောက်ပွဲ ကာလမှအပ

သာမန် အချိန်တွင် ဤကဲ့သို့သော အခွင့်ကောင်းများကို မရရှိနိုင်ကြောင်း နားလည်ထားရန် လိုပေသည်။ (ဓမ္မတာပင် သပိတ်ကြီးများ ပေါ်ပေါက်နေ သည့် ကာလမှာ အကြုံးမဝင်ပေ။ အဘယ်ကြောင့်ဆိုသော် ရုရှားပြည်၌ သပိတ်ကြီးမှောက်သည့် အခါမှာဆိုလျှင် ပြည်သူတရပ်လုံးကို လှုံ့ဆော်သည့် **အလားတူ** ယန္တရား၏ လုပ်ဆောင်မှုသည် ပိုမို၍ပြင်းထန်ပေသည်) အနောက်ဥရောပနှင့် အမေရိကတွင် ဤသည်ကိုလုပ်ကိုင်ရန် အလွန်ခက်ခဲပေသည်။ အမေရိကတွင် အလွန့်အလွန် ခက်ခဲပေသည်။ သို့သော် ၎င်းကိုလုပ်ကိုင်နိုင်၍ လုပ်လည်းလုပ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်ဝါဒ၏ လုပ်ငန်းတာဝန်များသည် ကြိုးပမ်းအားစိုက်မှုမရှိဘဲ မပြီး မြောက်နိုင်သောကြောင့် ဖြစ်သည်။ ကျွန်တော်တို့သည် တနေ့တခြား ထွေပြားလာသည့် တနေ့တခြား လူ့အဖွဲ့အစည်းဘဝ၏ ဌာနခွဲများ အားလုံးနှင့် နီးကပ်စွာ ဆက်သွယ်နေသည့် ဌာနခွဲ တခုပြီးတခု နယ်ပယ်တခုပြီးတခုကို **ဓနရှင်များထံမှ သိမ်းယူ**နေသည့် **လက်တွေ့**လုပ်ငန်းတာဝန်များ ပြီးမြောက်စေရန် ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်သည်။

ဂရိတ်ဗြိတိန်တွင် စစ်တပ်များနှင့် "မိမိ" နိုင်ငံရှိ အဖိနှိပ်ခံရသော၊ တန်းတူအခွင့်အရေး မရှိသော၊ အမျိုးသား၊ (အိုင်ယာလန်နှင့် ကိုလိုနီများ) အတွင်း၌လည်း၊ နည်းလမ်းသစ်အရ (ဆိုရှယ်လစ်နည်းလမ်း အရမဟုတ်ဘဲ ကွန်မြူနစ်နည်းလမ်းအရ၊ ပြုပြင်ရေးနည်းလမ်းအရ မဟုတ်ဘဲ တော်လှန်ရေးနည်းလမ်းအရ) ဝါဒဖြန့်ချိရေး လှုံ့ဆော်ရေးနှင့် စည်းရုံးရေး လုပ်ငန်းများကို လုပ်ကိုင်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ယေဘုယျနယ်ချဲ့ဝါဒ ခေတ်အတွင်း၌ အထူးသဖြင့် စစ်ပြီးသော ယခုလို အချိန်တွင် စစ်က ပြည်သူလူထုအဖို့ ပင်ပန်းဆင်းရဲမှုများ ဖြစ်စေခဲ့ပြီး အဖြစ်မှန် (သန်း ဆယ်ပေါင်းများစွာသော ပြည်သူလူထုများ၏ သေကြေမှုနှင့် ကိုယ်အင်္ဂါချို့တဲ့ကြရမှုများမှာ ဗြိတိသျှနှင့် ဂျာမနီ ဓားပြ ၂ ဦးအနက် မည်သူ့အား တိုင်းပြည် အများစုကြီးအား လုယူနိုင်ခွင့် ရယူစေမည့် ပြဿနာကို ဆုံးဖြတ်ချက်ပေးရန်သာဖြစ်သည်) ကို မြင်လာရန် လျင်မြန်စွာ မျက်စိဖွင့်ပေးခဲ့သည့်အချိန်တွင် လူမှုရေးဘဝ၏ နယ်ပယ် အသီးသီးတို့၌ လောင်စာများဖြင့် အထူးတလည်ပြည့်နှက်နေကာ အတိုက်အခံ ဖြစ်စေသည့်၊ ကျပ်တည်းမှုကပ် ဖြစ်စေသည့်၊ လူတန်းစားတိုက်ပွဲအား ပိုမိုပြင်းထန်စေသည့် အကြောင်းအချက်များကို အထူးတလည် ဖန်တီးပေးနေပေသည်။ ယခုအခါတွင် တကမ္ဘာလုံး၏ စီးပွားရေးကျပ်တည်းမှုကပ်နှင့် နိုင်ငံရေးအကျပ်အတည်းတို့၏ ဂယက်အောက်တွင် တိုင်းပြည်အားလုံးအတွင်း၌ မရေမတွက်နိုင်သော မီးပွား

ကလေးများသည် နေရာအနှံ့ပြန့်လွင့်လျက်ရှိရာ မည်သည့်မီးပွားက လူထုကြီးကို အထူးလှုံ့ဆော်မည့် မီးတောက်မီးလျှံကြီးဖြစ်အောင် တောက်လောင်စေမည့် နည်းဆိုသည်ကို ကျွန်တော်တို့မသိပေ။ သိလည်းမသိနိုင်ပေ။ ထို့ကြောင့် ကျွန်တော်တို့သည် မုချပင်ကျွန်တော်တို့၏ သစ်လွင်သော ကွန်မြူနစ်မှုများဖြင့် အဟောင်းဆုံးသော၊ ပုပ်သိုးအပျက်စီးဆုံးသော၊ အနည်းငယ်မျှ မျှော်လင့်စရာမရှိဟု ထင်ရသော နေရာ အသီးသီးသို့သွား၍ "လှုံ့ဆော်ရေး"များ လုပ်ဆောင်ကြရမည်။ သို့မဟုတ်ပါက ကျွန်တော်တို့သည် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ကြလိမ့်မည် မဟုတ်ပေ။ အဖက်ဖက်ကို ထောက်ထားနိုင်လိမ့်မည် မဟုတ်ပေ။ ရှိရှိသမျှလက်နက်များကို ချုပ်ကိုင်နိုင်လိမ့်မည် မဟုတ်ပေ။ ဓနရှင်လူတန်းစား (ဓနရှင်လူတန်းစားသည် လူ့အဖွဲ့အစည်းဘဝ၏ ဘက်အသီးသီးကို ဓနရှင်လူတန်းစား၏ နည်းလမ်းအရ စီစဉ်ခဲ့ကြသည်။ ယခုမူ ဓနရှင်လူတန်းစား၏ နည်းလမ်းအတိုင်း ၎င်းတို့အား ဖျက်ဆီးလိုက်ပေသည်) အား အနိုင်တိုက်ရေးကို ပြင်ဆင်နိုင်လိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့အောင်ပွဲမျိုး ရပြီးသည့်နောက်၌လည်း ဘဝ၏ နယ်ပယ်တိုင်းကို ကွန်မြူနစ်သဏ္ဌာန်အရ ပြန်လည်ပြုပြင်စည်းရုံးရန်လည်း ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

ရုရှား ပစ္စည်းမဲ့တော်လှန်ရေး အောင်မြင်ပြီးသည့်နောက်တွင်လည်းကောင်း၊ တော်လှန်ရေးက ဓနရှင်လူတန်းစားနှင့် နလပိန်းတုံးများ မျှော်လင့်မထားကြသည့် နိုင်ငံတကာ့အတိုင်းအတာအရ အောင်ပွဲများကို ခံပြီးသည့်နောက်တွင်လည်းကောင်း ကမ္ဘာတခုလုံးသည် ပြောင်းလဲခဲ့ပေသည်။ ထို့ပြင် နေရာတိုင်း၌လည်း ဓနရှင်လူတန်းစားများသည် ပြောင်းလဲခဲ့ကြပေသည်။ ဓနရှင်များသည် "ဗော်ရှီဗစ်"ဝါဒကို ကြောက်လန့်ကြကာ အလွန်အမင်း ဒေါသထွက်ခဲ့ကြလေသည်။ ဤအတွက်ကြောင့်လည်း တဖက်တွင် အရေးအခင်းများ ဖြစ်ပေါ်တိုးပွားမှုများကို တွန်းဆော်ပေးခဲ့၍ အခြားတဖက်တွင် ဗော်ရှီဗစ်ဝါဒအား အကြမ်းဖက်ဖိနှိပ်ပစ်ရန် အာရုံစိုက်နေကြပေသည်။ သို့ဖြစ်သောကြောင့် အခြားနယ်ပယ်များစွာ၌ ၎င်း၏အနေအထားကို ချည့်နဲ့စေပေတော့သည်။ ရှေ့တန်းရောက် တိုင်းပြည်များအားလုံးရှိ ကွန်မြူနစ်များသည် ဤအခြေအနေနှစ်ရပ်စလုံးကို မိမိတို့၏ နည်းပရိယာယ်များတွင် ထည့်သွင်း တွက်ဆရမည်။

ရုရှား ကဒက်နှင့် ကရင်စကီတို့သည် ဗော်ရှီဗစ်များအား အရှူးအမူး ထိုးနှက်လာသည့်အခါမှာ အထူးသဖြင့် ၁၉၁၇ ခုနှစ် ဧပြီလနောက်ပိုင်းတွင် အတိအကျဆိုရသော် ၁၉၁၇ ခုနှစ် ဇွန်နှင့် ဇူလိုင်လများတွင် သူတို့သည် "သဲသဲမဲမဲ"လုပ်ခဲ့ကြပေသည်။ ဓနရှင်သတင်းစာ သန်းပေါင်းများစွာသည် ဗော်ရှီဗစ်ဝါဒကို သံစုံဟစ် ပုတ်

ခတ်ခဲ့ကြပေသည်။ ဤသည်ပင် လူထုများက ဖော်ရှီဗစ်ဝါဒကို အကဲဖြတ်ရာတွင် ကူညီလိုက်ခြင်း ဖြစ်ပေသည်။ သတင်းစားများအပြင် အများပြည်သူဘဝတခုလုံး အတွင်း၌လည်း ခေရှင်လူတန်းစား၏ "စိတ်ပြင်းပြမှု"ကြောင့် ဖော်ရှီဗစ်ဝါဒ အကြောင်းနှင့် ပတ်သက်သည့် ဆွေးနွေးငြင်းခုံမှုများ အကျယ်အပြန့် ဖြစ်ပေါ်ခဲ့လေသည်။ ယခုအခါတွင် တိုင်းပြည်အားလုံးရှိ သန်းကြွယ်သူဌေးကြီးများ၏ နိုင်ငံတကာ့ အတိုင်းအတာအရ ပြုမူဆောက်ရွက်ချက်သည် ကျွန်တော်တို့က သူတို့ကို နှစ်နှစ်ကာကာ ကျေးဇူးတင်ရှိစေဖို့ပင် ဖြစ်နေပေသည်။ သူတို့၏ ဖော်ရှီဗစ်ဝါဒအား ထိုးနှက် တိုက်ခိုက်နေမှုသည်လည်း ကရင်စကီနှင့်အပေါင်းအပါတို့ ဖော်ပြခဲ့သည့် စိတ်ပြင်းပြမှုကဲ့သို့ တထပ်တည်းပင် ဖြစ်ပေသည်။ သူတို့သည်လည်း ကရင်စကီများကဲ့သို့ပင် "သဲသဲမဲမဲလုပ်ခြင်းဖြင့်"ကျွန်တော်တို့အား **ကူညီ**နေကြပေသည်။ ပြင်သစ်ခေရှင် လူတန်းစားက ဖော်ရှီဗစ်ဝါဒ ဆန့်ကျင်ရေးပြဿနာကို ရွေးကောက်ပွဲထုတ်ပြန်ချက်၏ အချက်အချာအဖြစ် လုပ်ကိုင်ခဲ့ပြီး နိူင်းယှဉ်ချက်အရ အလယ်အလတ်ဖြစ်သည့် သို့မဟုတ် တွေဝေယိမ်းယိုင်သည့် ဆိုရှယ်လစ်များကို ဖော်ရှီဗစ်များ ဖြစ်နေကြပြီဟူ၍ စွပ်စွဲနေကြသည်။ အမေရိကန် ခေရှင်လူတန်းစားသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ သောင်းပေါင်းများစွာသောသူများကို ဖော်ရှီဗစ်ဟု မသင်္ကာမှုဖြင့် ဖမ်းဆီး၍ ဖော်ရှီဗစ် အကြံဆိုသည့် လုပ်ဇာတ်များကို လွှင့်ထုတ်ခြင်းဖြင့် ကျိုးလန့်စာစားအခြေအနေဖြစ်လာရန် ဖန်တီးကြသည်။ ကမ္ဘာတွင်"ဝါအရင့်"ဆုံးသော ဗြိတိသျှခေရှင်လူတန်းစားသည် ၎င်း၌ ဉာဏ်ပညာထက်မြက်မှုနှင့် အတွေ့အကြုံများ မည်သို့ပင်ရှိနေသော်လည်း မယုံနိုင်လောက်အောင် မိုက်မဲမှုများကို ပြုကျင့်ကြသည်။ အလျှံပယ် ထောက်ပံ့ထားသည့် "ဖော်ရှီဗစ်ဝါဒ ဆန့်ကျင်ရေးအသင်း"များကို ဖွဲ့စည်းတည်ထောင်ကြသည်။ ဖော်ရှီဗစ်ဝါဒ ဆန့်ကျင်ရေး အထူးစာပေများကို ထုတ်ဝေကြသည်။ ဖော်ရှီဗစ်ဝါဒကို တိုက်ခိုက်ရန်အတွက် များစွာသော ဝိဇ္ဇာပညာသည်များ၊ လူ့ဆော်ရေးသမားများနှင့် ဘုန်းကြီးများအား ငှားထားကြသည်။ ထိုအကြောင်းများကြောင့် ကျွန်တော်တို့သည် အရင်းရှင်ဂုဏ်သရေရှိ လူကြီးမင်းများအား ဦးညွှတ် ကျေးဇူးတင်ရပေမည်။ သူတို့သည် ကျွန်တော်တို့အတွက် အကျိုးဆောင်နေကြပေသည်။ သူတို့သည် ကျွန်တော်တို့အား ဖော်ရှီဗစ်ဝါဒ၏ အနှစ်သာရနှင့် အရေးပါမှုကို လူထုများကစိတ်ဝင်စားလာရန် ကူညီနေပေသည်။ သူတို့အတွက် ဤသို့မှမလုပ်လျှင်လည်း မဖြစ်တော့ပေ။ အဘယ်ကြောင့် ဆိုသော် ဖော်ရှီဗစ်ဝါဒကို ကိစ္စတုံးစီရင်ရေးနှင့် "ရေငုံနှုတ်ပိတ်" လုပ်နေရေးသည် အောင်မြင်မှုမရှိခဲ့တော့သောကြောင့် ဖြစ်ပေသည်။

သို့သော် တချိန်တည်းမှာပင် လက်တွေ့အားဖြင့် ခေရှင်များသည် ဖော်ရှီဗစ်တို့၏ တဖက်တည်းကိုသာလျှင် တွေ့မြင်ခဲ့ကြသည်။ ဆိုလိုသည်မှာ ပုန်ကန်ထကြွမှု၊ အကြမ်းဖက်မှု၊ အထိတ်တလန့်ဖြစ်စေမှုတို့ကိုသာ တွေ့မြင်ခဲ့ကြပေသည်။ ထို့ကြောင့်လည်း ဤဘက်တွင် ခုခံရန်၊ အတိုက်အခံပြုရန်အတွက် မိမိကိုယ်ကိုအထူးတလည် လုံးပန်းပြင်ဆင်ခဲ့ပေသည်။ တစုံတခုသော အခြေအနေ၌လည်းကောင်း၊ တစုံတခုသော တိုင်းပြည်အတွင်း၌လည်းကောင်း၊ တစုံတခုသော ကာလတိုတခု၌လည်းကောင်း ဤဘက်တွင် အောင်မြင်မှု ရှိပေလိမ့်မည်။ ဤဖြစ်နိုင်မှုကို ကျွန်တော်တို့ တွက်ဆထားရမည်။ သို့မှသာလျှင်သူတို့ ဖြစ်မြောက်အောင်မြင်ပါကလည်း ကျွန်တော်တို့အဖို့ လုံးဝထိတ်လန့်စရာ ဖြစ်လိမ့်မည်မဟုတ်ပေ။ ကွန်မြူနစ်ဝါဒသည် အများပြည်သူဘဝ၏ ဘက်အသီးသီးထဲတွင် တကယ်ပင် ကြီးထွားလာနေသည်ဟု ပြောနိုင်ပေသည်။ ၎င်းအညှောင့်အတက်များကို နေရာတကာတွင် အတိုင်းသား တွေ့မြင်နိုင်ပေသည်။ “ကူးစက်တတ်သည့်ရောဂါ” (ဤစကားလုံးမှာ ခေရှင်လူတန်းစားနှင့် ခေရှင်ပုလိပ်တို့၏ အသုံးများ၌ “အနှစ်သက်ဆုံး” ဖြစ်သည့် လူကြိုက်များသော ဥပမာ ပေးချက်ဖြစ်သည်) သည် ခန္ဓာကိုယ်တခုလုံးအတွင်း အပြန့်အနှံ့စိမ့်ဝင်ခဲ့ပြီး လုံးဝ အမြစ်တွယ်ခဲ့ပေသည်။ အကယ်၍ လမ်းပေါက်တခုကို“ပိတ်ပစ်”ရန် အထူးလုံးပမ်းပါက “ကူးစက်တတ်သည့်ရောဂါ” သည် အခြားလမ်းပေါက်တခုကို တွေ့လိမ့်မည်။ တခါတရံ လုံးဝမမျှော်လင့်သည့် လမ်းပေါက်တခုကိုပင် တွေ့ရှိတတ်ပေသည်။ ဤသည်ကို ဘဝက ဖော်ပြလိမ့်မည် ဖြစ်ပေသည်။ ခေရှင်များ ကယောင်ဂတမ်းဖြစ်၍ သွေးရူးသွေးတန်းလုပ်ခြင်း၊ အလွန်အကျွံလုပ်ခြင်းများ လုပ်လိုပါကလုပ်ပါစေ။ ဖော်ရှီဗစ်များကို တင်ကြိုလက်စားချေလို၍ (အိန္ဒိယ၊ ဟန်ဂေရီ၊ ဂျာမနီ အစရှိသည့် တိုင်းပြည်များ၌) အထောင်အသောင်းမကသော မနေ့ကဖြစ်ပြီးသား ဖော်ရှီဗစ်များနှင့် မနက်ဖန်ဖြစ်မည့် ဖော်ရှီဗစ်များကို သတ်ဖြတ်လိုက သတ်ဖြတ်ပါစေ၊ ဤကဲ့သို့ပြုမူနေခြင်းသည် သမိုင်းက စီရင်အပြစ်ပေးခဲ့သည့် လူတန်းစားအားလုံးကဲ့သို့ပင် ခေရှင်လူတန်းစားက ပြုကျင့်နေခြင်းဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ အနာဂတ်ကို မိမိတို့ပိုင်ကြောင်း ကွန်မြူနစ်များ သိထားသင့်ပေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကြီးမြတ်သော တော်လှန်ရေးတိုက်ပွဲအတွင်းရှိ အပြင်းထန်ဆုံးသော ပြင်းပြစိတ်အား ခေရှင်လူတန်းစားက ဂမူးရှူးထိုး ကယောင်ကတမ်း ဖြစ်မှုတို့နှင့်ပတ်သက်၍ ခေါင်းအအေးဆုံး အတည်ငြိမ်ဆုံး တွက်ချက်ခန့်မှန်းခြင်းနှင့် ပေါင်းစပ်ပေးရမည် (မုချလည်း ပေါင်းစပ်ပေးရမည်)။ ၁၉၀၅ ခုနှစ်တွင် ရုရှားတော်လှန်ရေးသည် ရက်စက်စွာဖိနှိပ်ခြင်းကို ခံလိုက်ရသည်။ ၁၉၁၇

ခုနှစ် ဇူလိုင်လတွင် ရုရှားဖော်ရီဗစ်များသည် ရှုံးနိမ့်ခဲ့ရသည်။ ရှိတ်ဒီမန်နှင့် နော့ကီးခ် များက ခနရှင်များ၊ ဘုရင်ဂိုဏ်းဗိုလ်ချုပ်များနှင် ပူးပေါင်းကာ အလွန်ကျင်လည် ကလိန် ကျ၍ လိမ်ညာသည့်နည်းဖြင့် ဂျာမန်ကွန်မြူနစ် ၁၅,၀၀၀ ကျော်ကို သတ်ဖြတ်လိုက် ကြသည်။ ဖင်လန်နှင့် ဟန်ဂေရီတို့တွင်လည်း ရောင်ဖြူခြိမ်းခြောက်မှုသည် အလွန် သောင်းကျန်းနေပေသည်။ သို့သော် ကိစ္စရပ်တိုင်းနှင့် တိုင်းပြည်တိုင်း၌ ကွန်မြူ နစ်ဝါဒ သည် ထုသားတေသားရခဲ့၍ ကြီးထွားနေပေသည်။ ခိုင်မြဲစွာအမြစ်တွယ်လျက် ရှိနေပြီဖြစ်သဖြင့် ညှဉ်းပန်းပန်းနှိပ်စက်ခြင်းဖြင့် ၎င်းကိုမချည့်နဲ့စေနိုင်။ ခွန်အားယုတ် လျော့ မသွားစေနိုင်ခဲ့ဘဲ ၎င်းကို အားအင်ပြည့်ဖြိုးစေသည်။ ကျွန်တော်တို့အဖို့ အောင် ပွဲဆီသို့ ပိုမိုယုံကြည်မှုရှိစွာ ပိုမိုခိုင်မြဲစွာ ချီတက်နိုင်စေရန် အရာတခုသာ ချို့ယွင်း နေပေသည်။ ၎င်းမှာ မိမိတို့၏နည်းပရိယာယ်များသည် အစွမ်းကုန် **ပျော့ပျောင်းမှု** ရှိဖို့ လိုအပ်ကြောင်းကို တိုင်းပြည်တိုင်းရှိ ကွန်မြူနစ်များအားလုံးက ကျယ်ပြန့်၍ ကုန်စင်စွာ သိနားလည်မှု မရှိခြင်းပင် ဖြစ်ပေသည်။ အထူးသဖြင့် ရှေ့တန်းရောက် တိုင်းပြည်များရှိ အကြီးအကျယ် ဖြစ်ပေါ်တိုးပွားနေသော ကွန်မြူနစ်လှုပ်ရှားမှုတွင် ဤကဲ့သို့ သိနားလည်မှုနှင့် ၎င်းအား လက်တွေ့၌ အသုံးချနိုင်စွမ်းများ ယခုအခါ မရှိခြင်းပင် ဖြစ်ပေသည်။

ထိုကဲ့သို့သော ဒုတိယအင်တာနေရှင်နယ်၏ ခေါင်းဆောင်များဖြစ်ပြီး ဆိုရှယ် လစ်ဝါဒအပေါ် သစ္စာရှိသော ပညာရှိမာ့က်စ်ဝါဒ သမားများဖြစ်ကြသည့် ကောက် စကီး၊ အော်တိုဘောဝါးနှင့် အခြားသူများ တွေ့ကြုံခဲ့ကြသည့် အရာများသည် အသုံး ဝင်သော သင်ခန်းစာများ ဖြစ်နိုင်ပေသည်။ (ဖြစ်လည်းဖြစ်သင့်ပေသည်)။ သူတို့သည် ပျော့ပျောင်းသော နည်းပရိယာယ်များလိုအပ်ကြောင်း အပြည့်အဝ သိမြင်ခဲ့ကြပြီး မာ့က်စ်ဝါဒအနုပဋိလောမ နည်းများကို ကိုယ်တိုင်လေ့လာသင်ယူခဲ့ကာ အခြားသူ များကိုလည်း သင်ပေးခဲ့သည်။ (ဤဘက်တွင် သူတို့၏ လုပ်ဆောင်ချက်များသည်ပင် ဆိုရှယ်လစ်စာပေအား တန်ဖိုးရှိသည့် ကောင်းမှုပြုချက်များအဖြစ် ထာဝစဉ် တည်ရှိသွားလိမ့်မည်ဖြစ်သည်။) သို့သော် သူတို့သည် ဤအနုပဋိလောမနည်းများကို **အသုံးချရာ၌** ဤကဲ့သို့သော အမှားများကို ကျူးလွန်ခဲ့ကြသည်။ သို့ဖြင့်သူတို့သည် လက်တွေ့ထဲတွင် အနုပဋိလောမသမား မဟုတ်သူများ ဖြစ်နေကြောင်း ဖော်ပြလာ သည်။ သဏ္ဍာန်များ၏ လျင်မြန်စွာပြောင်းလဲနေမှုနှင့် သဏ္ဍာန်ဟောင်းများအတွင်း၌ အတွင်းသဘောသစ်များ လျင်မြန်စွာ ပြည့်နှက်နေမှုတို့ကို လုံးဝပင်တွက်ချက်နိုင်စွမ်း မရှိသူများဖြစ်ကြောင်းတို့ကို ဖော်ပြလာသည်။ ထို့ကြောင့် သူတို့၏ ကံကြမ္မာသည်

ဟင်ဒီမန်၊ ဂက်စ်ဒီ၊ ပလက်ခ်နော့ဗ်တို့နှင့် ခြားနားမှုမရှိလှပေ။ သူတို့ချွတ်ခြုံကျရသည့် အဓိကအကြောင်းရင်းမှာ အလုပ်သမားလှုပ်ရှားမှုနှင့် ဆိုရှယ်လစ်ဝါဒ လှုပ်ရှားမှုတို့၏ ဖြစ်ပေါ်တိုးပွားမှုနှင့် ပတ်သက်သည့် အတိအကျ သဏ္ဍာန်တခု၏“ဖမ်းစားမှု”ကို သူတို့ခံလိုက်ရခြင်း ဖြစ်ပေသည်။ ၎င်းသဏ္ဍာန်၏ တဖက်သတ်ကျမှုကို သူတို့မေ့ခဲ့ကြလေသည်။ သူတို့သည် ပကတိဘာဝ အကြောင်းအချက်များကြောင့် မုချပင် ပေါ်ပေါက်လာသည့် ပြင်းထန်သော ပြောင်းလဲမှုကို မြင်တွေ့ရန် ကြောက်နေကြပြီး သုံးသည်နှစ်ထက်ကြီးသည်ဆိုသည့် သာမန်ဖြစ်သော မြင်မြင်ချင်း မငြင်းနိုင်သော အမှန်တရားကို အလွတ်ကျက်မှတ်၍ ထပ်ပြန်တလဲလဲ လုပ်ကိုင်နေကြပေသည်။ သို့သော် နိုင်ငံရေးသည် ဂဏန်းသင်္ချာထက် အက္ခရာသင်္ချာနှင့် ပို၍ တူလေသည်။ ထို့ပြင် အခြေခံသင်္ချာဗေဒထက် အဆင့်မြင့်သင်္ချာဗေဒနှင့် ပို၍တူပေသေးသည်။ တကယ့်ဖြစ်ရပ်မှန်မှာ ဆိုရှယ်လစ်ဝါဒလှုပ်ရှားမှု၏ သဏ္ဍာန်ဟောင်းအားလုံးသည် အတွင်း သဘောသစ်များကို ရရှိပြီးခဲ့လေပြီ။ ထို့ကြောင့် ဂဏန်းများ၏ ရှေ့တွင် အမှတ်အသားသစ်ဖြစ်သော“အနုတ်လက္ခဏာ”ပေါ်ထွက်လာပေတော့သည်။ သို့သော်လည်း ကျွန်တော်တို့၏ ဉာဏ်ကြီးရှင်များသည်“အနုတ်သုံး”သည်“အနုတ်နှစ်” ထက်ကြီးသည်ဟု မိမိနှင့် အခြားသူများကို ခေါင်းမာစွာ ဆက်လက်အယုံသွင်းခဲ့ပေသည်။

ကျွန်တော်တို့သည် ကွန်မြူနစ်များအား အလားတူဖြစ်သော အခြားတနည်းအရ ကျူးလွန်သောအမှားကို ထပ်၍မကျူးလွန်မိစေရန် နည်းလမ်းရှာရမည်။ သို့မဟုတ် အတိအကျဆိုသော် “လက်ဝဲ”ကွန်မြူနစ်များ ကျူးလွန်ထားသည့် အခြားတနည်းအရ ကျူးလွန်ထားသည့် အလားတူအမှားကို စောနိုင်သမျှစောစွာ ပြုပြင်ပစ်၍ မြန်မြန်နှင့် နာကျင်မှုနည်းနိုင်သမျှ နည်းစွာဖယ်ရှင်းပစ်ရန်ဖြစ်သည်။ လက်ယာတရားသေဝါဒသာလျှင် အမှားမဟုတ်သေးပေ။ လက်ဝဲတရားသေဝါဒသည်လည်း အမှားဖြစ်သည်။ ဓမ္မတာပင် ကွန်မြူနစ်ဝါဒတွင်းရှိ လက်ဝဲတရားသေအမှား၏ အန္တရာယ်နှင့် အတိုင်းအတာသည် ယခုအခါမှာဆိုလျှင် လက်ယာတရားသေအမှား (ဆိုလိုသည်မှာ ဆိုရှယ်ရှော်ဗင်ဝါဒနှင့် ကောက်စကီးဝါဒ) ထက် အဆထောင်ပေါင်းမက လျော့ပါးပေသည်။ သို့သော် အမှန်အားဖြင့် ဤသို့ဖြစ်ရခြင်းကား လက်ဝဲကွန်မြူနစ်ဝါဒသည် အလွန်နုပျိုသေးသည့် အနွယ်တရပ်ဖြစ်သောကြောင့်လည်းကောင်း၊ စတင်ဖြစ်တည်ကာစမျှသာလျှင် ဖြစ်သောကြောင့်လည်းကောင်း ဖြစ်ရပေသည်။ ဤအကြောင်းကြောင့်ပင် တစုံတရာ အကြောင်းအချက် အောက်တွင် ဤရောဂါကို

လွယ်ကူစွာ ကုသနိုင်ပေသည်။ ကျွန်တော်တို့သည် အစွမ်းကုန်အားထုတ်၍လည်း ရောဂါကိုကုသရမည်။ အသွင်သဏ္ဍာန်ဟောင်းများသည် အစိတ်စိတ်အမြွှာမြွှာ ပေါက်ကွဲပျက်စီးခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် အသွင်သဏ္ဍာန်ဟောင်းအတွင်းရှိ အတွင်းသဘော သစ်ဖြစ်သော ပစ္စည်းမဲ့လူတန်းစားအား ဆန့်ကျင်သည့်၊ ဖောက်ပြန်သည့် အတွင်းသဘောသည် အလွန်အမင်း ဖြစ်ပေါ်တိုးပွားခဲ့ပေသည်။ နိုင်ငံတကာ့ကွန်မြူနစ်ဝါဒ ဖြစ်ပေါ် တိုးပွားမှုဘက်မှ ကြည့်သော် ကျွ န်တော်တို့၏ လက်ရှိလုပ်ငန်း၌ ဤကဲ့သို့ခိုင်ခံ့သော၊ တောင့်တင်းသော၊ အင်အားကြီးမားသော လုပ်ငန်းအတွင်းသဘော (ဆိုဗီယက် အာဏာအတွက် ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်အတွက်) ပါရှိနေပေသည်။ ဤအတွင်းသဘောသည် သဏ္ဍာန်သစ်မှာပဲဖြစ်ဖြစ်၊ သဏ္ဍာန်ဟောင်းမှာပဲဖြစ်ဖြစ် ဖော်ပြနိုင် ၍ ဖော်လည်းဖော်ပြရမည်ဖြစ်သည်။ သဏ္ဍာန်မှန်သမျှ သဏ္ဍာန်သစ်ပါမက သဏ္ဍာန်ဟောင်းကိုပါ ပြုပြင်ခြင်း၊ အောင်နိုင်ခြင်း၊ သိမ်းသွင်းခြင်းတို့ကို ပြုလုပ်နိုင်၍ ပြုလည်း ပြုလုပ်ရမည် ဖြစ်သည်။ သို့သော် ၎င်းသည် သဏ္ဍာန်ဟောင်းနှင့် ပြေငြိမ်းရန်မဟုတ်ဘဲ ရှိရှိသမျှသဏ္ဍာန်ဟောင်း သဏ္ဍာန်သစ်မှန်သမျှကို ပြီးပြည့်စုံသော၊ အဆုံးသတ်ဖြစ်သော၊ အဆုံးအဖြတ်ပေးသော ကုန်စင်သည့် ကွန်မြူနစ်ဝါဒ အောင်ပွဲအတွက် လက်နက်ဖြစ်လာအောင် ပြုလုပ်ရန် ဖြစ်ပေသည်။

ကွန်မြူနစ်များသည် အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် ယေဘုယျလူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုတို့အား ဆိုဗီယက်အာဏာနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်တို့၏ အနံ့အပြားအောင်ပွဲခံရေးဆီသို့ အဖြောင့်တန်းဆုံးနှင့် အတိုဆုံးလမ်းအတိုင်း ညွှန်ကြားပေးရေးအတွက် အစွမ်းကုန်လုံးပန်းကြရမည်။ ဤသည် မငြင်းနိုင်သည့် အမှန်တရားဖြစ်ပေသည်။ သို့သော် ၎င်းနှင့်ဦးတည်ရာဘက် တထပ်တည်းတွင်ရှိသည်ဟု ထင်ရသည့် ခြေလှမ်းတလှမ်းမျှပို၍ လှမ်းလိုက်ရုံဖြင့် အမှန်သည် အမှားဖြစ်လာပေတော့သည်။ ဂျာမန်နှင့် ဗြိတိသျှလက်ဝဲ ကွန်မြူနစ်များပြောသကဲ့ပင် ကျွန်တော်တို့သည် တလမ်းတည်းကိုသာ တိုက်ရိုက်လမ်းကိုသာ အသိအမှတ် ပြုသည်ဟုလည်းကောင်း၊ ကျွန်တော်တို့သည် နည်းပရိယာယ်ဆင်ခြင်း၊ အထိုက်အလျောက်လုပ်ကိုင်ခြင်း၊ စေ့စပ်ခြင်းတို့ကို ခွင့်မပြုဟူ၍လည်းကောင်း ပြောရတော့မည် ဖြစ်ပေသည်။ ဤသည်မှာ အမှားဖြစ်တော့သည်။ ဤကဲ့သို့သော အမှားမျိုးသည် ကွန်မြူနစ်ဝါဒအား အလွန်ပြင်းထန်သည့် ထိခိုက်ပျက်စီးမှု ပေးလိမ့်မည်ဖြစ်သည်။ တစိတ် တပိုင်းအားဖြင့်လည်း ပေးခဲ့ပြီဖြစ်၍ ယခုလည်း ဆက်လက်ပေးနေဆဲ ဖြစ်ပေသည်။ လက်ယာတရားသေဝါဒသည်ကား သဏ္ဍာန်ဟောင်းများကိုသာ အသိအမှတ်ပြုရေးအား

အသေဆုပ်ကိုင်ထားခဲ့၍ ချွတ်ခြုံကျခဲ့ပေသည် အဘယ်ကြောင့်ဆိုသော် ၎င်းသည် အတွင်းသဘောသစ်ကို လျစ်လျူရှုသောကြောင့်ဖြစ်သည်။ လက်ဝဲတရားသေဝါဒ သည်ကား တစုံတရာသဏ္ဍာန်ဟောင်းကို ချွင်းချက်မရှိ ငြင်းပယ်မှုအား အသေဆုပ် ကိုင်ထားကာ အတွင်းသဘောသစ်သည် ရှိရှိသမျှသဏ္ဍာန်များ အားလုံးကို ဖြတ်သန်း ၍ မိမိလမ်းကို အတင်းထွင်နေမှုအား မမြင်ခဲ့ကြပေ။ ကွန်မြူနစ်များ၏ တာဝန်သည် သဏ္ဍာန်များအားလုံးကို ပိုင်နိုင်ကျွမ်းကျင်ရေးဖြစ်ကြောင်း၊ သဏ္ဍာန်တခုဖြင့် ဖြည့် စွက်ပေးရေးကိုလည်းကောင်း၊ တခုကိုအခြားတခုဖြင့် အစားထိုးပေးရေးကိုလည်း ကောင်း ၊ ကျွန်တော်တို့၏ လူတန်းစား သို့မဟုတ် ကျွန်တော်တို့၏ ကြိုးပမ်းမှုဖြင့်ပေါ် ပေါက်လာသည် မဟုတ်သော ဤပြောင်းလဲမှုများနှင့်အညီ နည်းပရိယာယ် ကျင့် သုံးရန်ကိုလည်းကောင်း အမြန်ဆုံးလေ့လာ သင်ယူရမည်ဖြစ်ကြောင်းကိုလည်း မသိခဲ့ကြပေ။

ကမ္ဘာ့တော်လှန်ရေးသည် ကမ္ဘာ့နယ်ချဲ့ဝါဒစစ်ပွဲကြီး၏ ကြောက်ရွံ့ထိတ်လန့် ဖွယ်ရာများ၊ ဆိုးသွမ်းမှုများ၊ မုန်းတီးဖွယ်ရာများတို့နှင့်လည်းကောင်း၊ ၎င်းစစ်ပွဲကြီးက ဖန်တီးခဲ့သည့် မျှော်လင့်ဖွယ်ကင်းမဲ့သော အခြေအနေများမှနေ၍ ဤသို့သော အင် အားကြီးမားသည့် တွန်းအားနှင့် လျင်မြန်မှုများကို ရရှိခဲ့ပေသည်။ ဤတော်လှန် ရေးသည် ဤသို့ကြီးကျယ်သော အရှိန်ဖြင့်လည်းကောင်း၊ ဤသို့သဏ္ဍာန်များ ပြောင်း လဲနေသည့် ပြောင်းလဲမှုအမျိုးမျိုးဖြင့်လည်းကောင်း၊ ဤသို့တရားသေဝါဒ အားလုံးကို မှတ်သားလောက်အောင် လက်တွေ့ချေပခဲ့ခြင်းဖြင့်လည်းကောင်း၊ ကျယ်ဝန်းစွာနှင့် နက်ရှိုင်းစွာ ဖြစ်ပေါ်တိုးပွားနေပေသည်။ သို့ဖြစ်၍ နိုင်ငံတကာ့ ကွန်မြူနစ်ဝါဒ လှုပ်ရှား မှုအား "လက်ဝဲဂိုဏ်း"ကွန်မြူနစ်ဝါဒီများ၏ သူငယ်နာရောဂါကို မြန်မြန်နှင့် လုံးဝ ပျောက်ကင်းရန် မျှော်လင့်ချက်များအတွက် ခိုင်လုံသည့် အကျိုးအကြောင်းများ ရှိနေ ပေသည်။

**၁၉၂၀ ခု၊ ဧပြီလ ၂၇ ရက်နေ့**

## နောက်ဆက်တွဲ

တကမ္ဘာလုံးရှိ နယ်ချဲ့သမားများက ပစ္စည်းမဲ့တော်လှန်ရေးအား လက်စား ချေခြင်းကြောင့် ကျွန်တော်တို့ တိုင်းပြည်သည် အလုယက်အဖျက်ဆီး ခံရသည်။ ထို့ပြင် မိမိတို့၏ အလုပ်သမားများအား ပေးထားသည့် မိမိတို့၏ ကတိများအားလုံးကို မ ထောက်ထားတော့ဘဲ ကျွန်တော်တို့ တိုင်းပြည်ကို လုယက်ဖျက်ဆီးခြင်းနှင့် ပိတ်ဆို့ခြင်း များ ဆက်လက်ပြုလုပ် နေသေးသည်။ ကျွန်တော်တို့၏ တိုင်းပြည်ရှိ စာပေ ထုတ်ဝေရေး ဌာနများက ကျွန်တော်၏ စာစောင်ကို ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးမီ အချိန်တွင် နိုင်ငံခြားမှ ဖြည့်စွက်စရာ အချက်အလက်များ ရောက်ရှိလာပေသည်။ ကျွန်တော်၏ စာစောင်ထဲတွင် နိုင်ငံရေးဝေဖန်ရေးသမားတဦး၏ အလောသုံးဆယ် ရေးထားသော မှတ်စုထက် နည်းနည်းကျယ်သော တင်ပြမှုကို မပြုတော့ဘဲ ကျွန်တော်သည် အချက် အချို့နှင့် ပတ်သက်၍ အကျဉ်းမျှဖော်ပြသွားမည်။

## ၁။ ဂျာမန်ကွန်မြူနစ်များအတွင်း ကွဲပြဲမှု

ဂျာမနီပြည်တွင် ကွန်မြူနစ်များအတွင်း ကွဲပြဲမှုပေါ်ပေါက်ခဲ့လေပြီ။ ''လက်ဝဲ သမားများ''သို့မဟုတ်''မူအရအတိုက်အခံ''များသည် ''ကွန်မြူနစ်ပါတီ''နှင့် ကွဲပြား ခြားနားသော သီးခြား''ကွန်မြူနစ်အလုပ်သမားပါတီ''တရပ်ကို ဖွဲ့စည်းခဲ့ကြသည်။ ကွဲပြဲမှုသည် အီတလီပြည်တွင်လည်း ဖြစ်တော့မည့် အရိပ်အရောင်ရှိပေသည်။ အရိပ် အရောင် ရှိပေသည်ဟု ပြောရခြင်းသည် အသစ်ရောက်လာသည့် လက်ဝဲသတင်းစာ အီလ်ဆိုဗီယက် (အမှတ် ၇ နှင့် ၈) နှစ်စောင်သာ ကျွန်တော့်တွင် ရှိသောကြောင့် ဖြစ်ပေသည်။ ၎င်းတို့ထဲတွင် ကွဲပြဲနိုင်မှုနှင့် ကွဲပြဲရန်လိုအပ်မှုတို့ကို အတိအလင်း ဆွေး နွေးထားလေသည်။ ထို့ပြင်''မဲပေးရန် ရှောင်နေသည့်''ဂိုဏ်း (သို့မဟုတ် သပိတ် သမားများ၊ ဆိုလိုသည်မှာ ပါလီမန်ထဲပါဝင်ရေးကို ဆန့်ကျင်သူများ)၏ ကွန်ဂရက် အကြောင်းကိုပါ ဖော်ထုတ်ပြောဆိုထားလေသည်။ ထိုဂိုဏ်းသည် အီတလီ ဆိုရှယ် လစ်ပါတီ၏ တစိတ်တပိုင်းပင် ဖြစ်နေသေးသည်။

“လက်ဝဲသမားများ”ဆိုလိုသည်မှာ ပါလီမန်ဆန့်ကျင်ရေးသမားများ (၎င်းအထဲရှိ တစိတ်တပိုင်းသည် နိုင်ငံရေးကို ဆန့်ကျင်ကြပေသည်။ ဆိုလိုသည်မှာ နိုင်ငံရေးပါတီကိုလည်းကောင်း၊ အလုပ်သမားသမဂ္ဂများအတွင်း၌ အလုပ်လုပ်ကိုင်ရေးကိုလည်းကောင်း၊ ဆန့်ကျင်ကြပေသည်) နှင့် ကွဲပြဲမှုသည် “ဗဟိုဝါဒီများ” (သို့မဟုတ် ကောက်စကီးများ၊ လောင်ဂွတ်များ “အင်ဒီပင်းဒင့်များ”အစရှိသည်တို့) နှင့် ကွဲပြဲခဲ့ရသကဲ့သို့ နိုင်ငံတကာ့ အခြင်းအရာ ဖြစ်လာမည်ကို စိုးရိမ်စရာအကြောင်းရှိပေသည်။ ဖြစ်လိုကဖြစ်ပါစေ။ ကွဲပြဲမှုသည် ရှုပ်ထွေးမှုထက်စာလျှင် တော်ပေသေးသည်။ အဘယ်ကြောင့်ဆိုသော် ဤရှုပ်ထွေးမှုများသည် ပါတီ၏ အတွေးအခေါ်အရ၊ သဘော တရားရေးအရ၊ တော်လှန်ရေးစိတ်ဓာတ်အရ၊ ကြီးထွားမှုနှင့် ရင့်ကျက်မှုများကို တားဆီးထားသောကြောင့်လည်းကောင်း၊ ပစ္စည်းမဲ့အာဏာရှင်စနစ်အတွက် တကယ်တမ်း လမ်းရှင်းပေးမှု ဖြစ်သောပါတီ၏ တက်ညီလက်ညီဖြစ်ပြီး တကယ်တမ်း စည်းရုံးမှုရှိသည့် လက်တွေ့လုပ်ငန်းကို တားဆီးထားသောကြောင့်လည်းကောင်း ဖြစ်ပေသည်။

“လက်ဝဲသမားများ”အား အမျိုးသားအတိုင်းအတာနှင့် နိုင်ငံတကာအတိုင်းအတာအရ ကိုယ်တိုင်လက်တွေ့ စမ်းသပ်ကြပါစေ။ ၎င်းတို့အား သံမဏိစည်းကမ်းနှင့် တင်းကျပ်သော ဗဟိုချုပ်ကိုင်မှုရှိသည့် ပါတီတရပ်မရှိဘဲနှင့်လည်းကောင်း၊ ဘက်အသီးသီး၊ ဌာနခွဲအသီးသီး နိုင်ငံရေးရာနှင့် ယဉ်ကျေးမှုရေးရာ လုပ်ငန်း အမျိုးမျိုးကို လုပ်ကိုင်နိုင်စွမ်း မရှိဘဲနှင့်လည်းကောင်း၊ ပစ္စည်းမဲ့အာဏာရှင်စနစ်အတွက် ပြင်ဆင်ရန် (ထို့ပြင် အကောင်အထည်ဖော်ရန်) ကြိုးစားလိုက ကြိုးစားကြစမ်းပါစေ။ မကြာခင် သူတို့ကို လက်တွေ့ အတွေ့အကြုံက ပညာပေးပေလိမ့်မည်။

ဤမျှမက“လက်ဝဲသမားများ”နှင့် ကွဲပြဲရခြင်းက ဆိုဗီယက်အစိုးရနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်အတွက် ရိုးသားစွာနှင့် ဖြောင့်မှန်စွာ ရပ်တည်ကြသည့် အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ အစိတ်အပိုင်းအားလုံး၏ နောင်မကြာမီအတွင်း မလွဲမသွေ ပေါ်ပေါက်လာကြမည်ဖြစ်သည့် တခုတည်းသော ပါတီအတွင်းသို့ မုချပေါင်းစည်းမိကြမည့်အရေးကို မတားဆီးစေရန် သို့မဟုတ် အတားအဆီးဖြစ်မှုနည်းနိုင်သမျှနည်းစေရန် အစွမ်းကုန်ကြိုးစားကြရမည်။ ရုရှားဖော်ရှီဗစ်များ၏ အထူးကံကောင်းလှပုံမှာ ပစ္စည်းမဲ့ အာဏာရှင်စနစ် ရယူရေးအတွက် လူထု၏ တိုက်ရိုက်တိုက်ပွဲမဆင်မီ ရှည်ကြာစွာကတည်းကပင် မင်ရှီဗစ်များ (ဆိုလိုသည်မှာ အချောင်ဝါဒီများနှင့်“အလယ်ဗဟိုဂိုဏ်းသားများ”) ကိုလည်းကောင်း၊ “လက်ဝဲဂိုဏ်းသားများ”ကိုလည်းကောင်း၊ ဆန့်ကျင်သည့် စနစ်ကျ၍ကုန်စင်သော တိုက်ပွဲကို ၁၅ နှစ်

တိုင်တိုင် ဆင်နွှဲခဲ့ရခြင်း ဖြစ်ပေသည်။ ဥရောပနှင့် အမေရိကတွင်ကား ယခုအခါ မတတ်သာတော့ဘဲ "အမြန်ချီတက်" ရခြင်းဖြင့် ဤလုပ်ငန်းမျိုးကို လုပ်ကိုင်နေပေသည်။ လူတချို့တလေသည် အထူးသဖြင့် ခေါင်းဆောင်မှုနေရာကို ရယူလိုပြီး မရကြသူများသည် (အကယ်၍ သူတို့၌ ပစ္စည်းမဲ့စည်းကမ်းနှင့် ရိုးသားပွင့်လင်းသည့် သဘောထားများ ချို့တဲ့နေပါက) သူတို့၏ အမှားများကို ကြာရှည်စွာ အသေ ဆုပ်ကိုင်ထားကြလိမ့်မည် ဖြစ်သည်။ သို့သော် အချိန်အခါရင့်မှည့်လာသည်နှင့် တပြိုင် နက် အလုပ်သမား လူထုများသည် လျင်မြန်စွာနှင့် လွယ်ကူစွာ မိမိတို့ကိုယ်တိုင် စည်းလုံးလာကြလိမ့်မည်။ ထို့ပြင် ရိုးသားသစ္စာရှိသော ကွန်မြူနစ်မှန်သမျှကို စည်းလုံး၍ ဆိုဗီယက်စနစ်နှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်တို့ကို အကောင်အထည် ဖော်နိုင်စွမ်းရှိသည့် တခုတည်း သော ပါတီကိုထူထောင်ကြလိမ့်မည်ဖြစ်သည်။ *

————————

* အနာဂတ်တွင် "လက်ဝဲဂိုဏ်း" ကွန်မြူနစ်များ (ဝါ) ပါလီမန်ဆန့်ကျင်ရေးသမားများနှင့် ယေဘုယျကွန်မြူနစ်များ ပေါင်းစပ်မိကြမည့် ပြဿနာနှင့်ပတ်သက်၍ အောက်ပါ အချက်များကို ကျွန်တော်ညွှန်ပြလိုပေသေးသည်။ ကျွန်တော် ဖတ်ခဲ့ရသမျှသော ဂျာမနီရှိ "လက်ဝဲဂိုဏ်း" ကွန်မြူနစ်များနှင့် ယေဘုယျကွန်မြူနစ်များ၏ သတင်းစာများအရဆိုသော် "လက်ဝဲသမားများ"၏ တပန်းသာမှုသည်ကား သူတို့သည် ယေဘုယျ ကွန်မြူနစ်များထက် စာသော် လူထုအတွင်း၌ လှုံ့ဆော်ပညာပေးသည့် လုပ်ငန်းလုပ်ဆောင်မှုကို ပိုမိုစွမ်းဆောင်နိုင်ခြင်း ဖြစ်ပေသည်။ ကျွန်တော်သည် ဖော်ရှီဗစ်ပါတီ၏ သမိုင်းထဲ၌ အလားတူအဖြစ်များကို ထပ်တလဲလဲတွေ့ခဲ့ပေသည်။ သို့သော်လည်း အတိုင်းအတာပိုမိုသေးငယ်၍ ဒေသန္တရအစည်းအရုံး တခုချင်း၌ဖြစ်ပြီး တပြည်လုံးအတိုင်းအတာအရ မဟုတ်ပေ။ ဥပမာဆိုသော် ၁၉၀၇–၁၉၀၈ ခုနှစ်အတွင်းတွင် "လက်ဝဲဂိုဏ်း"ဖော်ရှီဗစ်များသည် တခါတရံ အချို့သောနေရာများတွင် လူထုကို လှုံ့ဆော် ပညာပေးရာ၌ ကျွန်တော်တို့ထက် ပိုမိုအောင်မြင်မှုများ ရှိကြပေသည်။ တစိတ်တပိုင်း အားဖြင့် ဤသည် တော်လှန်ရေးကာလအတွင်း သို့မဟုတ် တော်လှန်ရေးနှင့် ပတ်သက်၍ ပူပူနွေးနွေး အမှတ်ရနေကြသေးသည့် ကာလအတွင်း၌ ငြင်းပယ်မှု "သက်သက်" နည်းပရိယာယ်များဖြင့် လူထုထံ ချဉ်းကပ်ရန် ပိုမို၍လွယ်ကူသောကြောင့် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ၎င်းသည် ဤကဲ့သို့သော နည်းပရိယာယ်မျိုး မှန်ကန်ကြောင်းကို ပြသသည့် အထောက်အထား မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ သံသယနည်းနည်းကလေးမှ ရှိစရာမလိုသည်မှာ တော်လှန်သော **လူတန်းစား** (ဝါ) ပစ္စည်းမဲ့ လူတန်းစား၏ စစ်မှန်သည့်တပ်ဦး၊ ရှေ့တန်းရောက် တပ်ဖွဲ့ ဖြစ်လိုသည့် ထို့ပြင်ထပ်၍

## ၂။ ဂျာမနီပြည်ရှိ ကွန်မြူနစ်များနှင့် အင်ဒီပင်းဒင့်များ

ဤစာစောင်ထဲ၌ ကွန်မြူနစ်များနှင့် အင်ဒီပင်းဒင့် လက်ဝဲဂိုဏ်းတို့အကြား စေ့စပ်ရေးသည် ကွန်မြူနစ်ဝါဒအတွက် လိုအပ်၍ အကျိုးရှိကြောင်းကိုလည်းကောင်း၊ သို့သော်ဤသည် လွယ်လွယ်နှင့် ဖြစ်မြောက်နိုင်လိမ့်မည် မဟုတ်ကြောင်းကို လည်းကောင်း ကျွန်တော်ဖော်ထုတ် ပြောဆိုထားပေသည်။ နောက်ပိုင်းတွင် ကျွန်တော်ရရှိသော သတင်းစာများက ဤထင်မြင်ချက် နှစ်ရပ်စလုံးကို ခိုင်မာစေခဲ့သည်။ (၁၉၂၀ ခုနှစ် မတ်လ ၂၆ စပါတာကပ်အဖွဲ့ချုပ်မှ ထုတ်ဝေသော) ဂျာမနီကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အာဘော်ဖြစ်သော **အလံနီ** အမှတ်စဉ် ၃၂ တွင် ကပ် (ပ်) လတ်ဝစ်စစ်ရေးအရဲစွန့်ထကြွမှု[၂၅] နှင့်ပတ်သက်၍လည်းကောင်း၊ "ဆိုရှယ်လစ်အစိုးရ"နှင့်ပတ်သက်၍လည်ကောင်း ထိုဗဟိုကော်မတီ၏ "ကြေညာချက်"ကို ထည့်သွင်း ဖော်ပြထားလေသည်။ ဤကြေညာချက်သည် ၎င်း၏အခြေခံ ရှေ့ဦးလိုအပ်ချက် အဖြစ်ဖြင့်လည်းကောင်း၊ လက်တွေ့နိဂုံးချုပ်ချက်များ အဖြစ်ဖြင့်လည်းကောင်း ကြည့်ရှုပါက လုံးဝမှန်ကန်ပေသည်။ အခြေခံရှေ့ဦး လိုအပ်ချက်ဆိုသည်မှာ မျက်မှောက်အခါ၌ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်၏ "ပကတိဘာဝအုတ်မြစ်"မရှိခြင်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်"မြို့နေအလုပ်သမားအများစု" က အင်ဒီပင်းဒင့်များကို ထောက်ခံနေသောကြောင့် ဖြစ်လေသည်။ နိဂုံးချုပ်ချက်ဆိုသည်မှာ"ခနရှင်အရင်းရှင်နိုင်ငံရေးပါတီများကို ဖယ်ထုတ်ထားသော ဆိုရှယ်လစ်အစိုးရ"အပေါ် "သစ္စာစောင့်သော အတိုက်အခံများ"(၎င်းမှာ"အကြမ်းဖက် ဖြိုချ ရေး"အတွက် ပြင်ဆင်မှုများ အား စွန့်လွှတ်ခြင်းကို ဆိုလိုပေသည်) အဖြစ်နေရန် ကတိပြုခြင်း ဖြစ်ပေသည်။

ဤနည်းပရိယာယ်များ အခြေခံအားဖြင့် မှန်ကန်နေခြင်းကို သံသယရှိရန်မလိုပေ။ တင်ပြရာ၌ သေးမွှားသည့်မတိကျမှုနှင့် ပတ်သက်၍ လေကုန်ခံရန်မလို

---

ပြောဆိုရပါက ကျယ်ပြန့်သော **လူထု**များကို ခေါင်းဆောင် ရန် ပစ္စည်းမဲ့လူတန်းစားသာလျှင်မက သွေးစုပ်ခံလုပ်သားများ၏ ပစ္စည်းမဲ့လူတန်းစား **မဟုတ်သော** လူထုများကိုပါ ခေါင်းဆောင်ရန် တတ်မြောက်လိုသော ကွန်မြူနစ်ပါတီသည် မြို့နေစက်ရုံလူထုများနှင့် ကျေးလက်လူထုများ နှစ်ရပ်စလုံးအတွက် လက်ခံလွယ်ဆုံးသော၊ နားလည်လွယ်ဆုံးသော၊ အရှင်းလင်းဆုံးသော၊ အသက်ပါဆုံးသော နည်းလမ်းများအရဖြင့် မည်သို့ဝါဒဖြန့် စည်းရုံးလှုံ့ဆော်ရမည်ကို သိနားလည်ထားရမည် ဖြစ်သည်။

သော်လည်း ကျွန်တော်တို့သည် ဆိုရှယ်သစ္စဖောက်များ၏ အစိုးရကို "ဆိုရှယ်လစ်" အစိုးရဟု (ကွန်မြူနစ်ပါတီ၏ တရားဝင်ထုတ်ပြန်ချက်များ အတွင်း၌) ရေးသား မဖော်ပြသင့်ပေ။ ရှိတ်ဒီမန်များနှင့် လူကြီးမင်းကောက်စကီးများ၊ ကရစ္စပင်များ၏ ပါတီ ၂ ရပ်စလုံးသည် ဓနရှင်ပေါက်စ ဒီမိုကရေစီပါတီများ ဖြစ်နေကြသည့်အခါတွင် "ဓနရှင် အရင်းရှင်ပါတီများ"ကို ဖယ်ထုတ်လိုက်သည်ဟု မပြောသင့်ပေ။ ကြေညာချက်အပိုဒ် (၄) တွင်ပါရှိသော အကြောင်းအရာများကို အောက်ဖော်ပြပါအတိုင်း ရေးသားရန် ခွင့်မပြုနိုင်ပေ။

" ... နိုင်ငံရေးလွတ်လပ်မှုများကို အကန့်အသတ်မရှိ ခံစားနိုင်ပြီး ဓနရှင် ဒီမိုကရေစီသည် အရင်းအနှီး၏ အာဏာရှင်စနစ် ဖြစ်မလာနိုင်သည့် ဤကဲ့သို့ သော အခြေအနေမျိုးသည် ပစ္စည်းမဲ့အာဏာရှင်စနစ် ဖြစ်ပေါ်တိုးပွားရေး အမြင်အရ ဆိုသော် ပစ္စည်းမဲ့လူထုများကို ကွန်မြူနစ်ဝါဒဘက်သို့ ရောက်လာအောင် ဆက်လက် သိမ်း သွင်းရေးအတွက် အလွန့်အလွန် အရေးကြီးပေသည်။ ... "

ဤကဲ့သို့သော အခြေအနေမျိုးသည် လုံးဝမရှိနိုင်ပေ။ ဓနရှင်ပေါက်စ ခေါင်းဆောင်များ ဖြစ်ကြသော ဂျာမနီရှိ ဟင်ဒါဆင်များ (ရှိတ်ဒီမန်များ၊ စနိုဒင်များ၊ ကရစ္စပင်များ)သည် ဓနရှင်ဒီမိုကရေစီ အဝန်းအဝိုင်းမှ ကျော်ထွက်မလာကြပေ။ ကျော် လည်းမကျော်လွန် နိုင်ကြပေ။ ထို့ပြင် ဤကဲ့သို့သော ဒီမိုကရေစီမျိုးသည်လည်း အရင်းအနှီး၏ အာဏာရှင်စနစ် မဖြစ်ဘဲမနေနိုင်ပေ။ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ သည် လက်တွေ့အကျိုးသက်ရောက်မှုများ ရရှိရန်လုံးဝမှန်ကန်စွာ အားသွန်ကြိုးပမ်း နေသည်ဆိုပါက မူအရ မမှန်ကန်ဘဲ နိုင်ငံရေးအရ အန္တရာယ်ကြီးသည့် ဤကဲ့သို့သော အရာမျိုးကို လုံးဝမရေးသားသင့်ပေ။ (အကယ်၍ ပါလီမန်စနစ်၏ လောကွတ် စကား အတိုင်း ဆိုသော်) မြို့နေအလုပ်သမား အများစုသည် အင်ဒီပင်းဒင့်များ၏ နောက်သို့ လိုက်နေသမျှကာလပတ်လုံး ဤအလုပ်သမားများသည် သူတို့"ကိုယ်ပိုင်" အစိုးရ မှတဆင့် ရရှိသည့်အတွေ့အကြုံအားဖြင့် သူတို့၏နောက်ဆုံးဖြစ်သော နလပိန်း တုံးဒီမိုကရေစီ(ဆိုလိုသည်မှာ"ဓနရှင်အရင်းရှင်") စိတ်ကူးယဉ်မှုများကို ကျော်လွှား ရေးအား ကျွန်တော်တို့ ကွန်မြူနစ်များက မည်သို့မျှတားဆီးရန် မလိုပေဟု ပြောခြင်း ဖြင့် လုံလောက်ပေသည်။ ဤသည်မှာ တကယ်တမ်းလိုအပ်နေသော စေ့စပ်ရေး အတွက် လုံလောက်သော အခြေခံဖြစ်ပေသည်။ ၎င်းကားတစုံတခုသော ကာလ အတွင်း မြို့နေအလုပ်သမားအများစု၏ ယုံကြည်မှုကိုရရှိနေရသော အစိုးရအား အဓမ္မဖြိုချရန် ကြိုးပမ်းချက်အားလုံး စွန့်လွှတ်ထားရမည် ဟူသောအချက်ကို

ထည့်သွင်းသင့်သည်။ သို့သော် ပါလီမန်စနစ်၏ တရားဝင် လောကွတ်လုပ်မှုများ၏ ကန့်သတ်မှုများကို မခံရသည့်လူထုအား ပညာပေးလှုံ့ဆော်သည့် နေ့စဉ်လုပ်ငန်းအတွင်း ဓမ္မတာပင် အောက်ပါအတိုင်း ထပ်လောင်း၍ ပြောနိုင်ပေသည်။ ရှိတ်ဒီမန်ကဲ့သို့သော လူယုတ်မာများနှင့် ကောက်စကီး၊ ကရစ္စပင်များကဲ့သို့သော နလပိန်းတုံးများသည် မိမိတို့ကိုယ်တိုင် မည်ကဲ့သို့ အရူးလုပ်ခဲ့ပုံနဲ့ အလုပ်သမားများအား မည်ကဲ့သို့ အရူးလုပ်နေပုံတို့ကို မိမိတို့၏ ပြုမူလုပ်ကိုင်မှုများဖြင့် ဖော်ပြပါစေ၊ သူတို့၏ "သန့်ရှင်းသော"အစိုးရကိုယ်တိုင်သည် ဆိုရှယ်လစ်ဝါဒ၊ ဆိုရှယ်ဒီမိုကရေစီနှင့် အခြားသော ဆိုရှယ်သစ္စာဖောက်သဏ္ဍာန်များ၏ "အော်ဂီယံ" နွားတင်းကုတ်ကို "ဆေးကြောသုတ်သင်"ရာတွင် "အသန့်ရှင်းဆုံး" ဖြစ်အောင် လုပ်ပေလိမ့်မည်။

ဂျာမနီ အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ လက်ရှိခေါင်းဆောင်များ (ဤခေါင်းဆောင်များမှာ လုံးဝသြဇာကျဆင်းခဲ့ပြီဟု မှားယွင်းစွာ ပြောနေကြပေသည်။ အမှန်မှာသူတို့သည် ကိုယ့်ကိုယ်ကို ကွန်မြူနစ်ပုံဖမ်းထားပြီး ပစ္စည်းမဲ့အာဏာရှင်စနစ်ကို "ထောက်ခံပါမည်"ဟု ကတိပေးထားသည့် ဟန်ဂေရီ ဆိုရှယ်ဒီမိုကရက်များထက်ပင် ပို၍ပစ္စည်းမဲ့လူတန်းစားအတွက် အန္တရာယ်ကြီးပေသည်။) ၏ဇာတိရုပ်သည် ဂျာမန်ကော့နီလော့ဖ် အဖြစ်အပျက်အတွင်း၌ ဆိုလိုသည်မှာ ကပ် (ပ်)လတ်ဝစ် စစ်ရေးအရဲစွန့်ထကြွမှု * ၌ တကြိမ်ထပ်မံ၍ ဖော်ပြခဲ့လေသည်။ ၁၉၂၀ ခုနှစ် မတ်လ ၃၀ ရက်နေ့ထုတ် **ဖရိတ်ဟိတ်**(အင်ဒီပင်းဒင့်များ၏ အာဘော်၊ လွှတ်လပ်ရေးသတင်းစာ)ထဲရှိ ကားကောက်စကီး၏"ဆုံးဖြတ်ချိန်"ဟု ခေါင်းစီးတပ်ထားသည့် ဆောင်းပါးနှင့် ၎င်းသတင်းစာ၏ ၁၉၂၀ ခုနှစ် ဧပြီ ၁၄ ရက်နေ့ထုတ်ထဲတွင်ပါရှိသော အာသာခရစ္စပင်၏"နိုင်ငံရေးအခြေအနေ"ဟူသော ခေါင်းစီးတပ်ထားသည့် ဆောင်းပါးတို ၂ စောင်သည်လည်း ထိမိလှပေသည်။ ဤလူကြီးမင်းတို့သည် တော်လှန်ရေးသမားများကဲ့သို့ တွေးတောနိုင်စွမ်းနှင့် ဆင်ခြင်စဉ်းစားနိုင်စွမ်း လုံးဝမရှိကြပေ။ သူတို့သည် ဟန်ဆောင်၍ ငိုနေသောနလပိန်းတုံး ဒီမိုကရက်များသာဖြစ်သည်။ ဆိုဗီယက်

------------------

* ဤအချက်နှင့်ပတ်သက်၍ ၁၉၂၀ ခုနှစ် မတ်လ ၂၈ နှင့် ၃၀ နေ့ထုတ် ဩစတီးယားကွန်မြူနစ်ပါတီ၏ အကောင်းဆုံးအာဘော် အလံနီ (အမှတ် ၂၆၆–၂၆၇ တွင်ပါရှိသော အယ်လ်အယ်လ်၏ "ဂျာမန်တော်လှန်ရေးအဆင့်သစ်") တွင် မှာ့က်စ်ဝါဒအတိုင်း တိုတိုရှင်းရှင်းနှင့် တိကျစွာရေးသား ဖော်ပြခဲ့လေသည်။

အစိုးရနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်တို့ကို ထောက်ခံသူများအဖြစ် သူတို့ ကြေညာပြောဆိုနေသည့်အခါတွင် သူတို့သည် ပစ္စည်းမဲ့လူတန်းစားအတွက် အဆရာထောင်မက အန္တရာယ်ကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့တွင်ခက်ခဲ၍ အန္တရာယ်များသော အခြေအနေများ ပေါ်ပေါက်လာတိုင်း သူတို့သည် မုချပင် သစ္စာဖောက်မှုကို ကျူးလွန်ကြသည်။ ... တချိန်တည်းမှာပင် သူတို့သည် ပစ္စည်းမဲ့ လူတန်းစားကို ကူညီနေပါသည်ဟု "ရိုးသားစွာ" ယုံကြည်နေကြသေးသည်။ သူတို့ကိုယ်သူတို့ ကွန်မြူနစ်များဟု ပြန်လည်ကင်းပွန်းတပ်ထားသည့် ဟန်ဂေရီ ဆိုရှယ်ဒီမိုကရက်များသည် သူတို့၏သူရဲဘောနည်းမှုနှင့် ကျေရိုးမဲ့မှုတို့ကြောင့် သူတို့က ဟန်ဂေရီရှိ ဆိုဗီယက်စနစ်၏အခြေအနေသည် မျှော်လင့်စရာမရှိတော့ဟု စဉ်းစားကြပြီး အင်တွန်အရင်းရှင်များနှင့် အင်တွန် ပါးကွက်အာဏာသားတို့၏ နောက်လိုက်ခွေးများအား ငိုယိုတိုင်တန်းနေစဉ်မှာလည်း ပစ္စည်းမဲ့လူတန်းစားကို "ကူညီ" လိုနေကြသေးသည် မဟုတ်ပါသလော။

## ၃။ အီတလီပြည်ရှိ တူရပ်တီများနှင့် အပေါင်းပါများ

ဤစာစောင်ထဲ၌ ကျွန်တော်ပြောခဲ့သည့်အချက်ကို အထက်တွင် ကိုးကားညွှန်ပြထားသည့် အီတလီသတင်းစာ **အီလ်ဆိုဗီယက်**များက လုံးဝအတည်ပြုခဲ့သည်။ ၎င်းမှာ အီတလီဆိုရှယ်လစ်ပါတီ၏ မိမိတပ်ဖွဲ့ထဲ၌ ဤကဲ့သို့သော ပါလီမန်အဖွဲ့ဝင်များနှင့် ထိုထက်မက ဤသို့သော ပါလီမန်အုပ်စုများကိုပင် လက်ခံခဲ့သည့်အမှားဖြစ်ပေသည်။ ထိုအချက်အား ပြင်ပမှ အကဲခတ်ရသူတဦးဖြစ်သော အင်္ဂလိပ်နေရှင်လစ်ဘရယ်သတင်းစာ **မန်ချက်စတာဂါဒီယန်**၏ ရောမမြို့သတင်းထောက်က ထပ်မံ၍ အတည်ပြုခဲ့သေးသည်။ ၎င်းသတင်းထောက်၏ တူရပ်တီနှင့် တွေ့ဆုံဆွေးနွေးခန်းကို ၁၉၂၀ ခုနှစ် မတ်လ ၁၂ ရက်နေ့ထုတ် သတင်းစာထဲတွင် ထည့်သွင်းဖော်ပြခဲ့လေသည်။ ဤသတင်းထောက်က ရေးသားထားသည်မှာ –

" ... တော်လှန်ရေးအန္တရာယ်သည် အီတလီပြည်တွင် အခြေအမြစ်မရှိသော စိုးရိမ်မှုများကို ဖြစ်စေလောက်သည့် အခြေအနေသို့ မရောက်သေးပါဟု လူကြီးမင်း တူရပ်တီက ယူဆလေသည်။ အဆုံးစွန်သမားများက ဆိုဗီယက် သဘောတရားများ၏ မီးတောက်ကို ယပ်ခတ်ပေးနေခြင်းသည် လူထုအား နိုးကြားထကြွနေစေရေးနှင့် သွေးဆူနေစေရေး အတွက်သာလျှင် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ဤသဘော

တရားများသည် ဒဏ္ဍာရီသဖွယ် ထင်မြင်ယူဆချက် သက်သက်သာဖြစ်ပြီး လက်တွေ့ အသုံးချရန် မဖြစ်နိုင်သည့် မရင့်မှည့်သေးသော လုပ်ငန်းစဉ်မျှသာ ဖြစ်ပေသည်။ ၎င်းတို့သည် လုပ်သားလူတန်းစားများအား မျှော်လင့်နေသည့် အခြေအနေ၌သာ ထိန်းသိမ်းထားလိုခြင်းမျှသာ ဖြစ်ပေသည်။ ပစ္စည်းမဲ့တို့၏ မျက်စေ့များပြာဝေသွားစေရန် ဤသဘောတရားများကို မြူလုံးအဖြစ် အသုံးပြုနေကြသည့် ဤသူများသည်ပင်လျှင် မကြာခဏစီးပွားရေး တိုးတက်မှုကလေးများရရှိရန် ကောင်းမွန်လာရေးအတွက် နေ့စဉ်နှင့် အမျှ မဖြစ်မနေတိုက်ပွဲဝင်နေကြလေသည်။ သို့ဖြင့်လုပ်သားလူတန်းစားက စိတ်ကူးယဉ်မှုနှင့် သူတို့မြတ်နိုးလှသော ဒဏ္ဍာရီများအပေါ် ယုံကြည်မှုများ စွန့်လွှတ်ပစ် မည့်အချိန်ကို နှောင့်နှေးစေလိုက်ခြင်း ဖြစ်တော့သည်။ ထို့ကြောင့် မကြာမီကဖြစ်ခဲ့သော စာတိုက်နှင့် မီးရထားသပိတ်များအထိ အဆက်မပြတ် ဖြစ်ပေါ်နေသည့် အကြောင်းကြောင်းကြောင့် ဖြစ်ပေါ်နေသော သပိတ်ကြီးငယ် တသီတတန်းကြီးသည် တိုင်းပြည်၏ ပြင်းထန်ခက်ခဲလျက်ရှိသော အခြေအနေများကို ပိုမို၍ပင်ဆိုးဝါးစေခဲ့ ပေသည်။ တိုင်းပြည်သည် အေဒရီးယားတစ် ပြဿနာနှင့် ဆက်စပ်နေသည့် အခက်အခဲများကြောင့် မခံမရပ်နိုင်ဖြစ်ကာ နိုင်ငံခြားကြွေးမြီများကြောင့် လည်းကောင်း ဖောင်းပွသော ငွေစက္ကူလှည့်ပတ်မှုတို့ကြောင့်လည်းကောင်း ဖိစီးခြင်းခံနေရပေသည်။ သို့ပင်ဖြစ်ငြားလည်း အစီအစဉ်တကျ လိုက်နာရေးနှင့် သာယာဝပြောရေးများကို ပြန်လည်ပေးအပ်နိုင်သော တခုတည်းသောအရာဖြစ်သည့် အလုပ်စည်းကမ်းချမှတ်ကျင့်သုံးရေး လိုအပ်နေကြောင်းကို သိရှိနားလည်ရန် အလွန်အလှမ်း ကွာနေပေသည်။ ...”

တူရပ်တီကိုယ်တိုင်နှင့် အီတလီပြည်ရှိ သူ၏နောက်လိုက် ဓနရှင်ကိုကာကွယ်သူများ၊ အပေါင်းပါများနှင့် သွေးထိုးလှုံ့ဆော်သူများက ဖုံးဖိထား၍ အလှချယ်ထားဟန်တူသော အဖြစ်အမှန်ကို ဤအင်္ဂလိပ်သတင်းထောက်က အမှတ်မဲ့အားဖြင့် ထုတ်ဖော်ပြောဆိုလိုက်သည်မှာ နေ့အလင်းရောင်ကဲ့သို့ပင် ထင်ရှားလှပေသည်။ ဤအမှန်တရားသည်ကား လူကြီးမင်းတူရပ်တီ၊ ထရီဗစ်၊ မိုဒစ်ဂီလီယာနီ၊ ဒူဂိုနီနှင့် အပေါင်းပါတို့၏ အတွေးအခေါ်များနှင့် နိုင်ငံရေးလုပ်ဆောင်မှုများသည် အင်္ဂလိပ်သတင်းထောက် ဖော်ပြခဲ့သည်များနှင့် တကယ်ပင်တထပ်တည်း တူညီနေခြင်း ပင်ဖြစ်သည်။ ဤဆိုရှယ်လစ်ဝါဒကို လုံးလုံးလျားလျား သစ္စာဖောက်ခြင်းပင် ဖြစ်ပေသည်။ အရင်းရှင်များကြွယ်ဝစေရေးအတွက် ပင်ပန်းကြီးစွာ လုပ်ကိုင်နေကြရသည့် အခစားကျေးကျွန်များ ဖြစ်ကြသော အလုပ်သမားများအတွင်း အစီအစဉ်တကျ လိုက်နာရေး၊

စည်းကမ်းရှိရေးနှင့် ပတ်သက်၍ ဤရုပ်ခံပြောဆိုချက်ကိုသာ ကြည့်ကြပါလော့။ ဤမင်ရှီဗစ်စကားများ အားလုံးသည် ကျွန်တော်တို့ ရုရှားများအဖို့ နားယဉ်နေပြီ မဟုတ်ပါသလော။ လူထုများသည် ဆိုဗီယက်အစိုးရကို **ထောက်ခံကြသည်** ဟုပြော ခြင်းသည် အလွန်ပင်တန်ဖိုးရှိသော ဝန်ခံချက်ပါကလား။ အလိုအလျောက် ပြန့်ပွား လာသော သပိတ်များ၏ တော်လှန်သောအခန်းကို နားမလည်ခြင်းသည် မည်မျှမိုက် မဲ၍ ယုတ်ညံ့သော ဓနရှင်လူတန်းစားဆန်ခြင်းပါနည်း။ တကယ်ပင် အင်္ဂလိပ်ဓနရှင် လစ်ဘရယ်သတင်းစာမှ သတင်းထောက်၏ စေတနာသည် လူကြီးမင်းတုရုပ်တီနှင့် အပေါင်းပါတို့အတွက် ဝေဒနာဖြစ်စေပြီး ရဲဘော်ဘော်ဒီဂါနှင့် **အီလ်ဆိုဗီယက်** သတင်းစားထဲမှသူ၏ မိတ်ဆွေများ၏ တောင်းဆိုမှုသည် မှန်ကန်ကြောင်းကို အကောင်းဆုံး အတည်ပြုလိုက်ပေသည်။ သူတို့တောင်းဆိုသည်မှာ အီတလီ ဆိုရှယ် လစ်ပါတီသည် တတိယအင်တာနေရှင်နယ်ကို ထောက်ခံရန် တကယ်တမ်း လိုလား ပါက လူကြီးမင်း တုရုပ်တီနှင့် အပေါင်းပါတို့ကို မိမိ၏တပ်တွင်းမှ သံပုံးတီး တောထုတ် ပစ်၍ ဂုဏ်နှင့်ဒြပ်ကိုက်ညီသည့် ကွန်မြူနစ်ပါတီ ဖြစ်လာစေရမည်ဟူ၍ ဖြစ်သည်။

## ၄။ မှန်ကန်သည့် ရှေ့ဦးအကြောင်းအချက်ထဲမှ မှားယွင်းသည့် နိဂုံးချုပ်ချက်များ

သို့သော် ရဲဘော် ဘော်ဒီဂါနှင့် သူ၏ "လက်ဝဲ" မိတ်ဆွေများတို့သည် လူကြီး မင်း တုရုပ်တီနှင့် အပေါင်းအပါတို့နှင့် ပတ်သက်၍ သူတို့၏မှန်ကန်သည့် ဝေဖန်ချက် ထဲမှ ပါလီမန်ထဲပါဝင်လုပ်ကိုင်ရေးသည် ယေဘုယျအားဖြင့် အန္တရာယ် ရှိပေသည်ဟု မှားယွင်းသော နိဂုံးချုပ်ချက်ကို ဆွဲထုတ်ခဲ့ကြလေသည်။ အီတလီ "လက်ဝဲသမားများ" သည် ဤအမြင်ကိုထောက်ခံရာ၌ လေးနက်သည့် ငြင်းဆိုချက်နှင့် ပတ်သက်သည့် အရိပ်အရောင်ပင် မတင်ပြနိုင်ကြပေ။ သူတို့သည် ပစ္စည်းမဲ့ တော်လှန်ရေးအတွက် ပြင်ဆင်ရာ၌ မငြင်းနိုင်လောက်အောင် တန်ဖိုးရှိခဲ့သည့် ဓနရှင်ပါလီမန်အား တကယ် တမ်း တော်လှန်ရေးဆန်၍ တကယ်တမ်း ကွန်မြူနစ်မဆန်သော အသုံးပြုပုံနှင့် ပတ် သက်သည့် နိုင်ငံတကာ့နမူနာများကို သူတို့ မသိရှာ ကြပေ။ (သို့မဟုတ် မေ့ပစ်ရန် ကြိုးစားနေကြပေသည်။) သူတို့သည် ပါလီမန်အား အသုံးပြုသည့် နည်း "သစ်" ကို မသိ နားမလည်နိုင်ကြဘဲ ဗော်ရှီဗစ်မဆန်သည့် နည်း "ဟောင်း" ကို မိုးမဆုံးမြေမဆုံး ထပ်ပြန်တလဲလဲ ပြောဆိုအော်ဟစ်၍သာ နေကြသည်။

ဤသည်မှာ သူတို့၏ အခြေခံအမှားပင် ဖြစ်တော့သည်။ ကွန်မြူနစ်ဝါဒသည် ပါလီမန်စနစ် နယ်ပယ်တွင်သာမကသေး လှုပ်ရှားမှုနယ်ပယ် **အားလုံး**တွင် ဒုတိယ အင်တာနေရှင်နယ်၏ အစဉ်အလာများ (ဒုတိယအင်တာနေရှင်နယ်၏ ကောင်းမွန်ချက်များကို ထိန်းသိမ်း၍ ဖြစ်ပေါ်တိုးပွားစေရင်း)နှင့် ပြတ်သားစွာ အဆက်ဖြတ်မှုကို ကိုယ်စားပြုလိမ့်မည်ဖြစ်သော မူအရ အသစ်ဖြစ်သောအရာများကို **မုချ**ပေးအပ်ရမည် (ကြာရှည်စွာ မလျှော့သောဇွဲဖြင့် ခေါင်းမာမာ လုံးပန်းအားထုတ်ခြင်းမရှိပါက ၎င်းကိုပေးအပ်ရန် **ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ**)။

စာနယ်ဇင်းလုပ်ငန်းကို ကြည့်ကြပါစို့။ သတင်းစာများ၊ စာစောင်များနှင့် ကြေညာစာတမ်းများဖြင့် ဝါဒဖြန့်ချိရေး လှုံ့ဆော်ရေး၊ စည်းရုံးရေးတို့အတွက် လိုအပ်သော လုပ်ငန်းကိုလုပ်ကိုင်ခဲ့ပေသည်။ အနည်းနှင့်အများ ယဉ်ကျေးကြသည့် တိုင်းပြည်တိုင်းရှိ မည်သည့်လူထုလှုပ်ရှားမှုမဆို စာနယ်ဇင်းဆိုင်ရာ ယန္တရားကို လက်လွှတ်မထားနိုင်ကြပေ။ “ခေါင်းဆောင်များ”အား အော်ဟစ်ပြစ်တင်ခြင်းသည်လည်းကောင်း၊ လူထုကြီးအား ခေါင်းဆောင်များ၏ လွှမ်းမိုးမှုမှ ကင်းဝေးစေရေးကို ထိန်းသိမ်းရန် လေးနက်စွာအဓိဋ္ဌာန် ပြုခြင်းသည်လည်းကောင်း၊ ဓနရှင်ပညာတတ် ပတ်ဝန်းကျင်မှလာသည့် သူများကို ဤလုပ်ငန်းအတွက် အသုံးချရန်လိုအပ်မှုကို ဖယ်ရှားပစ်လိမ့်မည် မဟုတ်ပေ။ သို့မဟုတ် အရင်းရှင်စနစ်အောက်၌ ဤလုပ်ငန်းကို လုပ်ကိုင်နေရသော ဓနရှင်ဒီမိုကရေစီ ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ် ပတ်ဝန်းကျင် အခြေအနေနှင့် အသိုင်းအဝိုင်းထဲမှ လွတ်ထွက်နိုင်စေလိမ့်မည် မဟုတ်ပေ။ ဓနရှင်လူတန်းစားကို တွန်းလှန်ပြီး ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာကို ရရှိပြီးသည့်နောက် ၂ နှစ်ကြာသည့်တိုင် ကျွန်တော်တို့၏ပတ်လည်၌ ဤပတ်ဝန်းကျင် အခြေအနေမျိုး ဤဓနရှင်ဒီမိုကရေစီ ပုဂ္ဂလိကပိုင် ဆက်ဆံရေး၏ ထုလိုက်ထည်လိုက်ရှိသော (လယ်သမားနှင့် လက်မှုပညာသည်များ) ပတ်ဝန်းကျင်မျိုးသည် ဆက်လက်ရှိနေပေသေးသည်။

ပါလီမန်စနစ်သည် ပြုမူဆောင်ရွက်ချက်၏ သဏ္ဌာန်တမျိုးဖြစ်ပြီး စာနယ်ဇင်းလုပ်ငန်းသည် အခြားသောသဏ္ဌာန်တမျိုး ဖြစ်လေသည်။ အကယ်၍ ဤဘက်နှစ်ဖက်စလုံး၌ ပါဝင်လုပ်ကိုင်နေသူများသည် ကွန်မြူနစ်စစ်စစ်များ ဖြစ်ကြပါက ပစ္စည်းမဲ့လူတန်းစား၏ လူထုလက္ခဏာဆောင်သော ပါတီ၏အဖွဲ့ဝင်စစ်စစ်များ ဖြစ်ကြပါက ၎င်းလုပ်ငန်း ၂ ခုစလုံး၏ အတွင်းသဘောသည် ကွန်မြူနစ်ဖြစ်နိုင်သည်။ ဖြစ်လည်းဖြစ်သင့်သည်။ သို့သော်ငြားလည်း ပထမတဖက်တွင်ဖြစ်စေ ဒုတိယဖက်တွင်ဖြစ်စေ ထိုမျှမက အရင်းရှင်စနစ်အောက်တွင်လည်းကောင်း၊ အရင်းရှင်ဝါဒမှ ဆိုရှယ်လစ်ဝါ

ဒသို့ ကူးပြောင်းသည့် ကာလတွင်လည်းကောင်း **မည်သည့်ဘက်ရှိ လုပ်ငန်း အတွင်း၌**ဖြစ်စေ မုချမလွဲမသွေပင် ကျော်နင်းရမည့် အခက်အခဲများနှင့် ထူးခြားသည့် လုပ်ငန်းတာဝန်များကို ပစ္စည်းမဲ့လူတန်းစားသည် မရှောင်ကွင်းနိုင်ပေ။ ၎င်းဓနရှင်လူတန်းစားမှ လာကြသောသူများကို မိမိတို့၏ရည်ရွယ်ချက်သို့ ရောက်ရှိရန် အသုံးချရေး၊ ဓနရှင်လူတန်းစား ပညာတတ်အစွဲအလန်းများနှင့် သြဇာများကို အနိုင်တိုက်ပစ်ရေး၊ ဓနရှင်ပေါက်စ လူတန်းစား ပတ်ဝန်းကျင်၏ ခုခံမှုကိုချည့်နဲ့စေရေး (အဆုံးသတ်အားဖြင့် လုံးဝပြုပြင်ပြောင်းလဲပစ်ရေး) ဟူသော ပစ္စည်းမဲ့လူတန်းစားက ဖြေရှင်းရမည့် ထူးခြားသည့် လုပ်ငန်းတာဝန်များကို ရှောင်ကွင်း၍မရနိုင်ပေ။

၁၉၁၄–၁၉၁၈ ခုနှစ် စစ်ကြီးမတိုင်မီအလွန်“လက်ဝဲဆန်သည့်”မင်းမဲ့ဝါဒီများ၊ ဆင်ဒီကယ်ဝါဒီများနှင့် အခြားသူများသည် ပါလီမန်စနစ်ကို ပြစ်တင်ဆဲရေးခြင်း၊ ဓနရှင်လူတန်းစား၏ လိုက်စားမှုကိုခံရသော ဆိုရှယ်လစ်ပါလီမန် အမတ်များကို သရော်ခဲ့ခြင်း၊ သူတို့၏ အဆင့်နေရာ လိုက်စားမှုကို ရှုတ်ချတိုက်ခိုက်ခြင်း စသည်တို့ကို လုပ်ခဲ့သော်လည်း သူတို့ကိုယ်တိုင်မှာမူ စာနယ်ဇင်းလုပ်ငန်းမှ **တဆင့်**၊ အလုပ်သမားသမဂ္ဂလုပ်ငန်းမှတဆင့် **အလားတူ** ဓနရှင်လူတန်းစား၏ အဆင့်နေရာလိုက်စားမှုမျိုးကို လုပ်ကိုင်နေကြမှု အပုံအပင်ကို တိုင်းပြည်အားလုံးတွင် ကျွန်တော်တို့ တွေ့မြင်ခဲ့ပြီးပြီ မဟုတ်ပါလော။ အကယ်၍ ပြင်သစ်ပြည်တပြည်ထဲကိုသာ ပြောရမည်ဆိုက လူကြီးမင်းဂျူဟောနှင့် မာဟိန်းတို့သည် စံထားလောက်သည့် ဥပမာများပင် မဟုတ်ပါသလော။

ပါလီမန်တွင်းဝင်ရောက်မှုကို“ငြင်းပယ်”ကြသည့်သူများ၏ ကလေးဆန်မှုသည်ကား အလုပ်သမားလှုပ်ရှားမှုအတွင်းရှိ ဓနရှင်ဒီမိုကရေစီ၏ သြဇာဂယက်နှင့် တိုက်ပွဲဆင်ရသည့် ခက်ခဲသည့်လုပ်ငန်းတာဝန်ကို ဤသို့ “ရိုးရိုးဖြစ်သည့်” “လွယ်ကူသည့်”တော်လှန်သည်ဟု ယူဆထားသည့်နည်းဖြင့်“ဖြေရှင်း”နိုင်သည်ဟု တွေးထင်ကြမှုအပေါ်တွင် တည်ရှိနေပေသည်။ လက်တွေ့တွင်ကား သူတို့သည် ကိုယ့်အရိပ်ကို ကိုယ်လန့်နေခြင်းမျှသာ ဖြစ်လေသည်။ အခက်အခဲများကို မကြည့်မူ၍ မျက်စိမှိတ်ထားခြင်းမျှသာ ဖြစ်လေသည်။ အပြောသက်သက်ဖြင့် အခက်အခဲများကို ရှောင်ရှားခြင်းသာ ဖြစ်လေသည်။ အရှက်ကင်းမဲ့ဆုံးသော အဆင့်နေရာ လိုက်စားရေးဝါဒ ပါလီမန်အမတ်နေရာများအား ဓနရှင်ဆန်ဆန်အသုံးချမှု၊ ပါလီမန်လုပ်ဆောင်မှုများ အပေါ် အထင်အရှား ပြုပြင်ရေးဆန်သော အမြင်လွဲမှားမှုများ ယုတ်ညံ့သိမ်ဖျင်းသည့် ဓနရှင်ပေါက်စတို့၏ သမရိုးကျအလေ့အကျင့်များသည်ကား အရင်းရှင်စနစ် ကြောင့်

အလုပ်သမားလုပ်ရှားမှု၏ အပြင်ဘက်တွင်သာမက အလုပ်သမားလုပ်ရှားမှု၏ အတွင်းပိုင်းတွင်ပါ နေရာတကာ၌ ဖြစ်ပွားစေခဲ့သည့်၊ မငြင်းနိုင်လောက်သည့် အစဉ်အမြဲ မြင်တွေ့နေရသည့် အပြန့်နှံ့ဆုံးသော ထူးခြားချက်များ ဖြစ်လေသည်။ သို့သော် အရင်းရှင်စနစ်နှင့် ၎င်းကဖန်တီးခဲ့သော ဓနရှင်လူတန်းစားပတ်ဝန်းကျင် (ဤကဲ့သို့ ပတ်ဝန်းကျင်မျိုးသည် ဓနရှင်လူတန်းစားကို တွန်းလှန်ပြီးသည့် နောက်တွင်ပင် ချုပ်ငြိမ်းမှုသည် အလွန်နှေးပေသည်။ အဘယ်ကြောင့်ဆိုသော် လယ်သမားများသည် ဓနရှင်လူတန်းစားကို အဆက်မပြတ် ပြန်လည်ပေါက်ဖွားစေသောကြောင့် ဖြစ်ပေသည်) တို့က ပြုမှုလုပ်ရှားမှုနှင့် ဘဝနယ်ပယ်အားလုံး၌ သဏ္ဍာန်အရ အနည်းငယ်သာ ခြားနားမှုရှိပြီး အနှစ်သာရလုံးဝတူညီသည့် ဓနရှင်လူတန်းစား အဆင့်နေရာလိုက်စားမှုဝါဒ၊ အမျိုးသားရှော်ဗင်ဝါဒ၊ ဓနရှင်ပေါက်စ ယုတ်ညံ့သိမ်ဖျင်းမှု စသည်တို့ကို ဖြစ်ပွားစေလေသည်။

ချစ်လှစွာသောပါလီမန်ကို သပိတ်မှောက်သူ ဆန့်ကျင်သူ လူကြီးမင်းများခင်ဗျား၊ သင်တို့ကိုယ်ကိုသင်တို့ "အလွန်တော်လှန်ရေးဆန်သည်" ဟု ယူဆထားကြသော်လည်း တကယ့်လက်တွေ့၌ သင်တို့သည် အလုပ်သမား လှုပ်ရှားမှုအတွင်းရှိ ဓနရှင်လူတန်းစား၏ ဩဇာဂယက်များနှင့် တိုက်ပွဲဆင်ရာမှာ ပေါ်ပေါက်လာသည့် နှိုင်းယှဉ်ခြင်းအရ မကြီးမားသည့် အခက်အခဲများကြောင့် **သင်တို့ကြောက်ရွံ့ခဲ့ကြသည်**။ သင်တို့၏အောင်ပွဲ ဆိုလိုသည်မှာ ဓနရှင်လူတန်းစားကိုဖြိုချ၍ ပစ္စည်းမဲ့လူတန်းစားက အာဏာကိုသိမ်းပိုက်ခြင်းတို့သည် ပို၍ကြီးမားပြီး တိုင်းတာ၍ မရအောင် ကြီးမားသည့် **ဤသို့သော** အလားတူ အခက်အခဲမျိုးကို ဖန်တီးပေးလိမ့်မည်။ သင်တို့သည် ကလေးသူငယ်ကဲ့သို့ပင် ယနေ့ရင်ဆိုင်နေရသည့် အခက်အခဲကလေး၏ ခြောက်လှန့်မှု ကိုခံခဲ့ရပြီး နက်ဖြန်သဘက်တွင် အလားတူအခက်အခဲမျိုး မမှန်းဆနိုင်လောက် အောင်ကြီးမားသည့် အတိုင်းအတာရှိသော အလားတူ အခက်အခဲမျိုးကို ကျော်လွှား ရန်ပိုင်နိုင်အောင် လေ့လာသင်ယူကြရဦးမည် ဆိုသည်ကို သင်တို့ မသိကြသေးပေ။

ဆိုဗီယက်အာဏာအောက်တွင် ပိုမိုများပြားသည့် ဓနရှင်ပညာတတ်များသည် သင်တို့နှင့် ကျွန်တော်တို့၏ ပစ္စည်းမဲ့ပါတီထဲသို့ တိုးဝင်လာကြလိမ့် ဦးမည်ဖြစ်သည်။ သူတို့သည် ဆိုဗီယက်များထဲသို့လည်းကောင်း၊ တရားရုံးများထဲသို့ လည်းကောင်း၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများထဲသို့လည်းကောင်း တိုးဝင်လာကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အရင်းရှင်ဝါဒက ဖန်တီးထားသည့် လူဟူ

သောရုပ်ဝတ္ထု၏ အကူအညီမပါရှိဘဲကွန်မြူနစ်ဝါဒကို မတည်ဆောက်နိုင်သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဓနရှင်ပညာတတ်များကို မောင်းထုတ်ခြင်း၊ ဖျက်ဆီးခြင်းမပြုနိုင်သောကြောင့် ဖြစ်လေသည်။ ကျွန်တော်တို့သည် သူတို့ကိုတိုက်ယူ သိမ်းသွင်းရမည်။ ပြန်လည်ပုံသွင်းရမည်။ ပြုပြင်ရမည်။ ပြန်လည် ပညာပေးရမည်။ ပစ္စည်းမဲ့များကိုယ်တိုင်သည် မိမိတို့၏ ဓနရှင်ပေါက်စ အစွဲအလန်းများကို နတ်တို့၏ တန်ခိုးဖြင့်လည်းကောင်း၊ မယ်တော်မာရီ၏ ဗျာဒိတ်စကားဖြင့်လည်းကောင်း၊ ကြွေးကြော်သံ၊ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ပြန်တမ်းချမှတ် လိုက်ခြင်းဖြင့် လည်း ကောင်း တချက်တည်းမဖျောက်ဖျက်နိုင်ကြပေ။ ကျယ်ပြန့်သည့် ဓနရှင်ပေါက်စ ဩဇာဂယက်များကို ဆန့်ကျင်သည့်၊ ရှည်ကြာ၍ခက်ခဲသည့် ကျယ်ပြန့်သော တိုက်ပွဲ အတွင်း၌ သာလျှင် ဖျောက်ဖျက်နိုင်ပေသည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်၏ အခြေခံ အုတ်မြစ်ပေါ်တွင် ရှည်ကြာသည့် တိုက်ပွဲအတွင်း၌ ပစ္စည်းမဲ့လူတန်းစားသည် မိမိကိုယ်မိမိ ထပ်မံ၍ ပညာပေးရသကဲ့သို့ပင် သူတို့ကိုလည်း ထပ်မံမွေးမြူပညာပေးရမည်။ ယခု အခါ ဆိုဗီယက်အာဏာအောက်၌ ပါလီမန်ဆန့်ကျင်ရေးသမားများက လက်တချက် ရမ်းလိုက်ရုံမျှဖြင့် ဖယ်ရှားပစ်နိုင်သည်ဟု မာနကြီးစွာ၊ ဘဝင်မြင့်စွာ၊ ပေါ့တန်စွာ၊ ကလေးဆန်စွာ စဉ်းစားထားသည်။ **ဤကဲ့သို့သောအလားတူ** လုပ်ငန်းတာဝန်များသည် ဆိုဗီယက်များ**အတွင်းတွင်**လည်းကောင်း၊ ဆိုဗီယက်အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်လည်းကောင်း ဆိုဗီယက် “ဥပဒေအကျိုးဆောင်”(ရုရှားပြည်၌ ကျွန်တော်တို့သည် ဓနရှင်လူတန်းစား ရှေ့နေစနစ်ကို ဖျက်သိမ်းခဲ့သည်။ ဤစနစ်မျိုးကို ဖျက်သိမ်းခြင်းသည်လည်း အလွန်မှန်ကန်ပေသည်။ သို့သော်လည်း ၎င်းသည် “ဆိုဗီယက်”“ဥပဒေအကျိုးဆောင်”အမည်ဖြင့်ထပ်မံ အသက်ဝင်လာပြန်ပေသည်) အတွင်းတွင် လည်းကောင်း၊ ထပ်မံပေါ်ပေါက်လာပေသည်။ ဆိုဗီယက် အင်ဂျင်နီယာများ အတွင်းတွင်လည်းကောင်း၊ ဆိုဗီယက် ကျောင်းဆရာများ အတွင်းတွင်လည်းကောင်း၊ ဆိုဗီယက်စက်ရုံများထဲရှိ အခွင့်ထူးများကို ရခံနေသည့်၊ ဆိုလိုသည်မှာ ကျွမ်းကျင်မှု အမြင့်မားဆုံးနှင့် အကောင်းဆုံး ခံစားခွင့်ကိုရနေသည့် **အလုပ်သမားများ** အတွင်းတွင်လည်းကောင်း ဓနရှင်လူတန်းစား ပါလီမန်စနစ်မှာရှိခဲ့သည့် မကောင်းမှုအားလုံးသည် အဆက်မပြတ်ပြန်လည် ပေါက်ဖွားနေမှုကို ကျွန်တော်တို့ တွေ့မြင်နိုင်သည်။ ပစ္စည်းမဲ့လူတန်းစား၏ စည်းရုံးမှု၊ စည်းကမ်းရှိမှုတို့ဖြင့် မမောမပန်းအဆက်မပြတ် ရေရှည်အလျှော့ မပေးသည့် တိုက်ပွဲဆင်နွှဲမှသာ ဤဆိုးဝါးသည့်အန္တရာယ်ကို တဖြည်းဖြည်း အနိုင်တိုက်နိုင်ပေလိမ့်မည်။

ဓမ္မတာပင် ဓနရှင်လူတန်းစား၏ အုပ်စိုးမှုအောက်၌ဆိုလျှင် ကျွန်တော်တို့သည် ကျွန်တော်တို့ပါတီအတွင်းရှိ ဆိုလိုသည်မှာ အလုပ်သမားများ၏ ပါတီတွင်းရှိ ဓနရှင်အကျင့်ဓလေ့များကို ကျော်နင်းရန်“အလွန်ခက်ခဲ”ပေသည်။ ဓနရှင်အစွဲအလမ်းများကြောင့် မျှော်လင့်စရာမရှိအောင် ပျက်စီးခဲ့ကြသည့် တွေ့နေကျ ပါလီမန်ခေါင်းဆောင်များအား ပါတီတွင်းမှ မောင်းထုတ်ပစ်ရေးသည်“အလွန်ခက်ခဲ”ပေသည်။ ကျွန်တော်တို့ အကြွင်းမဲ့လိုအပ်သော ဓနရှင်လူတန်းစားမှ ထွက်လာကြသည့် သူများအား (အလွန်နည်းသည့် အရေအတွက်ပင်ဖြစ်ပါစေ) ပစ္စည်းမဲ့လူတန်းစား၏ စည်းကမ်းကို နာခံစေရေးသည် “အလွန်ခက်ခဲ” ပေသည်။ ဓနရှင်လူတန်းစား ပါလီမန်အတွင်း၌ အလုပ်သမားလူတန်းစားကို တကယ်တမ်းကိုယ်စားပြုသည့် ကွန်မြူနစ်အစုကို ဖွဲ့စည်းရေးသည် “အလွန်ခက်ခဲ”ပေသည်။ ကွန်မြူနစ်အမတ်များအား ဓနရှင်ပါလီမန်၏ ငြီးငွေ့ဖွယ်ရာ ကစားမှုမျိုးကို မပြုလုပ်စေဘဲ လူထုအတွင်း အလွန်အရေးတကြီး လိုအပ်သော ဝါဒဖြန့်ချိရေး၊ လှုံ့ဆော်ရေး၊ စည်းရုံးရေးလုပ်ငန်းများကို လုပ်ကိုင်စေရန်မှာ “အလွန်ခက်ခဲ”ပေသည်။ ဤအရာအားလုံး “ခက်ခဲသည်” ဆိုသည်မှာ မှန်ပေသည်။ ဤအရာသည် ရုရှားပြည်၌ အခက်အခဲဖြစ်ခဲ့၍ ဓနရှင်လူတန်းစားများစွာ တောင့်တင်းနေပြီး ဓနရှင်ဒီမိုကရေစီ အစဉ်အလာများ ပိုမိုအားကောင်းနေသည့် အနောက်ဥရောပနှင့် အမေရိကတွင်ဆိုသော် မနှိုင်းယှဉ်နိုင်လောက်အောင် ပိုမိုခက်ခဲပေတော့သည်။

သို့သော်ငြားလည်း“အခက်အခဲ”မှန်သမျှအားလုံးသည် ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးကာလအတွင်းတွင်လည်းကောင်း၊ အာဏာသိမ်းယူပြီး နောက်တွင်လည်းကောင်း၊ ပစ္စည်းမဲ့များက တော်လှန်ရေး အောင်ပွဲရရေးအတွက် မလွဲမသွေ ဖြေရှင်းပစ်ရမည်ဖြစ်သော **အလားတူတမျိုးတစားတည်း** ဖြစ်သည့်လုပ်ငန်း တာဝန်များနှင့် နှိုင်းစာလိုက်သည်ရှိသော် ကလေးကစားစရာမျှသာ ဖြစ်ပေတော့သည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်အောက်တွင် သန်းပေါင်းများစွာသော လယ်သမားများနှင့် လုပ်ငန်းပိုင်ရှင်ကလေးများ၊ ရာပေါင်းထောင်ပေါင်း များစွာသောရုံးအမှုထမ်း လုပ်သားများ၊ အရာရှိများ၊ ဓနရှင်ပညာတတ်များကို မုချပင်ပြန်လည် ပညာပေးရေး၊ ၎င်းတို့အားလုံးအား ပစ္စည်းမဲ့နိုင်ငံတော်နှင့် ပစ္စည်းမဲ့ခေါင်းဆောင်မှုကို နာခံစေရေး၊ ၎င်းတို့၏ ဓနရှင်အကျင့်ဓလေ့များနှင့် အစဉ်အလာများကို အနိုင်တိုက်ပစ်ရေးတို့သည် တကယ်တမ်းအားဖြင့် အလွန့်အလွန်ကြီးမားသည့် လုပ်ငန်းတာဝန်ဖြစ်သည်။ **ဤသည်တို့**နှင့် နှိုင်းစာလိုက်သည်ရှိသော် ဓနရှင်အုပ်စိုးမှုအောက်၌ ဓနရှင်ပါလီမန်အတွင်းတွင် စစ်မှန်

သော ပစ္စည်းမဲ့ပါတီ၏ ကွန်မြူနစ်အစုစစ်စစ်ကို ဖွဲ့စည်းတည်ထောင်ရေးဆိုသည်မှာ ကလေးများကစားသကဲ့သို့ပင် လွယ်ကူလှပေသည်။

အကယ်၍ ကျွန်တော်တို့၏ "လက်ဝဲ"ရဲဘော်များနှင့် ပါလီမန်ဆန့်ကျင်သည့် ရဲဘော်များသည် ယခုအခါ၌ ဤသို့သေးငယ်သည့် အခက်အခဲကလေးကိုပင် ကျော်လွှားဖြေရှင်းရန် မလေ့လာ မတတ်မြောက်နိုင်ကြပါလျှင် သူတို့သည်နောင်အခါ၌ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို အကောင်အထည်ဖော်နိုင်စွမ်း ရှိလိမ့်မည်မဟုတ်၊ ကြီးမားသည့် အတိုင်းအတာအရ ခေတ်ရှင်ပညာတတ်များနှင့် ခေတ်ရှင်အဖွဲ့အစည်းများအား နာခံလာစေပြီး ပြန်လည်ပုံသွင်းနိုင်စွမ်း ရှိလိမ့်မည်မဟုတ်။ သို့မဟုတ် **သူတို့၏ သင်ယူမှုကို အရင်စလို ပြီးမြောက်စေ** ရလိမ့်မည်ဖြစ်သည်။ ထို့ပြင်ဤသို့ အရင်စလိုဖြစ်မှုက ပစ္စည်းမဲ့လူတန်းစား၏ အရေးတော်ပုံကို အကြီးအကျယ် ထိခိုက်နစ်နာစေလိမ့်မည်ဖြစ်ပြီး သူတို့သည် သာမန်ထက်ပိုများသော အမှားများကို ကျူးလွန်မိကြလိမ့်မည်။ သာမန်ထက်ပိုများသော ချည့်နဲ့မှုကို ဖော်ပြလာကြလိမ့်မည်စသည်ဖြင့် ခိုင်မာစွာ ပြောနိုင်ပေသည်။

ခေတ်ရှင်လူတန်းစားသည် အတွန်းလှန်မခံရသေးသမျှ ထို့နောက်တွင်လည်း စီးပွားရေးကလေးနှင့် ကုန်စည်ထုတ်လုပ်မှု ကလေးတို့သည် လုံးဝ မကွယ်ပျောက်သေးသမျှ ကာလပတ်လုံး ခေတ်ရှင်လူတန်းစား၏ အသိုင်းအဝိုင်း၊ ပုဂ္ဂလိကပိုင်ဆိုင်သူ အကျင့်ဓလေ့များနှင့် ခေတ်ရှင်ပေါက်စ အစဉ်အလာများတို့သည် ပစ္စည်းမဲ့လူတန်းစား လှုပ်ရှားမှု၏ အတွင်းအပြင် ၂ ရပ်စလုံးရှိ ပစ္စည်းမဲ့လူတန်းစား၏ လုပ်ငန်းကိုထိခိုက် ပျက်စီးစေလိမ့်မည်။ ထို့ပြင် ထိခိုက်ပျက်စီးသည့် အဝန်းအဝိုင်းသည် ပြုမူဆောင်ရွက်ချက်၏ ဘက်တဖက် (ဝါ) ပါလီမန်ဆိုင်ရာ ပြုမူဆောင်ရွက်ချက် ဘက်တဖက်တည်းသာလျှင် မဟုတ်သေးဘဲ မလွဲမသွေပင်ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်များပါမကျန် လူ့အဖွဲ့အစည်း၏ ပြုမူဆောင်ရွက်ချက်၏ နယ်ပယ်အားလုံးအထိ ဖြစ်ပေသည်။ ထို့ပြင် ပြုမူဆောင်ရွက်ချက်၏ နယ်ပယ်တခုအတွင်းရှိ "မချမ်းမြေ့ဖွယ်ရာ"သော ပြဿနာများ သို့မဟုတ် အခက်အခဲများထဲမှ တခုခုကို ရှောင်ရှားရန် ကင်းရှင်းစွာနေရန် ကြိုးပမ်းမှုသည် အလွန်တရာကြီးလေးသည့် အမှားဖြစ်တော့သည်။ ၎င်းအတွက် နောင်ဆိုလျှင် ပြန်လည်ပေးဆပ်ရမည်မှာ သေချာလှပေသည်။ ကျွန်တော်တို့သည် လုပ်ငန်းနှင့် ပြုမူဆောင်ရွက်ချက်တို့၏ နယ်ပယ်တိုင်းကို ချွင်းချက်မရှိ ပိုင်နိုင်ကျွမ်းကျင်နေစေရန်နှင့် နေရာတကာတွင် အခက်အခဲများအားလုံး၊ ခေတ်ရှင်အလေ့အကျင့်များ ဓလေ့ထုံးစံများ၊ အစဉ်အလာများ အားလုံးတို့ကို ကျော်လွှားဖြေရှင်းရန် တတ်မြောက်အောင် လေ့လာ

ရမည်။ ပြဿနာကို အခြားနည်းဖြင့် တင်ပြချက်မှန်သမျှသည် သေးသိမ်၍ ကလေးဆန်ပေသည်။

၁၉၂၀ – မေလ ၁၂ ရက်။

**၅။**

ရုရှားဘာသာဖြင့် ပုံနှိပ်ထားသော ဤစာအုပ်ထဲ၌ နိုင်ငံတကာ့တော်လှန်ရေးပေါ်လစီနှင့်ပတ်သက်၍ ဟော်လန် ကွန်မြူနစ်ပါတီတရပ်လုံး၏ ပြုမူဆောင်ရွက်ချက်ကို ကျွန်တော်သည် တစုံတရာမမှန်မကန် ဖော်ပြမိခဲ့ပေသည်။ ထို့ကြောင့် ကျွန်တော်သည် လက်ရှိအခွင့်အရေး ရသည့်အတိုင်း ဤပြဿနာနှင့်ပတ်သက်၍ ဒတ်ချ်ရဲဘော်များ ထံမှပေးစာကို အောက်တွင် ဖော်ပြထားပါသည်။ ထို့ပြင် ရုရှားစာအုပ်ထဲ၌ ကျွန်တော်သုံးနှုန်းထားသည့်“ဒတ်ချ်သမာဓိဂိုဏ်းသားများ”ဆိုသည့် အသုံးအနှုန်းကို “ဟော်လန်ကွန်မြူနစ်ပါတီ၏ အချို့သောပါတီဝင်များ”ဟူသော အသုံးအနှုန်းဖြင့် အစားထိုးသုံးစွဲရန် ယခုတင်ပြလိုက်ပါသည်။

**အင် – လီနင်**

## ဝိုင်ကုပ်ထံမှပေးစာ

မော်စကို၊ ၁၉၂၀ ခုနှစ် ဇူလိုင်လ ၃၀ ရက်

ချစ်လှစွာသော ရဲဘော်လီနင်

ကွန်မြူနစ်အင်တာနေရှင်နယ် ဒုတိယအကြိမ်မြောက် ကွန်ဂရက်၏ ဒတ်ချ် ကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်သော ကျွန်တော်တို့သည် သင်၏ **ကွန်မြူနစ်ဝါဒ လူပ် ရှားမှုအတွင်းရှိ "လက်ဝဲဂိုဏ်းသူငယ်နာ"** စာအုပ်အား ဥရောပဘာသာ ရပ်များဖြင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ကြိုတင်ဖတ်ရှုခွင့်ရခဲ့သဖြင့် ကျေးဇူးအထူး တင်ရှိ ပါသည်။ ဤစာအုပ်အတွင်း နေရာအမြောက်အမြား၌ နိုင်ငံတကာ့နိုင်ငံရေးတွင် ဟော်လန် ကွန်မြူနစ်ပါတီ၏ အချို့သောပါတီဝင်များ၏ ပါဝင်ရာအခန်းနှင့်ပတ်သက်၍ သင်သဘော မတူကြောင်းကို အလေးထား ဖော်ပြခဲ့ပေသည်။

သို့ရာတွင် ကျွန်တော်တို့သည် ထိုသူများ၏ ပြုမူဆောင်ရွက်ချက်များအ တွက် ယူရမည့်တာဝန်ကို ကွန်မြူနစ်ပါတီအပေါ်သို့ ပုံချမှုကိုဆန့်ကျင် ကန့်ကွက်ရလိမ့် မည်ဟုထင်ပါသည်။ ဤသည် အလွန်ပင်မတိကျပေ။ ထပ်၍ဆိုရသော် ဤသည် မ တရားပေ။ အဘယ်ကြောင့်ဆိုသော် ဟော်လန်ကွန်မြူနစ်ပါတီ၏ ထိုပါတီဝင်များသည် ပါတီ၏ နေ့စဉ်မျက်မှောက်ပြုမူ ဆောင်ရွက်ချက်များထဲတွင် အနည်းငယ်သာ ပါဝင်ခဲ့ သည်။ သို့မဟုတ် လုံးဝမပါဝင်ခဲ့ကြပေ။ ထို့ပြင်သူတို့သည် အတိုက်အခံ ကြွေးကြော် သံများကို ဟော်လန် ကွန်မြူနစ်ပါတီထဲ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အ ကောင်အထည်ဖော်ရန် ကြိုးပမ်းနေကြသည်။ ဤကြွေးကြော်သံများကို ပါတီနှင့်ပါတီ၏

အဖွဲ့အစည်းများက အင်တိုက်အားတိုက် ဆန့်ကျင်တိုက်ပွဲဆင်ခဲ့ကြသည်။ ယနေ့ထိအောင်ပင် ဆက်လက်တိုက်ပွဲ ဆင်နေကြသည်။

ညီရင်းအစ်ကိုသဖွယ် နှုတ်ဆက်ခြင်းဖြင့်
ဒီ – အိုင် ဝိုင်ကုပ်

(ဒတ်ချ်ကိုယ်စားလှယ်အဖွဲ့၏ကိုယ်စား)

၁၉၂၀ ခုနှစ် ဧပြီ၊ မေလ တွင်ရေးသည်။
၁၉၂၀ ဇွန်လတွင် စာစောင်အဖြစ်
ပထမအကြိမ် ထုတ်ဝေဖြန့်ချိသည်။

# ရှင်းလင်းချက်များ

**၁။** လီနင်သည် **ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုအတွင်းရှိ "လက်ဝဲဂိုဏ်းသူငယ်နာ"** စာအုပ်ကို ၁၉၂၀ ခုနှစ် ဧပြီလတွင်လည်းကောင်း၊ နောက်ဆက်တွဲကို ၁၉၂၀ ခုနှစ်၊ မေလ ၁၂ ရက် နေ့တွင်လည်းကောင်း ရေးသားခဲ့၏။ ဤစာအုပ်သည် ရုရှားဘာသာဖြင့် ၁၉၂၀ ခုနှစ်၊ ဇွန်လ ၈–၁၀ ရက်နေ့တွင်ထွက်ခဲ့ပြီး တချိန်တည်းလိုလိုပင် ဇူလိုင်လတွင် ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ် ဘာသာ ပုံနှိပ်ခြင်းများ ပေါ်ထွက်ခဲ့သည်။ လီနင်သည် ဒုတိယအကြိမ်မြောက် ကွန်မြူနစ် အင်တာနေရှင်နယ် ကွန်ဂရက်အမီ ထုတ်ဝေနိုင်ရန်အတွက် ပုံနှိပ်နေစဉ်အတောအတွင်း အထူးဂရုစိုက် စစ်ဆေးခဲ့သည်။ စာအုပ်ကို ကွန်ဂရက်ကိုယ်စားလှယ်များ အားလုံးကို ဝေငှခဲ့၏။ ၁၉၂၀ ခုနှစ် ဇူလိုင်လမှ နိုဝင်ဘာလအထိ လိုက်ပဇစ်မြို့တွင် ဂျာမန်ဘာသာ၊ ပါရစ်မြို့တွင် ပြင်သစ်ဘာသာ၊ လန်ဒန်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ထုတ်ဝေခဲ့၏။

ကွန်မြူနစ်လှုပ်ရှားမှုအတွင်းရှိ "လက်ဝဲဂိုဏ်း" လက်ရေးထဲတွင် ဒုတိယခေါင်းစဉ် "မာ့က်စ်ဝါဒသေနင်္ဗျူဟာနှင့် နည်းပရိယာယ်ကို အများနားလည်လွယ်ရန် ကြိုးစားချက်" ဟုပါရှိခဲ့သည်။ ၎င်းကို လီနင်ရှိစဉ်ကာလတွင် ထုတ်ဝေသော ပုံနှိပ်ခြင်းအားလုံးတွင် ချန်လှပ်ထားခဲ့၏။ လက်ရှိဘာသာပြန်မှာ ပုံနှိပ်ပြီး မူကြမ်းများကို လီနင်ကိုယ်တိုင် စစ်ဆေးခဲ့သည့် ပထမအကြိမ် ရုရှားဘာသာ ပုံနှိပ်ခြင်းမှဖြစ်ပါသည်။ (နှာ – ၇)

**၂။ လီနာအရေးအခင်း** ၁၉၁၂ ခုနှစ် ဧပြီလတွင် ဆိုက်ဗေးရီးယားရှိ လီနာရွှေတွင်း၌ ဇာစစ်တပ်များက အလုပ်သမားများအား သေနတ်နှင့်ပစ်သတ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ လီနာအလုပ်သမားများသည် စီမံအုပ်ချုပ်မှု၏ ရက်စက်ရိုင်းပြသော သွေးစုပ်မှုကို ဆန့်ကျင်ကန့်ကွက် သပိတ်မှောက်ခဲ့ကြသည်။ ရုရှားပြည်နေရာအနှံ့ရှိ အလုပ်သမားများက လီနာပစ်ခတ်မှုအား နိုင်ငံရေးသပိတ်များ၊ စီတန်းလှည့်လည်ဆန္ဒပြမှုများဖြင့် တုံ့ပြန်ခဲ့ပေသည်။ ဤလူထု နိုင်ငံရေး သပိတ်များ စီတန်းလှည့်လည် ဆန္ဒပြမှုများမှ တော်လှန်သော အလုပ်သမားလူတန်းစား လှုပ်ရှားမှု၏ ပြင်းထန်သော ထကြွမှုပေါ်ထွက်လာစေသည်။ (နှာ – ၁၈)

**၃။ လောင်ဂွတ်ဝါဒ** ပြင်သစ်ဆိုရှယ်လစ် ပါတီအတွင်းတွင် အလယ်ဗဟိုဂိုဏ်းတခုဖြစ်၍ ယန်းလောင်ဂွတ်က ခေါင်းဆောင်သည်။

ပထမကမ္ဘာစစ်အတွင်း လောင်ဂွတ်ဝါဒီများသည် ဆိုရှယ်ရွှေပြည်အေးဝါဒဘက်မှ ရပ်တည်ခဲ့ကြသည်။ ရုရှားပြည်၌ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အောင်ပွဲခံပြီးသည့် နောက်တွင် သူတို့သည် ပစ္စည်းမဲ့အာဏာရှင်စနစ်နှင့် ပတ်သက်၍သူတို့၏ ထောက် ခံချက်ကို ကြေညာခဲ့သည်။ သို့သော်လည်း တကယ်တွင်မူ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ဆက်လက်ရန်မူဆဲပင်ဖြစ်သည်။ သူတို့သည် ဆိုရှယ်ရှော်ဗင်ဝါဒီများနှင့် ပြေငြိမ်းရေးပေါ်လစီကို ဆက်လက်လုပ်ဆောင်နေပြီး လုယက်ဖျက်စီးသည့် ဗာဆေးငြိမ်းချမ်းရေးစာချုပ်ကို ထောက်ခံပေသည်။ ၁၉၂၀ ခုနှစ် ဒီဇင်ဘာလတွင် လောင်ဂွတ်ဝါဒီများသည် ဖြောင်ပြုပြင်ရေးသမားများနှင့်အတူ ပြင်သစ်ဆိုရှယ်လစ်ပါတီမှ ခွဲထွက်သွားပြီး ခေါ်ဆိုလေ့ရှိသည့် (နှစ် – နှစ်ပိုင်းတပိုင်း) အင်တာနေရှင်နယ်သို့ ပါဝင်ခဲ့လေသည်။ ထိုအဖွဲ့အစည်း ပြိုကွဲပျက်စီးပြီးသည့်နောက်တွင် ဒုတိယ အင်တာနေရှင်နယ်ထဲသို့ ပြန်လာကြလေသည်။ (နာ – ၁၉)

**၄။ အင်ဒီပင်းဒင့်လေဘာပါတီကို** ၁၈၉၃ တွင် စတင်ဖွဲ့စည်းခဲ့၍ ဂျိမ်းစ်ကိုင်ဟာဒီ၊ ရမ်ဆေးမက္ကဒေါ်နယ်နှင့် အခြားသူများက ခေါင်းဆောင်ခဲ့သည့် ပြုပြင်ရေးပါတီတရပ်ဖြစ်သည်။ ၎င်းကဓနရှင်ပါတီများနှင့် နိုင်ငံရေးအရ အမှီခိုကင်းသည်ဟု ကြေညာပြောဆိုခဲ့သည်။ တကယ်မှာကား “၎င်းသည် ဆိုရှယ်လစ်ဝါဒနှင့် အမှီခိုကင်းခဲ့ပြီး လစ်ဘရယ်ဝါဒအပေါ် မှီခိုခဲ့လေသည်” ဟု လီနင်က ပြောခဲ့လေသည်။ (နာ – ၁၉)

**၅။ ဖေဘီယံများ** ၁၈၈၄ ခုနှစ်တွင် အင်္ဂလန်ပြည်၌ ဓနရှင်ပညာတတ်အစုတခုက ဖွဲ့စည်းခဲ့သည့် ပြုပြင်ရေးဆန်သည့်၊ အချောင်ဆန်သည့် ဖေဘီယံအသင်း၏ အသင်းဝင်များဖြစ်ကြသည်။ ၎င်းက ရောမဗိုလ်ချုပ် ဖေဘီယပ်စ်ကန့်တေတာ (“အချိန်ဆွဲသူ”) အမည်ကို ယူထားလေသည်။ ထိုသူကား အဆုံးအဖြတ်စစ်ပွဲများနှင့် ပတ်သက်၍ သူ၏ ရွှေ့ဆိုင်းနည်းပရိယာယ်များနှင့် ရှောင်ရှားမှုများကြောင့် နာမည်ကျော်သူ ဖြစ်လေသည်။ ဖေဘီယံအသင်းသည်ကား လီနင် ပြောဆိုသကဲ့သို့ပင် “အချောင်ဝါဒနှင့် လစ်ဘရယ် လေဘာနိုင်ငံရေးများနှင့် ပတ်သက်ပြီး အပြီးသတ်ဆုံး အချောကိုင်ထားသည့် ဖော်ပြချက်”ကို ကိုယ်စားပြုခဲ့လေသည်။ ဖေဘီယံများသည် ပစ္စည်းမဲ့လူတန်းစားအား လူတန်းစားတိုက်ပွဲမှ လမ်းလွဲသွားစေရန် ကြံစည်ခဲ့ပြီး အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ သေးမွှားသော ပြုပြင်ရေးနည်းများဖြင့် ငြိမ်းချမ်းစွာ တစတစ ကူးပြောင်းရေး၏ ဖြစ်နိုင်မှုကို ရပ်ခံပြောဆိုခဲ့ကြသည်။ ၁၉၁၄–၁၉၁၈ ခုနှစ် နယ်ချဲ့ကမ္ဘာစစ်အတွင်း၌ ဖေဘီယံများသည် ဆိုရှယ်ရှော်ဗင်ဝါဒဘက်မှ ရပ်တည်ခဲ့ကြသည်။ ဖေဘီယံများနှင့်ပတ်သက်၍ လက္ခဏာ သတ်မှတ်ရေးအတွက် လီနင်၏**“အိုင်–အက်က်ဖ်ဘက်ကား၊ ဂျေ–ဒိုင်ယက်ဂျင်း၊ အက်ဖ် အိန်ဂယ်၊ ကားမာ့က်စ်နှင့် အခြားသူများ၏ အက်ဖ်အေဆော်ဂီနှင့် အခြားသူများထံသို့ ပေးစာများ”**ရုရှားဘာသာပုံနှိပ်ထုတ်ဝေမှုအတွက် စကားချီးကိုလည်းကောင်း၊ “ရုရှားတော်လှန်

ရေးအတွင်းရှိ ဆိုရှယ်ဒီမိုကရေစီ၏ မြေယာလုပ်ငန်းစဉ်'' ကိုလည်းကောင်း၊ ''အင်္ဂလိပ် ရွေပြည် အေးဝါဒနှင့် သဘောတရားကို အင်္ဂလိပ်များမနှစ်သက်မှု''ကိုလည်းကောင်း၊ အခြား စာစောင်များကိုလည်းကောင်း ကြည့်ပါ။ (နှာ – ၁၉)

**၆။ ဂျာမန်အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ** ၁၉၁၇ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည့် အလယ်ဗဟိုဝါဒ တခုဖြစ်သည်။

၁၉၂၀ ခုနှစ် အောက်တိုဘာလတွင်၎င်း၏ ဟောလ်ကွန်ဂရက်၌ ပါတီကွဲခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလတွင် ၎င်း၏ ပါတီဝင်အတော်များများသည် ဂျာမနီကွန်မြူနစ်ပါတီနှင့် ပူးပေါင်းခဲ့ကြသည်။ လက်ယာဂိုဏ်းသည် သီးခြားပါတီတရပ် ဖွဲ့စည်းခဲ့ပြီး ၁၉၂၂ ခုနှစ်အထိ အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရက်တစ် ပါတီဟူသော အမည်ဟောင်းဖြင့် တည်ရှိခဲ့သည်။ ၁၉၂၂ ခုတွင် ''အင်ဒီပင်းဒင့်''များသည် ဂျာမန်ဆိုရှယ် ဒီမိုကရက်တစ်ပါတီထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

(နှာ – ၂၀)

**၇။ ''ဂျာမန်အလုပ်သမား လှုပ်ရှားမှုအတွင်းမှ ပုံတူမကူးသင့်သည့်အရာများ''** ဆိုသည့် လီနင်၏ ဆောင်းပါးကိုကြည့်။ (လက်ရွေးစင်ကျမ်း အတွဲ ၄၊ နှာ ၃၃၄–၃၃၈၊ အင်္ဂလိပ်ဘာသာပုံနှိပ်ခြင်း၊ နယူးယောက်) (နှာ – ၂၅)

**၈။ စပါးတာ့စ်အဖွဲ့ဝင်များ**သည် ပထမကမ္ဘာစစ်အတွင်း ၁၉၁၆ ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့သည့် စပါတာကပ် အသင်းဝင်များ ဖြစ်ကြသည်။ ကမ္ဘာစစ်စတင်စတွင် ဂျာမန်လက်ဝဲ ဆိုရှယ်ဒီမိုကရက်များသည် ကားလစ်ဘနက်၊ ရိုဇာလူဇင်ဘတ်၊ ဖရန့်မေရင်း၊ ကလာရာ ဇက်ကင်းနှင့် အခြားသူတို့ခေါင်းဆောင်သော ''အင်တာနေရှင်နယ်'' အစုကို ဖွဲ့စည်းခဲ့ကြလေသည်။ ''စပါတာကပ်အသင်း''ဟု စတင်ခေါ်ဆိုလာကြသည့်အစုက လူထုများအတွင်းတွင် နယ်ချဲ့စစ်ပွဲကို ဆန့်ကျင်သည့် တော်လှန်သော ဝါဒဖြန့်ချိမှုများကို လုပ်ကိုင် ဆောင်ရွက်ခဲ့ပြီး ဂျာမန်နယ်ချဲ့ဝါဒ၏ လုယက်ဖျက်စီးရေးပေါ်လစီနှင့် ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်များ၏ သစ္စာဖောက်မှုတို့ကို ဖော်ထုတ်ဖွင့်ချခဲ့ကြလေသည်။ သို့သော်လည်း စပါးတာ့စ်အဖွဲ့ဝင် ဂျာမန် လက်ဝဲသမားများသည် သဘောတရားနှင့် နည်းပရိယာယ်ဆိုင်ရာ အချက်အခြာ ပြဿနာများတွင် မင်ရှီဗစ်တပိုင်း အမှားများ၏ အကန့်အသတ်ခံနေရမှုမှ ရုန်းမထွက်နိုင်ခဲ့ပေ။ ဂျာမန်လက်ဝဲများ၏ အမှားများနှင့် ပတ်သက်၍ ဝေဖန်ချက်များကို ဗီအိုင်လီနင်၏ ''ဂျူးနီးယပ်စ်၏စာစောင်'' (ကျမ်းပေါင်းစုံ၊ စတုတ္ထ အကြိမ် ရုရှားဘာသာထုတ် အတွဲ ၂၂၊ နှာ ၂၉၁ –၃၀၅) ''မာ့က်စ်ဝါဒအား သရုပ်ဖျက်ခြင်း''နှင့် ''နယ်ချဲ့သမား၏ စီးပွားရေးဝါဒ'' (**အထက်ပါစာအုပ်** အတွဲ ၂၃၊ နှာ ၁၆ –၆၄)နှင့် အခြားသော ရေးသားချက်များထဲတွင်လည်းကောင်း၊ ဂျေဗွီ စတာလင်၏''ဗော်ရှီဗစ်ဝါဒ သမိုင်းဆိုင်ရာ ပြဿနာအချို့''(**လီနင်ဝါဒပြဿနာများ** ၁၉၄၇ မော်စကို ထုတ်၊ နှာ ၃၇၈ – ၃၈၉) ထဲတွင်လည်းကောင်း ဖော်ပြထားလေသည်။ ၁၉၁၇ ခုနှစ်၌ စပါးတာ့စ်ဝါဒီများသည် မိမိတို့၏ စည်းရုံးရေးအရ အမှီခိုကင်းမှုကိုထိန်းသိမ်းထားရင်း အလယ်ဗဟိုဝါဒဂျာမန်''အင်ဒီပင်းဒင့်''ဆိုရှယ် ဒီမိုကရက်

ပါတီသို့ ဝင်ခဲ့ကြသည်။ ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ဂျာမနီတော်လှန်ရေး ပြီးသည့်နောက်တွင် စပါးတာ့စ်အဖွဲ့ဝင်များသည် ''အင်ဒီပင်းဒင့်များ'' ထံမှ ခွဲထွက်ခဲ့ကြပြီး ထိုနှစ် ဒီဇင်ဘာလတွင် ဂျာမနီကွန်မြူနစ်ပါတီကို တည်ထောင်ခဲ့ကြလေသည်။ (နှာ – ၂၅)

**၉။ ဘရက် (သို့မဟုတ် ဘရက်လစ်တော့ဗ်) ငြိမ်းချမ်းရေး**သည် နယ်ချဲ့ဂျာမနီနှင့် ၎င်း၏မဟာမိတ်များဖြစ်ကြသော ဩစတီးယား၊ ဟန်ဂေရီ၊ ဘူဂေးရီးယား၊ တူရကီက ၁၉၁၈ တွင် ငယ်ရွယ်သေးပြီး ချည့်နဲ့အားနည်းတုန်းပင် ရှိသေးသည့် ဆိုဗီယက်သမ္မတနိုင်ငံတော်အပေါ် တင်စီးထားသည့် လုယက်သော ငြိမ်းချမ်းရေးစာချုပ် ဖြစ်လေသည်။ ထိုစာချုပ်ကို ၁၉၁၈ မတ်လ ၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်ပါအချက်များမှာ ဆိုဗီယက်ရုရှားအတွက် အလွန်ထိခိုက်စေသည်။ ပိုလန်ပြည်၊ ဘော်လ်တစ်နိုင်ငံ အားလုံးလိုလိုနှင့် ဘိုင်လိုရုရှားတပိုင်းကို ဂျာမနီ၊ ဩစတီးယား၊ ဟန်ဂေရီတို့လက်သို့ ပေးလိုက်ရ၏။ ယူကရိန်းမှာ ဆိုဗီယက်ရုရှားမှ ခွဲထုတ်ခံရပြီး ဂျာမနီ၏အမှီခိုတိုင်းပြည်ဖြစ်သွားခဲ့သည်။ ဂျာမနီပြည် ၁၉၁၈ နိုဝင်ဘာ တော်လှန်ရေးပြီးသည့်နောက်တွင် ဆိုဗီယက်အစိုးရက ၎င်းကို ပယ်ဖျက်လိုက်လေသည်။ (နှာ – ၂၆)

**၁၀။ လေဘာပါတီဝင်များ**မှာ ဗြိတိသျှလေဘာပါတီဝင်များကို ဆိုလိုသည်။ **ဗြိတိသျှလေဘာပါတီ**ကို အလုပ်သမားလူတန်းစား အစည်းအရုံးများဖြစ်သည့် အလုပ်သမား သမဂ္ဂများ၊ ဆိုရှယ်လစ်ပါတီများနှင့် အစုများတို့ကိုပူးပေါင်း၍ ၁၉၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့လေသည်။ ပါလီမန်သို့ အလုပ်သမားများ၏ ကိုယ်စားလှယ်များ ရွေးချယ်ရေးအာမခံချက်ရှိစေရန် ရည်ရွယ်သည်။ (သို့ကြောင့်ပင် ၎င်း၏အမည်ရင်းမှာ အလုပ်သမားကိုယ်စားပြု ကော်မတီဖြစ် လေသည်။) ၁၉၀၃ တွင် လေဘာပါတီအမည်ကို ခံယူခဲ့သည်။ မိမိ၏အတွေးအခေါ်များနှင့် နည်းပရိယာယ်များအတွင်းတွင် အလွန်အမင်း အချောင်ဆန်၍ လီနင်ပြောသကဲ့သို့ ''ခြေဆုံးခေါင်းဆုံး ခရိုင်'' ဖြစ်ကြသည်။ (နှာ – ၂၉)

**၁၁။ ကရင်စကီ** ကြီးမြတ်သော အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး၏ တွန်းလှန်ခြင်းကို ခံလိုက်ရသော ရုရှားခရိုင် ယာယီအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်သည်။

**ကော့ချက်နှင့် ဒင်နီကင်**တို့သည် နိုင်ငံခြားကျူးကျော်စွက်ဖက်ရေး အင်အားများ၏ ထောက်ပံ့မှုဖြင့် ဆိုဗီယက်သမ္မတနိုင်ငံကို ဆန့်ကျင်သော ပြည်တွင်းစစ်ပွဲကို လုပ်ကိုင်နေသည့် တန်ပြန်တော်လှန်ရေး တပ်မတော်များကို ဦးစီးအမိန့်ပေးခဲ့ကြသည်။ (နှာ – ၃၁)

**၁၂။ ကဒက်များ** (ဖွဲ့စည်းပုံဒီမိုကရက်ပါတီ)သည် ရုရှားပြည်ရှိ အဓိကခရိုင် ပါတီသည် လစ်ဘရယ်မင်းမဲ့ ခရိုင်လူတန်းစား၏ ပါတီဖြစ်သည်။ ၁၉၀၅ ခုနှစ် အောက်တိုဘာလထဲတွင် ဖွဲ့စည်းခဲ့သည့် အတုအယောင်ဒီမိုကရေစီ မျက်နှာဖုံးဖြင့် မိမိတို့ကိုယ်ကို၊ ''ပြည်သူ့ လွတ်လပ်ရေး'' ပါတီဟုခေါ်ဆိုရင်းဖြင့် ကဒက်များသည် လယ်သမားထုကို သူတို့ဘက်ပါအောင် ကြိုးစားခဲ့လေသည်။ သူတို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံရှိသော ဘုရင်စနစ်သဏ္ဍာန်ဖြင့် ဇာစနစ်ကို ထိန်းသိမ်းရန် ကြိုးစားခဲ့သည်။ တဆက်တည်းမှာပင် ကဒက်များသည် နယ်ချဲ့ခရိုင်လူတန်းစားပါတီ ဖြစ်ခဲ့

ပေသည်။ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အောင်ပွဲခံပြီးသည့်နောက်တွင် ကဒက်များသည် ဆိုဗီယက်သမ္မတနိုင်ငံကို ဆန့်ကျင်၍တန်ပြန်တော်လှန်ရေး လုပ်ကြံမှုများနှင့် ပုန်ကန်ထကြွမှုများကို စည်းရုံးခဲ့သည်။ (နှာ – ၃၁)

**၁၃။ တရူဒေါ့ဗီကီ**သည် ပထမနိုင်ငံတော် ဒူးမားလွှတ်တော်၏ လယ်သမား အဖွဲ့ဝင်တို့နှင့် ၁၉၀၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းထားသည့် ဓနရှင်ပေါက်စ ဒီမိုကရေစီအစုဖြစ်သည်။ ထရူဒေါ့ဗီကီအစုသည် ဒူးမား ၄ ခုစလုံး၌ တည်မြဲခဲ့သည်။ ၁၉၁၄ – ၁၉၁၈ ခုနှစ် နယ်ချဲ့ကမ္ဘာစစ် အတွင်း၌ ထရူဒေါ့ဗီကီသည် ရှော်ဗင်ဝါဒရပ်တည်မှုကိုယူခဲ့ပြီး ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလ ဓနရှင်ဒီမို ကရေစီတော်လှန်ရေး၌ ပါဝင်ခဲ့ကာ ချမ်းသာလယ်သမားများ၏ အကျိုးစီးပွားကို ကိုယ်စားပြု၍ တန်ပြန်တော်လှန်ရေးနှင့် ပေါင်းခဲ့လေသည်။ (နှာ – ၄၃)

**၁၄။** ပါတီဝင်ဦးရေသည် ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ တော်လှန်ရေးအပြီးမှ ၁၉၁၉ ခုနှစ် နှစ်ကုန်ကာလပိုင်းအတွင်း အောက်ပါအတိုင်း ပြောင်းလဲခဲ့သည်။ ၁၉၁၇ ခုနှစ် ရုရှား ဆိုရှယ်ဒီမိုကရက်လေဘာပါတီ (ဗော်ရှီဗစ်) ၏ ရုရှားပြည်လုံးဆိုင်ရာ ၇ ကြိမ်မြောက်ကွန်ဖရင့် (ဧပြီလ) ကျင်းပချိန်၌ ပါတီဝင် ၈၀,၀၀၀ ရှိသည်။ ၁၉၁၇ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လထိ ကျင်းပသော ရုရှားဆိုရှယ်ဒီမိုကရက် လေဘာပါတီ ၆ ကြိမ်မြောက် ကွန်ဂရက်ကာလ၌ ပါတီဝင် ၂၄၀,၀၀၀ ရှိသည်။ ၁၉၁၈ ခုနှစ် မတ်လတွင် ကျင်းပသော ရုရှားကွန်မြူနစ်ပါတီ (ဗော်ရှီဗစ်) ၇ ကြိမ်မြောက် ကွန်ဂရက်ကာလ၌ အနည်းဆုံးပါတီဝင် ၂၇၀,၀၀၀ ရှိပြီး ၁၉၁၉ ခုနှစ် မတ်လတွင် ကျင်းပသော ရုရှားကွန်မြူနစ်ပါတီ (ဗော်ရှီဗစ်) ၈ ကြိမ်မြောက် ကွန်ဂရက်ကာလ၌ ပါတီဝင် ၃၁၃,၇၆၆ ရှိသည်။ (နှာ – ၄၄)

**၁၅။ ကမ္ဘာ့စက်မှုအလုပ်သမားများအဖွဲ့**သည် ၁၉၀၅ ခုနှစ်တွင် တည်ထောင်ခဲ့သော အမေရိကန် အလုပ်သမားအစည်းအရုံး ဖြစ်သည်။ ၎င်း၏ လှုပ်ရှားမှုများတွင် မင်းမဲ့ဆင်ဒီကယ် အရိပ်လက္ခဏာများဖြစ်ကြသော ပစ္စည်းမဲ့လူတန်းစား၏ နိုင်ငံရေးတိုက်ပွဲ လိုအပ်မှုကို အသိအမှတ်မပြုခြင်း၊ ပစ္စည်းမဲ့လူတန်းစားပါတီ၏ ခေါင်းဆောင်မှုအခန်း၊ အရင်းရှင် စနစ်ဖြိုချရန်၊ လက်နက်ကိုင်ပုန်ကန်ရေး လိုအပ်မှုနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်အတွက် တိုက်ပွဲဆင်မှုတို့အား ငြင်းပယ်ခြင်းတို့ကို အထင်အရှားတွေ့ရသည်။ ကမ္ဘာ့စက်မှုအလုပ်သမားများ အဖွဲ့သည် အမေရိကန်အလုပ်သမား သမဂ္ဂအသင်းချုပ်အတွင်း ဝင်ရောက်လုပ်ကိုင်ရန်လည်း ငြင်းဆိုသည်။ ၎င်းနောက်တွင် ဂိုဏ်းဂဏဆန်သော မင်းမဲ့ဆင်ဒီကယ် အစုအဖြစ်သို့ လျော့ကျသွားကာ အလုပ်သမားများအတွင်းတွင် ဩဇာသက်ရောက်မှု မရှိတော့ပေ။ (နှာ – ၅၄)

**၁၆။ အီတလီဆိုရှယ်လစ်ပါတီ**ကို ၁၈၉၂ ခုနှစ်တွင် အီတလီအလုပ်သမား ပါတီအမည်ဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၈၉၃ ခုနှစ်တွင် အီတလီဆိုရှယ်လစ်ပါတီဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်။ ရုရှားပြည် အောက်တိုဘာတော်လှန်ရေးကြီး ပြီးသည့်နောက်တွင် လက်ဝဲဂိုဏ်းသည် အင်အားတောင့်တင်းလာသည်။ ထို့ပြင် ၁၉၂၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော လစ်ဗိုနို

ကွန်ဂရက်၌ လက်ဝဲသမားများသည် ပါတီမှခွဲထွက်သွားကြသည်။ ၎င်းတို့ဘာသာ ကွန်ဂရက်တခုကို ကျင်းပခဲ့ကြပြီး အီတလီကွန်မြူနစ်ပါတီကို ထူထောင်ခဲ့ကြသည်။ (နှာ – ၇၀)

**၁၇။ ဘလန်ကွီဝါဒီများ**ကား ပြင်သစ်တော်လှန်ရေးသမား လူဝီသြဂတ်စ် ဘလန်ကွီ (၁၈၀၅ – ၁၈၈၁ ခုနှစ်) ၏ နောက်လိုက်များ ဖြစ်ကြသည်။ မာ့က်စ်လီနင်ဝါဒ စံတင်ကျမ်းများက ဘလန်ကွီကို ထူးချွန်သော တော်လှန်ရေးသမား တယောက်အဖြစ်ဖြင့်လည်းကောင်း၊ ဆိုရှယ်လစ်ဝါဒကို သက်ဝင်ယုံကြည်သူတယောက်အဖြစ်ဖြင့်လည်းကောင်း မှတ်ယူခဲ့ရင်း တချိန်တည်းတွင် သူ၏ဂိုဏ်းခွဲရေးဝါဒနှင့် လုပ်ကြံရေးလှုပ်ရှားမှုနည်းနာများအား ဝေဖန်ထားလေသည်။ "ဘလန်ကွီဝါဒသည် လူတန်းစား တိုက်ပွဲကိုပစ်ပယ်သည့် သဘောတရားဖြစ်သည်။ ၎င်းသည် အခစားကျွန်ဘဝမှ လူသားတို့၏ လွတ်မြောက်ရေးကို ပစ္စည်းမဲ့လူတန်းစား၏ လူတန်းစား တိုက်ပွဲနည်းဖြင့် မဟုတ်ဘဲ ပညာတတ်အနည်းစုကလေး၏ လုပ်ကြံရေးနည်းများဖြင့် ရယူရန် မျှော်မှန်းခဲ့သည်"ဟု လီနင်ကရေးသားခဲ့သည်။ (ကွန်ဂရက်နိဂုံးချုပ်၊ လီနင်ကျမ်းပေါင်းစုံ၊ ရုရှားဘာသာ စတုတ္ထနှိပ်ခြင်း၊ တွဲ ၁၀၊ နှာ – ၃၆၀) (နှာ – ၇၁)

**၁၈။နိုင်ငံပေါင်းချုပ်အသင်း**သည် ပထမကမ္ဘာ့စစ်နှင့် ဒုတိယကမ္ဘာစစ် နှစ်ခုအကြားတွင် တည်ရှိခဲ့သော ကမ္ဘာ့အဖွဲ့အစည်း တခုဖြစ်သည်။ ၁၉၁၉ ခုနှစ်တွင် ကမ္ဘာစစ်ကိုအနိုင်ရသော အင်အားများ၏ ပဲရစ်ငြိမ်းချမ်းရေးကွန်ဖရင့်မှ စတင်တည်ထောင်ခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်း၏ သဘောတူညီမှုအချက်များမှာ ၁၉၁၉ ခုနှစ် ဗာဆေးစာချုပ်အရဖြစ်ပြီး ၄၄ နိုင်ငံက ပါဝင် လက်မှတ်ရေးထိုးကြသည်။ ၎င်းပဋိညာဉ်အရဆိုပါက ကျူးကျော်မှုဆန့်ကျင်ရေး၊ လက်နက်လျှော့ပေါ့ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုခိုင်မာရေးတို့ကို ရည်ရွယ်သော်လည်း လက်တွေ့တွင် ကျူးကျော်မှုကို အကာအကွယ်ပြုရန်၊ လက်နက်ပြိုင်ဆိုင်ရန်၊ ဒုတိယကမ္ဘာစစ် အတွက် ပြင်ဆင်ရန်သာ ဖြစ်ခဲ့သည်။ ၁၉၂၀နှင့် ၁၉၃၄ အတွင်း ဤအသင်းသည် ဆိုဗီယက် ယူနီယံကို ရန်ပြုခဲ့သည်။ ၁၉၂၀ နှင့် ၁၉၂၁ အတွင်း ဆိုဗီယက်ကို လက်နက်စွက်ဖက်ရာ၌ အချက်အချာတခု ဖြစ်ခဲ့သည်။ (နှာ – ၇၅)

**၁၉။ ဇင်မာဝဲကွန်ဖရင့်**သည် ၁၉၁၅ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဆွစ်ဇာလန်ပြည် ဇင်မာဝဲတွင်ကျင်းပသော ပထမအကြိမ် နိုင်ငံတကာ့ဆိုရှယ်လစ် ကွန်ဖရင့်ဖြစ်သည်။ လီနင်က ဤကွန်ဖရင့်အား စစ်ဆန့်ကျင်ရေး နိုင်ငံတကာ့လှုပ်ရှားမှု ဖြစ်ပေါ်တိုးပွားမှု၏ "ပထမခြေလှမ်း" ဟုဖော်ပြခဲ့သည်။ ကီယင်သဲကွန်ဖရင့်မှာ ၁၉၁၆ ခုနှစ် ဧပြီလ ၂၄ မှ ၃၀ အထိ ကီယင်သဲမြို့ကလေးတွင် ကျင်းပသော ဒုတိယအကြိမ်မြောက် နိုင်ငံတကာ့ဆိုရှယ်လစ် ကွန်ဖရင့်ဖြစ်သည်။ ဤကွန်ဖရင့်များသည် အနောက်ဥရောပ ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှု လက်ဝဲဂိုဏ်းသားများ အတွက် မာ့က်စ်ဝါဒလီနင်ဝါဒအခြေခံပေါ်တွင် အတွေးအခေါ်အရ ညီညွတ်မှုကို ရရှိစေ သည်။ ၎င်းတို့သည် ထိုနိုင်ငံများတွင် ကွန်မြူနစ်ပါတီများ ထူထောင်ရေး၊ တတိယကွန်မြူနစ် အင် တာနေရှင်နယ် ထူထောင်ရေးအတွက် တက်ကြွသောအခန်းမှ ပါဝင်ခဲ့ကြသည်။ (နှာ – ၇၉)

**၂၀။ ဗာဆေးစာချုပ်**သည် ပထမကမ္ဘာစစ်အပြီးတွင် ချုပ်ဆိုသောစာချုပ်ဖြစ်သည်။

၁၉၁၉ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် အမေရိကန်၊ ဗြိတိသျှ၊ ပြင်သစ်၊ အီတလီ၊ ဂျပန်နှင့် မဟာမိတ်နိုင်ငံများကတဖက်၊ ဂျာမနီကတဖက် လက်မှတ်ရေးထိုးခြင်း ဖြစ်သည်။ စစ်နိုင်သောတိုင်းပြည်များက ကမ္ဘာကြီးကိုခွဲဝေယူသည့် စာချုပ်ဖြစ်သည်။ ကမ္ဘာ့တော်လှန်ရေး လှုပ်ရှားမှုကို နှိမ်နင်းရန် ရည်ရွယ်သောစာချုပ်ဖြစ်သည်။ (နှာ – ၈၄)

**၂၁။ အင်တွန်** (ပြင်သစ်စကားအရ သဘောတူမှုဖြစ်သည်) သည် ၂၀ ရာစုအစပိုင်းက နယ်ချဲ့နိုင်ငံကြီးများ ဖြစ်ကြသည့် အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားတို့၏ မဟာမိတ်အဖွဲ့အဖြစ် ၁၈၉၀ ခုနှစ်၊ နှစ်စတွင် ဂျာမနီပြည်က တည်ထောင်ခဲ့သည့် ကျူးကျော်ရေး ၃ နိုင်ငံမဟာမိတ် (ဂျာမနီ၊ သြစတီးယား၊ ဟန်ဂေရီနှင့် အီတလီ) နှင့် ဆန့်ကျင့်ဘက် မဟာမိတ်အဖြစ် ပေါ်ထွက်လာသည်။ ၁၉၀၄ ခုနှစ်တွင် အင်္ဂလိပ်နှင့် ပြင်သစ် ၁၉၀၇ ခုနှစ်တွင် အင်္ဂလိပ်နှင့် ရုရှားတို့အကြား သဘောတူကြပြီးနောက် ၃ နိုင်ငံ သဘောတူချက်အဖြစ် အင်တွန်ပေါ်ထွက်လာသည်။ ၎င်းအုပ်စု ၂ ခုလုံးသည် ကမ္ဘာကြီးကို အသစ်တဖန်ခွဲဝေယူရေးအတွက် အဓိကအရင်းရှင်နိုင်ငံကြီးများ၏ ကြိုးပမ်းချက်ဖြစ်သည် (အထူးသဖြင့် ဂျာမနီသည် ၁၈၇၀ ခုနှစ်မှ ၁၉၁၃ ခုနှစ်အထိ အင်္ဂလိပ်နှင့် အခြားဥရောပတိုင်းပြည်များသို့ စီးပွားရေးအရ ကျော်လွန်သွားခဲ့သည်။) အင်တွန်ဖွဲ့စည်းလိုက်ခြင်းဖြင့် အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားအကြား တည်ရှိနေသော ပဋိပက္ခများကို မလျော့ပါးသွားစေသည့်အပြင် ဂျာမနီနှင့် ၎င်းတိုင်းပြည်များ၏ ပဋိပက္ခမှာ ပိုမိုသည်းသန်လာပြီး ကမ္ဘာစစ်ကို ပေါက်ပွားလာစေသည်။ စစ်ပွဲအတွင်း အင်တွန်ထဲသို့ အမေရိကန်၊ ဂျပန်၊ အီတလီနှင့် အခြားတိုင်းပြည်များ စုစုပေါင်း ၂၅ ပြည် ပါဝင်လာခဲ့သည်။ မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး အောင်မြင်ပြီးနောက် ဆိုဗီယက်သမ္မတနိုင်ငံသည် စစ်ပွဲထဲမှ နုတ်ထွက်ခဲ့သဖြင့် အင်တွန်နိုင်ငံများက ရုရှားပြည်ကို စစ်ရေးအရ ကျူးကျော်ကာ ဆိုဗီယက်အာဏာ ဖြိုချရန် ကြိုးပမ်းခဲ့ကြသည်။ အင်တွန်နယ်ချဲ့ နိုင်ငံများသည် ရုရှားတန်ပြန်တော်လှန်ရေးသမားများနှင့် ပူးပေါင်း၍ ဆိုဗီယက်အား စစ်ရေးကျူးကျော်မှု ပြုလုပ်သည်။ သို့သော်အင်တွန်၏ ကျူးကျော်မှုသည် အရှုံးနှင့်အဆုံးသတ်ခဲ့ရသည်။ (နှာ – ၈၄)

**၂၂။ ဗြိတိသျှဆိုရှယ်လစ်ပါတီ**ကို ၁၉၁၁ ခုနှစ်တွင် မန်ချက်စတာမြို့၌ ဖွဲ့စည်းခဲ့သည်။ ၎င်းသည် မာ့က်စ်ဝါဒစိတ်ဓာတ်အတိုင်း ဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးများကို လုပ်ဆောင်ခဲ့သည်။ ၎င်းပါတီသည်"အချောင်သမားမဟုတ်၊ လစ်ဘရယ်များမှ **တကယ်တမ်း** အမှီအခို ကင်းသည်။" ဟု လီနင်ကပြောခဲ့သည်။ ၎င်း၏ ပါတီဝင်ဦးရေနည်းမှုနှင့် လူထုများနှင့် သီးခြားကင်းကွာနေမှုတို့က ပါတီအားတစုံတရာသော ဂိုဏ်းဂဏလက္ခဏာကို ဖြစ်စေခဲ့သည်။

ပထမနယ်ချဲ့ကမ္ဘာစစ်ကြီး (၁၉၁၄–၁၉၁၈) အတွင်းက ပါတီတွင်းတွင် ဂိုဏ်း ၂ ဖွဲ့ ပေါ်လာခဲ့သည်။ ဟင်ဒမန် ခေါင်းဆောင်သည့် ပြောင်ကျသော ဆိုရှယ်ရှော်ဗင်ဝါဒဂိုဏ်းနှင့် အခြားတခုသည် အေအင့်ခ်ပင်နှင့် အခြားသူများ ခေါင်းဆောင်သည့် နိုင်ငံတကာ့ဝါဒဂိုဏ်းဖြစ်သည်။ ၁၉၁၆ ခုနှစ် ဧပြီလတွင် ပါတီကွဲမှုတရပ် ဖြစ်ခဲ့သည်။ ဟင်ဒမန်နှင့် သူ့ကိုထောက်ခံသူများသည် အနည်း

စုဖြစ်သွားကြပြီး ပါတီမှနုတ်ထွက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နိုင်ငံတော်ဝါဒီများသည် ဖြိတ်သျှဆိုရှယ်လစ်ပါတီ၏ ခေါင်းဆောင်မှုကို ရရှိခဲ့ကြသည်။ ဖြိတ်သျှဆိုရှယ်လစ်ပါတီသည် ၁၉၂၀ ခုနှစ်တွင် ဖွဲ့စည်းသည့် ဂရိဗြိတိန် ကွန်မြူနစ်ပါတီ၏ အစပျိုးသူများ ဖြစ်ကြသည်။ (နှာ – ၈၇)

**၂၃။ ဆိုရှယ်လစ်လေဘာပါတီ**ကို ၁၉၀၃ ခုနှစ်၌ ဆိုရှယ်ဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်သွားသည့် လက်ဝဲဆိုရှယ် ဒီမိုကရက်များက ဖွဲ့စည်းခဲ့သည်။ **ဝေလတောင်ပိုင်း ဆိုရှယ်လစ်အသင်း**၊ ဝေလကျောက်မီးသွေး အလုပ်သမားအများစုဖြင့် ဖွဲ့ထားသည့် အစုကလေး ဖြစ်သည်။ **အလုပ်သမားဆိုရှယ်လစ်အဖွဲ့ချုပ်**ဆိုသည့် အဖွဲ့အစည်းကလေးမှာ "အမျိုးသမီးများ မဲပေးခွင့်ရရေးအသင်းချုပ်"မှ ပေါက်ဖွားခဲ့၍ အမျိုးသမီးအများစုဖြင့် ဖွဲ့စည်းထား သည်။

၎င်း "လက်ဝဲ"အဖွဲ့အစည်းများသည် ဂရိတ်ဗြိတိန်ကွန်မြူနစ်ပါတီ တည်ထောင်သည့် အခါတွင် (ပထမဆုံးအကြိမ် ဖွင့်လှစ်သည့် ကွန်ဂရက်ကို ၁၉၂၀ ခုနှစ် ဇူလိုင်လ ၃၁ မှသြဂုတ် ၁ ရက်နေ့ ထိ ကျင်းပခဲ့သည်။) ၎င်းပါတီထဲသို့ ပါဝင်ရန်ငြင်းဆိုခဲ့ကြသည်။ အကြောင်းမှာ ၎င်း၏ လုပ်ငန်းစဉ်ထဲ၌ ပါလီမန်ရွေးကောက်ပွဲများသို့ ပါဝင်ရေးနှင့် လေဘာပါတီသို့ ပူးပေါင်းရေးတို့ကို တင်ပြထားသည့် စာပိုဒ်ပါနေသောကြောင့်ဖြစ်သည်။ ဝေလတောင်ပိုင်း ဆိုရှယ်လစ်အသင်းနှင့် အလုပ်သမားဆိုရှယ်လစ်အဖွဲ့ချုပ် (၎င်းတို့ နာမည်များကို ကွန်မြူနစ်လေဘာပါတီနှင့် ကွန်မြူနစ်ပါတီဟူ၍ အသီးသီးပြောင်းလဲခဲ့ကြသည်။) တို့သည် ဂရိတ်ဗြိတိန်ကွန်မြူနစ်ပါတီနှင့် ၁၉၂၁ ခုနှစ်တွင် ကျင်းပကြသည့် ဂရိတ်ဗြိတိန်ကွန်မြူနစ်ပါတီ ကွန်ဂရက်၌ ပူးပေါင်းလိုက်ကြ၍ ဂရိတ်ဗြိတိန် ယူနိုက်တက် ကွန်မြူနစ်ပါတီ အမည်ကိုယူခဲ့ကြသည်။ ဆိုရှယ်လစ်လေဘာပါတီ၏ ခေါင်းဆောင်များကမူ ပူးပေါင်းရန် ငြင်းဆိုခဲ့ကြသည်။ (နှာ – ၈၄)

**၂၄။ ဒရေးဖတ်စ်အမှုအခင်း** ဆိုသည်မှာ ပြင်သစ်စစ်ဦးစီးဌာနချုပ်မှ ဂျူးလူမျိုး အရာရှိဖြစ်သူ ဒရေးဖတ်စ်အား ပြင်သစ်ရှိ ဖောက်ပြန်သည့် မင်းမျိုးမင်းနွယ် စစ်ရေးဂိုဏ်းက ၁၈၉၄ ခုနှစ်တွင် အမှုဆင်စစ်ဆေးမှု ဖြစ်လေသည်။ ဒရေးဖတ်စ်သည် သူလျှိုမှု၊ နိုင်ငံတော် သစ္စာ ဖောက်မှုဟူသော မတရားစွဲဆိုချက်များဖြင့် ထောင်ဒဏ်တသက် ပေးခံရသူဖြစ်သည်။

စီရင်ချက်အား ပြန်လည်စစ်ဆေးရေးအတွက် အများပြည်သူတို့၏ အနှံ့အပြား တိုက်ပွဲဆင်မှုသည် သမ္မတဂိုဏ်းသားများနှင့် မင်းမျိုးမင်းနွယ် ဂိုဏ်းသားများတို့အကြား ပြင်းထန်သောတိုက်ပွဲအဖြစ် ထင်ရှားလာ၍ ၁၉၀၆ ခုနှစ်တွင် ဒရေးဖတ်စ်အမှုကို ပလပ်ရသည်အထိ ဖြစ်ခဲ့ လေသည်။ (နှာ – ၁၁၇)

**၂၅။ ကပ်လတ်ဝစ် စစ်ရေးအရဲစွန့်ထကြွမှု** ၁၉၂၀ ခုနှစ် မတ်လ၌ ကပ်လတ်ဝစ်နှင့် အခြားသော မင်းမဲ့ဝါဒီများတို့က လုပ်ကိုင်ကြသည့် ဂျာမနီပြည် တန်ပြန်တော်လှန်ရေးအာဏာ လုပ်ကြံမှုဖြစ်လေသည်။ ဘာလင်အလုပ်သမားများ၏ အင်တိုက်အားတိုက် ပြုမူဆောင်ရွက်ချက် ကြောင့်သာ ၎င်းအကြံအစည်ကို ရက်အနည်းငယ်အတွင်း၌ ချေမှုန်းပစ်ခဲ့လေသည်။ (နှာ – ၁၃၀)

## အမည်အညွှန်းများ

**ကောက်စကီး** (ကားကောက်စကီး ၁၈၅၄ – ၁၉၃၈) သည် ဂျာမန်ဆိုရှယ်ဒီမိုကရက်နှင့် ဒုတိယအင်တာနေရှင်နယ် ခေါင်းဆောင်တဦး ဖြစ်သည်။ အစပိုင်းတွင် မာ့က်စ်ဝါဒ သမားတဦး ဖြစ်ခဲ့လေသည်။ နောင်တွင် သစ္စာဖောက်သွားသည်။ အန္တရာယ်အကြီးဆုံးဖြစ်သော အလယ်ဗဟို အချောင်ဝါဒီဖြစ်သည်။ ကမ္ဘာ့စက်မှုအလုပ်သမားများ အဖွဲ့အတွင်း နိုင်ငံတကာ့ဝါဒ အရေခြုံထားသော ဆိုရှယ်ရှော်ဗင်ဝါဒသမား ဖြစ်သည်။ နယ်ချဲ့စနစ်နှင့် ပတ်သက်၍ ဖောက်ပြန်သော သဘောတရားကို ဖန်တီးခဲ့သူဖြစ်သည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်နှင့် ပစ္စည်းမဲ့ တော်လှန်ရေးကို အတိအလင်း ဆန့်ကျင်ခဲ့သည်။ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကို အတိအလင်းဆန့်ကျင် တိုက်ခိုက်ခဲ့သူဖြစ်သည်။

**ဂါလာချာ** (ဝီလီယံဂါလာချာ ၁၈၈၁ – ) သည် အင်္ဂလန်အလုပ်သမား လှုပ်ရှားမှုအတွင်းမှ ထင်ရှားသော ခေါင်းဆောင်တယောက်ဖြစ်ပြီး ဗြိတိန်ပြည် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တဦးဖြစ်သည်။ ပထမကမ္ဘာစစ်အတွင်း ပစ္စည်းမဲ့လူတန်းစား၏“အလုပ်ရုံစတီးဝပ်” လှုပ်ရှားမှုတွင် ခေါင်းဆောင်ခဲ့သည်။ အလုပ်ရုံစတီးဝပ်ကော်မတီ၏ ကိုယ်စလှယ်အဖြစ် တတိယအင်တာနေရှင်နယ်၊ ဒုတိယအကြိမ် ကွန်ဂရက်ကို တက်ခဲ့သည်။ လက်ဝဲဂိုဏ်းဂဏ အမှား များကို စွဲကိုင်ပြီး ဓနရှင်ပါလီမန်တွင် ကွန်မြူနစ်များပါဝင်မှုနှင့် လေဘာပါတီသို့ ပါဝင်ခြင်းကို ဆန့်ကျင်ခဲ့သည်။ ၎င်းအားဝေဖန်မှုများပြုသဖြင့် အမှားများကို ကျော်နင်းနိုင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဂါလာချာသည် အင်္ဂလန်ကွန်မြူနစ်ပါတီသို့ ဝင်ခဲ့သည်။ ဗဟိုကော်မတီဝင်နှင့် နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်အဖြစ် အကြိမ်များစွာအရွေးခံခဲ့ရသည်။ ၁၉၃၅ ခုနှစ်မှ ၅၀ ခုနှစ်များအထိ အင်္ဂလန်ပါလီမန်အဖွဲ့ဝင် ဖြစ်ခဲ့သည်။ ၁၉၄၃ ခုနှစ်မှ ၅၆ ခုနှစ်အထိ ဗြိတိန်ကွန်မြူနစ်ပါတီ အမှုဆောင်သဘာပတိ ဖြစ်ခဲ့သည်။ ၎င်းသည် ဖက်ဆစ်ဝါဒနှင့် စစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးနှင့် ဆိုရှယ်လစ်ရေး တိုက်ပွဲများတွင် တက်ကြွစွာပါဝင်ခဲ့သည်။

**တူရပ်တီ** (ဖိလစ်ပိုတူရပ်တီ ၁၈၅၇ – ၁၉၃၂) သည် အီတလီအလုပ်သမား လှုပ်ရှားမှုတွင် အီတလီဆိုရှယ်လစ်ပါတီကို စည်းရုံးသူတဦး ဖြစ်သည်။ ၎င်းပါတီ၏ လက်ယာပြုပြင်ရေးဂိုဏ်းခေါင်းဆောင်ဖြစ်သည်။ ကမ္ဘာ့စက်မှုအလုပ်သမားများ အဖွဲ့တွင် အလယ်ဗဟိုဂိုဏ်းသားဖြစ်၍ အောက်တိုဘာဆိုရှယ်လစ် တော်လှန်ရေးကို ရန်ပြုခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် အီတလီ ဆိုရှယ်လစ်ပါတီကွဲပြီးနောက် ပြုပြင်ရေးပါတီဖြစ်သည့် ''ဆိုရှယ်လစ်ညီညွတ်ရေးပါတီ''ကို ခေါင်း ဆောင်ခဲ့သည်။

**ပန်ဟပ်စ်** (ဆီလ်ဗီးယား အက်စတယ်လာ ပန်ဟပ်စ် ၁၈၈၂ – ၁၉၆၀) သည် အင်္ဂလိပ် အလုပ်သမား လှုပ်ရှားမှုတွင် ပါဝင်သည်။ ကမ္ဘာ့စက်မှုအလုပ်သမားများအဖွဲ့တွင် ရွှေပြည်အေးဝါဒကို ရပ်တည်ခဲ့သည်။ သူမသည် အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးပြီးနောက် ဆိုဗီယက်ရုရှားကို နယ်ချဲ့နိုင်ငံများက ကျူးကျော်တိုက်ခိုက်ကြခြင်းကို ရပ်ဆိုင်းရန် ပြောဟောလှုံ့ဆော်ခဲ့သည်။ အလုပ်သမား ဆိုရှယ်လစ်အဖွဲ့ချုပ်တွင်ပါဝင်ကာ ၎င်းအဖွဲ့ချုပ်၏ လက်ဝဲအလွန်အကျွံ ခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။ ''အလုပ်သမားဒရက်နော့''သတင်းစာ အယ်ဒီတာဖြစ်သည်။ တတိယအင်တာနေရှင်နယ် ဒုတိယကွန်ဂရက်သို့ တက်ရောက်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဗြိတိန်ကွန်မြူနစ်ပါတီသို့ဝင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ပါတီမှ ပါတီစည်းကမ်း မလိုက်နာသည့် အတွက် ထုတ်ပယ်ခြင်းခံရသည်။

**ဘော်ဒီဂါ** (အာမာဒီယိုဘော်ဒီဂါ ၁၈၈၉ – ) သည် အီတလီနိုင်ငံရေးသမားတဦးဖြစ်ပြီး ၁၉၁၀ ခုနှစ်တွင် အီတလီဆိုရှယ်လစ် ပါတီဝင်တဦးဖြစ်သည်။ ၁၉၁၂ ခုနှစ်မှစ၍ မင်းမဲ့ဝါဒီနှင့် နီးစပ်သည်။ ၁၉၁၉ တွင် ဓနရှင်ပါလီမန်များကို သပိတ်မှောက်ရန် လုပ်ငန်းစဉ်ကို တင်ပြပြီး ခေါ်ဆိုလေ့ရှိသော ကွန်မြူနစ်သပိတ်သမားအုပ်စုကို ခေါင်းဆောင်သည်။ ၎င်းသည် ဒုတိယ အင်တာနေရှင်နယ် ကိုယ်စားလှယ်ဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် အီတလီကွန်မြူနစ်ပါတီကို တည်ထောင်ရာတွင် ပါဝင်ခဲ့သည်။ ၁၉၂၆ ခုနှစ်အထိ ခေါင်းဆောင်မှုအဖွဲ့တွင် ပါဝင်ခဲ့သည်။ ဘော်ဒီဂါသည် တတိယအင်တာနေရှင်နယ်၏ ဖက်ဆစ်ဆန့်ကျင်ရေး တပ်ပေါင်းစု နည်းပရိယာယ်ကို ဆန့်ကျင်ပြီး လက်ဝဲဂိုဏ်းခွဲရေး လုပ်ဆောင်ခဲ့သည်။ ဆက်လက်၍ ထရော်စကီ အယူအဆများကို ဖြန့်ဖြူးပြီး အီတလီကွန်မြူနစ်ပါတီလမ်းစဉ်ကို ဂိုဏ်းဂဏအရ တိုက်ခိုက်မှုပြုခဲ့သည်။ ထို့ကြောင့် ၁၉၃၀ တွင် ပါတီမှထုတ်ပစ်ခံရသည်။ ၁၉၄၄ ခုနှစ်တွင် ခေါ်ဆိုလေ့ရှိသော ''ကွန်မြူနစ်နိုင်ငံ တကာ့ ဝါဒီများပါတီ''ကိုထူထောင်ခဲ့သည်။

**ဘောဝါး** (အော်တိုဘောဝါး ၁၈၈၂ – ၁၉၃၈) သည် ဩစတီးယား ဆိုရှယ်ဒီမိုကရက်နှင့် ဒုတိယအင်တာနေရှင်နယ် ခေါင်းဆောင်တဦးဖြစ်သည်။ ဩစတီးယား မာ့က်စ်ဝါဒ သဘောတရားဆရာဖြစ်သည်။ ဓနရှင်ပြုပြင်ရေးသမား တဦးလည်းဖြစ်သည်။ ယဉ်ကျေးမှု အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဓနရှင်အမျိုးသားရေးဝါဒကို တီထွင်သူတဦးဖြစ်သည်။ အောက်တိုဘာဆိုရှယ်လစ် တော်လှန်ရေးကို လက်မခံခဲ့ပေ။ ၁၉၁၈ – ၁၉၁၉ ခုနှစ်တွင် ဩစတီးယား ဓနရှင်

သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။ ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေးသမား ဖက်ဆစ်ဝါဒ ထောက်ခံသူဖြစ်သည်။

**ရှိတ်ဒီမန်** (ဖိလစ်ရှိတ်ဒီမန် ၁၈၆၅ – ၁၉၃၉) သည် ဂျာမန်ဆိုရှယ်ဒီမိုကရက်ပါတီ၏ အချောင်ဝါဒီဂိုဏ်း လက်ယာအလွန်အကျွံ ခေါင်းဆောင်တဦးဖြစ်သည်။ ၁၉၁၈ ခုနှစ် ဂျာမနီပြည် နိုင်ငံဘာတော်လှန်ရေးတွင် အမျိုးသားအမှုဆောင် ကော်မတီတွင် ပါဝင်ခဲ့သည်။ ၎င်းကော်မတီသည် ဓနရှင်လူတန်းစား တန်ပြန်တော်လှန်ရေး အကျိုးစီးပွားကို ကိုယ်စားပြုသည်။ ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီမှ ဇွန်လအထိ ဘစ်စ်မတ်သမ္မတနိုင်ငံ၏ ညွန့်ပေါင်းအစိုးရကို ခေါင်းဆောင်သည်။ ၎င်းသည် ၁၉၁၈ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ ဂျာမန်အလုပ်သမား လှုပ်ရှားမှုကို သွေးချောင်းစီး နှိမ်နင်းရာ၌ စည်းရုံးသူတဦးဖြစ်သည်။ ၎င်းနောက် နိုင်ငံရေးသမား ဘဝကို စွန့်လွှတ်ခဲ့သည်။

**လစ်ဘနက်** (ကားလစ်ဘနက် ၁၈၇၁–၁၉၁၉) သည် ထင်ရှားသောဂျာမန်နှင့် နိုင်ငံတကာ့ အလုပ်သမားလှုပ်ရှားမှု ခေါင်းဆောင်ဖြစ်ပြီး ဂျာမန်ဆိုရှယ် ဒီမိုကရက်ပါတီ၏ လက်ဝဲဂိုဏ်း ခေါင်းဆောင်ဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် ရိုင်းစတတ် လွှတ်တော်အမတ် အရွေးခံရသည်။ ပထမကမ္ဘာစစ်တွင် တော်လှန်သော နိုင်ငံတကာ့ရပ်တည်မှုကို ရပ်တည်ခဲ့သည်။ နိုင်ငံတကာ့ဝါဒ "စပါတာကပ်အဖွဲ့"ကို စည်းရုံးသူဖြစ်ခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် နယ်ချဲ့စစ်ဆန့်ကျင်ရေးဝါဒဖြန့်မှုကြောင့် အပြစ်ဒဏ်ပေးခြင်းခံရသည်။ ၁၉၁၈ ခုနှစ် ဂျာမနီပြည် နိုဝင်ဘာ တော်လှန်ရေးတွင် ရိုဇာလူဇင်ဘတ်နှင့်အတူ ဂျာမန် အလုပ်သမားတပ်ဦးကို ခေါင်းဆောင်ခဲ့သည်။ "အလံနီ" သတင်းစာကို ထုတ်ဝေခဲ့ပြီး ဂျာမနီကွန်မြူနစ်ပါတီကို စတင်တည်ထောင်သူတဦး ဖြစ်ခဲ့သည်။ ၁၉၁၉ ခုနှစ် ဇန်နဝါရီလတွင် ဘာလင်အလုပ်သမားပုန်ကန်မှုကို ခေါင်းဆောင်ခဲ့သည်။ ပုန်ကန်မှု အရေးနိမ့်ပြီး တန်ပြန်တော်လှန်ရေးသမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

**လန်စ်ဘာရီ** (ဂျော့လန်စ်ဘာရီ ၁၈၅၉–၁၉၄၀) သည် အင်္ဂလန်လေဘာပါတီ ခေါင်းဆောင်ဖြစ်သည်။ ၁၈၉၂ ခုနှစ်တွင် ဆိုရှယ်ဒီမိုကရက်တစ် ဖီဒရေးရှင်းထဲသို့ဝင်ပြီး ၁၉၀၆ ခုနှစ်တွင် လေဘာပါတီသို့ဝင်ခဲ့သည် (၁၉၁၀ မှ ၁၉၁၂) နှင့် (၁၉၂၂ မှ ၁၉၄၀) ခုနှစ်များ အထိ ပါလီမန်အဖွဲ့ဝင်ဖြစ်သည်။ ၁၉၁၂ ခုနှစ်မှ ၁၉၂၂ ခုနှစ်ထိ"ဒေလီဟာရယ်"သတင်းစာကို ထုတ်ဝေပြီး ၎င်းမှ အယ်ဒီတာဖြစ်သည်။ ၁၉၂၉ မှ ၁၉၃၁ ထိ လူမှုလုပ်ငန်းဝန်ကြီးဖြစ်ပြီး ၁၉၃၁ မှ ၁၉၃၅ ထိ လေဘာပါတီဥက္ကဋ္ဌ ဖြစ်သည်။

**ဝိုင်ကုပ်** (ဒေးဗစ်ဝိုင်ကုပ် ၁၈၇၇–၁၉၄၁) သည် ဟော်လန်ဆိုရှယ်ဒီမိုကရက် ပါတီဝင်ဖြစ်ပြီး ၎င်းနောက် ဟော်လန်ကွန်မြူနစ်ပါတီဝင်ဖြစ်သည်။ ၁၉၀၇ ခုနှစ်တွင် ဟော်လန်ဆိုရှယ် ဒီမိုကရက်တစ် အလုပ်သမားပါတီ၏ လက်ဝဲကြွေးကြော်သံဖြစ်သော"ဒီထရီဗျူန်း" သတင်းစာ တည်ထောင်သူနှင့် ၎င်း၏အယ်ဒီတာချုပ် ဖြစ်သည်။ ၁၉၀၉ ခုနှစ်တွင် ဟော်လန် ဆိုရှယ်ဒီမိုကရက် ပါတီကိုတည်ထောင်သူဖြစ်ပြီး ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၎င်းပါတီကို ၁၉၁၈ ခုနှစ်တွင် ဟော်လန် ကွန်မြူနစ်ပါတီအဖြစ် ပြန်လည်ဖွဲ့စည်းသည်။ ပထမနယ်ချဲ့ကမ္ဘာစစ်ပွဲတွင် နိုင်ငံတကာ့ ဝါဒီဖြစ်သည်။ ဇင်မာဝဲ

လက်ဝဲဂိုဏ်း၏ သဘောတရားရေး ဂျာနယ် "ဗောဘော့"ဂျာနယ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဟော်လန်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တဦးအဖြစ် လက်ဝဲ အလွန်အကျွံ ဂိုဏ်းဂဏ ရပ်တည်ချက်ကို ရပ်တည်ခဲ့သည်။ ၁၉၁၈ မှ ၁၉၂၅ အထိနှင့် ၁၉၂၉ မှစ၍ ဟော်လန်ပါလီမန် အဖွဲ့ဝင်ဖြစ်သည်။ တတိယအင်တာနေရှင်နယ် ဒုတိယကွန်ဂရက်တွင် အမှု ဆောင် ကော်မတီဝင်အဖြစ် အရွေးခံရသည်။ ၁၉၂၅ ခုနှစ်တွင် တတိယအင်တာနေရှင်နယ်၏ ကိုလိုနီနှင့် အလုပ်သမား ပြဿနာများအပြင် အခြားပြဿနာများကိုပါ ဆန့်ကျင်ဘက်ပြုသဖြင့် ၁၉၂၆ ခုနှစ်တွင် ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ပစ်ခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် မိမိအမှားများကို သိမြင် လာသဖြင့် ပါတီတွင်းတွင် ပြန်လက်ခံခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် အဖြစ် အရွေးခံရသည်။

**ဟင်ဒါဆင်** (အပ်တိုးဟင်ဒါဆင် ၁၈၆၃–၁၉၃၅) သည် အင်္ဂလိပ်အလုပ်သမားသမဂ္ဂလှုပ်ရှားမှုနှင့် လေဘာပါတီခေါင်းဆောင်တဦးဖြစ်သည်။ ၁၉၀၈ – ၁၉၁၀ ခုနှစ်နှင့် ၁၉၁၄ – ၁၉၁၇ ခုနှစ် များအထိ လေဘာပါတီ၏ ပါလီမန်အစု၏ ဥက္ကဋ္ဌဖြစ်သည်။ ပထမကမ္ဘာစစ်တွင် ဆိုရှယ်ရှော်ဗင်ဝါဒီ တဦးဖြစ်သည်။ ရုရှားပြည် ဖေဖော်ဝါရီခနေရှင် ဒီမိုကရေစီ တော်လှန်ရေးအပြီး တွင် ရုရှားပြည်သို့လာပြီး ကမ္ဘာစစ်ဆက်တိုက်ရေးကို လှုံ့ဆော်တိုက်တွန်းခဲ့သည်။ ၁၉၁၉ တွင် ဘန်း ဒုတိယအင်တာနေရှင်နယ်ကို စည်းရုံးသူတဦးဖြစ်သည်။ ၁၉၂၃ ခုနှစ်မှစ၍ ခေါ်ဆိုလေ့ရှိသော "ဆိုရှယ်လစ် အလုပ်သမားအင်တာနေရှင်နယ်" အမှုဆောင်သဘာပတိဖြစ်သည်။ အင်္ဂလိပ်အစိုးရ အဖွဲ့၌ အဖွဲ့ဝင်အဖြစ် အကြိမ်ကြိမ်ပါဝင်ခဲ့သည်။

**ဟီဖာဒင်** (ရူးဒေါ့ဟီဖာဒင်း ၁၈၇၇ – ၁၉၄၁) ဂျာမန်ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ အချောင်သမားခေါင်းဆောင်နှင့် ဒုတိယ အင်တာနေရှင်နယ် ခေါင်းဆောင်တဦးဖြစ်သည်။ ခေါ်ဆိုလေ့ရှိသော ဩစတီးယား မာ့က်စ်ဝါဒသဘောတရားရေး ဆရာတဦးဖြစ်သည်။ ၁၉၀၇ ခုနှစ်မှ ၁၉၁၅ ခုနှစ်ထိ ဂျာမန်ဆိုရှယ်ဒီမိုကရက်ပါတီ၏ ဗဟိုအာဘော် "ရှေ့သို့"သတင်းစာ အယ်ဒီတာဖြစ်ခဲ့သည်။ ပထမကမ္ဘာစစ်တွင် အလယ်ဗဟိုဝါဒီ တဦးဖြစ်ပြီး ဆိုရှယ်နယ်ချဲ့ဝါဒသမားများနှင့် ပူးပေါင်းခဲ့သည်။ စစ်ပြီးနောက် စည်းရုံးထားသော အရင်းရှင်စနစ်သဘောတရားကို တီထွင်သူဖြစ်ပြီး နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်ဝါဒကို ရပ်ခံပြောဆိုသူ ဖြစ်သည်။ ၁၉၁၇ ခုနှစ်မှစ၍ ဂျာမန်အင်ဒီပင်းဒင့် ဆိုရှယ်ဒီမိုကရက်ပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး ဆိုဗီယက်အာဏာနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို အတိအလင်းဆန့်ကျင်သူ ဖြစ်သည်။ ဂျာမနီ ဘစ်စမတ်သမ္မတနိုင်ငံ၏ ဓနရှင် အစိုးရအဖွဲ့သို့ အကြိမ်များစွာ ပါဝင်ခဲ့သည်။ ဖက်ဆစ်များ အာဏာသိမ်းပြီးနောက် ဂျာမနီမှ ထွက်ခွာပြီး ပြင်သစ်တွင် နေထိုင်ခဲ့သည်။

စစ်ဆေးပြီး ရက်စွဲ။ ၂၀၁၅ ဇူလိုင် ၁၀ ရက်။